The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 38 တနင်္လာနေ့တိုင်းထုတ်ဝေသည် October 5 , 2015




# နိုင်ငံတကာက စိတ်ဝင်စားလာကြတဲ့ ရင်းနှီးမြှုပ်နှံမှုများထဲက နောက်ထပ်အာရှကျားတစ်ကောင်(သို့)မြန်မာ

|မြင့်ဦး - ပခုက္ကူ|

## ကယားပြည်နယ်မှာ NES က စိုက်ထူလိုက်တဲ့ ခရီးသွားလာရေး ဖွံ့ဖြိုးမှုမှတ်တိုင်





၁၄

မုံရွာကုန်စည်ဒိုင်စက်တင်ဘာလ လကုန်ပတ် ပဲဈေးကွက် မတ်ပဲတစ်တင်း ခုနစ်သောင်းကျော်အထိ တက် ၅

သွင်းကုန်လိုင်စင် ပြန်လည်လျှောက်ထားရမည့် ကုန်စည်လိုင်းများ အသိပေးကြေညာခြင်း ၁၅

MYANAUTO Expo 2015 ပြပွဲ ပြသမည် ၂၆

FINEPLY®

# FINE PLY MYANMAR PVT.LTD.









အမှတ် (၁၀၁/၁၀၆)၊ မင်္ဂလာမင်းသားကြီးလမ်း၊ စက်မှုဇုန် (၂) ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်။
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁-၅၉၂၃၂၈

# ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး



ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ၏ ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအား စက်တင်ဘာလ ၃၀ ရက်နေ့ နေ့လယ် ၁ နာရီအချိန်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ကော်မတီဝင်များ၊ ပုဂ္ဂလိက ကဏ္ဍကုန်သည်အသင်းအဖွဲ့များမှ တာဝန် ရှိသူများ၊ နေပြည်တော်မြို့တော်ဝန်ရုံးနှင့် ရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများမှ အတွင်းရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှု၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုများကြောင့် အခြေခံစားကုန်များ၏ စျေးနှုန်းတည်ငြိမ်မှုရှိစေရေး၊ ကုန်စည်စီးဆင်းမှုများ မှန်ကန်မှုရှိစေရေးတို့ကို အလေးထား စိစစ်ပြီး ပြည်သူများ၏ စားဝတ်နေရေးကိစ္စများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိဆန်စပါး လက်ကျန်အခြေအနေသည် စားသုံးရန် လုံလောက်မှုရှိနေသည့်အပြင် မကြာမီကာလအတွင်း မိုးစပါးများထွက်ပေါ်လာမည်ဖြစ်၍ ပြည်တွင်း စီးဆင်းမှုကို လွတ်လပ်စွာခွင့်ပြုလျက်ရှိသလို ပြည်ပတင်ပို့မှုကိုလည်း ခွင့်ပြုပေးထားလျက်ရှိကြောင်း၊ ကော်မတီဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူအားလုံး အနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် အခြေခံစားကုန်စျေးနှုန်းများနှင့် ပြည်ပက တင်သွင်းရသည့် စားကုန်ပစ္စည်းစျေးနှုန်းများကို မပြတ်လေ့လာစောင့်ကြည့်ပြီး ညှိနှိုင်းစိစစ်မှုများ ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍကုန်သည်အသင်းအဖွဲ့များသည် အရောင်းအဝယ်လုပ်ငန်းများ မှန်မှန်ကန်ကန်ဖြစ်ပေါ်စေရန် ထိန်းကျောင်းသွားရမှာဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍတွင် အရောင်းအဝယ်လုပ်ငန်းများပုံမှန်ရှိနေသော်လည်း ပဲအရောင်းအဝယ်ကိစ္စတွင် လေရောင်းလေဝယ်ပြုမှုနှင့် မမှန်မကန် ရောင်းဝယ်မှုများကြောင့် ပြဿနာများစွာ ဖြစ်ပေါ်နေကြောင်း၊ ပဲမျိုးစုံ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Commodity Exchange Center တစ်ခု ထူထောင်လုပ်ကိုင်နိုင်ရေး ကြိုးစားသွားရန်မှာကြားလိုကြောင်း၊ ရန်ကုန်မြို့တွင် ၁၀ရာခိုင်နှုန်း စဘော်ငွေပေးသွင်း၍ အရောင်းအဝယ် ပြုလုပ်နေသည့်ကိစ္စသည် ခိုင်မာအောင်မြင်မှုရှိသဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အရောင်းအဝယ်စျေးကွက် ကြီးမားသည့် မြို့ကြီးများတွင်လည်း ဖော်ဆောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားပါသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသူများက မိမိတို့ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် Myanmar Security Expo ပြပွဲ ကြည့်ရှုအားပေး



စင်ကာပူနိုင်ငံ Security Systems Association of Singapore (SSAS) မှ ပံ့ပိုးမှု၊ ပြည်ထဲရေးဝန်ကြီးဌာန၏ အကူအညီဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် Myanmar Security Expo ပြပွဲကို ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံ၌ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၂ ရက်ထိ ပြသလျက်ရှိရာ အဆိုပါပြပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အားပေးကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား အမှတ်(၂) လုံခြုံရေးတပ်ဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြဝင်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်တို့မှ ပြခန်းအတွင်း ခင်းကျင်းပြသထားရှိသော လုံခြုံရေးဆိုင်ရာ စက်ပစ္စည်းများအားလိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါပြပွဲတွင် ပြည်ပနိုင်ငံပေါင်း ၁၂ နိုင်ငံမှ လုံခြုံရေးဆိုင်ရာပစ္စည်းများ ပြသထားပြီး ပြခန်းပေါင်း ၇၂ ခန်းဖြင့် သုံးရက်ကြာ ပြသထားမှာဖြစ်ကြောင်း သတင်းရရှိသည်။

# Supply Chain in Management and Stock & Bond Market သင်တန်းဆင်းပွဲနှင့် Financial Management and Marketing Management သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းနှင့် မြန်မာမော်တော်ယာဉ်ထုတ်လုပ်သူများနှင့် တင်သွင်းရောင်းချသူများအသင်းတို့ ပူးပေါင်းမှုဖြင့် ဖွင့်လှစ်ခဲ့သည့် Supply Chain in Management and Stock & Bond Market သင်တန်းဆင်းပွဲနှင့် Financial Management and Marketing Management သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်နံနက်ပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်၊ မြန်မာမော်တော်ယာဉ်ထုတ်လုပ်သူများနှင့် တင်သွင်းရောင်းချသူများအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း၊ JICA မှ တာဝန်ရှိသူများနှင့် သင်တန်းဆရာများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် MAMDA မှ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းတို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားခဲ့ကြပါတယ်။ ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် ပြည်ထောင်စုဝန်ကြီး၏အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်တို့က သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုလက်မှတ်များအား သက်ဆိုင်ရာသင်တန်းသားများသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါသင်တန်းသို့ ပြည်တွင်းရှိ ကုမ္ပဏီအသီးသီးမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်ခဲ့ကြောင်းသတင်းရရှိပါသည်။

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွှန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.38 Monday October 5 2015

# စပါးသစ်/ဆန်သစ်ပေါ်ချိန်မှာလည်း ဈေးဆက်မာနိုင်လို့ အားလုံးအတွက် သင့်တင့်မျှတသော အားမျှခြေဈေးနှုန်းဖြစ်ရန်လို

ရန်ကုန်မြို့ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ အောက်တိုဘာလ ၂ ရက်နေ့ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း လတ်စ တစ်အိတ်ကို ကျပ် ၃၇၀၀၀၊ ထိပ်စ ကျပ် ၃၈၅၀၀၊ မြောင်းမြ ပုသိမ်ပေါ်ဆန်းလတ်စ ကျပ် ၃၉၅၀၀၊ ထိပ်စ ကျပ် ၄၁၀၀၀၊ နယ်စုံပေါ်ဆန်းလတ်စ ကျပ် ၃၅၅၀၀၊ ထိပ်စ ကျပ် ၃၆၅၀၀၊ ရွှေဘို ပေါ်ဆန်း ကျပ် ၄၈၀၀၀ မှ ကျပ် ၅၀၀၀၀ တို့ဖြင့် ယခုတစ်ပတ်အတွင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

ထို့အတူ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ လတ်စတစ်အိတ်ကို ကျပ် ၂၃၀၀၀၊ ထိပ်စ ကျပ် ၂၄၅၀၀၊ မိုးသုခ ကျပ် ၂၄၅၀၀ မှ ကျပ် ၂၅၅၀၀၊ ရက် ၉၀ မီးတောက် ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀၊ ဆင်းသွယ်လတ် ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀၊ နှံ့ဆန်ရှယ် ကျပ် ၂၃၀၀၀ မှ ကျပ် ၂၄၀၀၀ တို့ဖြင့် နှစ်ပတ်ဆက်တိုက် ဈေးဆက်ငြိမ်နေတာ တွေ့ရပါတယ်။ ဝါးတန်းဒိုင်သို့ ဆန်အဝင်ပုံမှန်ရှိနေပြီး အရောင်းအဝယ်လည်း ပုံမှန်သာဖြစ်နေလို့ ဈေးငြိမ်နေတာဖြစ်ကြောင်း၊ မိုးစပါးနဲ့ နွေစပါး လက်ကျန်နည်းပါးနေလို့ ယခင်လအတွင်း ဆန်ပို့ကုန်လိုင်စင် တစ်လခွဲခန့် ပိတ်ထားခဲ့သော်လည်း ဈေးနှုန်း ကျဆင်းမသွားဘဲ ဈေးတင်းခံနေတာဖြစ်တယ်လို့ ဆန်စပါး လုပ်ငန်းရှင်များထံမှ သိရပါတယ်။

ပြည်တွင်းဆန်ကြမ်းဈေးကွက်တွင် 747 ရတနာတိုးတို့ကို ပြည်တွင်းစားသုံးသူတို့က မကြိုက်သော်လည်း တရုတ်လိုင်းက ကြိုက်ခဲ့လို့ ဆန်ကြမ်းဈေးကွက်မှာ အစားထိုးဆန်အဖြစ် ဝင်လာခဲ့ပါတယ်။ ဒါပေမယ့် ယခုနှစ်မှာအထွက်နည်းလို့ လက်ကျန်လည်း နည်းနေပြီဖြစ်ကြောင်း၊ အထက်အညာဘက် ယခုနှစ်စပါးပေါ်ချိန်ကြာဦးမှာဖြစ်ပြီး စပါးအထွက် နည်းနိုင်မယ်လို့ ခန့်မှန်းနေကြောင်း၊ အောက်ပိုင်းဒေသအချို့ ကောက်စောစပါးစတင်ထွက်ရှိနေပြီး ဆန်သစ်အဖြစ် ရန်ကုန်ဈေးကွက်သို့ အိတ်ရာဂဏန်းခန့် ဝင်ရောက်လာသော်လည်းအချို့ဒေသတွေမှာ စပါးသစ်နဲ့ စပါးဟောင်းရောကြိတ်ကာ ဈေးပိုရတဲ့ ဆန်ဟောင်းအဖြစ် ဈေးကွက်သို့ပို့နေကြောင်း၊ ယခုနှစ် ဇွန်/ ဇူလိုင်လအတွင်း ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့မှုကြောင့် ယခင်နှစ်ထက်ကောက်စော စပါးထွက်ချိန် နောက်ကျနိုင်ချိန်မှာ Export ပြန်ဖွင့်လိုက်လို့ ဆန်ကြမ်းဈေးက ဆက်မာနေဦးမယ်လို့ ခန့်မှန်းနေကြောင်း သိရှိရပါ တယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ် (၁၀၈ ပေါင်) ကို ကျပ် ၂၀၅၀၀ ခန့်ရှိပြီး WFP သို့ ပေးသွင်းရန်လောက်သာ အဝယ်ရှိနေကြောင်း၊ EMATA MYANMAR 35% FOB (YANGON) ဈေး 310~315 USD/MT မှ 330~340 USD/MT ခန့် ဈေးရှိသော်လည်း ပြည်တွင်းဆန်ဈေးမြင့်နေလို့ ရန်ကုန် FOB အတင်သမားတွေ ဈေး မကိုက်လို့ မပို့နိုင်ကြကြောင်း၊ အချို့ ကုမ္ပဏီကြီးများ မှာ ၎င်းတို့၏ လက်ကျန်ဆန်ကို ပြည်ပသို့မတင်တော့ဘဲ ပြည်တွင်း ဈေးကွက်ထဲ ပြန်ထုတ်ရောင်းနေတယ်လို့ ဆန်တင်ပို့သူ အချို့ထံမှ သိရှိရပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်ဆန်ဈေးကွက်မှာ အောက်တိုဘာ ၂ ရက်နေ့ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် ကရင်မ/ မှော်ဘီ တစ်အိတ်ကို ၁၃၉ ~ ၁၄၂ ယွမ်၊ ဧည့်မထ ၁၀ မှတ် ကရင်မ/မှော်ဘီ ၁၃၇ ~ ၁၄၁ ယွမ်၊ ဧည့်မထ ၁၅ မှတ် မှော်ဘီ ၁၃၃ ~ ၁၃၆ ယွမ်၊ ဧည့်မထ ၂၅ မှတ် ၁၂၇ ~ ၁၂၉ ယွမ်၊ ဧည့်မထ ၃၅ မှတ် ၁၂၂ ~ ၁၂၅ ယွမ်၊ ငစိန် ၅ မှတ် ၁၃၈ ~ ၁၄၁ ယွမ်၊ ငစိန် ၁၅ မှတ် ၁၃၄ ~ ၁၃၇ ယွမ်၊ ငစိန် ၂၅ မှတ် ၁၂၉ ~ ၁၃၂ ယွမ် ဖြစ်ခဲ့ကြပြီး ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ၅ ယွမ်မှ ၈ ယွမ်ခန့် ဈေးပြန်ကျခဲ့ကြောင်း၊ ယနေ့ မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်လျှင် ကျပ် ၂၀၀ ခန့်ရှိပြီး ယခင်တစ်ပတ်ငွေလဲနှုန်းခန့်သာရှိကြောင်း၊ ရန်ကုန်-မူဆယ်ဆန်သယ်ဆောင်ခမှာ တစ်တန်လျှင် ကျပ် ၈၀၀၀၀ ခန့် ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀၀ ခန့် ဈေးတက်လာကြောင်း၊ ယခုတစ်ပတ်အတွင်း ပြည်တွင်းနယ်စုံမှ မူဆယ်သို့ဆန်တန် ၂၀၀၀၀ ကျော်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် တန်ချိန် ၁၇၀၀၀ ကျော်ပိုမိုဝင်ရောက်လာခဲ့သော်လည်း မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွေမှာဆန်ဝယ်ဈေးမြင့်နေပြီး မူဆယ်မှာ တရုတ်က ဆန်ဈေးချဝယ်နေလို့ မြန်မာကုန်သည်များ ဈေးမကိုက်ဘဲ အချို့မှာ ဂိုထောင်ချထားပြီး ဈေးစောင့်ရောင်းရန်လုပ်နေသော်လည်း မူဆယ်ဆန်ဈေးကွက် ရှေ့အလားအလာကို မမှန်းဆနိုင်သေးကြောင်း မူဆယ်ဈေးကွက်မှ ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခု ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာ ၂၅ ရက်ထိ တန်ချိန် ၆၈၅၁၆၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၃၇ သန်းကျော်ဖိုးရှိနေပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၄၅၆၆၀ ကျော်တန်ဖိုးအမေရိကန်ဒေါ်လာ ၃၁ သန်းကျော်ဖိုး လျော့နည်းလာပြီး နှစ်ပတ်ဆက်တိုက်တင်ပို့မှုနဲ့ တန်ဖိုးပါ ကျဆင်းလာတာတွေ့ရပါတယ်။ ယခုကဲ့သို့ တင်ပို့မှုပမာဏနဲ့ တန်ဖိုးပါဆက်တိုက် လျော့ကျသွားခဲ့ရခြင်း မှာ ယခုနှစ် ဇွန်/ ဇူလိုင် ရေဘေးကြောင့် ဆန်ပြည်ပ တင်ပို့ခွင့် လိုင်စင် တစ်လခွဲခန့်ပိတ်ထားခဲ့ခြင်းနှင့် ယခု ပြန်ဖွင့်လိုက်ချိန်မှာ ပြည်တွင်းဆန်ဈေးကမြင့်နေပြီး မြန်မာ့ဆန်အဓိကထွက်ပေါက် တရုတ်လိုင်းက ဆန်ဈေးချဝယ်နေလို့ ဈေးမကိုက်ဘဲမရောင်းနိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ ပြည်တွင်းဆန်ဈေးကွက်ရှေ့ အလားအလာအနေဖြင့် ရေကြီးနစ်မြုပ်ခဲ့မှုများကြောင့် စိုက်ဧကလျော့ခြင်း၊ ထွက်နှုန်းနဲ့ အထွက်လျော့နိုင်ခြင်း၊ အချို့လယ်များ နှစ်ခါသုံးခါပြန်စိုက်ခဲ့ရခြင်းကြောင့် စိုက်ပျိုးစရိတ်ပိုကုန်ကာ စပါးပေါ်ချိန်လည်း နောက်ကျနိုင်ခြင်း၊ လယ်ယာလုပ်သားရှားပါးမှုနှင့် လုပ်အားခဈေး မြင့်တက်မှုများကြောင့် တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ် ယခင်နှစ်ထက်ပိုများလာခြင်း၊ ယခင်ဘဏ္ဍာနှစ်မှာ ပြည်ပသို့ ဆန်နဲ့ဆန်ကွဲ စံချိန်တင် တင်ပို့ခဲ့မှုကြောင့် ပြည်တွင်းမှာ စပါး/ဆန် လက်ကျန် နည်းနေနိုင်ခြင်း၊ အခြားသီးနှံဖြစ်တဲ့ ပဲဈေးနှုန်းများမှာလည်း စံချိန်တင်ဈေးနှုန်းမြင့်တက်နေခြင်းနဲ့ ဒေါ်လာငွေလဲလှယ်နှုန်းမှာ ယခင်နှစ်ထက် ၂၉ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ခြင်းများကြောင့် ပြည်တွင်း စပါး/ဆန်ဈေးနှုန်းများမှာ စပါးသစ်/ဆန်သစ်ပေါ်ချိန် တွင်လည်း ဈေးဆက်မာနိုင်လို့ ဈေးကွက်စီးပွား ရေးစနစ်၏ သဘောသဘာဝအတိုင်း လွတ်လပ်စွာ စီးဆင်းစေပြီး လွတ်လပ်စွာတင်ပို့ခွင့် ပြုသင့်သလို ပြည်တွင်းမှာ ဆန်ဈေးကြီးမြင့်လာပါကလည်း ပြည်ပမှ လွတ်လပ်စွာပြန်လည်တင်သွင်းခွင့်ပြုလိုက်ပါက အားလုံးအတွက် သင့်တင့်မျှတသော အားမျှခြေဈေးနှုန်းတစ်ခုဖြစ်လာနိုင်တယ်လို့ ဆန်စပါးလုပ်ငန်းရှင်အချို့က သုံးသပ်လျက်ရှိကြောင်း သိရှိရပါတယ်။

**သန်းအေး (ဆန်စပါး)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၆၁ | ၃၅၉ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၅၂ | ၃၅၀ | ▽ | ၃၂၅ | ၃၂၅ | □ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၄၃ | ၃၄၁ | ▽ | ၃၁၅ | ၃၁၅ | □ | ၃၁၅ | ၃၁၅ | □ | ၂၉၀ | ၂၉၀ | □ |
| ပေါင်းဆန် | ၃၄၀ | ၃၄၀ | □ | - | - | - | ၃၄၀ | ၃၄၀ | □ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၃၀ | ၅၃၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂-၁၀-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၇၇၆ | □ | ၂၄၀၀၀ | □ | ၈၀၉၆ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၄၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၁၀၀ | □ | ၂၃၀၀၀ | △ | ၈၁၀၀ | △ | ၃၅၀၀၀ | △ |
| ရွှေဘို | ၅၂၀၀ | □ | ၂၂၀၀၀ | △ | ၁၄၀၀၀ | △ | ၄၅၀၀၀ | ▽ |
| စစ်တွေ | ၅၅၀၀ | △ | ၂၄၀၀၀ | △ | ၈၇၅၀ | △ | ၃၆၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | △ | ၂၃၀၀၀ | □ | - | - | ၃၅၅၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၈၀၀ | △ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၂၂၀၀၀ | △ | ၈၂၀၀ | □ | ၃၅၀၀၀ | □ |
| လွိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၄၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | △ | ၂၄၅၀၀ | △ | - | - | ၃၀၀၀၀ | △ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၅၁၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ပြည်ပသို့ ဆန်နဲ့ ဆန်ထွက်ပစ္စည်းများ တင်ပို့နိုင်ရေးအတွက် လိုအပ်တဲ့ ပို့ကုန်လိုင်စင် ခွင့်ပြုရာတွင် ကန့်သတ်ထားချက်များအား ဖြေလျှော့ပေး

ပြည်ပဈေးကွက်များတွင် မြန်မာ့ဆန်ဈေးကွက် ပျောက်ဆုံးမသွားစေရန် ဇူလိုင် ၊ ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြန်မာနိုင်ငံအနှံ့အပြား ရေကြီးနစ်မြုပ်မှုများကြောင့် ပြည်ပသို့ တင်ပို့ခွင့်ရပ်ဆိုင်းထားသော ဆန်နဲ့ ဆန်ထွက်ပစ္စည်းများကို စက်တင်ဘာလ ၁၅ ရက်နေ့မှစပြီး ပြန်လည်ခွင့်ပြုပေးလိုက်ပြီ ဖြစ်ပါတယ်။ ထို့အတူဆန်တင်ပို့ရန်လိုင်စင် လျှောက်ထားခြင်းကို စိစစ်ခွင့်ပြုပေးမယ့် ကန့်သတ်ချက်များကို ကုန်သွယ်ရေးဦးစီးဌာနက အသိပေးထားပြီးဖြစ်ပါတယ်။ (Commerce Journal အတွဲ ၁၅-အမှတ်စဉ် ၃၆ စာမျက်နှာ ၄ "ပြည်ပသို့ ဆန်ပြန်လည်တင်ပို့ရာတွင် သိရှိထားရမည့် အကြောင်းအရာများ" တွင်ဖော်ပြပြီး) စက်တင်ဘာလ ၂၂ ရက်က မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမမှာပြုလုပ်တဲ့ ဆန်စပါးကုန်သွယ်မှုမူဝါဒဆိုင်ရာကိစ္စရပ်များ တွေ့ဆုံညှိနှိုင်းပွဲမှာ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက ဆန်တင်ပို့ရာမှာ ကန့်သတ်ထားတဲ့အချက်တွေကို ဖြေလျှော့ပေးပါရန် အဆိုပြုတင်ပြခဲ့ပါတယ်။

ဒါ့အပြင်လာမယ့် အောက်တိုဘာလ တတိယပတ်ခန့်ကစပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်စတဲ့ ဒေသများမှာ မိုးစပါးများ လှိုင်လှိုင်ပေါ်ထွက်လာတော့မှာဖြစ်ရာ ပြည်တွင်းစားသုံးရန် လုံလောက်မှုရှိတဲ့အပြင် စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ ထိုက်သင့်တဲ့ ဈေးနှုန်းနဲ့ ရောင်းချနိုင်ရေးအတွက် ကန့်သတ်ထားချက် ခုနစ်ချက်အနက် ခြောက်ချက်ကို စက်တင်ဘာလ ၂၃ ရက်နေ့ ကစပြီး ယခင်ကာလများကဲ့သို့ ဖြေလျှော့ဆောင်ရွက်ပေးသွားမယ်လို့ ကုန်သွယ်ရေးဦးစီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ "နယ်စပ်မှ တင်ပို့ရာတွင် ပို့ကုန်လိုင်စင် တစ်စောင်လျှင် အများဆုံး တန် ၅၀၀ သာ ခွင့်ပြုသွားမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းမှ တင်ပို့ရာမှာ သယ်ဆောင်မယ့်သင်္ဘောမှာ တင်ဆောင်မည့် ပမာဏအတိုင်း ပို့ကုန်လိုင်စင် ခွင့်ပြုဆောင်ရွက်သွားမယ်" ဆိုသည့်အချက်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှသာ ဖြေလျှော့ဆောင်ရွက်ပေးသွားမယ်လို့ သိရှိရပါတယ်။

**MIRT**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂-၁၀-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၄/၉ | ၂/၁၀ | ပြောင်းလဲမှု | ၂၄/၉ | ၂/၁၀ | ပြောင်းလဲမှု | ၂၄/၉ | ၂/၁၀ | ပြောင်းလဲမှု | ၂၄/၉ | ၂/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၇၆၀ | ၃၄၇၀ | ▲ | ၂၇၁၇ | - | - | ၂၆၀၀ | ၃၃၀၀ | ▲ | - | - | - |
| ၂ | ပဲစင်းငုံ | - | - | - | ၂၆၆၇ | - | - | ၂၁၀၀ | ၁၇၅၀ | ▼ | - | - | - |
| ၃ | ပဲတီစိမ်း | ၂၃၃၀ | ၂၃၆၅ | ▲ | ၂၁၆၇ | ၂၁၀၇ | ▲ | ၂၁၅၀ | ၂၃၁၆ | ▲ | ၁၀၉၅ | ၁၉၅၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၂၀၀ | ၂၂၀၀ | ■ | - | - | - | - | - | - | ၁၇၁၀ | ၁၇၁၀ | ■ |
| ၅ | ပဲလွန်းဖြူ | ၁၃၅၀ | ၁၄၀၀ | ▲ | - | ၁၃၃၃ | - | - | - | - | ၁၂၁၀ | ၁၂၁၀ | ■ |
| ၆ | ထောပတ်ပဲ | ၉၂၀ | ၉၂၀ | ■ | ၉၇၀ | ၉၆၀ | ▼ | - | - | - | ၇၉၀ | ၈၀၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၃/၉ | ၁/၁၀ | ပြောင်းလဲမှု | ၂၃/၉ | ၁/၁၀ | ပြောင်းလဲမှု | ၂၃/၉ | ၁/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၆၀ | ၁၄၇၀ | ▲ | ၁၂၂၀ | ၁၅၅၆ | ▲ | ၁၂၁၃ | ၁၆၇၀ | ▲ |
| ၂ | ပဲစင်းငုံ | ၁၃၇၀ | ၁၄၀၀ | ▲ | ၁၄၂၅ | ၁၅၀၇ | ▲ | ၁၄၂၅ | ၁၅၀၇ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၀၇ | ၁၁၄၄ | ▲ | ၁၁၃၇ | ၁၂၆၆ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၇၀၀ | ▲ | ၇၃၅ | ၈၀၁ | ▲ | ၇၁၆ | ၇၅၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု - ယခင်တစ်ပတ် (၁၉.၉.၁၅)ထိ | ပြည်ပတင်ပို့မှု - ယခုတစ်ပတ် (၂၆.၉.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၅) မှ (၂၆.၉.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၄၆၁ | ၃၃၅၉ | ၃၆၆၅၂၀ |
| ပဲတီစိမ်း | ၂၄၁၀ | ၂၀၂၄ | ၉၅၆၁၃ |
| ပဲစင်းငုံ | ၇၉၁ | ၈၈ | ၁၁၁၄၉၁ |
| ကုလားပဲ | ၂၄ | - | ၂၃၁၂၆ |
| ပဲလွန်းဖြူ | ၂၀၂ | ၁၆၇ | ၁၁၄၃၇ |
| မြေထောက်ပဲ | ၁၃ | ၃၅၄ | ၁၀၉၃၃ |

## မုံရွာကုန်စည်ဒိုင်စက်တင်ဘာလ လကုန်ပတ် ပဲဈေးကွက် မတ်ပဲတစ်တင်း ခုနစ်သောင်းကျပ်အထိ တက်

မုံရွာကုန်စည်ဒိုင် စက်တင်ဘာလလယ်ပဲဈေးကွက်မှာ ဒိုင်လက်ကျန် Export ပဲများသိသာစွာ လျော့နည်းလာတာနဲ့အမျှ ပြည်ပဝယ်လိုအားမြင့်လာခဲ့ရာ မတ်ပဲမှာ တစ်တင်း ကျပ် ၇၀၀၀၀ အထိ ဈေးဖွင့်ဝယ်ယူမှုရှိခဲ့ပေမယ့် စက်တင်ဘာလကုန်ရက် ဒိုင်မှာ ၂၇ အိတ်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

မတ်ပဲကဲ့သို့ ပြည်ပဝယ်လိုအားအတွက် ဝယ်လက်အဝယ်ရှိခဲ့ပြီး တစ်တင်း ကျပ် ၃၅၀၀၀ အထိ ကျဈေးဖြစ်ခဲ့တဲ့ ငုံနီဈေးကွက်မှာလည်း ရောင်းသူမရှိသလောက် ရှားခဲ့လို့ အရောင်းအဝယ်မဖြစ်ဘူးလို့ ဆိုပါတယ်။

နယ်စုံက မိုးပဲတီစိမ်းအကြီးနဲ့ အသေးတွေ မုံရွာဒိုင်မှာ ယခုတစ်ပတ်အတွင်း တစ်ရက် အိတ် ၅၀၀ ကျော် ဝင်ရောက်မှုရှိခဲ့ပြီး ပေါက်ဈေးအားဖြင့် စိမ်းကြီးတစ်တင်း ကျပ် ၄၃၂၀၀ နဲ့ စိမ်းသေးတစ်တင်း ကျပ် ၄၁၅၀၀ အသီးသီး ဖြစ်ပေါ်ခဲ့ကာ ဝယ်လက်အနေနဲ့ တရုတ်နဲ့ ရန်ကုန်ဝယ်လက်တို့ နေ့စဉ် ဝယ်ယူမှုအားကောင်း လျက်ရှိတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ဒေသသုံးပဲများဖြစ်ကြတဲ့ စွန်တာနီ၊ ကသဲပဲနဲ့ ပဲနီလုံးကြားတို့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ် ဆက်လက်မာနေကာ စွန်တာနီ တစ်တင်း ကျပ် ၁၈၀၀၀၊ ကသဲပဲ တစ်တင်း ကျပ် ၁၈၀၀၀ နဲ့ ကြာဆံစက်သမားနဲ့ ပဲလက်လီအဝယ် ပုံမှန်ဝယ်ယူမှုရှိခဲ့ပြီး ပဲနီလုံးကြားကတော့ တစ်တင်း ၁၇၇၀၀ ကျပ်နဲ့ ပဲလက်လီအဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်အားဖြင့် စွန်တာနီနဲ့ ကသဲပဲတစ်ရက်အိတ် ၃၀၀ မှ ၄၀၀ ကြားရှိခဲ့ပြီး လုံးကြားအနေနဲ့ တစ်ရက်အိတ် ၁၀၀ မှ ၂၀၀ ကြားသာဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ယခုတစ်ပတ် စီပီပြောင်းဈေးကွက်မှာ တရုတ်ဝယ်လက်အဝယ်အေးလို့ ဈေးအေးသွားခဲ့ရာ စီပီပြောင်းဖူးစေ့အသစ် တစ်တင်း ၈၀၀၀ ကျပ်နဲ့ အဟောင်း တစ်တင်း ၉၆၀၀ ကျပ်အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး ဒေသကြက်စာသမား အဝယ်ကြောင့် တစ်ရက်အိတ် ၄၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲမျိုးစုံဈေးကွက်မှာ နှစ်အလိုက်ကာလတူအချိန် ဖြစ်ပေါ်ခဲ့တဲ့ ပဲဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲများရဲ့ဈေးနှုန်းနဲ့ ရောင်းဝယ်မှုပမာဏများ လေ့လာရာမှာ ပြည်ပဈေးကွက်ပဲများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများမှာ ဈေးကောင်းရရှိနေသလို ပြည်တွင်းဝယ်လက်သာရှိသော ကုလားပဲ၊ ပဲကြီးသီးနှံမှာ ဈေးကောင်းရရှိပြီး၊ အခြားပဲများကတော့ဈေးအေးခဲ့တယ်လို့သိရပါတယ်။ ပဲများအားလုံးရဲ့ နှစ်အလိုက် ကာလတူအချိန်ဖြစ်ပေါ်ခဲ့သောဈေးများကိုတော့ အောက်ဖော်ပြပါဇယားအတိုင်းတွေ့ရပါတယ် -

| ပဲအမျိုးအစား | ၂၀၁၃ စက်တင်ဘာ | | ၂၀၁၄ စက်တင်ဘာ | | ၂၀၁၅ စက်တင်ဘာ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၁၅၇၀၀ | ၁၆၅၀၀ | ၂၂၀၀၀ | ၂၇၅၀၀ | ၃၆၅၀၀ | ၆၃၀၀၀ |
| ပဲတီစိမ်း | - | - | - | - | ၃၇၅၀၀ | ၄၀၀၀၀ |
| ပဲစင်းငုံ | ၁၆၉၀၀ | ၁၇၄၀၀ | ၂၁၂၀၀ | ၂၃၄၀၀ | ၅၃၀၀၀ | ၅၃၅၀၀ |
| ကုလားပဲ | ၁၇၆၀၀ | ၁၇၉၀၀ | ၁၃၁၀၀ | ၁၄၁၀၀ | ၃၀၅၀၀ | ၃၄၀၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၃၆၅၀၀ | ၃၇၅၀၀ | ၂၅၀၀၀ | ၂၅၅၀၀ | ၃၅၀၀၀ | ၃၅၅၀၀ |
| ပဲကြီး (ကမ်းနား) | ၃၅၀၀၀ | ၃၆၅၀၀ | ၂၂၂၀၀ | ၂၂၅၀၀ | ၃၁၅၀၀ | ၃၃၀၀၀ |
| ပဲပုပ် | ၂၃၀၀၀ | ၂၃၀၀၀ | ၁၉၅၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ |
| ထောပတ်ပဲ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၇၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ |

မတ်ပဲသီးနှံက ယခုနှစ်မှာတော့ ဈေးကောင်းရနေပြီး၊ စက်တင်ဘာလအတွင်း ပဲလက်ကျန်သာရှိလို့ မျိုးပဲများလည်း ဝယ်ယူနေတဲ့အတွက် ဈေးပိုကောင်းခဲ့တယ်လို့ သိရပါတယ်။ တစ်တင်း ၆၃၀၀၀ ကျပ်ထိ ဈေးမြင့်ခဲ့လို့ ယခင်နှစ်များကထက် ဈေးပိုကောင်းနေသလို ယခုလကုန်မှာ ပဲစင်းငုံသီးနှံထက်လည်း ဈေးပိုရရှိလာခဲ့ပါတယ်။ ၂၀၁၃ စက်တင်ဘာလအတွင်း မတ်ပဲဈေးမှာ တစ်တင်း ၁၅၇၀၀ ကျပ်မှ ၁၆၅၀၀ ကျပ်သာရရှိလို့ ပြည်ပပဲဈေးကွက်မှာလည်း ဈေးအေးနေတဲ့ပဲဖြစ်ခဲ့ပါတယ်။ ၂၀၁၄ခု စက်တင်ဘာလမှာတော့ ယခင်နှစ်ထက် ဈေးပိုလာသော်လည်း တစ်တင်း ၂၇၅၀၀ ကျပ်ထိသာရရှိပြီး ထိုနှစ်မှာ ပဲစင်းငုံဈေးထက်တော့ ဈေးပိုရရှိခဲ့ပါတယ်။ ယခုနှစ်ကတော့ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ဈေးအကောင်းဆုံးရရှိခဲ့တဲ့နှစ်ဖြစ်နေခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံဟာ ပြည်ပဝယ်လက်ရှိလို့ ပဲပေါ်ချိန်တွင်သာ အဓိကထားရောင်းဝယ်မှုရှိခဲ့ပါတယ်။ မတ်ပဲ သီးနှံကဲ့သို့ တစ်နှစ်ပတ်လုံးရောင်းချနိုင်ခြင်းမရှိဘဲ ပဲဝင်ရောက်မှုမရှိတော့သည့်အချိန်တွင်တော့ ပဲလက်ကျန် လည်း ပြတ်သွားလို့ ဈေးကွက်မှာ အရောင်းအဝယ် မဖြစ်ကြတော့တဲ့အတွက် ၂၀၁၃ စက်တင်ဘာလနဲ့ ၂၀၁၄ စက်တင်ဘာလမှာ ပဲတီစိမ်းသီးနှံလက်ကျန်ပြတ်သွားပြီဖြစ်လို့ ပဲဈေးကွက်မှာ အရောင်းအဝယ်မဖြစ်ခဲ့ဘဲ ၂၀၁၅ စက်တင်ဘာမှာတော့ လက်ကျန်ရှိတဲ့ ပဲအနည်းငယ်အား ပြည်ပ ဝယ်လိုအားကြောင့် မန္တလေးလိုင်းသမား ဝယ်ယူခဲ့သလို မျိုးပဲလည်း ဝယ်ယူကြတဲ့အတွက် ပဲတစ်တင်း ၃၇၅၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်ထိ အရောင်းအဝယ် ဖြစ်ခဲ့ကြတာကိုတွေ့ရပါတယ်။ ပဲတီစိမ်းသီးနှံကတော့ ယခုနှစ်မှ ဈေးကောင်းလာခြင်းမျိုး မဟုတ်ဘဲ နှစ်စဉ်ဈေးကောင်းခဲ့တဲ့ သီးနှံဖြစ်ခဲ့တယ်လို့သိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း ယခုလိုစက်တင်ဘာလအချိန်မှာ ပဲလက်ကျန်များ ဈေးကွက်မှာ အနည်းငယ်သာရှိပြီး ပဲအဝင်ကတော့ လုံးဝမရှိတော့တဲ့အတွက် ရန်ကုန်ဝယ်လက်မှ ရက်ခြားလောက်သာ အဝယ်ရှိလို့ လက်ကျန်ပဲများ ရောင်းချခဲ့ကြတာကိုတွေ့ရပါတယ်။ ပဲစင်းငုံသီးနှံမှာ မတ်ပဲကဲ့သို့ပင် တစ်နှစ်ထက်တစ်နှစ် ဈေးပိုလာကာ ယခုနှစ်ကတော့ ဈေးအကောင်းဆုံးရရှိခဲ့တဲ့သီးနှံဖြစ်ပါတယ်။ ၂၀၁၃ စက်တင်ဘာလအတွင်း တစ်တင်း ၁၆၉၀၀ ကျပ်မှ ၁၇၄၀၀ ကျပ်သာရရှိပြီး၊ ၂၀၁၄ စက်တင်ဘာလမှာ တစ်တင်း ၂၁၂၀၀ ကျပ်မှ ၂၃၄၀၀ ကျပ် ဈေးပိုလာသလို ၂၀၁၅ မှာတော့ ဩဂုတ်လမှစလို့ ဈေးကောင်းခဲ့လို့ မတ်ပဲထက်လည်း ဈေးပိုခဲ့ကာ တစ်တင်း ၅၀၀၀၀ ကျပ်ကျော်ကျော်အထိ ဈေးကောင်းရရှိခဲ့ပါတယ်။

ပြည်တွင်းဝယ်လက်သာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ကုလားပဲသီးနှံမှာ နှစ်နှစ်ဆက်တိုက် ဈေးအေးခဲ့ပေမယ့် ယခုနှစ်မှာတော့ ပဲသစ်ပေါ်ချိန်မှစလို့ ဈေးမှာ ယခင်နှစ်ကဈေးများထက် ဈေးပိုရရှိခဲ့တဲ့အတွက် စက်တင်ဘာလအတွင်းမှာ တစ်တင်း ကျပ် ၃၀၅၀၀၊ ၃၄၀၀၀ ကျပ်ထိ ဈေးကောင်းရရှိနေတာကိုတွေ့ရပါတယ်။ ဝယ်လက်ကတော့ ဒေသတွင်း ပဲခွဲစက်သမားများသာ အဓိကဝယ်ယူနေကြပြီး လက်လီသမားလည်း အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ပဲကြီးသီးနှံများကလည်း ဒေသတွင်းသာ အများဆုံးအရောင်းအဝယ်ဖြစ်သလို တစ်ခါတစ်ရံ မကွေးတိုင်းဒေသကြီးဘက်မှလည်း ဝယ်ယူခဲ့ကြပါတယ်။ ပဲကြီးသီးနှံရဲ့ ဈေးနှုန်းများကိုလေ့လာရာမှာတော့ ၂၀၁၄ စက်တင်ဘာလ တစ်နှစ်သာ ဈေးလျော့နည်းအရောင်းအဝယ်ဖြစ်ပြီး ၂၀၁၃ နဲ့ ၂၀၁၅ ခုနှစ်များရဲ့ ဈေးနှုန်းများကတော့ ကျပ် ၃၀၀၀၀ အထက်ရရှိပြီး ထိုနှစ်နှစ်လုံး ဈေးကောင်းရရှိနေတာကိုတွေ့ရပါတယ်။

၂၀၁၃ စက်တင်ဘာလအတွင်း ပဲကြီး (ရွှေကျွန်း) တစ်တင်း ၃၆၅၀၀ ကျပ်မှ ၃၇၅၀၀ ကျပ်၊ ၂၀၁၅ စက်တင်ဘာလအတွင်း တစ်တင်း ၃၅၀၀၀ ကျပ်မှ ၃၅၅၀၀ ကျပ်၊ ပဲကြီး (ကမ်းနား) ပဲဈေးမှာ ၂၀၁၃ ခုနှစ်မှာ တစ်တင်း ၃၅၀၀၀ ကျပ်မှ ၃၆၅၀၀ ကျပ်၊ ၂၀၁၅ ခုနှစ်မှာ တစ်တင်း ၃၁၅၀၀ ကျပ်မှ ၃၃၀၀၀ ကျပ်ကျော်ဖြင့် ဈေးကောင်းရခဲ့ပါတယ်။ ၂၀၁၄ မှာတော့ ကျပ် ၃၀၀၀၀ အောက်သာရရှိပြီး တစ်တင်း ၂၅၅၀၀ ကျပ်သာ အမြင့်ဆုံးရရှိခဲ့တယ်လို့သိရပါတယ်။

ပဲပုပ်သီးနှံကတော့ အခြားပဲများကဲ့သို့ ဈေးမြင့်တက်လာခြင်းမျိုးမဟုတ်ဘဲ တစ်နှစ်ထက်တစ်နှစ် ဈေးလျော့နည်းလာတာကို နှစ်အလိုက် နှိုင်းယှဉ်ချက်အရ တွေ့ရပါတယ်။ ၂၀၁၃ စက်တင်ဘာမှာ တစ်တင်း ၂၃၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး ၂၀၁၄ မှာ ဈေးလျော့နည်းသွားလို့ တစ်တင်း ၁၉၅၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်သာ ယခင်နှစ်ထက် ဈေးလျော့နည်းကျဆင်းသွားပြီး၊ ၂၀၁၅ စက်တင်ဘာမှာတော့ ယခင်နှစ်များကထက် ထပ်မံလျော့နည်းခဲ့လို့ တစ်တင်း ၁၈၅၀၀ ကျပ်ခန့်နဲ့ ယခုနှစ်မှာဈေးအနည်းဆုံး ရရှိခဲ့တဲ့ သီးနှံဖြစ်နေသလို ဈေးကွက်မှာလည်း ဈေးအနိမ့်ဆုံးဖြစ်ခဲ့ပြီး ယခုကာလများတွင်လည်း အရောင်းအဝယ်မှာ လက်ကျန်ပဲအနည်းငယ်သာရှိလို့ လက်လီသမားလောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ထောပတ်ပဲသီးနှံမှာ လည်း ယခုနှစ်ဈေးက ယခင်နှစ်ထက် ဈေးလျော့နည်းခဲ့ပေမယ့် ၂၀၁၃ စက်တင်ဘာလ ဈေးကိုတော့ ပြန်မှီခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ ထောပတ်ပဲသီးနှံဟာ တစ်တင်း ၂၆၀၀၀ ကျပ်မှ ၂၇၀၀၀ ကျပ်ထိ ဈေးကောင်းရခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## စစ်ကိုင်းပဲတီစိမ်း ဝယ်လိုအားများ

မုံရွာကုန်စည်ဒိုင်သို့ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ရေဦး၊ တန့်ဆည်မြို့များမှ ပဲတီစိမ်းသီးနှံများ တစ်ရက် တင်း ၃၀၀ မှ ၅၀၀ ကြား ဝင်ရောက်လျက်ရှိရာ ဝင်သမျှအားလုံးအရောင်းအဝယ်ဖြစ်ကြောင်း ကုန်သည်တစ်ဦးက ပြောပြပါတယ်။ တရုတ် Export ဝယ်လက်နဲ့ ရန်ကုန် Export ဝယ်လက်ရှိလို့ ဝယ်လိုအားများပြီး ရောင်းလိုအားနည်း၍ ဈေးကွက်စီးပွားရေးစနစ်အရ ဈေးမြင့်ကာ စက်တင်ဘာ ၃၀ ရက်တွင် တစ်တင်းပေါက်ဈေး ကျပ် ၄၃၂၀၀ ထိ ဈေးမြင့်ခဲ့ကြောင်းသိရပါတယ်။ မုံရွာကုန်စည်ဒိုင်၌ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလအတွင်း ပဲတီစိမ်း တစ်တင်း ပေါက်ဈေး အနိမ့်/အမြင့်မှာ ကျပ် ၃၄၀၀၀-၄၃၂၀၀ ကျပ်ဈေး အသီးသီးနဲ့ ရောင်းဝယ်ကြကြောင်း သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

Vol: 15, No.38 Monday October 5 2015

# ၂၀၁၅ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ် မန်းဒိုင်သီးနှံများရဲ့ ဈေးနှုန်းများနဲ့ အရောင်းအဝယ်ဖြစ်မှု

ပွဲစား၊ ကုန်သည်၊ စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) လယ်ယာထွက်ကုန်သီးနှံများ အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ၂၀၁၅ ခုနှစ် စက်တင်ဘာလ နောက်ဆုံးတစ်ပတ်မှာ အရောင်းအဝယ်ပြုလုပ်ခဲ့တဲ့ ပြောင်းနှမ်းများရဲ့ ဈေးနှုန်းများနဲ့ ဩဂုတ်လမှာ အရောင်းအဝယ်ဖြစ်တဲ့ ကာလတူဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ပါက-

**တစ်ပိဿာဈေး-ကျပ်**

| သီးနှံအမည် | ၃၁. ၈. ၁၅ | | ၃၀. ၉. ၁၅ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်းကြီး | ၉၇၈ | ၁၇၇၈ | ၁၆၀၀ | ၂၂၂၂ |
| ပဲတီစိမ်းကြီး (ရှယ်) | - | - | ၂၃၁၁ | ၂၃၆၄ |
| ပဲကြီး | ၁၆၈၃ | ၁၉၀၀ | ၁၆၂၉ | ၁၉၀၀ |
| ပဲပုပ် (ရှမ်း) | ၈၄၅ | ၉၇၇ | ၉၆၇ | ၉၉၅ |
| ပဲပုပ် (ဗမာ) | ၁၀၃၃ | ၁၀၇၀ | ၉၉၅ | ၁၀၃၃ |
| ပဲယင်း | ၈၃၃ | ၈၅၀ | - | ၈၃၃ |
| ထောပတ်ပဲ | ၉၇၈ | ၉၉၆ | ၉၇၈ | ၁၀၁၃ |
| နိုင်လွန်ပဲ | ၁၀၁၃ | ၁၀၆၃ | ၁၀၁၃ | ၁၀၆၃ |
| မတ်ပဲ | ၂၄၅၀ | ၂၅၀၀ | - | ၃၂၅၀ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၅၉၃ | ၆၁၁ | - | ၄၄၄ |
| ပြောင်းဖူးစေ့ (စီပီ) | ၅၉၃ | ၆၂၀ | - | ၄၄၄ |
| ထွက်တိုးပြောင်း | ၅၈၅ | ၆၂၃ | - | ၆၄၂ |
| ဆန်ပြောင်း | - | ၅၂၃ | - | ၅၇၄ |
| နှမ်းဖြူ | ၂၃၅၆ | ၂၅၅၆ | ၂၃၃၃ | ၂၅၅၆ |
| နှမ်းညို | ၁၈၆၇ | ၁၉၉၃ | ၂၀၀၀ | ၂၀၆၇ |
| နှမ်းနက် | ၂၄၄၄ | ၂၅၅၆ | ၃၃၃၃ | ၃၆၆၇ |
| နှမ်းနက် (စမုံ) | ၄၄၄၄ | ၄၇၇၈ | ၄၂၂၂ | ၄၈၈၉ |
| ပန်းနှမ်း | ၂၈၈၉ | ၃၀၀၀ | ၂၄၄၄ | ၂၆၆၇ |
| မြေပဲဆန် ( S1 လုံးဆန်) | ၃၁၀၀ | ၃၁၀၀ | ၂၈၅၀ | ၂၉၀၀ |

စက်တင်ဘာလ နောက်ဆုံးပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၂၂၂၂ ကျပ် (တစ်တန် ၁၃၆၀၇၃၁ ကျပ်)၊ ပဲတီစိမ်း (ရှယ်) တစ်ပိဿာ ၂၃၆၄ ကျပ် (တစ်တန် ၁၄၄၇၆၉၀ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ ပဲကြီးတစ်ပိဿာ ၁၉၀၀ ကျပ်(တစ်တန် ၁၁၆၃၅၄၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းနဲ့သာ အရောင်းအဝယ်ဖြစ်လို့ ဈေးငြိမ်တယ်လို့ ဆိုပါတယ်။ ယခုတစ်ပတ်မှာ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၉၅ ကျပ် (တစ်တန် ၆၀၉၃၂၈ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၁၀၃၃ ကျပ် (တစ်တန် ၆၃၂၅၉၉ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းနဲ့ ကွာဟမှုကျဉ်းမြောင်းပြီး နေ့စဉ် သုံးတင်းအိတ် ၃၀၀ ကျော်အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပဲယင်းတစ်ပိဿာ ၈၃၃ ကျပ် (တစ်တန် ၅၁၀၁၂၁ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင် သိသိသာသာဈေးအေးသွားခြင်းမရှိလို့ နေ့စဉ် သုံးတင်းအိတ် ၁၅၀ ခန့် အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ထောပတ်ပဲ တစ်ပိဿာ ၁၀၁၃ ကျပ် (တစ်တန် ၆၂၀၃၅၁ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၄၅၀ ခန့်၊ နိုင်လွန်ပဲ တစ်ပိဿာ ၁၀၆၃ ကျပ် (တစ်တန် ၆၅၀၉၇၁ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့်၊ မတ်ပဲ တစ်ပိဿာ ၃၂၅၀ ကျပ် (တစ်တန် ၁၉၉၀၂၆၈ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၇၅၀ ကျပ် (တစ်တန် ၄၅၉၂၉၃ ကျပ်) ဈေးမြောက်သွားပြီး နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်သွားကြောင်း သိရပါတယ်။

ပြည်တွင်းလှောင်လက်ရော ပြည်ပ (တရုတ်) ဝယ်လက်ဝယ်ယူမှုရှိနေတဲ့ပြောင်းဖူးစေ့များ ဈေးအေး လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း)၊ ပြောင်းဖူးစေ့ (စီပီ) မှာ တစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၁၉၀၁ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၈၀၀ ကျော်၊ ထွက်တိုးပြောင်း တစ်ပိဿာ ၆၄၂ ကျပ် (တစ်တန် ၃၉၃၁၅၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းရဲ့အထက်ဈေးနဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့်၊ ဆန်ပြောင်း တစ်ပိဿာ ၆၄၂ ကျပ် (တစ်တန် ၃၉၃၁၅၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းရဲ့အထက် ဈေးမာနဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ နှမ်းရောင်စုံရဲ့ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများမှာ နှမ်းဖြူတစ်ပိဿာ ၂၅၅၆ ကျပ် (တစ်တန် ၁၅၆၅၂၆၉ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ် ကာလတူဈေးရော ယခင်လ ကာလတူဈေးရော ဈေးငြိမ်နဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းညို တစ်ပိဿာ ၂၀၆၇ ကျပ် (တစ်တန် ၁၂၆၅၈၁၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးအထက်မှာရှိနေပြီး နှမ်းနက်တစ်ပိဿာ ၃၆၆၇ ကျပ် (တစ်တန် ၂၂၄၅၆၃၄ ကျပ်)နဲ့ ယခင်လ ကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၁၁၁၁ ကျပ် (တစ်တန် ၆၈၀၃၆၅ ကျပ်) ဈေးမာသွားသလို နှမ်းနက် (စမုံ) တစ်ပိဿာ ၄၈၈၉ ကျပ် (တစ်တန် ၂၉၉၃၉၇၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လဈေးနှုန်းရဲ့အထက် တစ်ပိဿာ ၁၁၁ ကျပ် (တစ်တန် ၆၇၉၇၅ ကျပ်)ဈေးအမြင့်မှာ အရောင်းအဝယ်ဖြစ်ပြီး ၎င်းနှမ်းလေးမျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး နှမ်းများအနက် ပြည်တွင်းနဲ့ အိန္ဒိယဝယ်လက်အဆွဲရှိနေတဲ့ ပန်းနှမ်းတစ်ပိဿာ ၂၆၆၇ ကျပ် (တစ်တန် ၁၆၃၃၂၄၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူ ပေါက်ဈေးအောက် တစ်ပိဿာ ၃၃၃ ကျပ် (တစ်တန် ၂၀၃၉၂၆ ကျပ်) ဈေးအေးသွားပေမယ့် နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

မြေပဲဆန် ( S 1 လုံးဆန်) များကို ဒေသတွင်း ဆီစက်များနဲ့ ပြည်ပ (တရုတ်) ဝယ်လက်များမှ ပုံမှန်ဝယ်ယူမှု ရှိပေမဲ့ ယခင်လ ကာလတူဈေးအောက်ကို ရောက်နေပါတယ်။ ယခုတစ်ပတ်မှာ မြေပဲဆန် (လုံးဆန် S 1 ) တစ်ပိဿာ ၂၉၀၀ ကျပ် (တစ်တန် ၁၇၇၅၉၃၁ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါ တယ်။

သီးနှံတွေရဲ့ ဈေးနှုန်းတွေက ရောင်းသူရော ဝယ်သူတွေအတွက် သင့်တင့်နေပေမယ့် ယခုတစ်ပတ်မှာ အရောင်းအဝယ်အေးလျက်ရှိပါတယ်။ ပြည်ပ (တရုတ်) ဝယ်လိုအားရှိနေတဲ့ ပဲတီစိမ်းကြီး၊ ပဲယင်း၊ ထောပတ်ပဲ၊ နိုင်လွန်ပဲ၊ ပြောင်းဖူးစေ့ မျိုးစုံနဲ့ နှမ်းရောင်စုံများ ယခင်လ အရောင်းအဝယ်ဖြစ်မှုအောက်ကို ရောက်ရှိနေပါတယ်။ ကုလားပဲဖြူကြီးနဲ့ ကုလားပဲထိုင်ဝမ်များမှာ လှောင်လက်သမားထံမှာသာ ရှိကြောင်း၊ ၎င်းတို့မှတစ်ဆင့် ဒေသတွင်း ပဲခွဲစက်များထံ ပြန်လည်ရောင်းချကြောင်း၊ ပဲစင်းငုံနီများမှာ ပစ္စည်းပြတ်လပ်လုနီးပါးဖြစ်နေသဖြင့် အရောင်းအဝယ် အလွန်အေးကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားပါတယ်။

**စိုးအောင်-မန္တလေး**

# ပြည်ကုလားပဲ ပဲခွဲစက်လုပ်ငန်းသမားများ ပုံမှန်အဝယ်ရှိ

ပြည်ပဲဈေးကွက်မှာ ပြည်ပတင်ပို့မှုမရှိဘဲ ဒေသတွင်းဝယ်လက်များနဲ့ အဓိကအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲထဲမှာ ကုလားပဲသီးနှံဟာလည်း လဆန်းရက်က ဈေးထက် ဈေးပိုရလျက်ရှိကာ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများရှိခဲ့တဲ့အတွက် တစ်ရက်အိတ် ၃၀၀ ကျော် ပဲခွဲစက်လုပ်ငန်းသမားများ ပုံမှန်အဝယ်ရှိနေခဲ့တာကို တွေ့ရပါတယ်။ ကုလားပဲသီးနှံမှာ ဩဂုတ်လဆန်းအတွင်း ပဲကြီးသီးနှံနှင့်အပြိုင် ဈေးမြင့်တက်လာခဲ့ရာမှ ဩဂုတ်လလယ်မှာတော့ ပဲကြီးသီးနှံဈေးပိုများပြီး ကုလားပဲသီးနှံကတော့ တစ်တင်း ကျပ် ၃၀၀၀၀ တစ်ပတ်လည်ရရှိခဲ့ပါတယ်။ ယခု စက်တင်ဘာလအတွင်းမှာလည်း ကုလားပဲသီးနှံဈေးဟာ တရိပ်ရိပ်ဈေးမြင့်တက်ပြီး တတိယပတ်အတွင်း တစ်တင်း ၃၄၀၀၀ ကျပ်ထိရရှိလာခဲ့ပြီး၊ ယခုလကုန်ပတ်မှာလည်း ဈေးဆက်ငြိမ်နေကာ မျိုးပဲသမားအချို့လည်း ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

# စစ်ကိုင်းမတ်ပဲ ဈေးအမြင့်ဆုံးသို့ ရောက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီးမှာ မတ်ပဲသီးနှံကို ဆောင်းသီးနှံအဖြစ်သာ အစိုက်များပြီး၊ မိုးသီးနှံစိုက်ပျိုးမှုနည်း ကြောင်း သိရပါတယ်။ ၂၀၁၅-၂၀၁၆ခုနှစ် မိုးသီးနှံမတ်ပဲလျာထားစိုက်ဧက ၉၀၀၀ ကျော်၌ ဧက ၅၀၀ ကျော်သာ စိုက်ပျိုးပြီးလို့ ရာခိုင်နှုန်းအားဖြင့် ၆ ရာခိုင်နှုန်းသာစိုက်ပျိုးပြီးဖြစ်ကြောင်း သိရပါတယ်။ ယခုအချိန်သည် မတ်ပဲအသစ် မထွက်ပေါ်သေးသောကာလဖြစ်၍ တောင်သူလက်ဝယ်လက်ကျန်မရှိသလောက်နည်းခြင်း၊ ကုန်သည်လက်ဝယ် အနည်းငယ်သာရှိ၍ ပစ္စည်းရှားပါးချိန်ဖြစ်လို့ မုံရွာကုန်စည်ဒိုင်၌ တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ဘူးသော မတ်ပဲ တစ်တင်းပေါက်ဈေး ၆၅၀၀၀ ကျပ် စက်တင်ဘာလ ၃၀ ရက်တွင် ဈေးပေါက်ခဲ့ကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း မတ်ပဲတစ်ရက် တင်း ၂၀၀ မှ ၄၀၀ကြား အရောင်းအဝယ် ဖြစ်ပြီး စက်တင်ဘာလအတွင်း မတ်ပဲတစ်တင်းပေါက်ဈေး အနိမ့်/အမြင့်မှာ ၄၉၀၀၀ ကျပ်၊ ၆၅၀၀၀ ကျပ် ဈေးပေါက် ခဲ့ကြောင်း သိရှိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

# မုံရွာကုန်စည်ဒိုင် စက်တင်ဘာလကုန်ပတ် ဆီထွက်သီးနှံဈေးကွက် မြေပဲ-နှမ်းအဝင်သွက်

မုံရွာကုန်စည်ဒိုင် စက်တင်ဘာလကုန်ပတ် ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲနဲ့ နှမ်းမျိုးစုံ နယ်အဝင်သွက်ခဲ့သလို အရောင်းအဝယ်လည်း သွက်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ် မြေပဲဈေးကွက်မှာ ဘုတလင်မြို့နယ် မောင်းထောင်ရွာဘက်က မိုးမြေပဲတွေ အဝင်လှိုင်လာပြီး တစ်ရက်အိတ် ၅၀၀ ခန့် ဝင်ခဲ့သလို ဆီဆန်တစ်ပိဿာ ၂၄၅၀ ကျပ်နဲ့ လုံးဆန်တစ်ပိဿာ ကျပ် ၂၈၀၀ ဈေးများနဲ့ တစ်ရက်ပိဿာ ၁၀၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ် နှမ်းဈေးကွက်မှာတော့ နယ်စုံက နှမ်းဖြူနဲ့ နှမ်းညိုတွေ ဝင်ရောက်လာနေပြီး နှမ်းဖြူ ထိပ်စတစ်တင်း ကျပ် ၃၇၀၀၀ နဲ့ နှမ်းညိုတစ်တင်း ကျပ် ၃၂၀၀၀ ဈေးအသီးသီးပေါက်ခဲ့ကာ တစ်ရက် အိတ် ၄၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ယောဘက်ကလာတဲ့ နှမ်းဝါကတော့ စက်တင်ဘာလကုန်ပတ် မုံရွာကုန်စည်ဒိုင်မှာ တစ်တင်း ကျပ် ၃၄၀၀၀ ပေါက်ဈေးဖွင့်ခဲ့ပေမယ့် မုံရွာဒိုင်ကို မဝင်တော့ဘဲ မန္တလေးဈေးကွက်ကို ဆီကြိတ်ဝယ်လက်အတွက် တိုက်ရိုက်သွားရောက်ရောင်းချမှုများရှိခဲ့တယ်လို့ ဒိုင်ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မုံရွာကုန်စည်ဒိုင်သို့ မိုးမြေပဲသစ်များ ဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီးမှာ မိုးမြေပဲလျာထားစိုက်ဧက ၂ ဒသမ ၆၅ သိန်းကျော်မှာ ဧက ၂ ဒသမ ၆၃ သိန်း စိုက်ပျိုးခဲ့လို့ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၈၁ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့ပါတယ်။

ဘုတလင်၊ အရာတော်၊ ဝက်လက်၊ ရွှေဘိုမြို့နယ်များတွင် မိုးမြေပဲများစတင်ထွက်ပေါ်ကာ မုံရွာကုန်စည်ဒိုင်သို့ စတင်ဝင်ရောက်ခဲ့ရာ မြေပဲတောင့် တစ်တင်းပေါက်ဈေးမှာ ကျပ် ၁၂၀၀၀ မှ ကျပ် ၁၅၀၀၀ ကြား ဈေးဖွင့်ခဲ့ကြောင်း သိရပါတယ်။ စိုက်ပျိုးတဲ့မျိုးများမှာ ဆင်းပဒေသာ-၁၁၊ Sp- ၁၂၁၊ မကွေး-၁၁ မျိုးများစိုက်ပျိုးကြပြီး၊ မြေပဲတစ်ဧက ကုန်ကျစရိတ်မှာ ကျပ် ၉ သောင်းမှ ၁သိန်းခွဲဝန်းကျင်ကုန်ကျပြီး တစ်ဧကအထွက်နှုန်းမှာ ၂၅ တင်း၊ တင်း ၃၀ ထွက်ကြောင်း တောင်သူတစ်ဦးက ပြောပါတယ်။

မြေပဲတောင့်တစ်တင်းလျှင် မြေပဲဆန် ၄ပြည်၊ ၅ ပြည်ခန့်ရရှိကြောင်း သိရပါတယ်။ မြေပဲကိုတရုတ် Export ဝယ်လက်ရှိပြီး၊ တိုင်းအတွင်း ပုံမှန်အသုံးရှိခြင်းကြောင့် မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်အကောင်းဆုံးသီးနှံမှာ မြေပဲသီးနှံဖြစ်ကြောင်း သိရပါတယ်။ စက်တင်ဘာလ နောက်ဆုံးပတ်တွင် တစ်ရက်လျှင် မြေပဲဆန် တင်း ၆၀၀၊ ၇၀၀ အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင် သတင်းရပ်ကွက်ကသိရပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ စက်တင်ဘာလအတွင်း တစ်ပိဿာ အနိမ့်/အမြင့်ဈေးများမှာ မြေပဲဆန်နီ ၃၀၀၀ ကျပ်၊ ၃၃၀၀ ကျပ်၊ မြေပဲဆံဖြူ ၂၇၀၀ ကျပ်၊ ၃၃၀၀ ကျပ်၊ မြေပဲလုံးဆန် ၂၈၀၀ ကျပ်၊ ပဲဆီ ၅၂၀၀ ကျပ်၊ ၆၀၀၀ ကျပ်၊ ပဲဖတ် ၁၂၇၀ ကျပ် ဈေးအသီးသီးဖြင့် ရောင်းဝယ်ကြကြောင်း သိရှိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ချင်း

### ထိုင်းနယ်စပ်ကပါ ချင်းတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၀၈၀ တန်ဖိုးရှိ ချင်းစို ၈ တန်ကို တင်ပို့ခဲ့သလို မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းကလည်း ကန်ဒေါ်လာ ၆၉၉၈ တန်ဖိုးရှိတဲ့ ချင်းစို တန် ၃၀ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က စစ်တွေကုန်သွယ်ရေးတစ်ခုတည်းကသာ ချင်းစို ၁၉ တန်တင်ပို့ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တာချီလိတ်ကုန်သွယ်ရေးကပါ ချင်းတင်ပို့ခဲ့တာဖြစ်ပါတယ်။

**မော်မော်အောင်**

### ပြည်ချင်းဈေး အနည်းငယ်တက်

ယခုတစ်ပတ် ပြည်ချင်းဈေးကွက်မှာ ချင်းဈေးများ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ ခန့် ဈေးမြင့်လာပြီး ပိဿာ ၃၀ ဝင်အိတ် ၅၀ ခန့် ပုံမှန်ဝင်နေတယ်လို့ သိရပါတယ်။ အချို့ရက်တွေမှာ တစ်ရက်လုံး မဝင်တဲ့နေ့တွေလည်း ရှိပါတယ်။ ပုံမှန်အားဖြင့် နယ်ဝယ်လက်များသာ ဝယ်ယူနေတယ်လို့ ချင်းပွဲရုံများမှ သိရပါတယ်။ ပြည်ချင်းပွဲရုံများမှ ယခုတစ်ပတ် ချင်းတစ်ပိဿာကို (ဂွန်) ၁၀၀၀ ကျပ်-၁၂၀၀ ကျပ်၊ (ရှယ်) ၁၃၀၀ ကျပ်-၁၅၀၀ ကျပ်ရှိပြီး၊ ပြည်ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ ယခုတစ်ပတ်အတွင်း စားသုံးမှုအဖြစ် တစ်နေ့ပိဿာချိန် ၂၀၀ ခန့် တင်ပို့မှုရှိတယ်လို့သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### အောင်ပန်းဈေးကွက်သို့ ရှမ်းချင်းသစ်စဝင်

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ ချင်းသစ်ရော၊ ချင်းဥမပါ နှစ်မျိုးစလုံး အရောင်းအဝယ် ပုံမှန်ဖြစ်နေပါတယ်။ အသစ်တွေပေါ်နေပြီဆိုပေမယ့် အဝင်ကတော့ နည်းနေပါသေးတယ်။ ချင်းဥမက အထားခံပေမယ့် ချင်းသစ်ကတော့ အထားမခံသေးပါဘူး၊ နုသေးတော့ ပုပ်တာလည်း မြန်တယ်လို့ သိရပါတယ်။ အဝင်ကတော့ ၅ ရက်တစ်ဈေးမှာ ပိဿာချိန် ၈၀၀ မှ ၁၀၀၀ ခန့်သာ ဝင်နေပါတယ်။ အဝင်ကလည်း သိပ်မများသေးပေမယ့် သီတင်းကျွတ်မှသာ အဝင်လှိုင်လာနိုင်တယ်လို့လည်း သိရပါတယ်။

ပြည်ပဝယ်လက် မရှိသေးပေမယ့် ပြည်တွင်းသုံး ချင်းထိုးသမားတွေနဲ့ လက်လီရောင်းသူတွေက ပုံမှန်ဝယ်ယူနေတယ်လို့ လည်း သိရပါတယ်။ ချင်းသစ်က ဒါးလှီးရင် အရောင်လှပြီး လှီးရတာကောင်းတာကြောင့် ဝယ်လက်တွေ ကြိုက်ကြသလို လှော်လက်တွေကတော့ ချင်းဥမကိုပိုပြီး ဝယ်ယူတယ်လို့ သိရပါတယ်။ ရန်ကုန်၊ မုံရွာ၊ နေပြည်တော်၊ ပြည်၊ စစ်တွေ စတဲ့မြို့တွေက ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း နှစ်သိန်းလေးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ချင်းဥမတွေက ကုန် သလောက်ဖြစ်နေပြီး ဈေးနှုန်းကတော့ တစ်ပိဿာ ၇၅၀ ကျပ်- ၈၀၀ ကျပ်ဈေးရှိပါ တယ်။ ချင်းတက် အသစ်ကတော့ တစ်ပိဿာ ၆၀၀ ကျပ်မှ ၇၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

ချင်းခြောက်ကတော့ လှော်လက်တွေဆီမှာရှိပေမယ့် ဈေးကွက်မှာတော့ အဝင်မရှိတော့ပါဘူး၊ အရောင်းအဝယ်ကလည်းအေးနေပြီး တစ်ပိဿာပေါက်ဈေးကတော့ ၂၅၀၀ ကျပ်-၂၆၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်က သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

## နနွင်း

### မူဆယ်နယ်စပ်မှသာ နနွင်းတက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၁၁၈၉ တန်ဖိုးရှိ နနွင်းတက် ၅၇ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၄၇ တန်ခွဲသာ တင်ပို့ခဲ့သလို ယခုတစ်ပတ်ရဲ့ နနွင်းတက်တင်ပို့မှုအနေနဲ့ မူဆယ်နယ်စပ်က ပိုမိုခဲ့ပေမယ့် စစ်တွေနဲ့ မြဝတီက ယခင်တစ်ပတ်ကတင်ပို့မှုရှိခဲ့ပြီး ယခုတစ်ပတ်မှာ မရှိခဲ့ပါဘူး။

မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ကို မိမိဘက်မြေပြင်ပေါက်ဈေး (ငွေလဲနှုန်းအရ) ၉၁၈၀၃၀ ကျပ်မှ ၉၄၈၆၇၀ ကျပ်ကြားရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်ပြည်ကိုတင်ပို့တဲ့ နနွင်းတက် အမျိုးအစားကတော့ (ရှမ်းစ) များဖြစ်ပြီး တစ်ဖက်နိုင်ငံမှာ ဆေးဝါးကုန်ကြမ်းအဖြစ်အသုံးပြုကြတယ်လို့သိရပါတယ်။

**မော်မော်အောင်**

### အောင်ပန်းနနွင်းဈေးကွက် ဒေသသုံးဈေးကွက်သာဖြစ်

ဒီတစ်ပတ်တော့ ရှမ်းနနွင်းလည်း အရောင်းအဝယ်ဖြစ်နေတယ်ဆိုရုံသာရှိတယ်လို့ သိရပါတယ်။ တောင်သူတွေ လာရောင်းတဲ့ နနွင်းတွေကိုသာ ပွဲရုံတွေက ဝယ်ယူနေတဲ့ ဈေးကွက်သာရှိနေပါတယ်။ များများစားစား အရောင်းအဝယ်မဖြစ်ပေမယ့် လာရောင်းတဲ့ တောင်သူတွေဆီကတော့ မဝယ်မဖြစ် ဝယ်ထားရပါတယ်။ မဝယ်ထားရင်လည်း တောင်သူတွေရဲ့ ဈေးကွက်ပျက်သွားမှာစိုးတာကြောင့် ဝယ်ယူနေရတယ်လို့ အောင်ပန်းနနွင်းပွဲရုံတွေက သိရပါတယ်။

ပြီးခဲ့တဲ့ တစ်ပတ်ကတော့ ရန်ကုန်၊ မုံရွာ၊ ပြည်၊ စစ်တွေ ဝယ်လက်တွေကတော့ ချင်းကိုဝယ်ယူရင်း နနွင်းတွေကိုပါ နည်းနည်းစီကောက်ပြီး ဝယ်ယူသွားတာကြောင့် ပိဿာချိန်ပေါင်း ရှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဈေးကွက်မှာတော့ တောင်သူတွေဆီကနေဝယ်ယူနေတဲ့ ဈေးနှုန်းက အောင်ပန်းစဆိုရင် ၁၂၀၀ ကျပ်၊ တောင်ပို့လစက ၁၃၀၀ ကျပ်-၁၄၀၀ ကျပ်နဲ့ ဆင်တောင်နနွင်းကို ၁၆၀၀ ကျပ်မှ ၁၈၀၀ ကျပ်ဈေးနဲ့ ဈေးဖြတ်ပြီး ဝယ်ယူကြပါတယ်။

ရောင်းဈေးကတော့ တောင်ပို့လစဆိုရင် ၁၄၀၀ ကျပ်-၁၅၀၀ ကျပ်ဈေးရှိပြီး၊ ဆင်တောင်နနွင်းက ၂၀၀၀ ကျပ်-၂၂၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ ဟိုပုံးနနွင်းကိုတော့ မူဆယ်ဝယ်လက်တွေက အဝယ်ခဏနားထားတာကြောင့် ဒေသတွင်းသုံးအဖြစ်သာ ဝယ်ယူနေတဲ့ ဈေးကွက်သာရှိနေပါတယ်။ အမှုန့်ကြိတ်ဖို့အတွက်နဲ့ ပရဆေးဖော်ဖို့အတွက် ဝယ်ယူနေပြီး တစ်ပိဿာ ၁၆၅၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

### နနွင်းတန်ချိန် ၁၄၀ ကျော်တင်ပို့

စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်သီတင်းပတ်အတွင်း နနွင်း ၁၄၅ ဒသမ ၂၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၈၂၆၄၀ တန်ဖိုးရှိ နနွင်းတန် ၁၁၆ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လည်းကောင်း၊ ကန်ဒေါ်လာ ၂၁၉၃၀ တန်ဖိုးရှိ နနွင်း ၂၉ ဒသမ ၂၄ တန်ကို စင်ကာပူနိုင်ငံသို့လည်းကောင်း တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန်တစ်ရာကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၀ ကျော် တင်ပို့မှုပိုခဲ့တယ်လို့ သိရပါ တယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၀၄၅၇၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## သီဟိုဠ်



### မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၃၅ တန်ခန့် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ၁၉ ရက်မှ ၂၅ ရက် တာကာလအတွင်းကန်ဒေါ်လာ သုည ဒသမ ၁၉၄ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၃၂ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၂၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ကြက်သွန်နီ

### ယခင်နှစ်ကထက် ပြည်ကြက်သွန်နီဈေးတက်

ပြည်ကြက်သွန်နီပွဲရုံများတွင် စက်တင်ဘာ နောက်ဆုံးပတ်ထိ ကြက်သွန်နီဈေးတွေတက်လာတာ တွေ့ရပါတယ်။ ယခင်နှစ်ကကြက်သွန်နီတောင်သူရော ကုန်သည်တွေပါ အရှုံးပေါ်ခဲ့ရပြီး ယခုနှစ်မှာတော့ တောင်သူတွေဈေးကောင်းရနေတဲ့နှစ်လို့ပြောလို့ရပါတယ်။ ရခိုင်ဘက်မှ အဝယ်ရှိနေတာကြောင့်လည်း ဈေးကောင်းသည်ထက် ကောင်းလာခြင်းဖြစ်ပါတယ်။

ဝယ်လက်တွေအဝယ်ရှိလေ ဒေသတွင်းစားသုံးသူများအနေနဲ့လည်း ဈေးကောင်းပေး ဝယ်စားနေရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီပွဲရုံဈေး တစ်ပိဿာလျှင် (ကြီး) ၁၃၅၀ ကျပ်၊ (လတ်) ၁၂၅၀ ကျပ်၊ (သေး) ၁၁၀၀ ကျပ်တို့ဖြစ်ပြီး ဒေသတွင်းပေါက်ဈေးကတော့ လက်လီ ဈေး တစ်ပိဿာလျှင် (ကြီး) ၁၅၀၀ ကျပ်၊ (လတ်) ၁၄၀၀ ကျပ်နှင့် (သေး) ၁၂၅၀ ကျပ်တို့ဖြစ်ပါတယ်။ ဆိပ်ဖြူ ပခုက္ကူဘက်မှ ပုံမှန်အဝယ်ရှိကြောင်းလည်း သိရပါတယ်။ တစ်ရက်လျှင် ပြည်ပွဲရုံများ၌ ကြက်သွန်နီအိတ် ၅၀၀၊ ၆၀၀ ပုံမှန် အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း-ပြည်**

### နယ်စခန်းများမှ ကြက်သွန်နီ ပိုမိုတင်ပို့

စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်တာ သီတင်းပတ်အတွင်း မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေး ဇုန်မှ ကန်ဒေါ်လာ ၃၂၇၅၀၉ တန်ဖိုးရှိ ကြက်သွန်နီ ၆၇၆ တန်ခွဲ၊ တာချီလိတ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၃၇၅၅၈ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၀၀၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေမှ ကန်ဒေါ်လာ ၇၂၃၀ တန်ဖိုးရှိကြက်သွန်နီ ၁၅ တန်နဲ့ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်မှ ကန်ဒေါ်လာ ၆၈၇ တန်ဖိုးရှိကြက်သွန်နီ ၂ တန်ခွဲ အသီးသီးတင်ပို့နိုင်ခဲ့ကြပါတယ်။

ယခင်တစ်ပတ်က မြဝတီမှ ၂၀၉ တန်၊ တာချီလိတ်မှ တန် ၅၀၊ စစ်တွေမှ ၁၀၈ တန်နဲ့ မောင်တောမှ ၂၆ တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ကြက်သွန်နီတင်ပို့မှုမှာ တန် ၄၀၀ ခန့် ပိုမိုတင်ပို့လာနိုင်တာ တွေ့ရပါတယ်။

တာချီလိတ်ကုန်သွယ်ရေးကတော့ ယခင်တစ်ပတ်က ကြက် သွန်ဖြူ တန် ၂၀၀ တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ်မှာ ကန်ဒေါ်လာ ၂၀၂၄၈၈ တန်ဖိုးရှိတဲ့ ကြက်သွန်ဖြူ တန် ၁၅၀ တင်ပို့ခဲ့ပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ကြက်သွန်နီ တစ်ပိဿာဈေးနှုန်းများမှာ ဆိပ်ဖြူရှယ်(သစ်) ၁၂၀၀ ကျပ်၊ ဆိပ်ဖြူ (လတ်) ကြီး ၁၁၀၀ ကျပ်နဲ့ ဆိပ်ဖြူလက်(သန့်) ၁၀၀၀ ကျပ်၊ ကြက်သွန်ဖြူတစ်ပိဿာ ၂၅၅၀ ကျပ်ဈေး အသီးသီးဈေးပေါက်တယ်လို့ သိရပါတယ်။ ဘုရင့်နောင်ပွဲရုံမှ ကုန်သည်တစ်ဦးက “ အခုတလော ကြက်သွန်တွေက အဝင်နည်းတယ်၊ ဈေးကောင်းလည်းမရလို့ သွင်းတဲ့သူတွေနည်းလာတယ်။ ပြည်ပဝယ်လိုအားတွေရှိနေတဲ့အတွက် နယ်စပ်မှာ ဈေးမြင့်နေတော့ အဲဒီကိုပဲ တိုက်ရိုက်ပို့ကြတာများတယ်”လို့ဆိုပါတယ်။

**မော်မော်အောင်**

# ဖိလစ်ကော့တလာ၏ နှလုံးသားရှိသော အရင်းရှင်စနစ်

|ခင်မောင်ညို(ဘောဂဗေဒ)|



မကြာမီက ထိုင်းနိုင်ငံ၊ ချူလာလောင်ကွန်တက္ကသိုလ်ရောက်ခိုက် ထုံးစံအတိုင်း ခရီးရောက်မဆိုက်ပင်။ စာအုပ်ဆိုင်ထဲဝင်မေးရာ Philip Kotler ၏ အရင်း ရှင်စနစ်ကို ထိပ်တိုက်ရင်ဆိုင်ခြင်း "Confronting Capitalism " အမည်ရှိ စာအုပ်တစ်အုပ်ရလာခဲ့သည်။

တကယ်တော့ ဈေးကွက်စီးပွားရေးစနစ်ပဲခေါ်ခေါ်၊ အရင်းရှင်စနစ်ပဲခေါ်ခေါ်၊ ထိုစနစ်ကို ဝေဖန်သူတွေ အများအပြားရှိသည်။ အများအားဖြင့် စေတနာကောင်းဖြင့် ဝေဖန်ကြခြင်းဖြစ်သော်လည်း အတော်များများက သေသေချာချာ ရေရေရာရာမသိဘဲ ဝေဖန်ချက်ပေးခြင်းဖြစ်၍ အလေးမထားလောက် သို့သော် ဖိလစ်ကော့တလာလို ပုဂ္ဂိုလ်က ပြောပြီဆိုလျှင် အလေးမထား၍မရ။

ဖိလစ်ကော့တလာကို မန်နေဂျာတွေ၊ အရောင်းသမားတွေ ဖတ်သည့် ကျောင်းသုံးစာအုပ်တွေ ရေးသည့်သူအဖြစ် အသိများကြသော်လည်း သမားရိုးကျ ဘောဂဗေဒ ပညာရှင် (Classical Economist) အဖြစ် လေ့လာ ဆည်းပူးခဲ့သူဖြစ်ကြောင်း၊ သူ၏ ဆရာများထဲတွင် Milton Friedman, Paul Samuelson တို့လို ပုဂ္ဂိုလ်တွေပါဝင်ကာ ခေတ်ပေါ်စီးပွားရေးသီအိုရီများ၏ အားသာချက်နှင့် အားနည်းချက်တို့ကိုလည်း ကောင်းကောင်း ကြီး နားလည်သဘောပေါက်သူဖြစ်ကြောင်း သိရှိသူနည်း ပါးသည်။

သူက အရင်းရှင်စနစ်ကို ဝေဖန်ရုံသက်သက်မျှသာ ဝေဖန်ခြင်းမဟုတ်ဘဲ အကြံပြုချက်များလည်း ပါဝင်သည်။ ဒဿနဆန်သလို လက်တွေ့လည်း ကျသည်။ သူက အရင်းရှင်စနစ်ကို အစားထိုးရန် မကြိုးစား၊ အရင်း ရှင်စနစ်၏ အားနည်းချက်ကိုလည်း သိသည်။ အခြားသော စနစ်တွေ မအောင်မမြင်ဖြစ်ခဲ့ကြသည်ကိုလည်း သူက မေ့မထား။

အရင်းရှင်စနစ်နှင့် ပတ်သက်သော ပြဿနာများသည် ရှုပ်ထွေးပြီး တစ်ခုနှင့်တစ်ခုလည်း ဆက်နွယ်နေသည် ဟုယူဆသည်။ မညီမျှမှုကို အဓိကထားလေ့လာသူ၊ ပြင်သစ်ပညာရှင် Picketty နှင့် ပတ်သက်၍ သူက မညီမျှ မှုသည် အရေးကြီးသော်လည်း အာရုံစိုက်ရမည့် ပြဿနာများထဲမှ တစ်ခုသာဖြစ်သည်ဟု ယူဆသည်။ သူက ဥပဒေပြုသူတွေ၊ မူဝါဒချမှတ်သူတွေ၊ ပြီးတော့ ဆေးတစ်မျိုး တည်းကိုသာ ပေးသော ဘောဂဗေဒပညာရှင်တွေကိုပါ ဝေဖန်သည်။ သူတို့ကြောင့် ဆေးအတွက် လေးသည်ဟု မြင်သည်။

အခြေခံပြဿနာမှာ လုပ်ခနိမ့်ကျခြင်းနှင့် ဆင်းရဲနွမ်းပါးခြင်း ဖြစ်သည်ဟုဆိုရာ ဤနေရာတွင် Picketty နှင့် သဘောချင်း တိုက်ဆိုင်သည်။ "လုပ်ခတွေ နိမ့်ကျနေခြင်းသည် စီးပွားရေး အဆောက်အအုံအတွက်လည်း မကောင်း၊ အရင်းရှင်စနစ်ဆိုသည်မှာ အရင်းရှင်စနစ်ယန္တရားကြီးက ထုတ်လိုက်သော ကုန်စည်နှင့် ဝန်ဆောင်မှုတွေကို ဝယ်ယူနိုင်ရန် လုံလောက်သော ငွေကြေးရှိသည့် စားသုံးသူတွေကို အားကိုးအားထား ပြုနေရသည်။ ကုမ္ပဏီတွေက လုပ်ခနည်းနည်းပေးလျှင် ဈေးကွက်ထဲ ငွေနည်းနည်းသာ ရောက်မည်။ ဝယ်လိုအားကျဆင်းမည်။ ထုတ်လုပ်မှုတွေက လွန်ကဲနေသဖြင့် ရင်းနှီးမြှုပ်နှံမှုတွေ ကျဆင်းမည်။ စီးပွားရေးတိုးတက်မှုနှုန်း လျော့ကျမည်။ အလုပ်လက်မဲ့တွေ တိုးပွားကုန်မည်။"

သို့သော်လည်း Kotler က အစိုးရအနေဖြင့် ပြင်းပြင်းထန်ထန် ဝင်ရောက်စွက်ဖက်ခြင်းပြုရန် အကြံမပေး။ မျှတသော အခွန်အကောက်စနစ်တစ်ခုဖြစ်စေလိုပြီး အခွန်ရှောင်စရာ ပြည်ပနေရာတွေ ပေါ်ပေါက်နေခြင်းကို သဘောမကျ။ နောက်ဆုံးတွင် အရင်းရှင်စနစ်ကို ပြုပြင်ရန် အရင်းရှင်များတွင် တာဝန်ရှိသည်။ သူတို့၏ ကိုယ်ကျိုးစီးပွားထိခိုက်မည့် အန္တရာယ်ကို သဘောပေါက်ရန် လိုသည်။ မညီမျှမှုကို လျှော့ချခြင်း၊ ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ခြင်း၊ စားသုံးကုန်တွေ အများသုံးစွဲနိုင်စေခြင်းဟူသော နည်းလမ်းများသည် အရင်းရှင်စနစ် ရှင်သန် စေမည့် နည်းလမ်းများဖြစ်သည်ဟု ရှုမြင်သည်။

> **"အရင်းရှင်စနစ်၏ အဆုံးသတ်ပန်းတိုင်မှာ နိုင်ငံသားများ ကျယ်ကျယ်ပြန့်ပြန့် ပျော်ရွှင်ရေးနှင့် ကောင်းကျိုးချမ်းသာ ရရှိရေးပင် ဖြစ်သည်။"**

အရင်းရှင်စနစ်၏ အဆုံးသတ်ပန်းတိုင်မှာ နိုင်ငံသားများ ကျယ်ကျယ်ပြန့်ပြန့် ပျော်ရွှင်ရေးနှင့် ကောင်းကျိုးချမ်းသာရရှိရေးပင်ဖြစ်သည်။ ပျော်ရွှင် ကြွယ်ဝသော လူတွေက ငွေသုံးတတ်ကြရာ သူတို့ငွေသုံးလေ အရင်းရှင်တွေ ချမ်းသာလေ ဖြစ်သည်ဟု သူက ယူဆသည်။

Kotler က အရင်းရှင်စနစ်ကို သိသိသာသာ ပြုပြင် ပြောင်းလဲရန် အကြံပြုခြင်းမရှိဟု ဝေဖန်သူတို့က သုံးသပ်ကြသည် ကိုယ်ဘယ်လိုဟာတွေလဲ၊ ကိုယ့်လုပ်ငန်း ဟာဘာလဲ၊ ကိုယ့်ကိုချမ်းသာအောင် လုပ်ပေးနေတဲ့ စနစ်ဟုထင်လျှင် မှားမည်။ ဒုက္ခရောက်တော့မည်။ ကိုယ့် ရည်ရွယ်ချက်က ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သည့်နေရာဖြစ်ရေးဟု ရည်ရွယ်ကာ လုပ်ဆောင်လျှင် သေချာပေါက် ချမ်းသာမည်ဟု ပြောချင်ပုံရသည်။

တစ်နည်းပြောရလျှင် သူက အရင်းရှင်စနစ်၏ အားနည်းချက် (၁၄)ချက်ကို ထောက်ပြကာ "နှလုံးသား ရှိသော အရင်းရှင်စနစ်" ဖြစ်စေလိုသည်။ စီးပွားရေး သမားတွေက သူတို့ကို ဆန့်ကျင်ပြီး သူတို့မကြိုက်တာတွေ ရေးတော့မည်ဖြစ်၍ ဖတ်စရာမလိုသော စာအုပ်ဟု ထင်နိုင်သည်။ သို့သော် သူက စီးပွားရေးလုပ်ငန်းတွေ အားလုံးအတွက် ရေးခြင်းဖြစ်သည်။ လုပ်ငန်းကြီးတွေရော၊ လုပ်ငန်းငယ်တွေရော အားလုံးနှင့် အကျုံးဝင်သည်။ ရှေ့မှာတင်ပြခဲ့သကဲ့သို့ အရင်းရှင်စနစ်သည် လူအများ ပျော်ရွှင်ကြွယ်ဝရန် လုပ်ပေးရမည့် တာဝန်ရှိသည်ဟု ရှုမြင်သည်။

အလိုအလျောက် အသုံးပြုနိုင်သောစနစ် (Automation) ပေါ်ပေါက်ခြင်းကြောင့် ခပ်နိမ့်နိမ့် အလုပ်ပေါင်း သန်းချီ၍ ပျောက်ကွယ်မည်။ အောက်စဖို့ဒ်တက္ကသိုလ်၏ လေ့လာချက်တွင် ယနေ့လုပ်နေကြသော အလုပ်၏ တစ်ဝက်နီးပါး (၄၅%) ခန့်ကို အလိုအလျောက်စက်များဖြင့် အစားထိုးလုပ်ကိုင်နိုင်မည်ဟု ဆိုထားရာ သူက လုပ်ငန်းရှင်များသည် နည်းပညာသစ်များကို အလေးထားဖို့၊ လက်ရှိဝန်ထမ်းတွေကို ပြန်လည်လေ့ကျင့် ပေးဖို့ စီးပွားရေး လုပ်ငန်းရှင်တွေနှင့် အစိုးရပေါင်းပြီး အခြေခံပညာအဆင့် ကျောင်းသားတွေ အလုပ်အကိုင် ဈေးကွက်အကြောင်း နားလည်အောင် သေသေချာချာ ရွေးချယ်တတ်အောင် ပညာပေးဖို့တွေ အကြံပြုသည်။

သူ့အမြင်အရ ပတ်ဝန်းကျင်နှင့် ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သော အလုပ်များ လုပ်ခြင်းကြောင့် အကျိုးအမြတ် လျော့ပါးမသွားနိုင်။ ပတ်ဝန်းကျင် မထိခိုက်အောင် ဂရုစိုက်ခြင်းသည် အမြတ်လည်းရ၊ အခြားလုပ်ငန်းများထက်လည်း တပမ်းသာနိုင်သည်ဟု ရှုမြင်သည်။ လောင်စာတွေ ချွေတာခြင်းပြုလျှင် အမြတ်မှာများသည်။ ကမ္ဘာပေါ်တွင် ဘဏ် ၄၀ ကျော်နှင့် အာမခံ ကုမ္ပဏီ အတော်များများက ငွေကြေးအကူအညီပေး ရာတွင် ပတ်ဝန်းကျင်ကို မည်မျှထိခိုက်နစ်နာစေကြောင်း သုံးသပ်မှုပြုရန် တိုက်တွန်းထားသည်ကို တွေ့ရသည်။ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန် ရည်ရွယ်ဆောင် ရွက်သည့် ရင်းနှီးမြှုပ်နှံမှုများသည် လအနည်းငယ်အတွင်း အရင်းကျေသည်ဟု သူက တွက်ပြသည်။

လွန်ခဲ့သောနှစ် (၃၀) ခန့်အတွင်း ကော့တလာက စာအုပ်ပေါင်း ငါးဆယ်ကျော် ရေးခဲ့သည်။ ထိုစာအုပ်များ ကို လူသိများသည်။ သူ၏ ဈေးကွက်အကြောင်း ကျွမ်းဝင်နားလည်မှုနှင့် ဘောဂဗေဒပညာ၏ အခြေခံကို ကောင်းကောင်းပိုင်နိုင်ထားသူဖြစ်ခြင်းတို့ကြောင့် ယခုကဲ့သို့ စီးပွားရေးစနစ်ကို သုံးသပ်ဝေဖန်နိုင်ခြင်း ဖြစ်သည်။ ဤနေရာတွင် နိုင်ငံရေးသမားတွေ၊ မီဒီယာတွေနှင့်မတူ။ အရင်းရှင်စနစ် လည်ပတ်ပုံ ပိုမိုကောင်းမွန်ရေး၊ အမြတ်အစွန်းတွေ ပိုရရေး၊ လူတိုင်း၏ ကောင်းကျိုးချမ်းသာတိုးပွားရေးတို့ကို ဦးတည်သည်သည်။

■

## ကန့်ဘလူမြို့ အထက (ခွဲ) ညောင်အိုင်တွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့က ကန့်ဘလူမြို့ အမှတ်(၃) ရပ်ကွက်ရှိအ. ထ. က (ခွဲ) ညောင်အိုင်ကျောင်းသို့ သွားရောက်ပြီး ဒေါက်တာဉာဏဝရခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောခဲ့ ပါသည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စိန်က အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး ဦးစောမောင် (ကန့်ဘလူခရိုင်ဦးစီးမှူးရုံး) က အန္တရာယ်ရှိ အစားအသောက်များ၊ လူသုံးကုန်များ၊ ဝန်ဆောင်မှုများ၊ ဖျော်ဖြေမှုများအကြောင်းကိုလည်းကောင်း၊ ဦးအောင်ကျော်မိုး (မြို့နယ်တာဝန်ခံ၊ ကွန်းလှ) က အန္တရာယ်ရှိ စားသုံးဆီနှင့် အချိုမှုန့်များအကြောင်းကိုလည်းကောင်း စိတ်ဝင်စားဖွယ် ဟောပြောခဲ့ကြပြီး ဆရာ၊ ဆရာမ ၁၆ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၂၅ ဦး၊ ကျောင်းဈေးသည် ၃ ဦး၊ လေ့လာသူ ၅ ဦး၊ စုစုပေါင်း ၅၄၉ ဦးတက်ရောက်ပြီး လေ့လာမှတ်သားကြပါသည်။

**စောမောင်၊ ကန့်ဘလူ**

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် အဝင်မရှိ

စက်တင်ဘာလ ၂၀ရက် မှ စက်တင်ဘာလ ၂၆ ရက်သီတင်းပတ်အတွင်း ဒီဇယ်ရော ဓာတ်ဆီပါ အဝင်မရှိဘူးလို့ သိရပါတယ်။ စက်တင်ဘာ ပထမ သီတင်းပတ်မှာ တန်ချိန်၃၄၀ ကျော်၊ ဒုတိယပတ်မှာတန်ချိန်၁၄၀ ကျော်နဲ့ တတိယ ပတ်မှာ တန်ချိန် ၅၆၀ ကျော် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာလည်း ဈေးငြိမ်နေခဲ့ပြီး ပြင်ပလက်လီဆိုင်များမှာလည်း အရောင်းအဝယ်အေးတယ်လို့သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ စက်တင်ဘာ ၂၈ ရက်နေ့မှ အောက်တိုဘာ ၂ ရက်နေ့ အတွင်းရောင်းချနေတဲ့ဓာတ်ဆီ၊ဒီဇယ်ဈေးများ က တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချ နေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ် ဈေးနှင့်နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေး ၁၀၀၀ ကျပ် ဝန်းကျင် အနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ဒီဇယ်၊အောက်တိန်း(92)နဲ့ အောက်တိန်း (95) မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၄၀ ကျပ်၊အောက်တိန်း (92) ၆၉၀ကျပ်၊ အောက်တိန်း (95) ၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာ ၂၈ ရက်နေ့ ဓာတ်ဆီဝယ်ဈေး ၁၅၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးမြင့်ခဲ့ပါတယ် ။ ဒီဇယ်ဈေးမှာ စက်တင်ဘာ ၂၈ ရက်မှာ ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ ရောင်းဈေး၁၂၉၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံးဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေ တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ် ၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာလ ၂၈ ရက်နေ့မှာဒီဇယ်ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ အောက်တိုဘာ ၁ ရက်နေတွင် ဝယ်ဈေး ၊ ရောင်းဈေး ၁၅၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ စက်တင်ဘာလ ၂၈ ရက်နေ့ ဝယ်ဈေး ၁၅၀၀၀၀ ကျပ်၊ရောင်းဈေး ၁၅၃၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါ တယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာဓာတ်ဆီဈေးနည်းနည်း တက်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ်၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၅၀၀ ကျပ်၊ ဒီဇယ် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊အောက်တိန်း၊ ဒီဇယ်မှာဈေးငြိမ်ပြီး အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၆၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၆၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာ ဓါတ်ဆီတစ်ဂါလန် ၃၇၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

| Energy NYMEX | Price | Change | Change % |
|---|---|---|---|
| 2-10-2015 | | | |
| WTI Crude Future (USD/bbl.) | 45.55 | 0.81 | 1.81 |
| Brent Crude Futr (USD/bbl) | 48.33 | 0.64 | 1.34 |
| Gasoline Rbob Fut (Cent/gal) | 137.21 | 0.53 | 0.39 |
| Natural Gas Futr (USD/MMBtu) | 2.42 | -0.01 | -0.49 |
| Heating Oil Futr (Cent/gal) | 153.75 | 1.77 | 1.16 |



# ပြည်တွင်းငွေလဲနှုန်းများ ဈေးအတက်အကျ အနည်းငယ်ဖြင့် လှုပ်ရှားလျက်ရှိ

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများသည် ဈေးအတက်အကျ အနည်းငယ်ဖြင့် လှုပ်ရှားလျက်ရှိကြောင်း သိရသည်။ ဈေးအတက်အကျအနည်းငယ်သာရှိသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်များ ပုံမှန်အတိုင်းဖြစ်နေကြောင်း သိရသည်။

"ဒီတစ်ပတ်မှာ ငွေလဲနှုန်းက ဈေးအတက်အကျက အနည်းငယ်ပဲရှိပါတယ်။ ဈေးက တစ်ကျပ် နှစ်ကျပ်လောက်ပဲအတက်အကျရှိတော့ ဈေးငြိမ်တယ်လို့ပဲ ပြောရမှာပါ။ ခုလို ဈေးငြိမ်နေတော့ အရောင်းအဝယ်လုပ်ရတာလည်း အဆင်ပြေတယ်။ အတက်အကျ နည်းတဲ့အတွက် ဈေးကွက်ထဲမှာ အရင်တုန်းကလို ဈေးအပြောင်းအလဲကို နားစွင့်နေစရာမလိုဘူးပေ့ါ။ ကုန်သည်တွေ အတွက်ရော၊ ပြည်သူတွေအတွက်ပါ ပိုပြီးအဆင်ပြေတယ်"ဟု ဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

စက်တင်ဘာလ ၂၈ ရက်တွင် ပြည်တွင်းငွေလဲစင်တာများ၌ ရောင်းဈေး ၁၂၉၁ ကျပ်၊ ဝယ်ဈေး ၁၂၈၇ကျပ်ရှိခဲ့ပြီး အောက်တိုဘာလ ၁ ရက်နေ့တွင်လည်း အဆိုပါဈေး ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၂ ရက်တွင် ရောင်းဈေး ၁၂၉၂ကျပ်၊ ဝယ်ဈေး ၁၂၈၈ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

# ပြည်တွင်းရွှေဈေး အနည်းငယ်ကျဆင်းလာ

ယခုတစ်ပတ်အတွင်း မြန်မာ့ရွှေဈေးသည် အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာ့ရွှေဈေးသည် အနည်းငယ်သာ ကျဆင်းသော်လည်း ကမ္ဘာ့ရွှေဈေးမှာမူ အမေရိကန်ဒေါ်လာ ၃၀ခန့် ကျဆင်းသွားခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှသိရသည်။

ပြည်တွင်း ငွေလဲနှုန်းများကျဆင်းနေသည်ဟုဆိုသော်လည်း အနည်းငယ်သာ ကျဆင်းလျက်ရှိသဖြင့် ပြည်တွင်းရွှေဈေး ကျဆင်းမှုနှေးကွေးနေရခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ ရွှေဈေးကျတယ်ဆိုပေမယ့် နည်းနည်းပဲကျတာပါ။ ဈေးကွက်ထဲမှာ အရောင်းအဝယ်ကလည်း သိပ်ပြီးမရှိသလောက်ပဲ ရွှေဈေးပြန်ကျတယ်ဆိုတော့ အရောင်းကတော့ နည်းနည်းလိုက်လာတယ်။ အဝယ်ပိုင်းမှာတော့ အထည်တွေတောင် အဝယ်နှေးနေတယ်။ စပါးပေါ်မယ့်ရာသီ ရောက်ရင်တောင် ရွှေအရောင်းအဝယ်က ကောင်းပါ့မလားလို့ စိုးရိမ်နေရတယ်။ ရေကြီးတာတွေနဲ့၊ ရွှေးကောက်ပွဲရှိနေတာနဲ့၊ ရွှေဈေးက ဈေးအမြင့်နဲ့ဆိုတော့ ပြည်တွင်းရွှေဈေးကွက်မှာ အရောင်းအဝယ် ကျဆင်းမယ့် အနေအထားကို မြင်နေရတယ်"ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မြန်မာရွှေဈေးသည် စက်တင်ဘာ ၂၈ ရက်တွင် ကျပ် ၇၇၈၅၀၀ဖြင့် ဈေးဖွင့်ခဲ့သော်လည်း စက်တင်ဘာ ၂၉ ရက်တွင် ကျပ် ၇၇၇၀၀၀ သို့ အနည်းငယ် ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက်ဆက်လက်ကျဆင်းခဲ့ရာ အောက်တိုဘာ ၁ ရက်တွင် ကျပ် ၇၇၀၅၀၀သို့ ကျဆင်းခဲ့သည်။ အောက်တိုဘာ ၂ ရက်နေ့တွင်မူ ကျပ် ၇၇၂၀၀၀ သို့ အနည်းငယ်ပြန်လည်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် စက်တင်ဘာလနေ့တွင် ၁၁၄၆ဒေါ်လာရှိခဲ့ပြီး စက်တင်ဘာလ ၃၀ ရက်နေ့တွင် ၁၁၂၆ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ အောက်တိုဘာလ ၂ရက်နေ့တွင် ၁၁၁၄ ဒေါ်လာသို့ ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

October 2, 2015
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.42 |
| BDT | Bangladesh Taka | 77.54 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.36 |
| EUR | Euro | 0.90 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 65.64 |
| IDR | Indonesia Rupiahs | 14676.90 |
| JPY | Japan Yen | 120.13 |
| MYR | Malaysia | 4.42 |
| PKR | Pakistan Rupees | 104.47 |
| PHP | Philippines Pesos | 46.75 |
| RUB | Russia Rubles | 65.92 |
| SGD | Singapore Dollars | 1.43 |
| KRW | South Korea Won | 1179.60 |
| LKR | Sri Lanka Rupe | 140.54 |
| THB | Thailand Baht | 36.58 |
| GBP | United Kingdom Pounds | 0.66 |
| VND | Vietnam Dong | 22476.96 |

*Source : xe.com*

## World Gold Price

September, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 28 | 1136 | 1138 | 1136 |
| 29 | 1128 | 1127 | 1130 |
| 30 | 1123 | 1123 | 1126 |
| 1 | 1115 | 1110 | 1111 |
| 2 | 1108 | 1108 | 1108 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 28-9- 2015 | 778.00 | 778.00 |
| 29-9- 2015 | 776.00 | 776.30 |
| 30-9- 2015 | 775.00 | 774.50 |
| 1-10- 2015 | 770.50 | 769.00 |
| 2-10- 2015 | 772.00 | 772.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 28 | 6 .37 | 36.27 | 77.67 | 66.09 |
| 29 | 6. 36 | 36.46 | 77.70 | 66.20 |
| 30 | 6 36 | 36.36 | 77.67 | 65.75 |
| 1 | 6 .36 | 36.38 | 78.05 | 65.54 |
| 2 | 6.36 | 36.58 | 77.54 | 65.64 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 28-September | 14.96 | 1647.02 | 1579.20 | 5119.30 | 938.00 |
| 29-September | 14.56 | 1642.14 | 1562.40 | 5055.90 | 905.00 |
| 30-September | 14.64 | 1687.84 | 1583.68 | 5133.63 | 920.00 |
| 1-October | 14.56 | 1702.40 | 1588.83 | 5268.26 | 912.00 |
| 2-October | 14.48 | 1690.30 | 1585.92 | 5212.93 | 892.00 |

Source:kitco.com

## ဘိလပ်မြေ



### တရုတ်၊ ထိုင်းနဲ့ ဗီယက်နမ်မှ ဘိလပ်မြေများဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၆၃၇၇၃၄ တန်ဖိုးရှိ ဘိလပ်မြေ ၅၅၅၀၄ ဒသမ ၈၁၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ဘိလပ်မြေ ၈၄ တန်၊ ဗီယက်နမ်နိုင်ငံမှ ၁ဒသမ ၈၁၅ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၅၄၁၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၅၈၂၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၇၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေ ဈေးငြိမ်ပြီး အရောင်းပုံမှန်ရှိ

စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၅၅၅၀၄ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်ဘိလပ်မြေအဝင်မှာ ၅၈၂၈၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန် ၂၇၈၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၀၇၀၄ တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၅၂၃၂ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၄၇၁တန်ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၇၀၀၀ကျပ်၊ စိန် (ထိုင်း) ၆၉၀၀ ကျပ်၊ အေသုံးလုံး ၅၄၀၀ ကျပ်၊ မြန်မာဆင် ၄၅၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၆၀၀ကျပ်၊ ကျားခေါင်း ၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ယခင်တစ်ပတ် အရောင်းသွက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပြန်အေးသွားတယ်။ ဒီတစ်ပတ်မှာ ဆင်(ထိုင်း)က ဈေးငြိမ်နေပြီး စိန်က ၅၀ ကျပ်၊ ကြံ့(မြိုင် ကလေး) ဘိလပ်မြေက ၁၅၀ ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ စိန်(ထိုင်း) ၅၁၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်အေးတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ဆင်နဲ့ စိန်က ဈေးငြိမ်နေပေမယ့် အပါချီက၁၀၀ ကျပ်၊ ကမ္ဘောဇက ၃၀၀ ကျပ်ဈေးကျလာပြီး နဂါးဘိလပ်မြေက ၂၀၀ ကျပ်ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန် (ယိုးဒယား)၇၄၀၀ ကျပ်၊ ခြင်္သေ့ ၅၀၀၀ ကျပ်၊ အပါချီ ၅၀၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ် ဆင်(ယိုးဒယား) ၇၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ် မြေဆီအဝင်နည်း

စက်တင်ဘာ ၂၀ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၄၆၀၉၀ တန်ဖိုးရှိ မြေဩဇာ ၁၂၅၈ ဒသမ ၉၇၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဗီယက်နမ်နိုင်ငံမှ ကွန်ပေါင်းမြေဩဇာ ၅၀၈ ဒသမ ၆၆တန်၊ ဂျပန်နိုင်ငံမှ ၄၅ဒသမ ၃၁၅ တန်နဲ့ ဂျာမနီနိုင်ငံမှ ၇၀၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ကွန်ပေါင်း၊ နိုက်တြိုဂျင်နဲ့ ဩဂဲနစ်တို့ဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၂၈၃၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၅၇၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါ တယ်။

### အနည်းငယ်သွက်လာတဲ့ မြေဩဇာဈေးကွက်

စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၁၂၅၈တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၈၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ ၃၅၈၂၉ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၈၈၂၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၇၀၀၀ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာ ဒီတစ်ပတ် မြေဩဇာက ရောင်းအားတက်တယ်လို့ သိရပါတယ်။ နောက်ဆုံးမိုးသီးနှံစိုက်ပျိုးရန်အတွက် နယ်ဘက်မှလည်း ဆင်းဝယ်ကြတာကြောင့် ရောင်းအားကောင်းတယ်။ ဒီတစ်ပတ်မှာ ပုလဲ-အသေး က ၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် (ပန်းရောင်) ၅၀၀ကျပ် ဈေးကျလာပြီး ကွန်ပေါင်း ၁၅ ပတ်လည်(အစိမ်း)၊ တီစူပါ၄၆% (သံကွင်း) က၇၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည်(ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ပတ်လည်(ထိုင်း) ၂၉၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၃၅၀၀ ကျပ်၊တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ် တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာအာမို ၁၆း၁၆း၈ က ၅၀၀ကျပ်ဈေးမြင့်ခဲ့ပြီးကျန်ဈေးများက ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) (အပြာ) ၁၇၂၀၀ ကျပ်၊ ဆင်၁၀း၁၀း၅ ၁၆၄၀၀ ကျပ်၊ အာမို ၁၀း၁၀၅ ၁၇၃၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊အာမို ၁၆း၁၆း၈ ၃၄၅၀၀ ကျပ်၊ယူရီးယား-ပုလဲ(ရွှေတောင်- တရုတ်) ၂၅၃၀၀ကျပ်၊ ယူရီးယား ၃၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၀၀၀ ကျပ်၊တီစူပါ ၂၂၄၀၀ ကျပ်၊ တောင်သူမ ၁၆၂၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ယူရီးယားက ၅၀၀ ကျပ်၊ တီစူပါက ၁၀၀၀ ကျပ် ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၄၅၀၀ ကျပ်၊ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၄၅၀၀ကျပ်၊ တီစူပါ (သံကွင်း-တရုတ်)၂၂၀၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ၃၄၅၀၀ ကျပ် နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှစုံစမ်း သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းပုံမှန်ရှိနေခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ တီစူပါ ၁၅ ပတ်လည်က၁၀၀၀ ကျပ်၊ မြားကမ္ဘာ က၈၀၀ ကျပ်၊ ယူရီးယား (ယူအေအီး)က ၂၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများ က ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်)၂၃၅၀၀ ကျပ်၊ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၅၅၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်)၃၇၅၀၀ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်) ၁၇၀၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၇၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၈၀၀ ကျပ်၊ယူရီးယား (ယူအေအီး) ၂၂၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၇၃၀၀ ကျပ် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီအဝင်နည်း နို့မှုန့်အဝင်ပို

သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၃၂၄၀ တန်ဖိုးရှိ နို့ဆီ ၁၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ နို့ဆီအဝင်မှာ တန်ချိန် ၃၄၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် အဝင်တော်တော်လေး လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၃၄၅၃၀၉ တန်ဖိုးရှိ နို့မှုန့်၇၅ ဒသမ ၉၄၈ တန်ကို တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ ၆၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၉တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**




### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၉/၉ မှ ၂၅/၉ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၂/၉ မှ ၁၈/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၇၉၂.၀၀ | ၁၃၆၂.၂၅ | (-) ၅၇၀.၂၅ |
| ၂။ | လွယ်ဂျယ် | ၄၁၈.၀၀ | ၆၃၈.၀၀ | (-) ၂၂၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၂၁၈၆.၀၀ | ၁၇၂၉.၀၀ | (+) ၄၅၇.၀၀ |
| ၅။ | တာချီလိတ် | ၅၀၀.၀၀ | ၂၅၀၅.၀၀ | (-) ၂၀၀၅.၀၀ |
| ၆။ | မြဝတီ | ၃၆၃၆.၀၀ | ၂၈၉၂.၉၄ | (+) ၇၄၃.၀၆ |
| ၇။ | ကော့သောင်း | ၁၀၀၈၂.၀၅ | ၅၄၃၀.၀၀ | (+) ၄၆၅၂.၀၅ |
| ၈။ | မြိတ် | ၃၀၉၀.၀၀ | ၆၇၅.၀၀ | (+) ၂၄၁၅.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၀၇၀၄.၀၅ | ၁၅၂၃၂.၁၉ | (+) ၅၄၇၁.၈၆ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၉/၉ မှ ၂၅/၉ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၂/၉ မှ ၁၈/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၃၀၄၈၆.၀၀၀ | ၁၆၂၉၀.၉၂၀ | (+) ၁၄၁၉၅.၀၈၀ |
| ၂။ | လွယ်ဂျယ် | ၁၃၉.၀၀၀ | ၁၆၄.၀၀၀ | (-) ၂၅.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၇၂၀.၅၀၀ | ၅၄၁.၀၀၀ | (+) ၁၇၉.၅၀၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၃၈၃၄.၃၀၀ | ၁၄၈၃.၉၉၅ | (+) ၂၃၅၀.၃၀၅ |
| ၆။ | ကော့သောင်း | - | ၁၄၉.၀၀၀ | (-) ၁၄၉.၀၀၀ |
| ၇။ | မြိတ် | ၁၅၀.၀၀၀ | - | (+) ၁၅၀.၀၀၀ |
| ၈။ | ရိုဒ် | ၅၀၀.၀၀၀ | ၂၀၀.၀၀ | (+) ၃၀၀.၀၀၀ |
| | စုစုပေါင်း | ၃၅၈၂၉.၈၀၀ | ၁၈၈၂၈.၉၁၅ | (+) ၁၇၀၀၀.၈၈၅ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### ပြည်နှမ်းဈေးကွက် ဝယ်လက်အကြိုက်တွေ့

ပြည်ဈေးကွက်မှာ နှမ်းကို မင်းတုန်းနဲ့ကံမဘက်မှ တစ်နေ့လျှင် အိတ် ၈၀၀ ခန့်ဝင်ရောက်ပြီး ဆီစက်သမားများနဲ့ ရန်ကုန်ဝယ်လက်များက အဝယ်ရှိသဖြင့် စက်တင်ဘာလကုန်ပိုင်းနဲ့ အောက်တိုဘာလဆန်းတွင် ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ နှမ်းပေါ်စတွင် ဈေးသိပ်မမြင့်ဘဲ မြေပဲဆံကို ဝယ်ယူသူအနေဖြင့် ဈေးနိမ့်နေတာတွေ့ရပါတယ်။ ယခုအချိန်တွင် ဝယ်လက်များက မြေပဲအစား နှမ်းကို အဓိကထားဝယ်ယူနေသဖြင့် နှမ်းဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ ပြည်ဈေးကွက်ရှိနှမ်းများက အရည်အသွေးကောင်းတဲ့အတွက် ဝယ်လက်အကြိုက်တွေ့လျက်ရှိပါတယ်။ နှမ်းဈေးမှာ နှမ်းနီတစ်တင်း ၄၀၀၀၀ ကျပ်၊ ရိုးရိုး နှမ်းနက်တစ်တင်း ၄၇၀၀၀ ကျပ်နှင့် စမုံနက်နှမ်းတစ်တင်း ၇၀၀၀၀ ကျပ် ဈေးဖြင့် ယခင်တစ်ပတ်ကအတိုင်း အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ မြေပဲဆန်မှာလည်း ရွှေတောင်၊ ပေါက်ခေါင်းနှင့် ကံမဘက်မှ တစ်နေ့လျှင် အိတ် ၁၅၀၀ခန့် အဝင်ရှိပြီး ဝယ်လက်အဝယ်နှေးသွားသဖြင့် ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။ ဈေးကွက်တွင် မြေပဲအဝင်များပြီး ဝယ်လက်သိပ်မရှိ၍ ဈေးကျလာတာဖြစ်ပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာ ၂၃၅၀ ကျပ်နှင့် လုံးဆန်ဈေးအနီတစ်ပိဿာ ၂၈၅၀ ကျပ်၊ အဖြူတစ်ပိဿာလျှင် ၂၇၀၀ ကျပ်ဈေးဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ **ဝေဝေမင်း-ပြည်**

### နှမ်းတင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၁၉ ရက်မှ ၂၈ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၈၇ သန်းတန်ဖိုးရှိ နှမ်းဖြူ(အခွံချွတ်) ၅၆ တန်၊ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၆၁၃ သန်းဖိုးရှိ နှမ်းဖြူ ၂၅၉ တန်၊ နှမ်းနက် ၁၀၄၉ တန်၊နှမ်းညို ၁၄ တန်တို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ နှမ်းရောင်စုံ တန် ၇၀ ခွဲနဲ့ ချင်းရွှေဟော်မှ ၃၁၅၆ တန် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်ရဲ့ နှမ်းတင်ပို့မှုလျော့ကျသွားတယ်လို့ ဆိုရပါမယ်။

မူဆယ်ကုန်စည်ဒိုင်မှာလည်း ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၁၈၃၆၀၀၀ ကျပ်မှ ယခုတစ်ပတ်တွင် ၁၈၁၈၀၀၀ ကျပ်သို့လည်းကောင်း၊ နှမ်းနက် တစ်တန် ၂၂၄၄၀၀၀ ကျပ်မှ ၂၂၂၂၀၀၀ ကျပ်သို့လည်းကောင်း နှမ်းဈေးတွေလျော့ကျသွားတာ တွေ့ရပါတယ်။

"နှမ်းအသစ်တွေက မိုးမိခဲ့တာကြောင့် ဆီကြိတ်တဲ့အခါ အနံ့အရသာ ကျသွားပါတယ်။ ဆီစက်လုပ်ငန်းရှင်တွေက ယခင်လက်ကျန် နှမ်းဟောင်းများကိုသာ အားပြုနေရပြီး၊ လက်ရှိအနေအထားအရ နှမ်းဈေးတွေ တက်နိုင်တယ်လို့ ခန့်မှန်းရပါတယ်။ ဒါပေမယ့် ပစ္စည်းအရည်အသွေးက နိမ့်နေတာမို့ Export သမားရှိရင်တော့ ပါသွားမှာဖြစ်ကြောင်း" မိတ္ထီလာမှ ဆီစက်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောဆိုခဲ့ပါတယ်။ **မော်မော်အောင်**

## စားအုန်းဆီ

# ပြည်ပတင်ပို့မှုကျဆင်းလာတာကြောင့် စားအုန်းဆီဈေးကျဆင်း

မလေးရှားပို့ကုန်လုပ်ငန်းနဲ့ပတ်သက်တဲ့ ကိန်းဂဏန်းတွေက မူလခန့်မှန်းချက်ထက်ပိုမိုကျဆင်းခြင်းနဲ့ မကြာသေးမီက ဈေးနှုန်းမြင့်တက်မှုကို အခွင့်ကောင်းယူပြီး စားအုန်းဆီကို ကုန်သည်တို့က ပြန်လည်ရောင်းချခြင်း စတဲ့ အခြေအနေများကြောင့် မလေးရှားစားအုန်းဆီကြိုရောင်းဈေးက စက်တင်ဘာ ၃၀ရက်မှာ ဆက်လက်ကျဆင်းလာတာကို တွေ့ရကြောင်း ဘီရိုကော်ဒါသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) ရဲ့ ဈေးပိတ်ချိန်မှာ ဒီဇင်ဘာလအတွက် ကြိုတင်ချုပ်ဆိုတဲ့စာချုပ်ဈေးက ၃ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး တစ်စည်ကို ၂၃၇၄ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၄၀)နှုန်းထိရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် စက်တင်ဘာ ၂၉ ရက်က ရောင်းဈေးမှာ အများအားဖြင့် တစ်စည်ကို ၂၄၆၀ ရင်းဂစ်ထိရောက်ရှိပြီး ၁၅ လအတွင်း အမြင့်ဆုံးဈေးနှုန်းအဖြစ် တည်ရှိခဲ့ပါတယ်။

"ဒီနေ့ဈေးက ပို့ကုန်ကိန်းဂဏန်းတွေနဲ့ ဒီပို့ကုန်ကိန်းဂဏန်းအခြေအနေအရ တချို့က အမြတ်ရတုန်း စုပြုံရောင်းချလာတဲ့အတွက် ဈေးနှုန်းတွေ ကျဆင်းလာတာ ဖြစ်ပါတယ်" လို့ ကွာလာလမ်ပူရှိ နိုင်ငံခြား ကုန်စည်ရောင်း ဝယ်ရေးအကျိုးဆောင်တစ်ဦးက ပြောပါတယ်။

အောက်တိုဘာ ၁ ရက်မှာ ရောင်းချခဲ့တဲ့ စားအုန်းဆီပမာဏက ၂၅ တန်ရှိအတွဲ ၆၀၉၂၀ ရှိတဲ့ အတွက် ပုံမှန်နေ့စဉ်ပျမ်းမျှရောင်းချရနှုန်းဖြစ်တဲ့ ၃၅၀၀၀အထက်မှာ ရှိနေပါတယ်။

မလေးရှားစားအုန်းဆီထုတ်ကုန်များရဲ့ ပြည်ပတင်ပို့မှုက ဩဂုတ်လနဲ့နှိုင်းယှဉ်ရင် စက်တင်ဘာလမှာ သုည ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့မယ်လို့ ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Services က ခန့်မှန်းပြီး Societe Generale de Survillance က သုည ဒသမ ၇ ရာခိုင်နှုန်းတိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်။

စားအုန်းဆီဈေးက စက်တင်ဘာ ၂၉ရက်နေ့အထိ ခြောက်ရက်ကြာ ဆက်တိုက်မြင့်တက်ခဲ့ပေမယ့် စက်တင်ဘာ ၃၀ ရက်မှာ ကျဆင်းခဲ့ပါတယ်။ လအလိုက် ကြည့်မယ်ဆိုရင် ယခုလမှာ စားအုန်းဆီဈေးက ၂၀ ရာခိုင်နှုန်း မြင့်တက်ခဲ့တဲ့အတွက် ၂၀၀၉ခုနှစ် ပြီးနောက်ပိုင်း အမြင့်ဆုံး ဖြစ်ခဲ့ပါတယ်။ အယ်လ်နီညိုရာသီဥတုပုံစံ ဖြစ်ပေါ်လာမယ့် အခြေအနေကြောင့် အရှေ့တောင်အာရှမှာ အပူချိန်မြင့်တက်ပြီး စားအုန်းဆီအထွက်ကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် စားအုန်းဆီဈေးမြင့်တက်ဖို့ အထောက်အကူဖြစ်စေမယ်လို့ ခန့်မှန်းကြပါတယ်။

အယ်နီညိုရာသီဥတုက မလေးရှားစားအုန်းဆီထုတ်လုပ်မှုကို ၂၀၁၆ခုနှစ်မှာ တန်တစ်သန်းလျော့ကျစေကာ တန်ချိန် ၁၉ သန်းအထိ ရောက်ရှိလာလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။ ၂၀၁၆ ခုနှစ်မှာ စားအုန်းဆီဈေးက ရင်းဂစ် ၃၀၀၀ အထိရောက်ရှိလိမ့်မယ်လို့ စားအုန်းဆီလုပ်ငန်း ကွန်ဖရင့်ရဲ့ အလွတ် သဘောတွေ့ဆုံပွဲမှာ မလေးရှား စားအုန်းဆီကောင်စီအမှု ဆောင်ချုပ်က ပြောပါတယ်။

အယ်လ်နီညိုရာသီဥတု အခြေအနေကြောင့် ၂၀၁၆ ခုနှစ်တွင် ကမ္ဘာမှာစားအုန်းဆီအများဆုံးထုတ်လုပ် တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ စားအုန်းဆီထုတ်လုပ်မှုက ငါးရာခိုင်နှုန်းကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ မကြာသေးမီအချိန်ကမြင့်တက်ခဲ့တဲ့ စားအုန်းဆီဈေးက အရှိန်ကုန်သွားပြီဖြစ်ပါတယ်။ နောက်ပိုင်းမှာ အယ်လ်နီညိုရာသီဥတု အခြေအနေက ဈေးနှုန်းအတက်အကျပေါ်မှာ ဩဇာလွှမ်းမိုးမှု ရှိနိုင်ပါတယ်။ တရုတ်နိုင်ငံက စားအုန်းဆီ ဝယ်လိုအားများတဲ့အတွက် တရုတ်နိုင်ငံရဲ့ အမျိုးသားနေ့ပိတ်ရက်ကြောင့် လာမယ့်ရက်တွေမှာ စားအုန်းဆီဝယ်လိုအား ကျဆင်းနိုင်ပါတယ်။

တခြား စားသုံးဆီသီးနှံဈေးကွက်တွေကိုကြည့်ရင် အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီရဲ့ ဒီဇင်ဘာ စာချုပ်ဈေးက သုည ဒသမ ၉၂ ရာခိုင်နှုန်း ကျဆင်းပြီး ဒါလီယံကုန်စည်ဒိုင်မှာ စားအုန်းဆီဈေးက သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပါတယ်။ **ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂-၁၀-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၅၀၀ | ၄၅၀၀ | □ | ၃၉၀၀ | ၃၈၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၃၆၀ | ၁၄၄၀ | △ |
| မန္တလေး | ၅၀၀၀ | ၅၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၄၄၀ | ၁၅၃၀ | △ |
| ပဲခူး | ၃၆၀၀ | ၃၆၀၀ | □ | ၄၉၀၀ | ၅၁၀၀ | △ | ၁၄၃၀ | ၁၄၈၀ | △ |
| မကွေး | ၅၅၀၀ | ၅၅၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၀၀ | ၁၅၀၀ | □ |
| မုံရွာ | ၅၄၀၀ | ၅၀၀၀ | ▽ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၀၀ | ၁၅၇၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

### စားအုန်းဆီဈေးနှုန်းများ (၂၈-၉-၂၀၁၅ မှ ၂-၁၀-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၈-၉-၂၀၁၅ | ၆၀၅ |
| (၂) | ၃၀-၉-၂၀၁၅ | ၆၂၀ |
| (၃) | ၁-၁၀-၂၀၁၅ | ၆၂၀ |
| (၄) | ၂-၁၀-၂၀၁၅ | ၆၂၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂-၁၀-၂၀၁၅ US$/Ton

| အမျိုးအစား | စက်တင်ဘာလစတုတ္ထပတ် | စက်တင်ဘာလပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၀၀.၀၀ | ၅၂၉.၅၀ | △ |
| RBD P.Olein | ၅၂၃.၅၀ | ၅၄၄.၅၀ | △ |
| RBD P.Strarin | ၃၉၄.၀၀ | ၄၂၆.၀၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂- ၁၀ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၁၃.၃၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၈၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၅၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၂၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၅.၆၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၅.၇၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၅၈.၄၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂-၁၀-၂၀၁၅ နေ့ ( CIF ဈေး Cloud Point 8 ˚C Max ၆၂၅ ဒေါ်လာ၊ FOB ၆၀၀ ဒေါ်လာနှင့် USD ဈေး ၁၂၈၆ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၂-၁၀-၂၀၁၅နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၈၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်းဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

**မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ**

# စင်ကာပူနှင့်တောင်ကိုရီးယားနိုင်ငံတို့မှ စီးပွားရေးအဖွဲ့အစည်းများရန်ပုံငွေကြေး ထောက်ပံ့မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

စင်ကာပူနိုင်ငံအခြေစိုက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အဖွဲ့အစည်းတစ်ရပ်ဖြစ်သော Adval Capital လီမိတက်နှင့် ကိုရီးယား ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း Korea Venture Investment Corpor - ation (KVIC) တို့သည် စက်တင်ဘာလ ၂၃ ရက်နေ့တွင် SMEs လုပ်ငန်းများအား ရန်ပုံငွေကြေး ထောက်ပံ့ခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာတစ်စောင်ကိုလက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါ စာချွန်လွှာအရ တောင်ကိုရီးယား နှင့်စင်ကာပူနိုင်ငံတို့ရှိ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်း (SMEs) များအား အထောက်အပံ့ပြုရန်အတွက် အမေရိကန်ဒေါ်လာသန်း ၄၀ တန်ဖိုး ရှိသော ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အစီအစဉ်ကို ၂၀၁၆ ခုနှစ် ပထမသုံးလပတ်အတွင်း ထူထောင်မည်ဖြစ်ပါသည်။ ယခုလက်မှတ်ရေးထိုးမှုမှာ တတိယအကြိမ်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပထမအကြိမ် ရန်ပုံငွေအစီအစဉ်ကို ၂၀၁၅ ခုနှစ်မေလတွင်လည်းကောင်း၊ ဒုတိယအကြိမ်ကို စက်တင်ဘာလ၌ လည်းကောင်းအမေရိကန်ဒေါ်လာ ၁၀ သန်းစီဖြင့် ထူထောင်ခဲ့ပါသည်။ တူဒေးသတင်းဌာန၏ ဖော်ပြချက်အရ ကိုရီးယားကုမ္ပဏီလေးခုသည် ဒီဂျစ်တယ် အချက်အလက်များဖန်တီးမှု၊ ဖြန့်ဖြူးမှုနှင့်အသုံးချမှုဆိုင်ရာလုပ်ငန်းရပ်များကို အာဆီယံဒေသအတွင်းတိုးချဲ့ဆောင်ရွက်ရန်အတွက် ပထမအကြိမ်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်း ရယူခဲ့ပြီးဖြစ်ကြောင်း၊ အလားတူလုပ်ငန်းဆောင်ရွက်သည့် စင်ကာပူကုမ္ပဏီတစ်ခုသည်လည်း ရန်ပုံငွေရယူနိုင်ရန် ဆက်သွယ်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ဒုတိယအကြိမ်ရန်ပုံငွေအစီအစဉ်မှလည်း သတင်းအချက်အလက်နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများအား ငွေကြေးအရင်းအနှီးများပေးအပ်မည်ဖြစ်ကြောင်းသိရှိရပါသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို တောင်ကိုရီးယားနိုင်ငံအစိုးရ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းဖြစ်သော KVIC ၏ စင်ကာပူရုံးခွဲ ဖွင့်လှစ်ပွဲနှင့်အတူတစ်ပါတည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါရုံးခွဲ၏ အကြီးအကဲ ကင်မ်ဆန်ဆူးက ယခုကဲ့သို့ KVIC ၏ ရုံးခွဲဖွင့်လှစ်ဆောင်ရွက်ခြင်းမှာ ကိုရီးယားလုပ်ငန်းရှင်များအနေဖြင့်စင်ကာပူ၌ ရင်းနှီးမြှုပ်နှံမှုပြုရန် စိတ်အားထက်သန်မှုကိုပြသရာရောက်ကြောင်း၊ ၎င်းတို့အနေဖြင့်အနာဂတ်ကာလ၌ စင်ကာပူနှင့် တောင်ကိုရီးယား နိုင်ငံတို့အကြားအခြားသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများတိုးတက်ရေးကို တွန်းအားပေးမောင်းနှင်ရန်အတွက် ရန်ပုံငွေအစီအစဉ်များ ပိုမိုထူထောင်ရန် မျှော်မှန်းထားကြောင်းဖြင့် ပြောကြားပါသည်။ KVIC ၏ လုပ်ငန်းရပ်များကိုကြီးကြပ်ဆောင်ရွက်ရသည့် တောင်ကိုရီးယားနိုင်ငံအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုအေဂျင်စီ (SMBA) မှ MrJungwha Han ကလည်း ကိုရီးယား SMEs များအနေဖြင့် အင်ဂျင်နီယာ နှင့်နည်းပညာရပ်များကို အလေးပေးလုပ်ကိုင်မှုရှိသော်လည်း စီမံခန့်ခွဲမှုနှင့် ဈေးကွက်ချဲ့ထွင်မှုတို့တွင် အတွေ့အကြုံ နည်းပါးကြောင်း၊ ကိုရီးယားကုမ္ပဏီများသည် စင်ကာပူရှိ လုပ်ငန်းကွန်ရက်အချိတ်အဆက်များမှ ကမ္ဘာ့ဈေးကွက်သို့ တိုးချဲ့နိုင်မည်ဟု မျှော်လင့်ရကြောင်း ပြောဆိုပါသည်။

စင်ကာပူနိုင်ငံရှိရုံးခွဲသည် KVIC ၏ တတိယမြောက် ဖွင့်လှစ်သော ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရုံးခွဲဖြစ်ပါသည်။ ယခု လက်မှတ်ရေးထိုးသည့် စာချွန်လွှာအရ တောင်ကိုရီးယားကုမ္ပဏီများအနေဖြင့် စင်ကာပူနိုင်ငံ၌ လုပ်ငန်း တိုးချဲ့ဆောင်ရွက်မှုတွင် ရန်ပုံငွေကြေးများရရှိမည့်နည်းတူစင်ကာပူရှိ SMEs လုပ်ငန်းများသည်လည်း တောင်ကိုရီးယားနိုင်ငံ၌ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် အထောက်အပံ့များ ရရှိနိုင်မည်ဖြစ်ပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## စီးပွားရေးပိတ်ဆို့ခံရမှုကြောင့် ဖွံ့ဖြိုးရေးရည်မှန်းချက်များကို နှောင့်နှေးစေဟု မြောက်ကိုရီးယားဆို

အမေရိကန်ပြည်ထောင်စု၏ ကွန်မြူနစ်နိုင်ငံများအပေါ် ရန်ဘက်သဖွယ်သဘောထား၍ ပိတ်ဆို့ထားမှုများကြောင့် စီးပွားရေးဖွံ့ဖြိုးမှုပန်းတိုင်များရောက်ရန် နှောင့်နှေးကြန့်ကြာစေကြောင်း မြောက်ကိုရီးယား ထိပ်တန်းသံတမန်တစ်ဦးက အခိုင်အမာ ပြောဆိုခဲ့သည်။ ကုလ သမဂ္ဂက ချမှတ်ထားသည့် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို ရောက်ရှိ အောင်အကောင် အထည်ဖော်ခြင်းသည် အဓိပ္ပာယ်ပြည့်ဝသည့် လုပ်ငန်းဆောင်တာများ ဖြစ်သော်လည်း နိုင်ငံအချို့က အခြားနိုင်ငံအချို့ကို စီးပွားရေးပိတ်ဆို့မှုအား ဆက်လက်စွဲကိုင်ထားပါက ယင်းရည် မှန်းချက်များသို့ မပေါက်ရောက်နိုင်ကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး RiSuyong ကကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ကွန်မြူနစ်စနစ်အပေါ် အကျင့်ပါနေသော မလိုမုန်းထားမှုနှင့်ရန်ဘက်မူဝါဒ ဖြင့် တတ်နိုင်သမျှ နည်းလမ်းပေါင်းစုံဖြင့် ပိတ်ဆို့မှုသည် ပြည်သူများ၏ နေ့စဉ် ဘဝ စီးပွားရေးကဏ္ဍများကိုပင် အသက်ရှူကျပ်အောင် ဆောင်ရွက်လာကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးက ဆက် လက်ပြောကြားခဲ့သည်။ မြောက် ကိုရီးယား၏ ဗြိုလ်တုပစ်လွှတ်မှုသည် သိပ္ပံနှင့်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု အတွက် ငြိမ်းချမ်းသော စီမံကိန်းတစ်ရပ်ဖြစ်ပြီး၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ လုပ်ပိုင်ခွင့်သာဖြစ်သည်ဟု အမေရိကန်နှင့်တောင်ကိုရီးယား တို့၏ မြောက်ကိုရီးယားမှ တာဝေးပစ်ဒုံးလက်နက် စမ်းသပ်ပစ်ခတ်မှုအား ကန့်ကွက်မှုအပေါ် ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။ **သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကိုရီးယား အိမ်ထောင်စုချေးငွေနှင့်ဂျီဒီပီ အချိုးအမြင့်ဆုံးဖြစ်

Bank of International Settlement (BIS) ၏ စစ်တမ်းအရ ကိုရီးယားသမ္မတနိုင်ငံ၏ အိမ်ထောင်စုချေးငွေနှင့်ဂျီဒီပီအချိုးသည် ထွန်းသစ်စနိုင်ငံများကြား (Emerging economies) တွင် အမြင့်ဆုံးဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ကိုရီးယားအစိုးရ၏ စီးပွားရေးတွန်းအားပေးအဖြစ် ဈေးကွက်တွင်းအရင်းအနှီးများထည့်ဝင်မှု (Stimulus package) နှင့် စံချိန်တင် နိမ့်ပါးလျက်ရှိသည့် ဗဟိုဘဏ်အတိုးနှုန်းတို့ကြောင့် အိမ်ထောင်စုချေးငွေများ မြင့်မားလာခြင်းဖြစ်သည်။

အိမ်ထောင်စုချေးငွေများသည် ၂၀၁၄ ခုနှစ်တွင် ဂျီဒီပီ၏ ၈၄ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး၊ ထွန်းသစ်စနိုင်ငံများ၏ ပျမ်းမျှအချိုးသည် ၃၀ ရာခိုင်နှုန်းသာရှိနေခဲ့သည်။ ၎င်းအပြင် ကိုရီးယား၏ ၈၄ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံ ၂၆ နိုင်ငံ၏ ပျမ်းမျှအချိုး ၇၃ ရာခိုင်နှုန်းထက်လည်း မြင့်မားနေသေးသည်ကို တွေ့ရသည်။ ၂၀၀၇ ခုနှစ်ကတည်းက ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ချေးငွေနှင့်ဂျီဒီပီအချိုး ၃၆ ရာခိုင်နှုန်းခန့်မှစ၍ တောက်လျှောက်မြင့်မားလာခဲ့ရာ ယခုအခါ ပျမ်းမျှအချိုးသည် ၅၀ ရာခိုင်နှုန်း အထက်တွင်ရှိနေခဲ့ကြောင်း BIS စစ်တမ်းကဖော်ပြခဲ့သည်။

ကိုရီးယားနောက်တွင် မလေးရှားနှင့်ထိုင်းတို့က ၆၉ ရာခိုင်နှုန်း အချိုးဖြင့် ရပ်တည်နေပြီး ဟောင်ကောင်က ၆၆ ရာခိုင်နှုန်း၊ စင်္ကာပူက ၆၁ ရာခိုင်နှုန်းနှင့် တောင်အာဖရိကနိုင်ငံက ၃၇ ရာခိုင်နှုန်း အသီးသီးဖြစ်ကြသည်။ ယခုနှစ် ဇွန်လကုန်တွင် ကိုရီးယား အိမ်ထောင်စုများချေးငွေ သည် ၁ ဒသမ ၁၃ Quardrillion Won ရှိခဲ့ပြီး ၂၀၁၄ ခုနှစ်ကုန်တွင် ၁ ဒသမ ၀၉ Quardrillion Won မှမြင့်တက်ခဲ့ခြင်း ဖြစ်ကြောင်း ကိုရီးယားဗဟိုဘဏ်၏ စာရင်းများက ဖော်ပြခဲ့သည်။ စီးပွားရေး ပညာရှင်များက ထိုကဲ့သို့ ချေးငွေမြင့်မားနေခြင်းသည် ပြင်ပရိုက်ခတ်မှုဖြစ်သည့် အမေရိကန်ဗဟိုဘဏ် အတိုးနှုန်း မြှင့်တင်လိုက်ပါက ကိုရီးယားစီးပွားရေးအတွက် ဆိုးရွားသော ရိုက်ခတ်မှုဖြစ် လာနိုင်ကြောင်း စိုးရိမ်မကင်းဖြစ်နေကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

■

# ကိုရီးယားနိုင်ငံတွင် မျက်နှာခွဲစိတ်ပြုပြင်သူ နိုင်ငံခြားသားအရေအတွက်များလာ

ကိုရီးယားနိုင်ငံသို့ မျက်နှာနဲ့ခန္ဓာကိုယ်ခွဲစိတ်အလှပြင်ရန် လာရောက်သည့် နိုင်ငံခြားသား အရေအတွက်သည် ၂၀၁၀ ခုနှစ်မှ ယနေ့အထိငါးနှစ်အတွင်း ၁၃ ဆတက်လာခဲ့သည်။

ယင်းသို့ ပလတ်စတစ်ဆာဂျရီပြုလုပ်ရန် လာရောက်သူ နိုင်ငံခြားသားအများစုမှာ တရုတ်နိုင်ငံမှ ဖြစ်သည်။ ကိုရီးယား သမ္မတနိုင်ငံအတွင်း ပလတ်စတစ်ဆာဂျရီ မျက်နှာအလှပြုပြင်ပေးသည့် ဆေးခန်းများ အရေအတွက်သည် ၂၀၀၉ ခုနှစ်က ၂,၈၅၁ ခုသာရှိခဲ့ရာမှ ယမန်နှစ်စာရင်းအရ ၃၆,၂၂၄ ထိ တိုးပွားလာခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ကိုရီးယားသို့ လာရောက်သည့် ခရီးသွားများထဲတွင် ပလတ်စတစ်ဆာဂျရီ လာရောက်ပြုလုပ်သူ ခရီးသွားများသည် စုစုပေါင်း ခရီးသွားများ၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်း (၃၅၄,၃၈၉ဦး) ရှိခဲ့သည်။ ၎င်းခရီးသွားများ စုစုပေါင်း သုံးစွဲခဲ့သည့် ငွေကြေးသည် ဝမ် ၅၅၇ ဒသမ ၉ ဘီလီယံ အမေရိကန်ဒေါ်လာ ၄၇၈ ဒသမ ၁ သန်းဖြစ်ခဲ့သည်။ ကိုရီးယားနိုင်ငံတွင်းရှိ ပလတ်စတစ်ဆာဂျရီ ဆေးခန်းများ၏ ယမန်နှစ်က ဝင်ငွေဝမ် ၁၂၅ ဒသမ ၃ ဘီလီယံရရှိခဲ့ပြီး ၂၀၀၉ ခုနှစ်က ၅ ဒသမ ၇ ဘီလီယံဝမ်သာ ဝင်ငွေရှိခဲ့သည်။ ယမန်နှစ်က ပလတ်စတစ်ဆာဂျရီ လာရောက်ပြုလုပ်သည့် ခရီးသွားများ၏ ၇၀ ရာခိုင်နှုန်း (၂၄,၈၅၄ ဦး) သည် တရုတ်နိုင်ငံမှ ဖြစ်ကြသည်။

တရုတ်နိုင်ငံမှ ပလတ်စတစ်ဆာဂျရီ လာရောက်ပြုလုပ်သူ ခရီးသွားများသည် ၂၀၀၉ ခုနှစ်က ၇၉၁ ဦးသာရှိခဲ့သည်။

ကိုရီးယားအစိုးရသည် ကိုရီးယားနိုင်ငံတွင်း ဆေးဝါးကုသရန် လာရောက်သည့် ခရီးသွား (medical tourists) များကို ပိုမိုဆွဲဆောင်နိုင်ရန် ပလတ်စတစ်ဆာဂျရီလုပ်ငန်းကို ခရီးသွားလုပ်ငန်းကဏ္ဍတစ်ခု အာရုံစိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ်အစောပိုင်းက နိုင်ငံတွင်း တရားမဝင်ဆေးကုသနေသူများ၊ ဆေးဝါးကုသမှုလုပ်ငန်းပွဲစားများနှင့် အပိုကုန်ကျစရိတ်များ မရှိစေရန်အတွက် နိုင်ငံခြားခရီးသွားများကို သက်တောင့်သက်သာဖြစ်စေပြီး လုံခြုံစိတ်ချမှုရှိစေမည့် အစီအမံများကို တိုးတက်ဖြစ်ထွန်းစေခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အီးယူမှ ဆန်တင်သွင်းမှု တိုးတက်

၂၀၁၃ - ၂၀၁၄ သီးနှံနှစ် (၂၀၁၃ ခုနှစ် စက်တင်ဘာလမှ ၂၀၁၄ ခုနှစ် ဩဂုတ်လအထိ) တွင် အီးယူသည် ဆန်တန်ချိန် ၁ ဒသမ ၀၁၃ သန်းခန့် တင်သွင်းခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ သီးနှံနှစ် (၂၀၁၄ ခုနှစ် စက်တင်ဘာလမှ ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ) တွင် အီးယူသည် ဆန်တန်ချိန် ၁ ဒသမ ၁၄၃ သန်းခန့် တင်သွင်းခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၃ - ၂၀၁၄ သီးနှံနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၁၄ - ၂၀၁၅ သီးနှံနှစ်တွင် အီးယူ၏ ဆန်တင်သွင်းမှုသည် ၁၂ ဒသမ ၈ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ပါသည်။ ၂၀၁၄- ၂၀၁၅ သီးနှံနှစ်တွင် အီးယူသည် ကြိတ်ခွဲပြီးဆန် ၆၆၄၅၀၆ တန်တင်သွင်းခဲ့ပါသည်။ ၎င်းတို့အနက် တန်ချိန် ၃၁၄၂၆၅ ခန့်အား ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးအာရှနိုင်ငံများမှ Everything But Arms အစီအစဉ်ဖြင့် တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ သီးနှံနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးအာရှနိုင်ငံများမှ အီးယူ၏ ကြိတ်ခွဲပြီးဆန်တင်သွင်းမှုသည် အလေးချိန်အားဖြင့် တန်ချိန် ၂၅၅၂၆၅ ရှိခဲ့သောကြောင့် ၂၀၁၄ -၂၀၁၅ သီးနှံနှစ်တွင် အဆိုပါ နိုင်ငံများမှ အီးယူ၏ ကြိတ်ခွဲပြီး ဆန်တင်သွင်းမှုသည် ၂၃ ဒသမ ၁၁ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း ဥရောပကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ကယ်လီဖိုးနီးယားပြည်နယ်တွင် နှစ်ပေါင်း ၅၀၀ အတွင်း ယခုနှစ်၌ မိုးခေါင်မှုအဆိုးရွားဆုံးဖြစ်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ်တွင် အပူချိန်အလွန်မြင့်မား သဖြင့် မိုးရေနှင့်နှင်းများ လျင်မြန်စွာ ရေငွေ့ပြန်ကာ စတုတ္ထမြောက်နှစ်အဖြစ် ဆိုးရွားစွာမိုးခေါင်လျက် ရှိပါသည်။ အရီဇိုးနားတက္ကသိုလ်မှ ပညာရှင်များ သည် ကယ်လီဖိုးနီးယားပြည်နယ် Central Valley ဒေသရှိ အပြာရောင် ဝက်သစ်ချပင်များ၏ ပင်စည်များကို သုတေသနပြု လေ့လာခဲ့ရာ အဆိုပါ သစ်ပင်များတွင် အပွေးတက်မှုနှုန်းမှာ အလွန်နှေးကွေးနေကြောင်း၊ အဆိုပါ တွေ့ရှိချက်သည် သစ်ပင်ကြီးထွားမှုအတွက် လိုအပ်သည့် ရေရရှိမှု နည်းပါးနေခြင်းကို သက်သေပြသည့်အချက် တစ်ခုဖြစ်ကြောင်း၊ ဆီအဲရာ နီဗားဒါးတောင်တန်းများရှိ ဆီးနှင်းထုများ အရည်ပျော်မှုသည် ကယ်လီဖိုးနီးယား ဒေသ၏ မြစ်၊ ချောင်း၊ အင်း၊ အိုင်များမှ ရေများအတွက် အရေးကြီးသည့် သဘာဝအရင်းအမြစ်ဖြစ်ကြောင်း၊ ယခု နှစ်တွင် အဆိုပါတောင်တန်းများ၌ ဆီးနှင်းထုဖြစ်ပေါ်မှုမှာ လွန်ခဲ့သည့် နှစ် ပေါင်း ၅၀၀ အတွင်း အနည်းဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရကြောင်း Nature ဂျာနယ်တွင် ဖော်ပြထားပါသည်။

ဆီအဲရာနီဗားဒါးတောင်တန်း များတွင် ယခုနှစ်၌ ဆီးနှင်းထုမတွေ့ရှိရသည်မှာ ၇၅ နှစ်အတွင်း ပထမဆုံးအကြိမ် ဖြစ်သည်ဟု ကယ်လီဖိုး နီးယားပြည်နယ်မှ တာဝန်ရှိသူများက ထုတ်ပြန်ကြေညာပြီးနောက် အရီဇိုးနားတက္ကသိုလ်မှ သုတေသီများသည် ယခု နှစ်ဧပြီလတွင် လေ့လာဆန်းစစ်မှုများကို စတင်ပြုလုပ်ခဲ့ပါသည်။ ကယ်လီဖိုး နီးယားပြည်နယ်၏ ရေအရင်းအမြစ် ၃၀ ရာခိုင်နှုန်းသည် ဆီအဲရာနီဗားဒါး တောင်တန်းများရှိ ဆီးနှင်းထုများအပေါ် မှီတည်နေပါသည်။ ယခုကဲ့သို့ ဆိုးရွား စွာ မိုးခေါင်မှုကြောင့် ပြည်နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများမှာ များစွာ ထိခိုက်လျက်ရှိပါသည်။

**အေးစန္ဒာလွင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ကိုရီးယား စီးပွားရေးဖွံ့ဖြိုးမှု နှစ်ရာခိုင်နှုန်း စွန်းစွန်းသာ ရှိမည်

ယခုနှစ် ကိုရီးယား စီးပွားရေး ဖွံ့ဖြိုးမှုသည် ၂၀၀၉ ခုနှစ် ကမ္ဘာ့ငွေကြေးပြဿနာကြောင့် နိုင်ငံအများ စီးပွားရေးကျဆင်းမှုကြုံခဲ့သည့် အချိန်ကရရှိခဲ့သော အခြေအနေအောက် ရောက်ရှိသွားမည်ဖြစ်ကြောင်း ခန့်မှန်းခဲ့ကြသည်။ ကိုရီးယားသမ္မတနိုင်ငံတွင်းနှင့်ပြင်ပသုတေသနအဖွဲ့အစည်းများက ကိုရီးယား၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် နှစ်ရာခိုင်နှုန်းစွန်းစွန်းသာ ရှိမည်ဟု သုံးသပ်ခဲ့ကြသည်။ ဖွံ့ဖြိုးမှုနှုန်းကို နှစ်ရာခိုင်နှုန်းအောက်လျှော့ချမခန့်မှန်းရခြင်းမှာ တရုတ်နိုင်ငံစီးပွားရေး မကောင်းခြင်းနှင့် အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းမြှင့်တင်ရန် လှုပ်ရှားမှုများကြောင့်ဖြစ်သည်။

၂၀၀၉ ခုနှစ်နောက်ပိုင်း ယခုနှစ် ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် အနိမ့်ဆုံးအဖြစ် နှစ်ရာခိုင်နှုန်းသာ ရှိမည်ဖြစ်ကြောင်း ဘလွန်းဘတ်က ခန့်မှန်းခဲ့သည်။ Nomura Securities, HIS Economics, ANZ Bank,နှင့် Wells Fargo စသည့် သုတေသနအဖွဲ့အစည်းများကလည်း ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုသည် ယခုနှစ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်းသာရှိမည်ဖြစ်ကြောင်း ၂၀၁၂ ခုနှစ်က ရှိခဲ့သည့် ၂ ဒသမ ၃ ရာခိုင်နှုန်းထက် နည်းပါးကြောင်း စစ်တမ်းထုတ်ဖော်ပြခဲ့ကြသည်။ Deka- Bank of Germany က ၂ ဒသမ ၁ ရာခိုင်နှုန်းသာရှိမည်ဟု ဖော်ပြခဲ့ပြီး၊ ၎င်းအောက်ကျရောက်သွားနိုင်သည် ဟု မှတ်ချက်ပြုခဲ့ သည်။ Comerzbank ကမူကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ယခုနှစ်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်းသာ ရှိမည်ဟုခန့်မှန်းခဲ့သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အယ်လ်နီညိုရာသီဥတုကြောင့် အမေရိကတိုက်အလယ်ပိုင်းတွင် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုများပြား

အယ်လ်နီညိုရာသီဥတုကြောင့် ကြာရှည်စွာဖြစ်ပေါ်နေသည့် ခြောက်သွေ့လွန်းသော ရာသီဥတုသည် အမေရိကတိုက်အလယ်ပိုင်းရှိ အယ်ဆာဗေဒါ၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ်နှင့် နီကာရာဂွာနိုင်ငံတို့၌ ယခုနှစ်ကောက်ပဲသီးနှံထွက်ရှိမှုကို များစွာလျော့ကျစေခြင်းကြောင့် တောင်သူလယ်သမားများသည် စိုက်ပျိုးရေးဆိုင်ရာ အကူအညီများကို လိုအပ်လျက်ရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ကစက်တင်ဘာ ၁၅ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ယခုကဲ့သို့ ရာသီဥတုဖောက်ပြန်မှုကြောင့် ကောက်ပဲသီးနှံအထွက်နှုန်းကို ထိခိုက်ခြင်းသည် ဒုတိယမြောက်နှစ်အဖြစ် ဆက်တိုက်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အထက်ဖော်ပြပါ နိုင်ငံများတွင် သန်း နှင့်ချီသည့် တောင်သူလယ်သမားများသည် ၎င်းတို့၏ကောက်ပဲသီးနှံများ ပျက်စီးမှုအချို့ သို့မဟုတ် လုံးဝပျက်စီးမှုကို ကြုံတွေ့နေရသဖြင့် သက်ဆိုင်ရာနိုင်ငံများမှ စိုက်ပျိုးရေးဝန်ကြီးများ ဦးဆောင်သည့် ဗဟိုအမေရိက လယ်ယာစိုက်ပျိုးရေးကောင်စီသည် အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

အမေရိကတိုက်အလယ်ပိုင်း ဒေသများတွင် အယ်လ်နီညိုရာသီဥတုကြောင့် ပြောင်းထွက်ရှိမှု ၆၀ ရာခိုင်နှုန်းနှင့်ပဲအထွက်နှုန်း ၈၀ ရာခိုင်နှုန်းလျော့ကျကြောင်းနှင့် ပြောင်းထွက်ရှိမှုမှာ တန်ချိန်သုံးသန်းခန့် လျော့ကျမည်ဟု ခန့်မှန်းကြပါသည်။

ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတု အခြေအနေသည် ယခင်နှစ်ထက် ပိုမိုပြင်းထန်ပြီး ခြောက်သွေ့သည့် ရာသီဥတုမှာ ၂၀၁၆ ခုနှစ်၊ အစောပိုင်းကာလအထိ ဆက်လက်ဖြစ်ပေါ်နိုင်သဖြင့် လာမည့် စိုက်ပျိုးရာသီ၏ အထွက်နှုန်းကိုလည်း လျော့ကျနိုင်ပါသည်။ အဆိုပါဒေသရှိ နိုင်ငံများတွင် ကောက်ပဲသီးနှံဈေးများ တည်ငြိမ်စေရန်နှင့်စားနပ်ရိက္ခာလုံလောက်စေရန် လက်တင်အမေရိကနိုင်ငံများထံမှ ပိုမိုမှာယူတင်သွင်းလျက်ရှိပါသည်။ ယင်းကဲ့သို့ ရာသီဥတုဖောက်ပြန်မှုကြောင့် ကောက်ပဲသီးနှံအထွက်နှုန်းကို များစွာထိခိုက်နေသဖြင့် FAO မှ နည်းပညာအကူအညီများ ပေးအပ်လျက်ရှိပါသည်။

**အေးစန္ဒာလွင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ဘယ်လ်ဂျီယံနိုင်ငံတွင် မြန်မာ့စီးပွားရေး အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

မက်ကာလန်ကုန်သည်ကြီးများ အသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာ့စီးပွားရေး အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်အား ဘယ်လ်ဂျီယံနိုင်ငံ၊ မက်ကာလန်မြို့တွင် နိုဝင်ဘာ ၁၈ ရက်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ကိုရီးယားမြေယာအများအပြားကို ကုမ္ပဏီအုပ်စုကြီးများက ပိုင်ဆိုင်

ကိုရီးယား ထိပ်တန်းကုမ္ပဏီအုပ်စုကြီး ၃၀ ခု၏ မြေယာပိုင်ဆိုင်မှုအချိုးအစားသည် ဆယ်စုနှစ်တစ်ခုအတွင်း ၃၄ ဆတက်လာခဲ့ရာ ဆိုးလ်မြို့တော်ရှိ Yeouido မြို့နယ်တစ်ခုစာ အကျယ်အဝန်းရှိလာခဲ့သည်။ မြေယာများ၏ တန်ဖိုးသည်လည်း ဝမ် ၁၁၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၁၅,၀၀၀ မီလီယံ) ခန့်ရှိလာပြီဖြစ်သည်။ ထိပ်တန်းကုမ္ပဏီအုပ်စုကြီး ၃၀ နှင့် ၎င်းတို့၏ ကုမ္ပဏီခွဲပေါင်း ၁,၀၅၆ ခုတို့သည် နိုင်ငံအဝန်း မြေယာ ၈၂၄ စတုရန်းကီလိုမီတာခန့် ဖြန့်ကျက်ပိုင် ဆိုင်ထားကြောင်း၊ မြေယာ၊ အခြေခံ အဆောက်အအုံနှင့်ပို့ဆောင်ရေးဝန်ကြီးဌာနက ဇူလိုင်လအတွင်း ထုတ်ပြန်သည့် စာရင်းများအရ သိရှိရ သည်။

ယင်းသို့ ကုမ္ပဏီအုပ်စုကြီးများ ပိုင်ဆိုင်သည့် မြေဧရိယာပမာဏသည် တောင်ကိုရီးယားနိုင်ငံ စုစုပေါင်း မြေဧရိယာ၏ သုည ဒသမ ၈၂ ရာခိုင်နှုန်းရှိသည်။ လွန်ခဲ့သည့် ဆယ် နှစ်က ယင်းကုမ္ပဏီကြီးပိုင်ဆိုင်သည့် မြေဧရိယာသည် ၂၉၀ စတုရန်းကီလို မီတာသာရှိခဲ့သည်။ တန်ဖိုးသည်လည်း ၂၀၀၅ ခုနှစ်တွင် ဝမ် ၆၈ ဒသမ ၅ ထရီလီယံသာရှိခဲ့ရာမှ ၁၆၇ ဆတက်၍ ယခုနှစ်တွင် ဝမ် ၁၈၃ ဒသမ ၃ ထရီလီ ယံဝမ် ရှိလာခဲ့ပြီဖြစ်သည်။ ဆိုးလ်မြို့၏ မြေတန်ဖိုးသည် ၂၀၀၆ ခုနှစ်မှစ၍ ၆၈ ဆတက်လာခဲ့ ရာ ကုမ္ပဏီအုပ်စုကြီးများကို များစွာအကျိုးအမြတ်ရှိစေခဲ့ သည်။ ကုမ္ပဏီအုပ်စုကြီးများ အများဆုံး မြေပိုင်ဆိုင်သည့်ပြည် နယ်မှာ Gyeo-nggi Province ဖြစ်ပြီး၊ အကျယ်အဝန်း ၉၀ စတုရန်းကီလိုမီတာ ဖြစ်သည်။ ယင်းပြည်နယ်သည် ဆိုးလ် မြို့ အနီး ကပ်ဆုံးပြည်နယ်ဖြစ်သဖြင့် ကုမ္ပဏီ အုပ်စုကြီးများ အနှစ်သက်ဆုံး နေရာ အနေအထား ဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

■

## ကယားပြည်နယ်မှာ NES ကစိုက်ထူလိုက်တဲ့

# ခရီးသွားလာရေးဖွံ့ဖြိုးမှုမှတ်တိုင်



နိုင်ငံတော်အစိုးရ ဒုတိယသမ္မတဦးညဏ်ထွန်း ဦးဆောင်တဲ့အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ရဲ့ အစီအမံနဲ့ဝန်ဆောင်မှုပို့ကုန်မြှင့်တင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်တဲ့ ကယားပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး လုပ်ငန်းစီမံချက်ကိုလုပ်ဆောင်လျက်ရှိပါတယ်။ စီမံချက်ကို နယ်သာလန်နိုင်ငံ NTF III fund ရန်ပုံငွေကနေအမေရိကန်ဒေါ်လာ ၁ ဒသမ ၉၈သန်းထောက်ပံ့ပေးပြီး နည်းပညာအကူအညီကတော့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (ITC) ကပံ့ပိုးပေးနေပါတယ်။

ဒီစီမံချက်ကာလကတော့ ၂၀၁၄ ခုနှစ် ဩဂုတ်လမှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လထိဖြစ်လို့ လုပ်ငန်းဆောင်ရွက်မှုကာလ တစ်နှစ်ကျော်လာခဲ့ပြီဖြစ်ပါတယ်။ ဒီစီမံချက်ကို ကြီးကြပ်ဖို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ဗဟိုကြီးကြပ်မှုကော်မတီဥက္ကဌအနေနဲ့ ဆောင်ရွက်ပြီးလုပ်ငန်းတည်ရှိရာ ကယားပြည်နယ်မှာ လက်တွေ့ အကောင်အထည်ဖော်နေတာကို ကြီးကြပ်ဖို့ ဖွဲ့စည်းခဲ့တဲ့ ပြည်နယ်ကြီးကြပ်မှု ကော်မတီကို ပြည်နယ်အစိုးရအဖွဲ့ဝင်ဟိုတယ်ခရီးဝန်ကြီးကဦးဆောင်ပါတယ်။

ဗဟိုကြီးကြပ်မှုကော်မတီရဲ့ပထမအကြိမ်အစည်းအဝေးကို ၂၀၁၅ခုနှစ်မတ်လ ၂၆ ရက်တွင် ရန်ကုန်မှာကျင်းပခဲ့ပြီး ဒုတိယအကြိမ်အစည်းအဝေးကိုတော့ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ပြည်နယ်အစိုးရအစည်းအဝေးခန်းမမှာ စက်တင်ဘာလ ၂၉ နဲ့ ၃၀ ရက်တွေမှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာဗဟိုကြီးကြပ်မှုကော်မတီဝင်များ ITC မှနိုင်ငံခြားသားကျွမ်းကျင် ပညာရှင်များ အကြံပေးပုဂ္ဂိုလ်များနဲ့အတူ ပြည်နယ်ကြီးကြပ်မှု ကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြတာတွေ့ရပါတယ်။ စက်တင်ဘာ ၂၉ ရက်နေ့နံနက် ၉း၃၀ မှာ အစည်းအဝေးကိုစတင်ပြီး ဗဟိုကြီးကြပ်မှုကော်မတီဥက္ကဌဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။

အစည်းအဝေးမှာ ယခင်အစည်း အဝေးဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်နိုင်မှုများကို ပြန်လည်သုံးသပ်ပြီး၊ ပြည်ပ ပညာရှင်များကလည်း မြေပြင်ကွင်းဆင်းရာမှာ တွေ့ရှိရတဲ့ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကြပါတယ်။ ပြည်ပခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားမည့် ဒီမောဆိုးမြို့နယ်က ပန်ပက်ကျေးရွာနဲ့တနီးလာလဲ ကျေးရွာကရွာသူရွာသားတွေကိုလည်း ၂၀၁၅ ခုနှစ် ဩဂုတ်လ အတွင်းမှာ ITC မှ စရိတ်အကုန် အကျခံပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်က community Based Tourism (CBT) လုပ်ငန်းတွေကို မျက်မြင်သွားရောက်ပြီးလေ့လာရေးခရီးပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ဒီခရီးစဉ် အပြီးမှာတော့ Seeing is believing ဆိုသလိုကျေးရွာသူ ကျေးရွာသားများရဲ့ အသိအမြင်တွေပွင့်လင်းလာခဲ့ပါတယ်။ ထိုင်းနိုင်ငံရှိ ကျေးရွာများကို ပုံတူကူးချခြင်းမျိုးမဟုတ်ဘဲ၊ ကိုယ်ရွာမှာရှိတဲ့ စွမ်းအင်များယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများကို ဧည့်သည် စိတ်ဝင်စားအောင် ဘယ်လိုပြသရမယ်ဆိုတာ နားလည်သဘောပေါက်သွားကြပါတယ်။

အချိန်တိုအတွင်းမှာပဲတနီးလာလဲ ရွာသူရွာသားတွေရဲ့ လူကြီး၊ လူငယ် စည်းလုံးညီညွတ်စွာနဲ့ ကြိုးပမ်းလိုက်ကြတာအတိုင်း အတာတစ်ခုအထိတော့ခရီးရောက်ခဲ့ပါတယ်။ ဒီခရီးရောက်မှုကိုလည်း ဗဟိုနဲ့ပြည်နယ်ကြီးကြပ်မှု ကော်မတီဝင်တွေကို လက်တွေ့ပြသတဲ့အနေနဲ့ အစည်းအဝေးပထမနေ့ညနေပိုင်းမှာ တနီးလာလဲကျေးရွာမှာ လက်တွေ့ဖိတ်ကြားပြသခဲ့ပါတယ်။ လွိုင်ကော်ကနေလာတဲ့ ကြီးကြပ်မှုကော်မတီဝင်တွေကို နိုင်ငံခြား ဧည့်သည်တွေပမာထားပြီး လက် တွေ့ကြိုဆိုဧည့်ခံသရုပ်ပြခဲ့ကြပါတယ်။ တနီးလာလဲရွာကို ညနေ ၁၅း၃၀ နာရီမှာ ရောက်ရှိလာကြတဲ့ ကြီးကြပ်မှုကော်မတီဝင်တွေကို ကျေးရွာကအုပ်ချုပ်ရေးမှူးများ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှု အဖွဲ့ ခေါင်းဆောင်များ၊ ရွာသူရွာသားများ ကရိုးရာဝတ်စုံများဝတ်ပြီး ကြိုဆိုကြပါတယ်။ ကျေးရွာခန်းမမှာလည်း ရိုးရာဂီတအဆိုအတီးအမှုတ်များနဲ့ ဖြေဖျော်ကြပါတယ်။ ဆက်လက်ပြီး ကျေးရွာရဲ့အထွတ်အမြတ် တံခွန်တိုင်များစိုက်ထူထားတဲ့ နေရာမှာ တံခွန်တိုင်အကြောင်းကို ရှင်းလင်းပြောပြကြပါတယ်။ ကြိုတင်စီမံထားတဲ့ နွားလှည်းခုနစ်စီးနဲ့ သဘာဝပတ်ဝန်းကျင်အတိုင်း ထိန်းသိမ်းထားတဲ့ ရွာကျက်သရေဆောင်ကြာကန်ကိုသွားပြီး ကြည့်ရှုလေ့လာကြပါတယ်။ အဲဒီကတစ်ဆင့် ဒွေးမယ်နော်ပုံပြင်ဇာတ်လမ်းပါ နတ်သမီးခုနစ်ဖော် ရေချိုးဆင်းခဲ့တဲ့ ကန်ခုနစ်ဆင့်ကို နွားလှည်းများ စီးပြီး တပျော်တပါး သွားရောက်ခဲ့ကြပါတယ်။ ITC က နိုင်ငံခြား သူတွေကတော့ ရွာလမ်းကြမ်းကြမ်းမှာ လှည်းဆောင့်တဲ့ဒဏ်ကို အလွန်သဘောခွေ့ကြတာ တွေ့ရပါတယ်။ ကြာကန်ကခူးဆွတ်လာတဲ့ ကြာပန်းတွေနဲ့အပြိုင် နာရီဝက်ခန့် လှည်းလမ်းအကြမ်းခရီးစဉ်ဟာ ကန်ခုနစ်ဆင့်မှာ ရောက်ရှိပြီးဆုံးပါတယ်။

ညနေ ၅ နာရီကျော်ပြီဆိုတော့ နေကလည်းညိုနေပြီးတောရိပ်တောင်ရိပ်တွေကလည်း ကန်ထဲမှာရေရိပ်ထင်ပြီး လှချင်တိုင်းလှနေပါတော့တယ်။ ဒီအလှတွေနဲ့ အပြိုင်ပန်ပက်ရွာမှ ကယန်း(ပဒေါင်)ပျိုမေများကလည်းရိုးရာဂီတတေးသီချင်းအကတွေနဲ့ဦးစွာဖျော်ဖြေပါတယ်။ နောက်တနီးလာလဲရွာမှ ကယားမောင်မယ်များကလည်းတီးမှုတ်သီဆိုဖျော်ဖြေကြပါတယ်။ ဧည့်ပရိတ်သတ်များထဲက ဝါသနာရှင် လုံမေများလည်း ပါဝင်ဆင်နွှဲကြတာတွေ့ရပါတယ်။ ဗဟိုနဲ့ပြည်နယ်ကော်မတီဝင်တွေအားလုံးလည်း အပြုံးကိုယ်စီနဲ့ မိမိတို့ရဲ့ရုံးချုပ်က ဌာနဆိုင်ရာမူလတာဝန်တွေထဲကနေခေတ္တလွတ်မြောက်ခွင့်ရပြီး စိတ်လက်ချမ်းသာနေကြတာတွေ့ရလို့ ဒေသခံအိမ်ရှင်တွေအနေနဲ့လည်း ပီတိဖြစ်ရပါတယ်။

ကပွဲနဲ့ခပ်လှမ်းလှမ်းမှာတော့ မီးခိုးတလူလူနဲ့အိုးသူကြီးများကို တွေ့ရမှာဖြစ်ပါတယ်။ ညနေမဝင်မီဆည်းဆာလာချိန်မှာတော့ ဝါးပိုးကြမ်းခင်း၊ စားပွဲ၊ ဝါးပိုးဝါးကွပ်ပျစ်မှာထိုင်ပြီး စားပွဲပေါ်မှာ ပန်းကန်ပြားအဖြစ်ကြာဖက်တွေ ခင်းထားပါတယ်။ အဲဒီကြာဖက်ပေါ်မှာထမင်းတို့ ပုံပြီးဟင်းပွဲတွေ ရောက်ရှိလာပါတယ်။ ဟင်းတွေကတော့ ဝါးကျည်တောက်နဲ့ချက်ထားတဲ့ ထမင်းဟင်းများကိုစားပွဲပေါ်မှာ ဝါးကျည်တောက်စွပ်တွေနဲ့ထည့်၊ ဝါးတူတွေနဲ့ ညစာကိုသခွားသီးသုတ်၊ ဝက်သားဟင်း၊ငါးကင်၊ အာလူးကင်၊ဟင်းတွေကလည်း စုံလင်လှပါတယ်။ လူတိုင်းလိုလိုရဲ့ဘေးမှာ ချထားတာကတော့ မပါမဖြစ်၊ မရှိမဖြစ် ကယားရိုးရာခေါင်ရည်ခွက်များပေါ့ခင်ဗျာ။ သူ့ကိုလည်း ဝါးဆစ်ခွက်များနဲ့တည်ခင်းလို့ထားပါတယ်။ ကျား၊ မမရွေးလူတိုင်းလိုလို အနည်းနဲ့အများတော့ ကယားခေါင်ရည်ရဲ့အရသာကို မြည်းစမ်းကြည့်ကြတာ တွေ့ရပါတယ်။

ထမင်းစားအပြီးမှာတော့ထိုင်းနိုင်ငံကခရီးသွားလုပ်ငန်းပညာရှင်ကသင်ပြချပ်လုပ်ပေးတဲ့ သော့ချိတ်တွဲကလေးတွေ လက်ဆောင်အဖြစ် ကိုယ်စီပေးခဲ့ပါတယ်။ မှောင်စပျိုးချိန်မှာတော့ တနီးလာလဲနဲ့ ပန်ပက်ကျေးရွာကရွာခံတွေကို နှုတ်ဆက်ပြီး လွိုင်ကော်ကို မော်တော်ယာဉ်များနဲ့ ပြန်လည်ထွက်ခွာခဲ့ပါတယ်။

စက်တင်ဘာ ၃၀ မနက်ပိုင်းမှာတော့ ကယားပြည်နယ် အစိုးရရုံးခန်းမမှာ အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပါတယ်။ လာမယ့် ခြောက်လအတွင်းလုပ်ဆောင်မည့်အစီအမံများဆွေးနွေးဆုံးဖြတ်ကြသလို မနေ့ကတနီးလာလဲမှာသရုပ်ပြ ဧည့်ခံကြိုဆိုပြသခဲ့တဲ့ဖြစ်စဉ်အပေါ်မှာတော့ အားလုံးက ကျေနပ်အားရကြပါတယ်။ အချို့ခရီးသွားကုမ္ပဏီနဲ့ အဖွဲ့အစည်းတွေကလည်း နိုင်ငံခြားဧည့်သည်တွေခေါ်လာရင် ခုလိုအစီအစဉ်ကိုဘယ်လိုကြိုတင်ချိတ်ဆက်ရမလဲဆိုတာ မေးမြန်းစုံစမ်းနေကြပါပြီ။ ITC ကတော့ ယနေ့ထက်ပိုမိုလေ့ကျင့်သင်ကြားပေးမှာ ဖြစ်ပြီးလာမယ့် ၂၀၁၆ခုနှစ် မတ်လမှာ ရန်ကုန်မှခရီးသွားလုပ်ငန်းအဖွဲ့အစည်းတွေကို ခေါ်ယူပြီးသရုပ်ပြ ကြော်ငြာပြီးမြှင့်တင်သွားမယ်လို့သိရပါတယ်။ ကယားပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုလိုပြုလုပ်တွန်းအားပေးနေတဲ့ ပန်ပက်နဲ့တနီးလာလဲကျေးရွာတွေဟာ စံပြ၊နမူနာပြုလုပ်မည့် ရွာများအဖြစ် ရွေးချယ်ပြုလုပ်နေတာဖြစ်ပြီး အခြားကျေးရွာများ၊ အခြားတိုင်းရင်းသားလူမျိုးစုများက အားကျအတုယူစေရန် ပြုလုပ်စီမံပေးထားခြင်းသာဖြစ်ပါတယ်။ အခြားရွာများကလည်း ညီညီညွတ်ညွတ်နဲ့ ယခုလိုနိုင်ငံခြား ဧည့်သည်များကို ကြိုဆိုဧည့်ခံ လက်ခံချင်တယ်ဆိုရင် ITC က အချိန်မရွေး သင်ကြားပေးရန် ဖိတ်ခေါ်နေကြောင်းသိရှိရပါတယ်။

ယခင်ကနိုင်ငံခြားသားဧည့်သည်တွေရောက်လာ၊လှည့်လည်ဓါတ်ပုံရိုက်ပြန်သွားဆိုတာထက်ယခု လိုဝင်ငွေပိုမိုရမယ့်လုပ်ငန်းတွေကို ITC ကသင်ကြားပေးနေသလို မြို့ပေါ်မှာရှိတဲ့ ဟိုတယ်၊ စားသောက်ဆိုင်၊ ခရီးသွားလာရေးဧည့်လမ်းညွှန်စတဲ့ ပုဂ္ဂလိက အဖွဲ့အစည်းတွေကိုလည်း လိုအပ်တဲ့သင်တန်းတွေကို အတွေ့အကြုံရှိပြီး သင်တန်းဆရာတွေခေါ်ပြီး အပတ်စဉ်ပို့ချပေးနေတာ တွေ့ရပါတယ်။

ဒါကြောင့်ကယားပြည်နယ်လွိုင်ကော်မြို့မှာ စက်တင်ဘာ ၂၉ ရက်နဲ့ ၃၀ ရက်နေ့တွေမှာ ပြုလုပ်ခဲ့တဲ့ (NES)အစီအမံနဲ့ အားလုံးပါဝင်တဲ့ ကယားပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနဲ့ ပြည်နယ်ကြီးကြပ်မှုကော်မတီတို့ရဲ့ အစည်းအဝေးဟာ ကယားပြည်နယ် အတွင်းမှာရှိတဲ့ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေပြီး ဝန်ဆောင်မှုပို့ကုန်မြှင့်တင်တော့မှာဖြစ်တဲ့အတွက် ပြည်နယ်အတွက် ရောနိုင်ငံအတွက်ပါ ကုန်သွယ်မှုတိုးမြှင့်ရေးမှတ်တိုင်တစ်ခု စိုက်ထူရာ ရောက်နေပါကြောင်းအသိအမှတ်ပြုတင်ပြလိုက်ရပါတယ်။

**မောင်မောင်အေး(လွိုင်ကော်)**

## သွင်းကုန်လိုင်စင် ပြန်လည်လျှောက်ထားရမည့် ကုန်စည်လိုင်းများ အသိပေးကြေညာခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုအပ်သည့် ကုန်စည်စာရင်းများကို ထုတ်ပြန်ကြေညာခြင်းအစား မြန်မာနိုင်ငံ၏ H.S Code 2012 Version အရ ကုန်စည်လိုင်းပေါင်း ၄၄၀၅ လိုင်းအား သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်စာရင်း (Negative List) အဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အဆိုပါ Negative List ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းကိုလည်း ဩဂုတ်လ ၃ ရက်နေ့ထုတ် Commerce Journal အတွဲ ၁၅၊ အမှတ် ၂၉ တွင် အသိပေးဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

ထို့အပြင် ယခင်ထုတ်ပြန်ထားသည့် သွင်းကုန်လိုင်စင် ရယူရန် မလိုအပ်သော ကုန်စည်လိုင်းအချို့အား ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ ရက်ပေါင်း ၉၀ ပြည့်မြောက်ပါက သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။ သို့ပါ၍ အောက်ဖော်ပြပါ သွင်းကုန်လိုင်စင် ပြန်လည် လျှောက်ထားရယူရမယ့် ကုန်စည်လိုင်းများနှင့်အကျုံးဝင်တဲ့ ကုန်စည်များကို တင်သွင်းမယ်ဆိုပါက ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်နေ့မှစ၍ သွင်းကုန်လိုင်စင် လျှောက်ထားရမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါတယ် -

- H.S 3102.50.00 (Sodium nitrate)
- H.S 3401.11.90 (other - for toilet use including medicated products)
- H.S 4015.11.00 (Surgical)

**MIRT**

## Mandalay Hill Resort Hotel တွင် Mandalay Investment Fair 2015 ကျင်းပ

Mandalay Investment Fair ၂၀၁၅ ကို စက်တင်ဘာလ ၃၀ ရက်နေ့တွင် Mandalay Hill Resort Hotel မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါပွဲအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပံ့ပိုးမှုဖြင့် ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၊ Japan International Copoeration Agency (JICA)၊ Myanmar Marketing Research and Development Co.Ltd (MMRD) နှင့် မန္တလေးတိုင်းကုန်သည်များနှင့် စက်မှု လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။ ၎င်းဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များမှ National Comprehensive Development Plan၊ Investment in region: Regulatory Framework updates၊ Tentative summary of Mandalay Investment Opportunity Survey၊ Transport and Logistics development: Mandalay၊ Development of Electric Power in and around Mandalay၊ Business in Mandalay: Local private sector's View ၊ Development of Mandalay Myotha Industrial Park ရင်းနှီးမြှုပ်နှံမှုများနဲ့ပတ်သက်၍ဆွေးနွေးရှင်းလင်းခဲ့ကြပြီး ညနေပိုင်းတွင် ပြည်တွင်းလုပ်ငန်းရှင်များနဲ့ ပြည်ပမှ ကြွရောက်လာသော ဧည့်သည်တော်ကြီးများ ပူးပေါင်း၍ Business Matching ကို ဆက်လက်ကျင်းပခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာ စစ်တမ်းနဲ့ ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပြခန်းတစ်ခု ပူးပေါင်းပါဝင်ပြသခဲ့ပြီး ပြခန်းတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ်များ၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ စာအုပ်နှင့် လက်ကမ်းစာစောင်များ၊ Myanmar Trade Center လက်ကမ်းစာစောင်များ၊ National Export Strategy၊ National Export Strategy of the Republic of the Union of Myanmar 2015-2019 စီဒီချပ်များ၊ ရတနာပုံ ကုန်သွယ်မှုမြှင့်တင်ရေး လက်ကမ်း စာစောင်များ၊ BE A SMART CONSUMER ANYWHERE IN ASEAN လက်ကမ်းစာစောင်များအား အသိပညာပေးဖြန့်ဝေဆောင်ရွက်ခဲ့ပါတယ်။ ပြပွဲသို့ နိုင်ငံခြားသားဧည့်သည်တော်များနှင့် ပြည်တွင်းလုပ်ငန်းရှင်များ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရှိရပါတယ်။

**ခင်မြင့်မြင့်သန်း-မန္တလေး**




## Showcase Malaysia & Malaysia Services Exhibition (MSE) 2015 ကုန်စည်ပြပွဲကျင်းပ

Showcase Malaysia & Malaysia Services Exhibition (MSE) ၂၀၁၅ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၃၀ ရက် နံနက် ၉း၃၀ နာရီတွင် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံ/စီးပွားဝန်ကြီး ဦးသန်းမြင့်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မလေးရှားပြည်ပကုန်သွယ်ရေးဖွံ့ဖြိုးမှုကော်ပိုရေးရှင်း (MATRADE) အမှုဆောင်အရာရှိချုပ်(CEO)ဒါတိုဇူကီဖလီမာမွတ်နှင့် မလေးရှားထုတ်လုပ်ရေးပစ္စည်းနှင့် ဝန်ဆောင်မှု (MSE)မှ တာဝန်ရှိသူများက ဖွင့်ပွဲအခမ်းအနားကိုတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပါသည်။

အဆိုပါပြပွဲကို မလေးရှားနိုင်ငံ၏ကုန်သွယ်ရေး အတွေ့အကြုံ နည်းပညာများကို မျှဝေသွားရန်၊ မြန်မာ့စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာအဆင့်မီ တိုးတက်စေရန်၊ အပြန်အလှန်အကျိုး စီးပွားအတွက် ရေရှည်ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ် ချက်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။

၎င်းကုန်စည်ပြပွဲတွင် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး နှင့် ကုသရေးလုပ်ငန်းများ၊ စီးပွားရေးဝန်ဆောင်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊ လျှပ်စစ်စွမ်းအား၊ အီလက်ထရောနစ်နှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ အလှကုန် (ကျန် မာရေးထုတ်)ပစ္စည်းများနှင့် ပရိဘောဂများ ခင်းကျင်းပြသပြီး စီးပွားလုပ်ငန်းရှင်တစ်ဦးချင်း တွေ့ဆုံပွဲ (Business Matching)ကို အခမဲ့ဆွေးနွေးတိုင်ပင်ခြင်း၊ စီးပွားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအား အချင်းချင်းအပြန်အလှန်ဆွေးနွေးနိုင် ခြင်းတို့ကိုပါ ထည့်သွင်းကျင်းပခဲ့ပါသည်။

ပြပွဲအား စက်တင် ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၃ ရက်နေ့အထိ လေးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ စက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အများပြည်သူများ လာရောက်လေ့လာခဲ့ကြကြောင်း သိရှိရပါသည်။

**KMT**

## Understanding of International Trade Business ရက်တိုသင်တန်း ဖွင့်လှစ်ပို့ချ



Understanding of International Trade Business နိုင်ငံတကာ ကုန်သွယ်စီးပွားရေးရာ သိမှတ်စရာများ ရက်တိုသင်တန်းကို စက်တင်ဘာလ ၂၉ ရက်မှ အောက်တိုဘာလ ၁ ရက်နေ့ထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲမှာ ဖွင့်လှစ်ပို့ချခဲ့ပါတယ်။

အဲဒီသင်တန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်ရှိ အတွင်းဝန်ရုံး ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်တိုင်းဒေသကြီးရုံးများ (ကရင်၊ စစ်ကိုင်း၊ ပဲခူး၊ ရခိုင်၊ ရှမ်း၊ မွန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်း) တို့မှ အရာရှိ ၂၁ ဦး၊ အမှုထမ်း ၃၀ ဦးတက်ရောက်ခဲ့ကြပါတယ်။

သင်တန်းမှာ လက်ရှိကမ္ဘာ့ ကုန်သွယ်မှုအခြေအနေ၊ WTO, AEC , Overall International Trade Business Flow နဲ့ Documentary Flow, Major Points of Incoterms, Contract Negotiation , Standard Sales Contract ဘာသာရပ်များကို သင်တန်း ပထမနေ့မှာလည်းကောင်း၊ သင်တန်း ဒုတိယနေ့မှာ Overall Process of Payment, Openning LC/ TT၊ ပို့ကုန်သွင်းကုန်ပိုင်းနဲ့ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာများ၊ Market Trend (Consumer Trend , Distribution System , Import related Regulation) နဲ့ ပို့ကုန်သွင်းကုန်ဆိုင်ရာ မူဝါဒများ Overview of Shipping Doucment ကိုလည်းကောင်း၊ တတိယနေ့နဲ့ နောက်ဆုံးနေ့မှာတော့ Documentation of Export/ Import Declaration Major Factors to Select Export Market Competitive Advantages ဘာသာရပ်များကိုလည်းကောင်း သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများက သင်ကြားပို့ချပေးခဲ့ပါတယ်။

အလားတူ သင်တန်းမျိုးကို မန္တလေးတိုင်းဒေသကြီးမှာလည်း မကြာမီဖွင့်လှစ်တော့မယ်လို့ သိရပါတယ်။

ယခုသင်တန်းကို စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဆောင်တာများမှ သိထားသင့်တဲ့ ကုန်သွယ်မှု ဗဟုသုတနဲ့ အခြေခံကျွမ်းကျင်မှုကို ရရှိစေဖို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

**ချမ်းမြေ့မောင်**

Commodity Exchange News
Vol: 15, No.38 Monday October 5 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၅-၁၀-၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲလက် ကျန်နည်းပေမယ့် ဈေးကောင်းရနေ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို ဈေးကွက် စဖွင့်ချိန်မှာ အိန္ဒိယဝယ်လက်က တစ်တန်ကို ၁၇၆၅၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပြီးနောက်ပိုင်း ရက်တွေမှာ ဈေးမြင့်အဝယ်ရှိသလို ဝယ်လိုအားပါ များလာတာကြောင့် ဈေးတရိပ်ရိပ် မြင့်တက်ခဲ့ပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၉၆၀၀၀၀ ကျပ်ဈေးအထိ ဈေးကောင်းရခဲ့ကြောင်း သိရပါတယ်။ ပြည်တွင်းရှိကုန်သည်လက်ဝယ်မှာ မတ်ပဲအနေဖြင့် လက်ကျန်နည်းနေပြီး အခုလိုဈေးကောင်းရတဲ့အခါမှာတော့ အရောင်းများလာကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××

## ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး ဈေးမြောက်လာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးကို မြို့ခံပွဲခုံ စက်တွေက ဝယ်လိုအားသွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၈၃၀ ကျပ် (တစ်တန်ကို ၁၁၂၀၆၇၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းသေးကိုတော့ ရန်ကုန်-မန္တလေး ဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၂၀၀ ကျပ် (တစ်တန်ကို ၁၃၄၇၂၅၈ ကျပ်)ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××



## မူဆယ်ဈေးကွက်မှာ ပြောင်း(သစ်) တွေနယ်စုံမှ ဝင်ရောက်လာ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပြောင်း (သစ်) တွေ တန်ချိန် ၂၀၀၀၀ ခန့်ဝင်ရောက်လာပေမယ့် အစိုဓာတ်အနည်းငယ်ရှိတာကြောင့် ထိုက်သင့်တဲ့ ဈေးမရခဲ့ကြောင်း သိရပါတယ်။ တရုတ် ဘက်ကတော့ ပြောင်း(သစ်)တွေမှာ အစိုဓာတ်မကောင်းသေးလို့ ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၈၆ ယွမ်မှ အမြင့်ဆုံး ၉၀ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက် အတွင်းမှ သိရပါတယ်။

×××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းနှင့် မတ်ပဲဈေးမာ၊ ပြောင်းဈေးအနည်းငယ်ကျ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပဲတီစိမ်းကြီးတွေ ပုံမှန် ဝင်ရောက်လာသလို တရုတ်ဝယ်လက်ကလည်း အရည်အသွေးကောင်းတဲ့ ပဲတီစိမ်းကြီး(ထိပ်စ) ပဲတွေကို ဈေးပေးအဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၃၀၀ ကျပ် (တစ်တန်ကို ၁၄၀၈၄၉၇ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀၀ ခန့်အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် လှောင်လက် ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန် ဝယ်လက်နှင့် ပွဲခုံစက်တွေက အဝယ်ဆုံတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၃၂၅၀ ကျပ် (တစ်တန်ကို ၁၉၉၀၂၆၇ ကျပ်)ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပြောင်း (သစ်) တွေကတော့ နယ်စုံမှ ပုံမှန်ဝင်ရောက် နေပေမယ့် အစိုဓာတ်အနည်းငယ်ရှိသေးတာကြောင့် ဈေးကောင်းမရဘဲ တစ်ပိဿာကို ၄၂၅ ကျပ် ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××



## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးနယ်စုံမှ ပုံမှန်အဝင်ရှိသလို မန္တလေးဝယ်လက်ကလည်း ဝယ်အားသွက်၊ ကုလားပဲဖြူလုံးကြီး ဈေးစွာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးနယ်စုံမှ အပုံမှန် အဝယ်ရှိသလို တရုတ်အတွက်အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်ကလည်း ပဲရဲ့အရည် အသွေးအပေါ် မူတည်ပြီး ဈေးကောင်းပေး အဝယ်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၂၇၄ ကျပ် (တစ်တန်ကို ၁၃၉၂၅၇၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို မြို့ခံပွဲခုံစက်တွေက ဝယ်လိုအားသွက်တာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၈၂၆ ကျပ် (တစ်တန်ကို ၁၁၁၈၂၂၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## အောင်လံဈေးကွက်မှာ ကုလားပဲ၊ ပဲတီစိမ်းနှင့် သိပ္ပံနှမ်းပုံမှန်အရောင်း အဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံ ပွဲခုံစက်များက ဝယ်လိုအား ဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၇၂၅ ကျပ်(တစ်တန်ကို ၁၀၅၆၃၇၀ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၁၀၀ ခန့်အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို ရန်ကုန်-မန္တလေးဝယ်လက်က ဝယ်လိုအား ပုံမှန်သလို နယ်စုံမှ ဝင်ရောက်မှုကလည်း ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၇၅၀ ကျပ် (တစ်တန်ကို ၁၀၇၁၆၈၀ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်း မှ သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းကို ရန်ကုန်-မန္တလေး ဝယ်လက်က တစ်ပိဿာကို ၄၇၇၈ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီ စိမ်းကြီးကို မန္တလေး ဝယ်လက်က ပဲရဲ့အရည် အသွေးအပေါ် မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်) ဈေးဖြင့် နေ့စဉ် အရောင်းအဝယ်ပုံမှန် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပွဲခုံစက်တွေ ကဝယ်လိုအား ပုံမှန် ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၇၄၀ ကျပ်(တစ်တန်ကို ၁၀၆၅၅၅၈ ကျပ်) ဈေးဖြင့် အရောင်း အဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဟသ္သာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်အားသွက်လို့ ဈေးမြောက်

ဟသ္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ် လက်က ဝယ်လိုအားသွက်တာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၃၀၇၅ ကျပ် (တစ်တန်ကို ၁၈၈၃၀၉၉ ကျပ်)ဈေးဖြင့် အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ပေမယ့် ရောင်းသူကုန်သည် လက်ဝယ်မှာတော့ ပစ္စည်းလက်ကျန် နည်းနေကြောင်း သိရပါတယ်။

×××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်း(သစ်)တွေ ပုံမှန်ဝင်ရောက်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်း(သစ်) တွေ ပုံမှန်ဝင်ရောက်ပေမယ့် ပြောင်းမှာ အစိုဓာတ်ရှိသေးတာကြောင့် အရောင်း အဝယ်ပါးနေကြောင်း သိရပါတယ်။ အရောင်းအဝယ် အနေဖြင့် တစ်ပိဿာကို ၄၂၀ ကျပ်ဈေးဖြင့် အရောင်းအဝယ် အနည်းငယ်သာ ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်း(သစ်)ပုံမှန် ဝင်ပေမယ့် အစိုဓါတ်ကြောင့် ဈေးကောင်းမရ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်း(သစ်) တွေ ပုံမှန် ဝင်ရောက်ပေမယ့် အစိုဓာတ်ကြောင့် ဈေးကောင်း မရဘဲဖြစ်နေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၆၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် နှစ်သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××



## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ကုလားပဲ အရောင်းအဝယ်သွက်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို အိန္ဒိယ အတွက် ဝယ်ယူနေတဲ့ ရန်ကုန် ဝယ်လက်က ဝယ်လိုအား ဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၃၀၀၀ ကျပ် (တစ်တန်ကို ၁၈၃၇၁၇၀ ကျပ်)ဈေးဖြင့် ပုံမှန်အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပွဲခုံစက် တွေက ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါများ တာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၇၁၅ ကျပ်(တစ်တန်ကို ၁၀၅၀၂၆၈ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်) ဈေးကောင်းရ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံ ပွဲခုံစက်တွေက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၇၄၀ ကျပ် (တစ်တန်ကို ၁၀၆၅၅၅၈ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

# ကူညီလက်တွဲကြပါစို့

ယင်းမာပင်ခရိုင်မှာ ခန့်မှန်း ပျားမွေးမြူသူပေါင်း ၅၀ ကျော်နှင့် ပျားသေတ္တာအလုံးပေါင်း ၁၂၅၀ ကျော်ခန့် ရွှေ့ပြောင်းပျားမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါတယ်။ ယခင်နှစ်တွေက ချောင်းဦး၊ မြင်းမူ၊ မြောင်မြို့နယ်များမှ တောင်သူများဟာ မွေးမြူရေးပျားများ ကြောင့် စိုက်ပျိုးသီးနှံများ အောင်မြင်မှု ယုတ်လျော့ကြောင်းကို မြို့နယ်တာဝန်ခံများ၏ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးတွင် တင်ပြခြင်းကို ကျွန်တော်လည်း ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ် တာဝန်ခံအဖြစ် အစည်းအဝေးတက်ရောက်ခဲ့ရသဖြင့် သိရှိရပါတယ်။

ကျွန်တော် အမှတ်မှားသောကြောင့်များလား မသိပါ။ ပျားများ ဝတ်မှုန်ကူးပေးခြင်းကြောင့် သီးနှံများဖြစ်ထွန်းအောင်မြင်သည်ကိုသာ သိရှိရပြီး ပျားများကြောင့် သီးနှံပျက်ရ၊ ထွက်နှုန်းလျော့နည်းရတယ်ဆိုတဲ့ကိစ္စကို စိတ်ထဲတွင် မတင်မကျဖြစ် နေခဲ့ပါတယ်။ ပုလဲမြို့နယ်သို့သွားစဉ် လမ်းခရီးမှာ ဆောင်းသီးနှံခင်းများတွင် ပျားသေတ္တာများ ချထားသည်ကိုတွေ့ရသောကြောင့် ပျားမွေးမြူရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်ဝင်းနှင့်တွေ့ဆုံသဖြင့် ပျားမွေးမြူရေးအကြောင်းကို မေးမြန်းခဲ့ရာ ဦးညွန့်ဝင်းမှ ပျားအုံရှစ်အုံပါ၊ ပျားသေတ္တာအလုံး ၃၀၀ ကို ၇ ရက်၊ ၁၀ ရက်တစ်ကြိမ် ပျားရည် ထုတ်လျှင် ပျားရည်ပီပါ ၅ လုံး၊ ၆ လုံးရရှိကြောင်း၊ ပျားရည်တစ်ပိဿာကို ၂၅၀၀ ကျပ် ရောင်းရကြောင်း၊ ပျားများဖြင့် ဝတ်မှုန်ကူးခြင်းကြောင့် သီးနှံများ ပိုမိုအောင်မြင်ကြောင်း၊ အထွက်နည်းတယ်ဆိုတာ မမှန်ကြောင်း သိရှိခဲ့ရပါတယ်။

ဒါကြောင့် တောင်သူများအနေနဲ့ ပျားများဖြင့် ဝတ်မှုန်ကူးခြင်းရဲ့ ကောင်းကျိုးများကို သိရှိဖို့ လိုအပ်ကြောင်းကို လည်း မှတ်သားလိုက်ရပါတယ်။ ထို့အပြင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက် တနင်္လာနေ့ထုတ် စီးပွားကူးသန်းဂျာနယ် အတွဲ (၁၄)၊ အမှတ် (၄၈) တွင် ကျော်နိုင် (မန္တလေး)ရဲ့ "သီးနှံအထွက်တိုးအောင် ပျားမွေးမြူပြီး ဝတ်မှုန်ကူးရအောင်" ဆိုတဲ့ ဆောင်းပါးကို ဖတ်လိုက်ရတဲ့အခါမှာလည်း နှစ်ရှည်သီးနှံဖြစ်တဲ့ (ဆီး၊ သရက်၊ သီဟိုဠ်၊ မာလာ၊ ပိန္နဲ၊ ရှောက်၊ သံပုရာ၊ လိမ္မော်)၊ ရာသီသီးနှံဖြစ်ကြတဲ့ (သဘော်၊ ဖရဲ၊ သခွားမွှေး၊ သခွား၊ နှမ်း စသည့် သီးနှံစိုက်ပျိုးသော တောင်သူများအား ပျားများဖြင့် ဝတ်မှုန်ကူးပြီး သီးနှံများ စိုက်ပျိုးနိုင်ရန် လက်ကမ်းစာစောင် ပန်းဖလက်များ ဖြန့်ဝေပေးနိုင်မည်ဆိုပါက များစွာအထောက်အကူဖြစ်နိုင်တယ်လို့ ထင်မြင်မိပါတယ်။ ၂၀၁၅ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ဆီးစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းရန်အတွက် ကနီမြို့နယ်၊ တဇယ်ချောင်ကျေးရွာအုပ်စုသို့ သွားရောက်ပြီး ဆီးအကြောင်း မေးမြန်းရာ ဆီးစိုက်ပျိုးထုတ်လုပ်သူ ဦးသိန်းလွင်ရှင်းပြတော့မှ မတင်မကျဖြစ်တဲ့ကိစ္စရှင်းသွားပါတယ်။

"ကျွန်တော်တို့ ဆီးစိုက်တောင်သူများဟာ ဆီးတစ်ပင်ကို ပျမ်းမျှ ၅ တင်းနှုန်း ထွက်မယ်ဆိုရင် ဆီတစ်ဧကရှိသူဟာ တင်း ၅၀၀ ရပါတယ်။ ကောက်ခ၊ နေလှမ်းခတွေရှိတာကြောင့် ဆီးတစ်ပိဿာ ၁၀၀ အောက်ကျသွားရင် အရှုံးပေါ်ပါတယ်။ ဆီးတစ်တင်း ၁၈၀၀ ကျပ်ဈေးဖြင့် ဆီးတင်း ၅၀၀ အတွက် ဝင်ငွေ ၉ သိန်းသာရရှိပါတယ်။ ဆီးအထွက်ကောင်း၊ ဈေးကောင်းမှ တစ်နှစ်ဝင်ငွေ ၁၂ သိန်း၊ ၁၅ သိန်းသာရရှိပါတယ်။ ပျားမွေးမြူသူများသည် ဆီးခင်းပိုင်ရှင်အား ပျားသေတ္တာချခ၊ ပျားသေတ္တာအလုံး ၁၀၀ တွင် ပျားရည်ဖော်ချိန် ၇ ရက်တစ်ကြိမ်တွင် ပျားရည် တစ်ဂါလန်ပေးတဲ့အတွက် တစ်လတွင် ပျားရည် ၄ ဂါလန်၊ တစ်ဂါလန် ၆၂၅၀ ကျပ်ဖြင့် ၄ လအတွက် ဝင်ငွေ တစ်သိန်းရရှိပါတယ်။ ပျားရည်သေတ္တာ ၃၀၀ ချခဲ့လျှင် ဝင်ငွေ ၃ သိန်းရရှိပါတယ်။

ဒါပေမယ့် ဆီးတစ်ဧကကို ပျားသေတ္တာအလုံး ၅၀ သာ ခံနိုင်ခြင်း၊ ပျားများသဘာဝအရ တစ်မိုင်ပတ်လည်အတွင်း ဝတ်ရည်များ သွားရောက် စုပ်ယူနိုင်သည့်အတွက် အနီးအနားရှိ ဆီးခင်းများကို သွားရောက် စုပ်ယူကြပါတယ်။ ပျားများ လုယက်ကာ ဝတ်ရည်များ စုပ်ယူခြင်း ကြောင့် ဆီးဝတ်ဆံမများကြွေခြင်း၊ ဝတ်ဆံမများ မကြွေသော်လည်း အသီးများဖြစ်ထွန်းမှုနည်းကာ အနှစ်မပြည့်သော အသီးများဖြစ်ကာ ဈေးကွက်အတွင်း ရောင်းပန်းမလှဖြစ်ရပြီး ဆီးစိုက်တောင်သူများ အရှုံးပေါ်တတ်ပါတယ်။

ပျားသေတ္တာအချခံရသောတောင်သူများကတော့ ပျားသေတ္တာချခငွေရရှိခြင်း၊ ပျားရည်ထုတ်ယူချိန်တွင် စားစရိတ်ငြိမ်း တစ်ပတ်ကို ၃၀၀၀ ကျပ် (သို့) ပျားရည် ၃ ပုလင်းပေးသဖြင့် တစ်လကို ၁၂၀၀၀ ကျပ်နှင့် ၄ လစာ ဆိုရင် ၄၈၀၀၀ ကျပ်ကို မိမိဆီးခြံကိုစောင့်ရှောက်ရင်း ရရှိပါတယ်။ ဒါကြောင့် ပျားသေတ္တာအချခံရတဲ့ ဆီးခင်းပိုင်ရှင်ဟာ ဆီးဈေးမကောင်းလို့၊ အထွက်နည်းပြီး အရှုံးပေါ်သော်လည်း ပျားချခအတွက် အသားတင် သုံးသိန်းခွဲခန့် ရရှိပါတယ်။ပျားသေတ္တာ အချမခံ ရတဲ့ ဆီးစိုက်တောင်သူများကတော့ မြွေပါလည်းဆုံး၊ သားလည်းဆုံးဖြစ်ရပါတယ်။

ပျားမွေးမြူသူများဘက်မှာ ကြည့်ပြန်တော့ ပျားသေတ္တာအလုံး ၃၀၀ ကို ၇ ရက်၊ ၁၀ ရက်တစ်ကြိမ် ပျားရည်ထုတ်ယူရင် ပီပါ ၅ လုံး၊ ၆ လုံးရပါတယ်။ ၁၀ ရက်တစ်ပတ် ပီပါ ၅ လုံးရတယ်ထား၊ တစ်လ ပီပါ ၁၅ လုံးနှင့် ဆီးပွင့်ရာသီ ၄ လအတွင်း ပီပါ ၆၀ လုံးရပြီး တစ်ဂါလန် ၆၂၅၀ ကျပ်ဈေးဖြင့် တစ်ပီပါ ဂါလန် ၅၀ ရရှိသည့်အတွက် ၃၁၂၅၀၀ ကျပ်ဖြင့် ပျားရည်ပီပါ ၆၀ လုံးဆိုရင် ၁၈၇ ဒသမ ၅ သိန်းရပါတယ်။ ပြောင်းရွှေ့ခနှင့် လုပ်သားခ ပျမ်းမျှကုန်ကျစရိတ် ၃၇ ဒသမ ၅ သိန်းကုန်ကျမည်ဆိုရင် ပျားရည်မွေးမြူသူတစ်ဦးအတွက် သိန်း ၁၅၀ နီးပါး အမြတ်ကျန်မှာ ဖြစ်ပါတယ်။ ပျားသေတ္တာအလုံး ၁၀၀ ပိုင်ရှင် များအတွက် ၆၂ ဒသမ ၅ သိန်းရရှိမှာ ဖြစ်ပါတယ်။ လုပ်အားခ ၁၂ ဒသမ ၅ သိန်းကုန်ကျတယ်ထားပျားပိုင်ရှင်အတွက် သိန်း ၅၀ ကျန်မှာ ဖြစ်ပါတယ်။ အခြားသီးနှံရာသီတွေမှာ ပျားရည်ထွက်နှုန်းလုပ်သားခသာ ရသည်ထား ပျားသေတ္တာ ၁၀၀ ပိုင်ရှင်များအတွက် တစ်နှစ်ဝင် ငွေ သိန်း ၆၀ နီးပါး အသားတင်ကျန်ပါတယ်။ ဆီးစိုက်တောင်သူ တစ်ဦးဟာ တစ်ဧကအတွက် ဆီးတင်း ၅၀၀ ရရင်တောင် ဆီးအရည် အသွေးကောင်းမှ ဆီးတစ်ပိဿာ ၁၂၀ ကျပ်ရောင်းရမှ တစ်နှစ်ပတ် လုံး ၁၀ သိန်း (လုပ်အားခအပါအဝင်) သာရရှိပါတယ်။ ဆီးကြောင့် ပျားသမားများအဆင်ပြေပြီး ပျားကြောင့် ဆီးသမားများ အဆင်မပြေ ရင် သဘာဝမကျဖြစ်နေပါတယ်။ အချို့ ဆီးစိုက်တောင်သူများဟာ အရှုံးပေါ်သည့်အတွက် ဆီးပင်များကို ခုတ်လှဲပြီး အစားထိုးသီးနှံ၊ သနပ်ခါး၊ လျှော်ဖြူများစိုက်ပျိုးနေသည့်အတွက် ပျားမွေးမြူရေး သမားများ အခက်ကြုံဖွယ်ရှိနေပါတယ်။ ဒါကြောင့် ရှဉ့်လည်း လျှောက်သာ ပျားလည်းစွဲသာဆိုလျှင် ပျားမွေးမြူရေး သမားများနှင့် ဆီးစိုက်တောင်သူများ လက်ရှိဧကနှင့် သင့်တော်တဲ့ ပျားသေတ္တာ များချပြီး တစ်ဦးနှင့်တစ်ဦး စိတ်တူသဘောတူ လက်တွဲနိုင်ရန် အသင်းအဖွဲ့များဖြင့် ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်ခင်ဗျား---။

**သန်းပို- ယင်းမာပင်**

# ဖျာပုံမြို့မှ အသင့်စားငါးနှပ်ခြောက်မီးကင်များကို ပြည်တွင်းဈေးကွက်မှာ တွင်တွင်ကျယ်ကျယ် အရောင်းသွက်နေ

ဟိုတစ်ချိန်က ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များဟာ ဈေးကောင်းရတဲ့ ငါးကွမ်းရှပ်၊ ငါးမုတ်၊ ငါးပုတ်သင်၊ ကတ်ကူရံ၊ ငါးသလောက်စတဲ့ ရာသီအလိုက် ငါးများကိုသာ ဖမ်းခဲ့ကြပြီး ငါးနှပ်ငါးများကိုတော့ အလုပ်ရှုပ်လို့ စွန့်ပစ်ပစ္စည်းအဖြစ် ပင်လယ်ပြင်မှာ စွန့်ပစ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ နာဂစ်နောက်ပိုင်းမှာ ပင်လယ်လုပ်ငန်းဟာ နှောင့်နှေးလာခဲ့ပြီး ရာသီဥတုရဲ့ ဖောက်ပြန်မှု၊ အလုပ်သမားများ ရှားပါးမှုနဲ့ ငါးအမိအရ နည်းပါးလာမှုတို့ကြောင့် အချို့လုပ်ငန်းရှင်များ အရှုံးပြကာ လုပ်ငန်းရပ်ဆိုင်းသွားတဲ့အထိရှိနေကြတယ်လို့ ရေလုပ်ငန်းအသိုက်အဝန်းက သိရပါတယ်။ တစ်ချိန်က ပင်လယ်ပြင်မှာစွန့်ပစ်ခဲ့တဲ့ ငါးနှပ်ငါးဟာ ယခုဈေးကွက်မှာ ဈေးကောင်းရနေပြီး အရောင်းသွက်လျက်ရှိကြောင်း ငါးခြောက်ဈေးကွက်မှ သိရပါတယ်။

အသင့်စား ငါးနှပ်ခြောက်မီးကင်ကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added ) အဖြစ်စတင်လုပ်ကိုင်ခဲ့သူကတော့ ဖျာပုံမြို့ ၁၄ ရပ်ကွက်နေ ဦးငြိမ်းဆွေဖြစ်ပါတယ်။ နောက်ပိုင်း သူ ကွယ်လွန်သွားတော့ မိသားစုလည်း ဒီလုပ်ငန်းကို ဆက်မလုပ်တော့ဘူး၊ သူလုပ်ခဲ့စဉ်က ကျွန်တော်တို့ သွားရောက်လေ့လာကြည့်ပြီး ပြန်လုပ်ကြတာပါ၊ ကျွန်တော်ဆိုရင် ပင်လယ်လုပ်ငန်းကို လုံးဝမလုပ်တော့ဘူး၊ ကျွန်တော်မှာ ငါးဖမ်းယာဉ်နှစ်စီးရှိတယ်၊ အခုပြန်ရောင်းနေတာ၊ ဒီငါးနှပ်ခြောက်မီးကင်လုပ်ငန်းကိုပဲ ဇောက်ချပြီး လုပ်တော့မှာပါ၊ ဖျာပုံမြစ်တစ်ဖက်ကမ်းမှာ ကျွန်တော်ရေစင်ရှိပါတယ်။ အဲ့ဒီမှာ ငါးနှပ်ခြောက် အမြီးဖြတ်၊ ခေါင်းဖြတ်၊ ရေဆေး၊ နေလှန်းတာတွေလုပ်ပြီး မြို့ပေါ်ကအိမ်မှာ မီးကင်ပြီး၊ ထုပ်ပိုးတာတို့ ဖြန့်ဖြူးရောင်းချတာတို့ လုပ်ပါတယ်။ ကုန်ကြမ်းကတော့ ရန်ကုန်မြို့ ညောင်ပင်လေးဈေးကဝယ်ပါတယ်။ ငါးနှပ်ခြောက်အမျိုးအစားက သုံးမျိုးသုံးစားရှိပါတယ်။ အကြီးစတစ်ပိဿာကို ၁၂၀၀ ကျပ်၊ အလတ်စ၁၀၀၀ ကျပ်၊ အသေးစ ၆၆ ကျပ်ဈေးနဲ့ ဝယ်ရပါတယ်။ ကျွန်တော်သုံးတာကတော့ အလတ်စပဲသုံးပါတယ်။ တစ်လကို ကုန်ချိန် ပိဿာ ၂၀၀ လောက်တော့ ဖြန့်နိုင်ပါတယ်။ အမြဲတမ်းတင်ပို့ ပေးနေရတဲ့ ဒေသတွေကတော့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ ဖျာပုံခရိုင်အတွင်း ပို့ပေးနေရပါတယ်။ နေ့စဉ် အိမ်မှာလက်လီ လာဝယ်သူတွေရှိပါတယ်။ တစ်နေ့ကို ကျပ် တစ်သိန်း၊ တစ်သိန်းခွဲဖိုးလောက်တော့ ရောင်းနေရပါတယ်။ အခုပြည်မြို့က အမှာရှိပါတယ်။ ဒါပေမယ့် ကျွန်တော်မပို့နိုင်သေးပါဘူး၊ ကျွန်တော်တစ်နိုင်တစ်ပိုင်ပဲ လုပ်ပါတယ်။ တံဆိပ်နာမည်ကတော့ "မဟာစံ" တံဆိပ်နဲ့ပါ လုပ်ငန်း ချဲ့ထွင်ဖို့ အစီအစဉ်ရှိပါတယ်။

အဓိကလိုအပ်ချက်ကတော့ လုပ်ငန်း အရင်းအနှီးပါပဲ၊ ထုတ်လုပ်တဲ့ အမျိုးအစားတွေကတော့ ရှယ်ဘူးကြီး တစ်ဘူးကို ၅၀၀၀ ကျပ်၊ ၂၅၀ ဂရမ်တစ်ဘူး ၃၀၀၀ ကျပ်၊ ၁၄၀ ဂရမ် ၁၅၀၀ ကျပ်၊ ၁၀၀ ဂရမ်အထုပ်ကြီး ၁၀၀၀ ကျပ်၊ ၅၀ ဂရမ်အထုပ်သေး ၅၀၀ ကျပ်ရောင်းပါတယ်။"လို့ ကိုသက်နိုင်က မိမိထုတ်ကုန်ပစ္စည်း များကို ချပြရင်း ရှင်းပြပါတယ်။



"ကျွန်တော်ကတော့ "ကောင်းကောင်း" တံဆိပ်နဲ့ ငါးနှပ်ခြောက်မီးကင်ရယ်၊ ငံပြာရည်ချက်ရယ်၊ ထုတ်လုပ်ပါတယ်။ နေပြည်တော်၊ မန္တလေး၊ တောင်ငူနဲ့ ဧရာဝတီတိုင်းအတွင်း အများဆုံး မှာယူပါတယ်၊ အခုလောလောဆယ်တော့ မှာသလောက်မလုပ်ပေးနိုင်သေး ပါဘူး။ ဖျာပုံတောင်ပိုင်း မှော်ဘီကျေးရွာဘက်မှာ မြေဝယ်ထားပါတယ်။ ကားတစ်စီးလည်းဝယ်ရမယ်၊ အခုမြို့ထဲမှာဆိုတော့ ငါးခြောက် အနံ့အသက်နဲ့ ထုထောင်းတဲ့အသံကြောင့် ပတ်ဝန်းကျင်ကို အားနာရပါတယ်။ ဘာမှတော့မပြောကြသော်လည်း ကိုယ့်စီးပွားရေးကြောင့် ပတ်ဝန်းကျင်ကို မထိခိုက်စေချင်ပါဘူး၊ ဒါကြောင့် ကွင်းပြင်ဘက်ကိုထွက်ပြီးလုပ်မှာပါ၊ လာမည့်နှစ်ကို စပြီးသွားလုပ်နိုင်မယ်လို့တော့ ထင်ပါတယ်၊ ပြည်တွင်းသာမက ပြည်ပဈေးကွက်အထိ ချိတ်ဆက်ပြီး လုပ်သွားမှာပါ၊ စက်ယန္တရားကို အသုံးပြုပြီးလုပ်သွားဖို့ အစီအစဉ်ရှိပါတယ်။ အခုလို မြှင့်တင်/စားသုံးဌာနက အစုအဖွဲ့၊ အသင်းအဖွဲ့ ဖွဲ့စည်းပေးတဲ့အပြင် ကျွန်တော်တို့ လုပ်ငန်းအပေါ်မှာ စိတ်ဝင်တစားရှိပြီး၊ ဈေးကွက်ချဲ့ထွင်မှုနည်းလမ်းတွေ၊ အကြံပြုဆွေးနွေးပေးခဲ့ကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အကြံကောင်းတွေလည်း ရရှိပါတယ်" လို့ အသင့်စား ငါးနှပ်ခြောက်မီးကင်အသင်းမှ ဘဏ္ဍာရေးမှူး ဦးအောင်ကျော်စွာဦးက ပြောပါတယ်။

**မင်းဇော်မွန် - ဖျာပုံ**

# တမူးမြို့ရှိတောလမ်းနယ်စပ်လမ်းကြောင်းများမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တရားမဝင်ကုန်စည်တင်ပို့မှုများကြောင့်အရောင်းအဝယ်ကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိအဓိကကုန်သွယ်လျက်ရှိတဲ့ စစ်ကိုင်းတိုင်းဒေသကြီးတမူးမြို့တွင် နယ်စပ်မျဉ်းကြောင်းကို ဖြတ်ကာကုန်စည်များတရားမဝင်တင်ပို့မှုများရှိသဖြင့် နန့်ဖာလုံဈေးသူဈေးသားများ စောင့်ကြည့်ဖမ်းဆီးမှုများ ပြုလုပ်နေရကြောင်း တမူးနယ်စပ်မှသိရပါတယ်။ တမူးမြို့နဲ့မိုရေးမြို့အကြားတွင် ၁၉၉၆ ခုနှစ်မှစတင်၍ တရားဝင်ဈေးအဖြစ် ဖွင့်လှစ်ခဲ့သော နန့်ဖာလုံဈေးမှဈေးသူဈေးသားများသည် တရုတ်နယ်စပ်ထိသွားရောက်ကာ ကုန်စည်များဝယ်ယူပြီး တမူးနယ်စပ်ဂိတ်ပေါက်မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ပြန်လည်ရောင်းချသည့်လုပ်ငန်းကို တရားဝင်အခွန်ဆောင်ကာ အရောင်းအဝယ်ပြုလုပ်လျက်ရှိပါတယ်။ဒါပေမဲ့ အိန္ဒိယနိုင်ငံမှ ကုန်သည်များက တရုတ်နယ်စပ်ရှိကုန်စည်များကို ဝယ်ယူကာ တမူးမြို့ရှိ တောလမ်းနယ်စပ်လမ်းကြောင်းများမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့မှုများရှိလာသဖြင့် နန့်ဖာလုံ ဈေးသူဈေးသားများမှာ အရောင်းအဝယ်ကျဆင်းသွားခြင်း၊ တရားဝင်အခွန်မပေးဆောင်သဖြင့် နိုင်ငံတော် ဘဏ္ဍာမရရှိခြင်းတို့ကြောင့် နန့်ဖာလုံဈေးသူဈေးသားများနဲ့လူငယ်များစုပေါင်းကာ မြို့နယ်ခရိုင်ထွေအုပ်ရုံး အပါအဝင် နယ်စပ်ကုန်သွယ်ရေးဌာနများရဲ့ တရားဝင်ခွင့်ပြုချက် ဖြင့် လွန်ခဲ့သည့်တစ်ပတ်ခန့်မှ စ၍နယ်စပ်လမ်းကြောင်းတစ်လျှောက် စစ်ဆေးဖမ်းဆီးမှုများပြုလုပ်နေကြောင်း သိရပါတယ်။ လွန်ခဲ့သည့် ငါးလခန့်ကစပြီး အိန္ဒိယနိုင်ငံမဏိပူရပြည်နယ်အတွင်း နယ်မြေမအေးချမ်းခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် တံတားများ ပျက်စီးသဖြင့် ကုန်စည်စီးဆင်းမှုပြတ်တောက်ခြင်း၊ နယ်စပ်မတည်ငြိမ်ခြင်းကြောင့် အိန္ဒိယနိုင်ငံ အတွင်းပိုင်းရှိကုန်သည်များသည် နန့်ဖာလုံဈေးသို့ လာရောက်ခြင်းမရှိသည့်အတွက် အရောင်းအဝယ်များ ဆက်တိုက်ကျဆင်းလျက်ရှိကြောင်း၊ နန့်ဖာလုံဈေးသူဈေးသားများထံမှ သိရပါတယ်။

**ခင်မိုးသူ**

## ထိုင်းနိုင်ငံသို့ မြန်မာ့လက်ဖက်ခြောက် ပုံမှန်တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာလ ၁၉ ရက်မှ ၂၅ ရက်အတွင်း ကန်ဒေါ်လာ ၁၈၃၄၅ တန်ဖိုးရှိ လက်ဖက်ခြောက် ၄၇ တန် တင်ပို့နိုင်ခဲ့ပါတယ်။ယခင်ရက်သတ္တပတ်ကလည်း ၆၁ တန်တင်ပို့ခဲ့တဲ့အတွက် မြန်မာ့လက်ဖက်ခြောက်ကို ထိုင်းနိုင်ငံသို့ပုံမှန်တင်ပို့နေတယ်လို့ သိရပါတယ်။လက်ဖက်ကို ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့အနီးဝန်းကျင်နဲ့ တာချီလိတ်မြို့ရဲ့ တောင်ကြော/ တောင်တန်းများပေါ်မှာ စိုက်ပျိုးကြပြီး တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတွေကို တင်ပို့ရောင်းချကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စစ်တွေကုန်သွယ်ရေး စခန်းက လယ်ယာ ထွက်ကုန်နဲ့ စက်မှုကုန်ချော တန် ၂၂၀ ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းက စက်တင်ဘာလ ၁၉ ရက်မှ ၂၅ ရက်ထိ ကာလအတွင်း လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော တန် ၂၂၀ ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ဝ၃၆ သန်းဖိုး တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၂ဝ၅ သန်းဖိုး တင်ပို့နိုင်ခဲ့လို့ ယခုသီတင်းပတ်မှာတော့ ကန်ဒေါ်လာ သုည ဒသမ ၁၆၉ သန်းဖိုး လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုလိုလျော့နည်းတင်ပို့ခြင်းဟာ ယခုသီတင်းပတ်မှာ ရေချိုငါး တင်ပို့မှုမရှိတဲ့အတွက် ဖြစ်ပါတယ်။

ယခုသီတင်းပတ်မှာ တင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကတော့ မန်ကျည်းစေ့ ၁၂၈ တန်၊ ဆီးသီးခြောက် ၃၇ တန်၊ ဆီးဖတ် ၂၀ တန်၊ ကြက်သွန်နီ ၁၅ တန်၊ ချင်း(အစို) ၈ တန်၊ ကွမ်းသီး ၂ တန်နဲ့ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် ၁၇ တန်တို့ကို တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ **တင်တင်ထွန်း**

## ကဏန်းငါးရှဉ့်ဈေးကောင်းရ၍ပိုမိုတင်ပို့



မြန်မာ့ကဏန်းနဲ့ငါးရှဉ့်ကို မြန်မာ-တရုတ်နယ်စပ်မှတစ်ဆင့် တစ်ဖက်တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိရာ သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာလ ၁၉ ရက်မှ ၂၅ ရက်နေ့အထိ ကာလအတွင်းမှာ ယခင်သီတင်းပတ်ထက် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကဏန်းနဲ့ငါးရှဉ့် သာမက အခြားရေထွက်ကုန်များလည်း ပိုမိုတင်ပို့နိုင်ပါတယ်။မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတင်ပို့မှုကတော့ ကန်ဒေါ်လာ သုည ဒသမ ၈၁၂ သန်းဖိုးရှိ ကဏန်း ၃၀၅ တန်ခန့်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၈၉၇ သန်းဖိုးရှိငါးရှဉ့် ၂၅၉ တန်ခန့်တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က မူဆယ်မှ ကဏန်း ၂၄၉ တန်ခန့်နဲ့ ငါးရှဉ့် ၁၈၅ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ ဆိုရပါမယ်။အခြားတင်ပို့ခဲ့တဲ့ ရေထွက်ကုန်ကတော့ ရေခဲငါး ၁၅၁ တန်ခန့်၊ ငါးမုန့် ၁၀၁ တန်ကျော်၊ ငါးလေးခြောက် ၁၆ တန်၊ ငါးဆားနယ် တန် ၂၀၊ ငါးကြင်းစီဖောင်း ၇ တန်ခန့်၊ရေခဲပုစွန် ၅၄ တန်ကျော်နဲ့ ပုစွန်ခြောက် ၁၃ တန်ကျော်တို့ဖြစ်ပြီး ကန်ဒေါ်လာ သုည ဒသမ ၆၆၉ သန်းဖိုးတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခုတစ်ပတ် ကဏန်း၊ငါးရှဉ့်ပေါက်ဈေးတွေကတော့ ယခင်တစ်ပတ်ထက် ဈေးပိုရနေတာတွေ့ရပါတယ်။ကဏန်းတစ်တန်ကို ယခင်တစ်ပတ်က ၅၂၂၅၀၆၈ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ကျပ် ၁၀၁၀၀၀၀၀ အထိဈေးရရှိခဲ့ပြီး ငါးရှဉ့်ဈေးကတော့ ယခင်တစ်ပတ်က တစ်တန်ကို ၄၆၉၂၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၆၂၆၂၀၀၀ ကျပ်အထိ ရရှိခဲ့တာဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ ချင်းရွှေဟော်စခန်းက ကန်ဒေါ်လာ သုည ဒသမ ၁၅၉ သန်းဖိုးရှိ ငါးရှဉ့် ၄၆ တန်ခန့်တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်ကလည်း ၄၆ တန်ကျော်သာတင်ပို့ခဲ့တာမို့ပုံမှန် တင်ပို့နေတယ်လို့ ဆိုရပါမယ်။

**ယဉ်ယဉ်အေး**

## ရိဒ်ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာလတွင် လျာထားချက်ထက်ကျော်လွန် ဆောင်ရွက်

ရိဒ်ကုန်သွယ်ရေးစခန်းက စက်တင်ဘာလ ၂၅ ရက်နေ့ထိမှာတော့ လျာထားချက်အပေါ် ၁၃၁ ဒသမ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ထားနိုင်ပြီးဖြစ်တယ်လို့ သိရပါတယ်။ ယခုအချိန်ထိ ရိဒ်-ကလေး လမ်းကြောင်းတစ်လျှောက်မှာ ကောင်းမွန်မှုမရှိသေးတဲ့အပြင် မိုးရွာသွန်းမှုများလည်း ရှိနေသေးတဲ့အတွက် လမ်းပျက်စီးမှုများရှိနေဆဲ ဖြစ်တယ်လို့သိရပါတယ်။ ကုန်တင်တန်ဆာခများမှာလည်း လွန်စွာကြီးမား နေသော်လည်း ပေါက်ဈေးအတိုင်း ပို့ကုန်သွင်းကုန်ကို ကြိုးပမ်းဆောင်ရွက်ပေးတဲ့အတွက် ယခုကဲ့သို့ လျာထားချက်ကျော်လွန်နိုင်ခဲ့တာဖြစ်ပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းအနေနဲ့ ဩဂုတ်လ ကုန်သွယ်မှုမှာတော့ ဇွန်လနဲ့ ဇူလိုင်လများက အဆက်မပြတ် ရွာသွန်းတဲ့မိုးနဲ့ ကိုမန်မုန်တိုင်းကြောင့် ရိဒ်-ကလေးကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် တောင်ပေါ် လမ်းပိုင်းများပြတ်တောက်သွားခြင်းနဲ့ လမ်းပိုင်းများ ပျက်စီးသွားမှုကြောင့် ဩဂုတ်လ ကုန်သွယ်မှုလျာထားချက် အပေါ် ၅၈ ဒသမ ၉၄ ရာခိုင်နှုန်းသာ ဆောင်ရွက် နိုင်ခဲ့တယ်လို့သတင်းရရှိပါတယ်။ ထိုပမာဏကိုရရှိခဲ့ခြင်းကလည်း ရာသီဥတုမဆိုးရွားမီ တီးတိန်မြို့နဲ့ လွိုက်တီးကျေးရွာများမှာ စုပုံထားသော ကုန်စည်များကို သယ်ယူတင်ပို့နိုင်၍ ဖြစ်တယ်လို့သိရပါတယ်။ **MIRT**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ ပီလောပီနံအမှုန့်များတင်ပို့

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းရှိ ဒေသနေတိုင်းရင်းသားပြည်သူများ အလုပ်အကိုင်ရရှိရေးနဲ့ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးရည်ရွယ်ချက်များဖြင့် တရုတ်နိုင်ငံရဲ့ နည်းပညာများနဲ့ ပီလောပီနံများကို စိုက်ပျိုးခဲ့ကြတာဖြစ်ပါတယ်။မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာလ ၁၉ ရက်မှ ၂၅ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ဝဝ၇ သန်း တန်ဖိုးရှိ ပီလောပီနံအမှုန့် တန် ၃၀ ကို တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်ကလည်း တန် ၃၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## မောင်တောမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေငန်ပုစွန်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ စက်တင်ဘာလ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်းမှာ ဒေါ်လာ ၁၀၀၁၆၅ တန်ဖိုးရှိရေငန်ပုစွန် ၂၀၄၀၀ ကီလို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှုမရှိခဲ့ဘူးလို့သိရပါတယ်။

မောင်တောဒေသတစ်ဝိုက်မှ ထွက်ရှိတဲ့ ဒေသထွက် ရေငန်ပုစွန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့ ရေငန်ပုစွန်များကတော့ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ ရသေ့တောင်နဲ့ မောင်တောမြို့နယ်များက ထွက်ရှိတဲ့ ရေငန်ပုစွန်များဖြစ်ပါတယ်။ အများစုတင်ပို့တဲ့ အရွယ်အစားကတော့ တစ်ကီလိုလျှင် ၂၂ ကောင်၊ ၂၇ ကောင်နဲ့ ၃၂ ကောင်အရွယ်အစားများဖြစ်တယ်လို့သိရပါတယ်။

**မြင့်မြင့်မာ**

# ယာဉ်ရှေ့ဒက်ရှ်ဘုတ်အတွင်းနေရာအနှံ့ သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟု ယူဆရသောပစ္စည်းများ ကီလို ၇၀ ကျော် သိမ်းဆည်းရမိ

တစ်ဖက်နိုင်ငံသို့/တစ်ဖက်နိုင်ငံမှ တရားမဝင် ကုန်စည်စီးထွက်/စီးဝင်မှုများ တားဆီးရန်၊စားသုံးသူ အကာအကွယ်ပေးရန် ရည်ရွယ်ချက်များနဲ့ နောင်ချို မြို့ အေးရှားဝေါလ်တိုးဂိတ်အနီး တာဝန်ထမ်းဆောင် နေသော မိုဘိုင်းတင်းမ်လရ-၁ အဖွဲ့သည်စက်တင် ဘာလ ၂၇ ရက် နံနက် ဝ၈း၃ဝ ချိန်က မန္တလေးမှ မူဆယ်သို့ ဦးတည်မောင်းနှင်သော Honda Fit(7H/ xxxx)ယာဉ်အား စစ်ဆေးရန် ရပ်တန့်စေသော်လည်း ရပ်တန့်စစ်ဆေးခံခြင်းမရှိဘဲ ဂုတ်တွင်းဖက်သို့ မောင်း ပြေးသဖြင့် ဂုတ်တွင်းတံတားအနီး ပိတ်ဆို့ကာ ယာဉ် အားစစ်ဆေးရေးဂိတ်သို့ ပြန်လည်မောင်းနှင်လာစေခဲ့ ပါတယ်။ ထို့နောက်ယာဉ်အား အသေးစိတ် စစ်ဆေး ရာမှာ ယာဉ်ရှေ့ဒက်ရှ်ဘုတ်နဲ့မှန်အောက်ကြားနေရာ အနှံ့သိုဝှက်သယ်ဆောင်လာတဲ့ ကျောက်စိမ်း ဟု ယူဆရတဲ့ ကျောက်စိမ်းဖြတ်စ၊လည်ဆွဲ၊ကျောက်ချော ထည်စုစုပေါင်း ၇၂ ဒသမ ၅၅kg တန်ဖိုး ကျပ်သန်းပေါင်း ၇ ဒသမ ၂၆၅ ခန့် ကိုရှာဖွေသိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ဖမ်းဆီးရမိ ကျောက်အချောထည် များ၊လက်ဝတ်ရတနာများနဲ့ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး လုပ်ထုံး လုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ရန် ဆောင်ရွက်နေပြီလို့ သိရပါတယ်။လရ-၁ အဖွဲ့ ဟာမန္တလေး-မူဆယ်ကုန်သွယ်မှုလမ်းကြောင်းပေါ်မှာ တာဝန်ယူထားရတဲ့အတွက် တစ်ဖက်နိုင်ငံသို့ တရား မဝင် တင်ပို့မယ့်ကျောက်အရိုင်းတုံး၊အချောထည်၊ လက်ဝတ်ရတနာများ အများဆုံး ဖမ်းဆီးရမိပြီး ပိတောက်၊ တမလန်းခါးရွှေများက ဒုတိယနေရာမှာ ရှိနေပါတယ်။

**MIRT**

## တရားမဝင်တင်သွင်းတဲ့ အပင်အားတိုးဆေးများအား လရ–၁ကသိမ်းဆည်းရမိ

နောင်ချိုအေးရှားဝေါလ်တိုးဂိတ်အနီးစစ်ဆေးရေးတာဝန်ထမ်းဆောင်နေသော လရ-၁ အဖွဲ့ သည် စက်တင်ဘာလ ၂၂ ရက်နေ့ ၁၉း၀၀ ချိန်က EE/xxxx ယာဉ်ပေါ်မှ အကောက်ခွန်မဲ့တရားမဝင် တင်သွင်းလာတဲ့ အပင်အားတိုးဆေး ၁၃ ဖာကို စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ စစ်ဆေးတွေ့ရှိအပင်အား တိုးဆေးများကို လုပ်ထုံးလုပ်နည်းနဲ့အညီအကောက်ခွန်အမှုတွဲဖွင့်လှစ်၍ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံသွားမှာ ဖြစ်ပါတယ်။

## စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးယာဉ်နဲ့ မော်တော်ယာဉ် ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၂၃၆၀ ကျော်ဖိုးသိမ်းဆည်းရမိ

တရားမဝင်ကုန်သွယ်မှု တားဆီး ရေးနဲ့ စားသုံးသူ အကာအကွယ်ပေးရေး တာဝန် ထမ်းဆောင်နေတဲ့ ပဲခူးတိုင်း ဒေသကြီး Mobile Team လရ-၂ အဖွဲ့ သည် စက်တင်ဘာလ ၁ရက် မှ ၁၅ ရက် အထိ လဝက်တာ ကာလအတွင်းမှာ စား သောက်ကုန် (သကြား၊ ငံပြာရည်၊ အချို မှုန့်၊ နို့စိမ်း၊ Milo Sauce၊ ကြာဆံ၊ ခေါက် ဆွဲခြောက်၊ အချိုရည် (ဒီးဒို၊ စပရိုက်၊ ကျွဲစိမ်းအချိုရည်) အရက်ဘီယာ၊ ဝိုင် (SPY ၊ Beer Chang၊ PS ၊ စလောင်း၊ ထိပ်ဖူး၊ Receiver) ကြက်စာအိမ်၊ မိုးစီး ဖိနပ်၊ လမ်းကြိတ်စက်ဟောင်း ၂ စီးနဲ့ လိုင်စင်မဲ့ ယာဉ် ၂၁ စီးတို့ကို သိမ်းဆည်း ရမိခဲ့ပြီး၊ အကောက်ခွန်အမှုတွဲ ၇၆ ခု၊ ခန့်မှန်းတန်ဖိုး ကျပ် ၂၃၆၁ ဒသမ ၅၀၀ သိန်းရှိတယ်လို့ သိရပါတယ်။ သိမ်းဆည်း ရမိ အကောက်ခွန်မဲ့ တရားမဝင်တင် သွင်းယာဉ်တွေကတော့ Toyota Land-cruiser Prado, Toyota Wigh ANE 10, Toyota Belta Saloon , Toyota Hiace Mini Bus, Toyota Hilux Surf, Toyota Corolla , Dihatsu Hiject , Toyota Mark II Saloon , Honda Fit , Toyota Caldina , Toyota Estima , Toyota Hilux Vingo , Honda Acty Dump , Honda CRV, Station Wagon, Toyota Caldina အမျိုးအစားယာဉ်တို့ ဖြစ်ကြ ပါတယ်။

**MIRT**

## ခရီးသည်တင်ပစ္စည်းများကြား သိုဝှက်သယ်ဆောင်လာတဲ့ အမဲသားအိတ်များဖမ်းဆီးရမိ

နောင်ချိုအေးရှားဝေါလ်တိုးဂိတ်အနီးတရားမဝင်ကုန် သွယ်မှုတားဆီးရေးနဲ့ စားသုံးသူအကာအကွယ် ပေးရေး တာဝန် ထမ်းဆောင်နေသော လရ-၁အဖွဲ့ဟာ စက်တင်ဘာ လ ၂၇ ရက် ၁၀း၅၀ ချိန်ခန့်က မန္တလေးမှ မူဆယ်သို့ ဦးတည် သွားနေတဲ့ GI ခရီးသည်တင်ယာဉ်ပေါ်မှ အမဲသားအိတ်များ ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါ တယ်။လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်ပြီး နောင်ချို မြို့နယ်စည်ပင်သာယာရေးဌာနသို့ သိမ်းဆည်းရမိ အမဲသားများကို လွှဲပြောင်းအပ်နှံသွားမယ်လို့ သတင်းသိရှိရ ပါတယ်။

**MIRT**

## တက္ကစီယာဉ်ပေါ်မှအကောက်ခွန်မဲ့ကားအပိုပစ္စည်းများကိုလရ– ၂အဖွဲ့မှစစ်ဆေးတွေ့ရှိ

မြဝတီရန်ကုန်လမ်းကြောင်းပေါ်ရှိ Mobile Team တာဝန်ထမ်းဆောင်နေတဲ့ လရ-၂အဖွဲ့သည် စက်တင်ဘာလ ၂၂ ရက် နေ့တွင် ယာဉ်စစ်ဆေးမှုများဆောင်ရွက်စဉ် တက္ကစီယာဉ်အမှတ် BB/xxxx ပေါ်မှ အကောက်ခွန်မဲ့ သယ်ဆောင်လာတဲ့ ကား အပိုပစ္စည်း ၁၂ မျိုးကိုစစ်ဆေးတွေ့ရှိခဲ့ရပါတယ်။စစ်ဆေးတွေ့ရှိ ကားအပိုပစ္စည်းများမှာကရောင်းရှေ့ရဲ ၄ခု၊ မက်တူး ရှေ့ရဲ ၃ ခု၊ မက်တူး နောက်မီးခွက်ဟောင်း ၂ခု၊ S/W SL ကားရှေ့မီးခွက်ဟောင်း ၆ခု၊ S/W SL ကားနောက်မီးခွက်ဟောင်း ၁၉ခု၊S/W SL ကားနောက်ကြည့်မှန်ဟောင်း ၄ ခု၊ S/W SL ကားရှေ့ရဲ ၁ ခု၊ S/W SL ကားအချက်ပြမီးခွက်ဟောင်း ၁၄ ခု၊ ကားဟွန်းသေး (ဟောင်း)၂၀ ခု၊ ကားရေပြန်ကော်ပူး(ဟောင်း) ၁ ခု၊ ကားရှေ့မီးခွက်သေး(ဟောင်း)၂ ခု၊ကားအချက်ပြမီးခွက်ဟောင်း ၅ ခု တို့ဖြစ်ပြီး ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၃၀ ခန့်ဖြစ်ပါတယ်။စစ်ဆေးတွေ့ရှိကားအပိုပစ္စည်းများအား အဖွဲ့စုံဖြင့် အကောက်ခွန် အမှုတွဲဖွင့်လှစ် အပ်နှံပြီးဖြစ်တယ်လို့ သိရပါတယ်။

**MIRT**

## ဘီယာချန်း၊ သကြားအိတ်များနဲ့ အကောက်ခွန်မဲ့ ပစ္စည်းများကို လရ-၂ အဖွဲ့မှ စစ်ဆေးတွေ့ရှိ

ဝေါမြို့နယ် ညောင်ခါးရှည် အခြေပြု Mobile Team လရ-၂ အဖွဲ့သည် စက်တင်ဘာလ ၂၀ ရက်နေ့တွင် အဖွဲ့ နှစ်ဖွဲ့ ခွဲ၍စခန်းရဲ့ တောင်ဘက်ရှောင် ကွင်းလမ်းများအား သတင်းအရသွား ရောက်စစ်ဆေးရာ ဘုရားပြို့ရွာဘက်ကို ထွက်တဲ့ရှောင်ကွင်းလမ်းဘေးခြုံနွားး တွင် လူများဖြင့်သယ်၍ စုပုံထားတဲ့ သကြားအိတ် (1x50kg)ပါ ၁၇၄ အိတ်ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။စက် တင်ဘာလ ၂၂ ရက်နေ့တွင်လည်း မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာပြီး လရ-၂အဖွဲ့သို့ ဝင်ရောက်စစ်ဆေးခဲ့တဲ့ ၁၂ ဘီးဂျူတီယာဉ်နဲ့ ခရီးသည်တင် ဟိုင်း လပ်ယာဉ်ပေါ်မှ လေအိတ် (အဟောင်း) ၁၀ယူနစ် (ခြေနင်း မောင်းတံ)အဟောင်း၇ယူနစ်နဲ့ သကြား (1x50kg) ၇ အိတ်တို့ကိုလည်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စက်တင် ဘာလ ၁၉ ရက်နေ့တွင် လည်း မြဝတီ- ရန်ကုန် ခရီးသည်တင် နှစ်စီး L/xxxxနဲ့ 2J/xxxx ပေါ်မှ ဘီယာချန်း(300ml x 24)ပါ ဖာ၃၀ နဲ့သကြား (1x50kg) ပါ ကိုးအိတ်တို့ကိုလည်း သိမ်းဆည်းရမိခဲ့ တယ်လို့ သိရပါတယ်။အဆိုပါစစ်ဆေး တွေ့ရှိ အကောက်ခွန်မဲ့ပစ္စည်းများနဲ့ သကြား အိတ်များကို လုပ်ထုံးလုပ်နည်းနဲ့ အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး ဖြစ်ပါတယ်။

**MIRT**

# တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီမိုဘိုင်းအဖွဲ့များမှ အများဆုံးဖမ်းဆီးရမိကုန်ပစ္စည်းများ

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ မှ ၂၀၁၅ ခုနှစ် ဩဂုတ်လကုန်ထိ နှစ်နှစ်နဲ့ ကိုးလတာကာလအတွင်းမှာ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟို ကော်မတီမိုဘိုင်းတင်းမ်အဖွဲ့များမှ အများဆုံး ဖမ်းဆီး ရမိ ကုန်ပစ္စည်းများမှာ တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာတဲ့ မော်တော်ယာဉ်၊ကျောက်စိမ်းဟု ယူဆရသော ကျောက်၊လိုင်စင်မဲ့မော်တော်ယာဉ်၊ မိုဘိုင်းဖုန်း ဟန်း ဆက်၊ တမလန်းသစ်၊ Ice ပုံဆောင် ခဲ၊ရွှေ၊ဘီယာ၊ အေးခဲအသား၊လျှပ်စစ်ဒီတိုနေတာ တို့ဖြစ်ကြပါတယ်။

အုပ်စုအလိုက် သိမ်းဆည်းရမိပစ္စည်းများနဲ့ ခန့် မှန်းတန်ဖိုးများကတော့ရွှေနဲ့ သတ္တုတွင်းထွက်အုပ်စုမှာ ကျောက်စိမ်းကျပ် ၅၁၀၇ သန်း၊ ရွှေကျပ်သန်း ၈၄၀၊ အင်ကြင်းကျောက် ကျပ် ၃၃၇ သန်း၊ သလင်းကျောက် ကျပ် ၂၅၆ သန်း၊သတ္တုကျောက်မှုန့် ၆၇ သန်း၊သတ္တုရိုင်း ကျပ် ၁၅ သန်းနဲ့ စကျင်ကျောက် ကျပ် ၁၂ သန်း ခန့်မှန်း တန်ဖိုး အသီးသီးဖြစ်ပြီး အရေအတွက်အားဖြင့် ကျောက်စိမ်း ၅၇ တန်ကျော်၊အင်ကြင်းကျောက် ၁၇ တန်ခန့်၊ သတ္တုကျောက်မှုန့် ၁၅ တန်ခန့်၊ စကျင်ကျောက် နဲ့သလင်းကျောက် ၅ တန်ကျော်စီ၊ သတ္တုရိုင်း ၂၉၁ ကီလို ဂရမ်နဲ့ ရွှေ ၁၉ ကီလိုဂရမ် အသီးသီး ဖြစ်ပါတယ်။

သစ်နဲ့သစ်တောထွက်အုပ်စုမှာ တမလန်းသစ် ကျပ် ၁၈၀၃ သန်း၊ပိတောက်သစ် ကျပ် ၅၂၂ သန်း၊ သစ်ခွ ကျပ် ၃၁၅ သန်း၊ သစ်နဲ့သစ်တောထွက်ပစ္စည်း အခြားကျပ် ၁၉ သန်း ဆင်သားရေခြောက် ကျပ်သန်း ၂၀၊ မြွေ ကျပ် ၁၁ သန်း၊လိပ်ကျပ်၁ သန်းနဲ့ သင်းခွေချပ် အခွံ ကျပ် ၅ သန်း တို့အား သိမ်းဆည်းရမိခဲ့ပြီး တမလန်းသစ်မှာ အများဆုံးသိမ်းဆည်းရမိတဲ့ သစ် တောထွက်ကုန်ဖြစ်ပါတယ်။

ယေဘုယျခြုံငုံပြီး ကြည့်မယ်ဆိုလျှင် တရားမဝင် ကုန်ပစ္စည်းတင်ဆောင်တဲ့ယာဉ် အစီးရေ ၄၉၄ စီး၊ ခန့်မှန်းတန်ဖိုးကျပ် ၉၁၃၃ သန်းနဲ့ ထိပ်ဆုံးမှာရှိနေပါ တယ်။လိုင်စင်မဲ့ မော်တော်ယာဉ်သိမ်းဆည်းရမိမှုက ဒုတိယနေရာမှာရှိနေပြီး ကျောက်စိမ်းက တတိယ နေရာမှာရှိနေပါတယ်။သိမ်းဆည်းရမိစီးရေ ၃၈၀ စီးဖြစ်ပြီး ခန့်မှန်းတန်ဖိုးက ကျပ် ၄၂၉၉ သန်းဖြစ်ပါ တယ်။ထိပ်ဆုံး ၁၀ နေရာစာရင်းမှာ ဝင်နေတဲ့ သိမ်း ဆည်းရမိကျန်ပစ္စည်း ၇ မျိုးကတော့ မိုဘိုင်းဖုန်း ဟန်း ဆက် ၅၂၀၉၃ လုံး ကျပ် ၉၁၃၃ သန်း၊ပိတောက်သစ် ၄၇၀ တန် ကျပ် ၁၈၀၃ သန်း၊ Ice ပုံဆောင်ခဲ ၅၃ ကီလို ကျပ် ၁၃၂၅ သန်း၊ရွှေ ၁၉ ကီလို ကျပ်သန်း ၈၄၀၊ ဘီယာမျိုးစုံ ၁၇၈၄၉၀၃ လုံး၊ကျပ် ၇၃၅ သန်း၊ အေးခဲ အသား ၁၇၄ ဒသမ ၇၂၈ တန် တန်ဖိုး ကျပ်သန်း ၆၉၀ နဲ့ လျှပ်စစ်ဒီတိုနေတာ ၃၃၉၀၀၀ ခု၊ ကျပ် ၆၇၈ သန်းဖိုး အသီးသီးဖြစ်ပါတယ်။ ကျန်အများဆုံး ဖမ်းဆီးရမိ ကုန်ပစ္စည်းတွေကတော့ အရက်၊ ဝိုင်၊ ဓါတုဆေးရည်၊ အမိုးနီးယားနိုက်တြိတ်၊ မော်တော်ဆိုင်ကယ်၊ ကျွဲ၊ နွား၊ ဆိတ်နဲ့စိတ်ကြွရူးသွပ်ဆေးပြား များဖြစ်ကြပါတယ်။ စု စုပေါင်းသိမ်းဆည်းရမိပစ္စည်းများရဲ့ခန့်မှန်းတန်ဖိုးက တော့ ကျပ်သန်းပေါင်း ၂၅၄၆၀ ရှိနေပြီလို့ သိရပါ တယ်။

**MIRT**




နိုင်ငံတစ်နိုင်ငံမှာ တော၊ တောင်၊ ရေမြေ သဘာဝတရားက ပေးထားတဲ့ သယံဇာတအမွေဆိုတာ ရှိတာမျိုးပါ၊ ဘယ်နိုင်ငံ၊ ဘယ်ဒေသ၊ ဘယ်အရပ်မှာမဆို တစ်ခုမဟုတ်တစ်ခုတော့ ဖြစ်တည်ထွက်ရှိတာမျိုးပါ။ ဥပမာ-ကိုယ့်မိခင်နိုင်ငံကိုပဲကြည့် ကျောက်စိမ်း၊ ပတ္တမြား၊ ကျွန်းသစ်၊ ပုလဲဆိုတာတွေဟာ ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ နာမည်တစ်ခုအနေနဲ့ရှိနေတာပါ၊ အမိနိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစရာ မဟုတ်ပါလား။ သဘာဝတရားကပေးထားတဲ့ သယံဇာတအမွေကို ထုတ်ယူသုံးစွဲကြရာမှာ စနစ်တကျ သပ်သပ်ရပ်ရပ် ထုတ်ယူသုံးစွဲကြသလား ဒါမှမဟုတ် စည်းမဲ့ကမ်းမဲ့ထုတ်ယူသုံးစွဲမှာလားဆိုတာကတော့ ကွာတာပေ့ါဗျာ။ ဖတ်ဖူးတဲ့စာအမှတ်ရလို့ တင်ပြခွင့်ပြုပါ။ အင်္ဂလိပ်ကိုလိုနီခေတ်က ဘုံဘေဘားမားသစ်ကုမ္ပဏီဟာ မြန်မာပြည်က ကျွန်းတစ်ပင်ခုတ်ရင် ငါးပင် အစားထိုးစိုက်ခဲ့တယ်လို့ ဆိုပါတယ်။ ကျွန်းတစ်ပင်သက်တမ်း ၈၀ နှစ် သက်တမ်း ရှိမလားဆိုတာ စဉ်းစားနေမယ့်အစား ၅ ပင်စိုက်ခဲ့တဲ့အထဲက တစ်ပင်ပဲရှင်ဗျာ၊ ဒါမျိုးဟာ အတုယူရမယ့်စနစ်ကျတာမျိုးပါ၊ ပုလဲလိုဟာ မျိုးမှာသဘာဝပုလဲကိုပဲ အားထားရှာဖွေမယ့်အစား ကမာကောင်မွေးပြီး ပုလဲထုတ်ရင်ကော မရနိုင်ဘူးလားဆိုတာကို စဉ်းစားရမယ့်အချက်တွေပါ။

တစ်ခါတိုင်းပြည်တစ်ပြည်ရဲ့ နည်းပညာ၊ အတတ်ပညာ တိုးတက်မှုဘယ်လောက်ရှိနေလဲ မြေအောက်ရေအောက်မှာ ရေနံရှိနေတယ်၊ သဘာဝဓာတ်ငွေ့ရှိနေတယ်။ ထုတ်ယူသုံးစွဲတတ်တဲ့ အတတ်ပညာ၊ နည်းပညာမရှိရင် ဘာလုပ်မလဲ၊ ကိုယ့်ထက်နည်းပညာသာသော အတတ်ပညာရှိသော ငွေကြေးချမ်းသာသော သူတွေကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြဖို့ ဖိတ်ခေါ်ရပါလိမ့်မယ်၊ ဒီလိုဖိတ်ခေါ်ခဲ့ရင်တောင် ရင်းနှီးမြှုပ်နှံသောသူက သူ့အတွက်ကိုက်မှ အကျိုးရှိပါမှ လာရောက်ရင်းနှီးမြှုပ်နှံကြမှာပါ။ ကိုယ့်မိခင်နိုင်ငံရဲ့ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး၊ သယံဇာတပေါကြွယ်ဝမှု လူသားအရင်းအမြစ် အရင်းအနှီး စတာတွေကို တွက်ကြည့်ရင်-----

ပထဝီနိုင်ငံရေးအရမြန်မာနိုင်ငံပတ်ဝန်းကျင်မှာ မဟာအင်အားကြီးနိုင်ငံတွေရှိနေတာ ကုန်းကြောင်း၊ ရေကြောင်းရှိနေတာ အရှေ့တောင်အာရှနဲ့ တောင်အာရှဆက်သွယ်မှုမှာ အရေးပါနေတာ၊ တံတားတစ်စင်းလို ဖြစ်နေတာ ပထဝီစီးပွားရေးအရ သယံဇာတထွက်ရှိမှု လူ့စွမ်းအားအရင်းအမြစ်တွေရှိနေတာ ဒါတွေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် နှစ်ခြိုက်လက်ခံစရာ အခွင့်အလမ်းများစွာနဲ့ အားသာချက်တွေရှိနေတာ မဟုတ်ပါလား၊ ၂၀၁၅ ခုနှစ်ဟာ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေးကဏ္ဍတွေမှာ အပြောင်းအလဲဖြစ်ပေါ်လာနှင့်ပြီ၊ မြန်မာပြည်သူလူထုအနေနဲ့လည်း အထွေထွေ ရွေးကောက်ပွဲနဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာဖို့ စိတ်ဝင်စားမှုရှိနေတာကိုလည်း တွေ့နေရပါတယ်။ သိသာထင်ရှားတာကို တင်ပြရရင် နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ဂရုတစိုက် တစိုက်မတ်မတ် ဖွဲ့ကောင်းစွာ ဆောင်ရွက်ခဲ့ ခြင်းကြောင့် မြန်မာနိုင်ငံရဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ရေရှည်နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံချက်အရ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ လေးဘီလီယံသာ မျှော်မှန်းထားခဲ့ပေမယ့် ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၁ ဘီလီယံရှိခဲ့တာတွေဟာ ဥပမာပြစရာသာဓကတွေပဲ မဟုတ်ပါလား။

စက်တင်ဘာ ၁၅၊ ၁၆ ရက်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် ဈေးကွက်ဆိုင်ရာ အခွင့်အလမ်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသိရှိလာစေရန်ရည်ရွယ်ချက်ဖြင့် ကမ္ဘာလုံးဆိုင်ရာ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဖိုရမ်ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ



ကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2) မှာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ဒီပွဲမှာ ဥရောပငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီ၊ ဩစတြေးလျနိုင်ငံတို့မှ ကုန်သည်ကြီးများအသင်း အပါအဝင် ပြည်တွင်းပြည်ပမှ ထင်ရှားသည့်စီးပွားရေးလုပ်ငန်းရှင် ၁၀၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာမှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးစနစ် ပြုပြင်ပြောင်းလဲမှုနဲ့အတူ စီးပွားရေးအသွင်ကူးပြောင်းမှုကို ကမ္ဘာ့စီးပွားရေး အခင်းအကျင်းအပေါ် အခြေခံပြီး ကုန်သွယ်မှုတံခါးဖွင့်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်း၊ ငွေကြေးကဏ္ဍအားကောင်းအောင် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် အသွင်ကူးပြောင်းရေးအရှိန်မြှင့်လုပ်ဆောင်နေသောမြန်မာနိုင်ငံတွင် အခွင့် အလမ်းများစွာနဲ့ အားသာချက်များရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသတွင်း အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာခြင်းသည် ကုန်သွယ်မှုမြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာနှင့် အခွင့်အလမ်းများ ပိုမိုပွင့်လင်းလာနေပြီဖြစ်ကြောင်း၊ ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာအကျိုးသက်ရောက်နိုင်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အောင်မြင်မှုများစွာရရှိခဲ့ပြီး ငွေကြေးစနစ်ပြုပြင်ပြောင်းလဲရေးမှာလည်း အဓိကကျသည့် ဘဏ်စနစ် အခြေခံခိုင်မာသည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့ကြောင်း၊ နိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း ၂၀၁၂ ခုနှစ် ဧပြီလမှစတင်ပြီး Managed Floating Exchange Rate Regime ကို ကျင့်သုံးပြီး ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားငွေလဲလှယ်နိုင်ရန် ခွင့်ပြုပေးခဲ့ပါကြောင်း။

၁၉၉၀ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ငွေကြေးဆိုင်ရာ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများနှင့် လဲလှယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့များအနေဖြင့်လည်း ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာတွင်ပါဝင်သည့် Master Plan ပြင်ဆင်ရေးဆွဲရာတွင် အကူအညီပေးလျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးခဲ့ပါကြောင်း၊ မဟာမဲခေါင်ဒေသတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံ (ယူနန်ပြည်နယ်တို့အား မဟာမဲခေါင်ဒေသ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (GMS) ) ပူးပေါင်းပါဝင်ဆောင်ရွက်နေကြောင်း ရည်မှန်းချက်မှာ နယ်စပ်ဒေသတစ်လျှောက် စီးပွားဆိုင်ရာ ဆက်သွယ်မှုမြှင့်တင်ရန် ရည်ရွယ်ရန်ဖြစ်ရာ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီတည်နေရာ အချက်အချာကျမှုဖြင့် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် မြို့ပြပို့ဆောင်ရေးစနစ်နဲ့ လေဆိပ်များ အဆင့်မြှင့်တင်ရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် လျှပ်စစ်ဓာတ်အား ပိုမိုအသုံးပြုနိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိနေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနဲ့ ကိုက်ညီမယ့်အခြေအနေတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်သဖြင့် ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်လာခဲ့ရာ အထူးသဖြင့် ဆက်သွယ်ရေး၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ အလုပ်ရုံများမှာ အများဆုံးတွေ့မြင်နေရပါကြောင်း၊ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်အောင် လျှပ်စစ်ဓာတ်အားပို့ဆောင်ရေး အထူးစီးပွားရေးဇုန် (သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူ) နဲ့ နိုင်ငံရဲ့ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် လိုအပ်ချက်ရှိပါကြောင်း၊ နိုင်ငံမှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့အပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ အရင်းအမြစ်များစွာရှိရာ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍသည် မြန်မာနိုင်ငံသားများတွင်သာမက ရင်းနှီးမြှုပ်နှံမည့် နိုင်ငံနှင့် အဖွဲ့အစည်းများအတွက် အကျိုးအမြတ်များစွာ ဖြစ်ထွန်းလာသည့် အခြေခံကောင်းများစွာ ပိုင်ဆိုင်လျက်ရှိပါကြောင်း အကျယ်တဝင့်ဆွေးနွေးခဲ့ပါတယ်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်ကလည်း ခရီးသွားလုပ်ငန်းဟာ ကမ္ဘာပေါ်မှာ အရေးကြီးတဲ့ လုပ်ငန်းတစ်ရပ်လို့ ယူဆလာကြကြောင်း၊ ဟိုတယ်လုပ်ငန်းတစ်ခုတည်းမဟုတ်ဘဲ လမ်းပန်းဆက်သွယ်ရေး၊ လေကြောင်းလိုင်းနှင့် လေဆိပ်စတဲ့ လုပ်ငန်းတွေပါဝင်ကြောင်း၊ ခရီးသွားတွေရောက်တဲ့နေရာတိုင်းမှာ လျှပ်စစ်မီးရဖို့၊ သောက်ရေသန့်ရဖို့ အရေးကြီးပါကြောင်း၊ ပြည်သူတွေရဲ့ အကျိုးဟာ ပထမအရေးကြီးပြီး ဒုတိယအချက်ကတော့ မြန်မာနိုင်ငံဟာ လာချင်စဖွယ်နေရာဖြစ်ဖို့ အရေးကြီးကြောင်း၊ ခရီးသွားလုပ်ငန်းကို Master Plan ချမှတ်နေကြောင်း Master Plan အရ မဟာဗျူဟာစီမံကိန်း ခြောက်ခုကို တစ်ပြေးညီအကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ခရီးသွားလုပ်ငန်းလုပ်ဖော်ကိုင်ဖက်တွေက Myanmar Toursim Development Bank အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဆောင်ရွက်နေကြောင်း၊ ဒီဆွေးနွေးပွဲဖိုရမ်မှာ အားသာချက် အားနည်းချက်တွေကို ဆွေးနွေးခဲ့ကြောင်း Master Plan က ၂၀၁၃-၂၀၂၀ အထိဖြစ်ကြောင်း၊ ကမ္ဘာကြီးရဲ့ Trend ပြောင်းလဲနေသလို ခေတ်အခါနဲ့ အခြေအနေအရ လိုအပ်သလို ပြောင်းလဲလုပ်ဆောင်သွားမည့်အကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုသွားခဲ့တယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးကလည်း လက်ရှိအနေအထားက မြန်မာနိုင်ငံမှာ ဥပဒေနှစ်ခုရှိနေတဲ့အတွက် ခွဲခြားသလိုဖြစ်နေကြောင်း၊ နိုင်ငံခြားသားတွေက မြန်မာနိုင်ငံသားတွေကို ပိုပြီးတော့ အခွင့်အရေးပေးထားတယ်လို့ မြင်တယ်၊ အမှန်တော့ ဥပဒေနှစ်ရပ်စလုံး အားလုံးက အတူတူနီးပါး၊ ဥပဒေ နှစ်မျိုးရှိနေလို့ အထင်တွေ အမျိုးမျိုးရှိနေကြတာပါ။ နိုင်ငံခြားက ထောက်ပြတာက ကုန်သွယ်မှုတို့ ဘာတို့မှာ နိုင်ငံခြားသားကို မပေးတာက မြန်မာနိုင်ငံဘက်အနေနဲ့ ကိုယ်ကျိုးစီးပွားကာကွယ်မှုကို သိပ်ပြီး အလေးထားလွန်းအားကြီးတယ်လို့ ထင်သွားတယ်၊ နိုင်ငံအနေနဲ့ တံခါးဖွင့်စဆိုတော့ တစ်ဆင့်ပြီးတစ်ဆင့် တိုင်းပြည်နဲ့ ကိုယ့်ရဲ့ ပြည်တွင်း စီးပွားရေး

စာမျက်နှာ ၂၈ သို့ ➲



## ပြောင်း

### နယ်စပ်မှပြောင်းပိုမိုတင်ပို့

စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊လွယ်ဂျယ်နဲ့ ကန်ပိုက်တီးစခန်းသုံးခုမှ ကန်ဒေါ်လာ ၅ ဒသမ ၂၆၆ သန်း တန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ ၁၇၅၈၃ တန်ခွဲ တင်ပို့မှုရှိခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့ခဲ့တဲ့ပြောင်းတန်ချိန်တွေကတော့ မူဆယ်မှ ၁၆၁၁၄ တန်ခွဲ၊ လွယ်ဂျယ်မှ တန် ၁၀၀၀ နဲ့ ကန်ပိုက်တီးမှ ၄၆၉ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၁၄၂၁၀ တန်၊ လွယ်ဂျယ်မှ တန်၅၀၀ နဲ့ ကန်ပိုက်တီးမှ ၁၂၆ တန်တင်ပို့ခဲ့တာမို့ ယခုတစ်ပတ် ပြောင်းပိုမိုတင်ပို့လာတယ်လို့ ဆိုရပါမယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ယခင်တစ်ပတ်က ၄၀၃၉၂၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ပြောင်းသစ်များလည်း နယ်စုံကနေ ဈေးကွက်ထဲစတင်ဝင်ရောက်လာပြီဖြစ်တာကြောင့် ၃၄၇၄၀၀ ကျပ်သို့ ဈေးကျသွားခဲ့တာတွေ့ရပါတယ်။တရုတ်ဝယ်လက်ကတော့ အရည်အသွေးပေါ်မူတည်ပြီး ဈေးပေးကြောင်း၊ ပြောင်းဖူးစေ့ ကီလို ၁၀၀ ကိုတစ်ဘက်နိုင်ငံဈေး ၁၇၂၀ ယွမ်ဈေးဖြင့် အရောင်းအဝယ်ရှိကြောင်း မူဆယ်ကုန်စည်ဒိုင် ဈေးကွက်အတွင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ဝဥ

### ဝဥခြောက် ပိုမိုတင်ပို့

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ယောဒေသမှာ ဝဥက အလေ့ကျပေါက်တဲ့အပင်ဖြစ်ပေမယ့် နိုင်ငံခြားဝင်ငွေရတာလာကြောင့် စနစ်တကျ စိုက်ပျိုးလာကြပါတယ်။ စက်တင်ဘာလ ၁၉ ရက်မှ ၂၅ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်းတန်ဖိုးရှိ ဝဥခြောက် ၂၈ တန်ခွဲကို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄ တန်ခွဲ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ဝဥခြောက်တင်ပို့မှု ၁၄ တန်ပိုမိုလာတာ တွေ့ရပါတယ်။ ဝဥ အစိုကို သေသေချာချာ လှီးကာ နေပူနှစ်ရက်လှန်း၍သော်လည်းကောင်း၊ ပေါင်းခံပြီး အခြောက်ပြုလုပ်၍ သော်လည်းကောင်း၊ ဈေးကွက်မှာ ရောင်းချကြပါတယ်။ တရုတ်နိုင်ငံကတော့ ဝဥကို ရသလောက်ဝယ်ပေမယ့် ဂျပန်နိုင်ငံကတော့ သန့်ရှင်းပြီး အရည်အသွေးမီမှ ဝယ်ကြတာလို့ သိရပါတယ်။

**မော်မော်အောင်**

## သကြား

### သကြားဖြူ တန်ခြောက်ထောင်ကျော် တင်ပို့

စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်တာကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက် တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၃ ဒသမ ၇၉၂ သန်း တန်ဖိုးရှိ သကြားဖြူ ၆၃၂၀ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် သကြားဖြူ ၁၂၉၉ တန်ကျော် လျော့နည်းခဲ့ပါတယ်။ ကုန်ကြမ်းရောသကြားရော လက်ကျန်နည်းနေပြီး ဒီဇင်ဘာလလောက်မှာ သကြားကုန်ကြမ်းများ လှိုင်လှိုင်ဝင်လာမယ်လို့ သိရပါတယ်။ ယခုတစ်ပတ် သကြားဈေးနှုန်းမှာ လက်လီတစ်ပိဿာပေါက်ဈေး ကျပ် ၁၃၀၀ ဈေးရှိတယ်လို့ သိရပါတယ်။ **မြင့်မြင့်မာ**

| ၂၈-၉-၂၀၁၅ မှ ၂-၁၀-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 208 | 9,043,369.147 |
| 2 | Form D | 33 | 1,331,887.930 |
| 3 | Form E | 105 | 814,289.060 |
| 4 | Korea GSP | 4 | 175,811.200 |
| 5 | Form AK | 73 | 1,638,492.760 |
| 6 | Form AJ | 12 | 248,719.885 |
| 7 | Form AI | 50 | 3,577,005.450 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **485** | **16,829,575.432** |

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှရော်ဘာ ပိုမိုတင်ပို့

စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်ထိကာလအတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၃၈၂ သန်းဖိုးရှိ ရော်ဘာ ၃၈၅ တန်ခန့် တင်ပို့နိုင်ခဲ့ရာ ယခင်တစ်ပတ်ကထက် ၁၈၅ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဂျပန်နိုင်ငံကို MSR-20 ၉၈ တန်သာ တင်ပို့ခဲ့သော်လည်း ယခုတစ်ပတ်မှာ ဂျပန်နိုင်ငံကို MSR-20 ၁၉၆ တန်နဲ့ RSS-3 ၁၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ စင်ကာပူနိုင်ငံကိုတော့ MSR-20 ၁၇၆ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တင်ပို့မှုပိုမိုရခြင်းဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာပေါက်ဈေးအတက်အကျမရှိသလို မြန်မာ့ရော်ဘာ FOBဈေးလည်း အပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်းရှိတယ်လို့ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀ -၁၀၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀ -၁၀၀၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၇၅၀ - ၈၅၀** |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

### မူဆယ်မှ ရော်ဘာတင်ပို့မှုလျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်နေ့ထိ ရော်ဘာတင်ပို့မှုမှာ MSR-20 ၃၈ တန်ကျော်နဲ့ MSR-50 ၆၅ တန်ကျော်ဖြစ်ပါတယ်။ တန်ဖိုးမှာ ကန်ဒေါ်လာ သုည ဒသမ ၀၉၇ သန်းဖြစ်ပြီး ယခုတစ်ပတ်ရော်ဘာတင်ပို့မှုကတော့ သိသိသာသာလျော့ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ တန် ၇၈၀ ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၇၈ တန်ခန့် လျော့နည်းခဲ့တာဖြစ်ပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးကလည်း ယခုတစ်ပတ်မှာ ထပ်မံကျဆင်းလာပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၇၃၄၀၀၀ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၇၁၇၀၀၀ ကျပ်သို့ ကျဆင်းလာကြောင်း သိရှိရပါတယ်။ ယမန်နှစ်ကာလတူပေါက်ဈေးကတော့ ၁၆၁၆၂၉၀ ကျပ်ဖြစ်တဲ့အတွက် ကာလတူဈေးထက်တော့ မြင့်တက်နေတာ တွေ့ရပါတယ်။ မြိတ်ဒေသပေါက်ဈေးကတော့ RSS-3 တစ်ပေါင်ကို ၆၃၉ ကျပ်နဲ့ RSS-5 တစ်ပေါင်ကို ၅၈၃ ကျပ်ရှိကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# အိန္ဒိယ ရော်ဘာနဲ့ ကော်ဖီကဏ္ဍများတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့် ခွင့်ပြုပေးရန်လိုအပ်

ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ရော်ဘာဘုတ်အဖွဲ့ (Rubber Board)သည် ရော်ဘာ ပင်စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI ရာခိုင်နှုန်းပြည့်ပါဝင်ခွင့် အဆိုပြုချက်ကို ပြန်လည်တင်ပြလိုက်ပါတယ်။ သဘာဝရော်ဘာထွက်ရှိမှုတိုးတက်ရေးအတွက် အဓိကကျတဲ့ စိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံရန်လိုအပ်တယ်လို့ ရော်ဘာအဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားပါတယ်။

ကုန်သွယ်ရေးဌာန၊ စက်မှုဖွံ့ဖြိုးရေးနဲ့ မူဝါဒဌာနကလည်း ရော်ဘာနဲ့ ကော်ဖီစိုက်ပျိုးရေးမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံခွင့်ပေးရန် လိုအပ်တယ်လို့ ဆွေးနွေးကြပါတယ်။ ရော်ဘာဘုတ်အဖွဲ့ နာယကကလည်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဟာ ပြည်တွင်းရော်ဘာလိုအပ်ချက် ပြည့်မီလုံလောက်ရေးအတွက် အရေးကြီးတယ်လို့ဆိုပါတယ်။လတ်တလောမှာ“လက်ဖက်”ကဏ္ဍတွင်သာ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုထားပါတယ်။ အိန္ဒိယနိုင်ငံသို့ ပြည်ပမှ ရော်ဘာတင်သွင်းမှု တစ်နှစ်ထက်တစ်နှစ်မြင့်တက်လျက်ရှိရာ လွန်ခဲ့တဲ့ ၃ နှစ်တာကာလကိုကြည့်ရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြည်ပမှ ရော်ဘာတင်သွင်းမှုဟာ အမြင့်ဆုံးဖြစ်နေပြီး တန်ချိန်အားဖြင့် ၄၄၂၁၃၀ တန်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ၃၆၀၂၆၃ တန်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ၂၆၂၇၅၃ တန် အသီးသီးဖြစ်ပါတယ်။

ပြည်တွင်း ရော်ဘာထွက်ရှိမှုကတော့ လွန်ခဲ့တဲ့ ၁၂ နှစ်ခန့်ကတည်းက ဆက်တိုက်ကျဆင်းလျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ၆၄၅၀၀၀ တန်၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ၇၇၄၀၀၀ တန်ထွက်ရှိခဲ့ပါတယ်။

သုတေသနပြု လေ့လာချက်များအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ထုတ်လုပ်မှု တန်ချိန် ၁ ဒသမ ၃၆ သန်းနဲ့ သုံးစွဲမှု တန်ချိန် ၁ ဒသမ ၇၄ သန်းအထိ တိုးမြင့်လာမယ်လို့ ခန့်မှန်းထားပါတယ်။

ပြည်တွင်းထုတ်လုပ်မှု တိုးမြင့်ရန် အစိုးရအနေနဲ့ အမျိုးသားရော်ဘာမူဝါဒကို အကောင်အထည်ဖော် ဆောင်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ တာယာလုပ်ငန်းများ အပါအဝင် လုပ်ငန်းအမျိုးမျိုးမှ ရော်ဘာသုံးစွဲမှုပမာဏမှာ တန်ချိန် ၁၀၁၈၀၀၀ တန်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သုံးစွဲမှုထက် ၃ ဒသမ ၇ ရာခိုင်နှုန်းကျော် သုံးစွဲမှုမြင့်တက်ခဲ့ပါတယ်။ ကော်ဖီနဲ့ရော်ဘာကဏ္ဍနှစ်ခုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ခွင့်ပြုပေးလိုက်ခြင်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမှာဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ အိန္ဒိယနိုင်ငံသို့ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၃၁ ဘီလီယံ နီးပါးထိရှိခဲ့ပါတယ်။ အစိုးရအနေနဲ့အာမခံကဏ္ဍနဲ့ ကာကွယ်ရေးအပိုင်းမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ထားပါတယ်။ ဒါ့အပြင် ရထားလမ်းပိုင်း၊ ဆောက်လုပ်ရေးနဲ့ ဆေးနဲ့ ဆေးပစ္စည်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ထားပါတယ်။

**CMK**

# ပြည်တွင်းဈေးကွက်တွင် မြေပဲဆီဈေးသိသာစွာမြင့်လာသောကြောင့် စားသုံးဆီ ထုတ်လုပ်သူရောင်းချသူများက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုအပ်လာသည်

ကျော်မြင့်

မြန်မာနိုင်ငံသည် စားသုံးဆီရရှိရန်မြေပဲ၊နှမ်း နေကြာ၊ မုန်ညှင်း၊ ပန်းနှမ်းကိုရေမြေဒေသပေါ် အခြေခံပြီး ရာသီကာလအလိုက် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသတွင်နှစ်ရှည်ဆီအုန်းသီးနှံကိုလည်တိုးချဲ့ စိုက်ပျိုးကြသည်ဟု သိရသည်။

မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ စားသုံးဆီထုတ်လုပ်မှုမှာ ပြည်တွင်းသုံးစွဲမှုကို ဖူလုံရန် ဖြည့်ဆည်းနိုင်ခြင်းမရှိသောကြောင့် ပြည်ပမှ စားအုန်းဆီတင်သွင်းပြီး ဖြည့်စွက်သုံးစွဲကြောင်း သိရှိရသည်။ သို့သော် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသသည် ဆီထွက်သီးနှံကို အဓိကစိုက်ပျိုးထုတ်လုပ်ပြီး စားသုံးဆီပိုလျှံသော ဒေသကြီးဖြစ် သည်။ ပြည်တွင်းဈေးကွက်တွင် ဒေသထုတ်ကုန် မြေပဲဆီ၊ နှမ်းဆီနှင့် ပြည်ပမှတင်သွင်းသည့် စားအုန်းဆီဟူ၍ အဓိကအားဖြင့် စားသုံးဆီသုံးမျိုး ကိုအရောင်းအဝယ်ပြုလုပ်ကြသည်။ စားအုန်းဆီသည် ပြည်တွင်း ဈေးကွက်တွင် ဈေးအချိုဆုံးသော စားသုံးဆီအမျိုးအစားဖြစ်သည်။ စားသုံးသူများသည် မိသားစုဝင်ငွေ (Family income) ကြိုက်နှစ်သက်မှု (Preference) များပေါ် အခြေခံပြီး စားသုံးဆီကိုရွေး ချယ်ဝယ်ယူစားသုံးကြသည်။ ဥပမာ- မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နှမ်းဆီကိုဝယ်လိုအား သိသာစွာနည်းပါးပြီး နှမ်းစိုက်ပျိုးသော မြန်မာနိုင်ငံအလယ်ပိုင်း ဒေသတွင် ကျေးလက် ဒေသနှင့် မြို့ပြ ဒေသများမှနှမ်းဆီကိုနှစ်ခြိုက်စွာဝယ်ယူစားသုံးကြ သည်။ မိသားစုဝင်ငွေနည်းသော စားသုံးသူများသည် ဈေးချိုသော စားအုန်းဆီကို ဝယ်ယူစားသုံးကြသည်။

**ဇယား-၁။ မန္တလေးမြို့တွင်မြေပဲဆီလအလိုက်ပျမ်းမျှ ဈေးပြောင်းလဲမှု ( ၂၀၀၉ မှ ၂၀၁၅)**

| cEp | Ze | az | rw | { | ar | Ze | Z | lo | pu | atmu | E | ' |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ajryq(usy/yom) | | | | | | | | | | | |
| 2009 | 2649 | 2491 | 2456 | 2491 | 2336 | 2418 | 2376 | 2741 | 2758 | 2777 | 2690 | 2751 |
| 2010 | 2954 | 3030 | 3036 | 3128 | 3463 | 3688 | 3512 | 3578 | 3100 | 2927 | 3081 | 3061 |
| 2011 | 3379 | 3693 | 3664 | 3679 | 3672 | 3675 | 3527 | 3514 | 3365 | 3241 | 3295 | 3369 |
| 2012 | 3410 | 3472 | 3606 | 3744 | 3926 | 4238 | 4375 | 4859 | 4716 | 4165 | 3950 | 3911 |
| 2013 | 3835 | 3825 | 3848 | 3958 | 3819 | 3785 | 3800 | 3792 | 3721 | 3796 | 3710 | 3588 |
| 2014 | 3777 | 3679 | 3629 | 3467 | 3500 | 3500 | 3541 | 3996 | 3884 | 4173 | 4215 | 4294 |
| 2015 | 4324 | 4215 | 4542 | 4829 | 4905 | 5279 | 6142 | 7121 | | | | |

ဇယား-၁ ကိုလေ့လာပါက ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဩဂုတ်လထိ ခုနစ်နှစ်တာကာလအတွင်း မန္တလေးမြေပဲဆီဈေးသည် ၂၀၁၅ ခုနှစ်တွင် အမြင့်ဆုံး ဖြစ်လာခဲ့သည်။ မြေပဲဆီတစ်ပိဿာသည် ကျပ်ခုနစ်ထောင် ကျော်ထိဖြစ်လာခဲ့သည်။

**ပုံ-၁။မန္တလေးမြို့တွင်မြေပဲဆီ၊ နှမ်းဆီ နှင့် စားအုန်းဆီ လအလိုက်ပျမ်းမျှဈေး (၂၀၀၉ မှ ၂၀၁၅)**




**ပုံ-၂။ မလေးရှားစားအုန်းဆီလအလိုက် ဈေးပြောင်းလဲမှု ရာခိုင်နှုန်း (၂၀၀၉ မှ ၂၀၁၅)**




၂၀၁၃ ခုနှစ်မှစ၍ နှမ်းဆီဈေးမှာ မြေပဲဆီဈေးထက်ပိုမြင့်လာခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် မြေပဲဆီက နှမ်းဆီထက် ဈေးပိုမြင့်လာခဲ့သည်။ ဇယား-၁ တွင်ဖော်ပြသောမန္တလေးမြေပဲဆီ လအလိုက်ပျမ်းမျှဈေးများကို လအလိုက် ဈေးပြောင်းလဲမှု ရာခိုင်နှုန်းရရှိရန်၊ Logarithmic Price change အခြေခံဖြင့် တွက်ချက်ပြီး၊ မန္တလေး မြေပဲဆီလအလိုက်ဈေးပြောင်းလဲမှု ရာခိုင်နှုန်းကို ဇယား-၂ တွင် ဖော်ပြထားပါသည်။

**ဇယား-၂။ မန္တလေးမြေပဲဆီ လအလိုက်ဈေး ပြောင်းလဲမှု ရာခိုင်နှုန်း**

| cEp | Ze | az | rw | { | ar | Ze | Z | lo | pu | atmu | E | ' |
|---|---|---|---|---|---|---|---|---|---|---|---|---|
| 2009 | -9.57% | -6.16% | -1.42% | 1.42% | -6.42% | 3.45% | -1.75% | 14.30% | 0.59% | 0.70% | -3.17% | 2.23% |
| 2010 | 7.11% | 2.55% | 0.18% | 3.00% | 10.17% | 6.31% | -4.92% | 1.87% | -14.33% | -5.74% | 5.11% | -0.65% |
| 2011 | 9.89% | 8.89% | -0.77% | 0.40% | -0.18% | 0.08% | -4.11% | -0.37% | -4.32% | -3.77% | 1.67% | 2.19% |
| 2012 | 1.22% | 1.79% | 3.78% | 3.76% | 4.75% | 7.66% | 3.17% | 10.50% | -2.99% | -12.42% | -5.31% | -0.99% |
| 2013 | -1.98% | -0.25% | 0.60% | 2.81% | -3.58% | -0.89% | 0.41% | -0.20% | -1.89% | 2.00% | -2.31% | -3.32% |
| 2014 | 5.12% | -2.62% | -1.38% | -4.57% | 0.96% | 0.00% | 1.16% | 12.09% | -2.84% | 7.18% | 1.00% | 1.86% |
| 2015 | 0.70% | -2.55% | 7.47% | 6.13% | 1.56% | 7.35% | 15.14% | 14.79% | | | | |

Logarithmic price change= LN ( P2/P1) ,LN= return the natural logarithm of a number

၂၀၀၉ခုနှစ်မှ၂၀၁၅ခုနှစ်ထိ (၇) နှစ်တာကာ လအတွင်း၊ ၂၀၁၅ ခုနှစ်တွင် အမြင့်ဆုံးအဖြစ်၁၅ ရာခိုင်နှုန်းကျော်ထိဈေးမြင့်လာခဲ့သည်။ ဇယား-၂၊ ပုံ-၃ နှင့် ပုံ-၄ ကိုကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၃။မန္တလေးမြေပဲဆီ၊ လအလိုက်ပျမ်းမျှ ဈေးပြောင်းလဲမှု (၂၀၀၉ မှ ၂၀၁၅)**




**ပုံ-၄။ မန္တလေး မြေပဲဆီလအလိုက် ဈေးပြောင်းလဲမှု ရာခိုင်နှုန်း (၂၀၀၉ မှ ၂၀၁၅)**




ဇာစ်မြစ် - www.etrademyanmar.com.

မြေပဲဆီသိသာစွာ ဈေး (A surge in Groundnut Oil Price ) မြင့်လာသောကြောင့် ပြည်တွင်းဈေးကွက်တွင် စားသုံးသူများအား စားသုံးဆီထုတ် လုပ်သူရောင်းချသူအချို့က မြေပဲဆီနှင့် စားအုန်းဆီရောပြီး၊ မြေပဲဆီဟုခေါ်ဝေါ်ရောင်းချခြင်း၊စားအုန်းဆီကိုမြေပဲဆီအနံ့ထည့်ပြီး မြေပဲဆီဟုခေါ်ဝေါ်ရောင်းချခြင်းဖြင့် စားသုံးသူများအား မရိုးမသား ရောင်းချမှုများဖြစ်ပေါ်လာသည်ဟုဈေးကွက် သတင်းများအရ သိရှိရသည်။ စီးပွားရေးသတင်း ဂျာနယ်အတွဲ ၁၅၊ အမှတ်စဉ် ၃၅ အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စက်တင်ဘာ လ ၁၀ ရက်နေ့ တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)တွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ ၃/ ၂၀၁၅ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်း အဝေးကိုကျင်းပပြုလုပ်ခဲ့ကြောင်းသိရှိရသည်။ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ အရေးယူပိုင် ခွင့်ရှိသည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သတိပြုဖတ်ရှုရပါသည်။

စားသုံး၍ရသောဆီ များရောခြင်းမှ ရရှိသော စားသုံးဆီကို (Blended edible oil) ဟုခေါ်ဝေါ်ပါသည်။ ဥပမာမြေပဲဆီ နှင့် စားအုန်းဆီ ရောထားသော စားသုံးဆီကို (Blended edible oil) ဟုခေါ်ဝေါ်သည်။ စားသုံး၍ရသော စားသုံးဆီများရောပြီးရောင်းချခြင်းများကို အိမ်နီးချင်း တရုတ်၊ မလေးရှားနိုင်ငံဈေးကွက်များတွင်ရှိသည်ဟု လေ့လာသိရှိရပါသည်။ အဓိကကျသော အချက်မှာ စားသုံးသူအားရောထားသော စားသုံးဆီ (Blended edible oil) ဖြစ်ကြောင်း အသိပေးရန် သို့မဟုတ်သိရှိစေရန်အတွက် စားသုံးဆီ ထုတ်လုပ်သည့် ဆီစက်လုပ်ငန်းဆောင်ရွက်သူ (Oil Millers) စားသုံးဆီ လက်ကား ရောင်းချသူများ (Edible Oil Wholesalers )က စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေနှင့်အညီမဖြစ်မနေဆောင်ရွက်ရန်လိုအပ်လာပါသည်။

စားသုံးသူများက ဆက်လက်ဖြစ်ပေါ်နိုင်သော မေးခွန်းများ (Possible Questions) ရှိလာနိုင်ပါသည်။ ဥပမာမြေပဲဆီနှင့် စားအုန်းဆီရောထားသောစားသုံး ဆီဆိုပါက မြေပဲဆီ ၁၀ကျပ်သား၊ စားအုန်းဆီ ၉၀ ကျပ်သားရောထားသည့် စားသုံးဆီလား မြေပဲဆီ ၅၀ ကျပ်သား၊ စားအုန်းဆီ ၅၀ ကျပ်သားရောထားသည့် စားသုံးဆီလား စသည်ဖြင့် မေးမြန်းစူးစမ်းလာနိုင် ပါသည်။ ဥပမာမြေပဲဆီနှင့် စားအုန်းဆီရောထားသော စားသုံးဆီကို (Blended Edible Oil) တွင်ရောင်းဈေးနှုန်းကွာခြားမှုအလိုက် မည်သည့် စားသုံးဆီအမျိုးအစားက ပိုပြီးပါဝင်ရောထားသည့် တံဆိပ် (Blended Edible Oil Brand) အမျိုးအစား ဖြစ်သည်ကို စားသုံးသူများ သိရှိပြီး ရွေးချယ်ဝယ်ယူစားသုံးနိုင်မည်ဖြစ် ပါသည်။ ဥပမာ မြေပဲဆီ ၅၀ကျပ်သား၊ စားအုန်းဆီ ၅၀ ကျပ်သား ရောထားသည့် စားသုံးဆီသည် မြေပဲဆီ ၁၀ ကျပ်သား၊ စားအုန်းဆီ ၉၀ကျပ်သားရောထားသည့် စားသုံး ဆီထက်ရောင်းဈေးပိုမြင့်ခြင်းဖြင့် ထုတ်လုပ်ရောင်းချသူက မိမိထုတ်လုပ်သည့် တံဆိပ် (Brand) တွင်မည်သည့်ဆီအမျိုးအစားများ ပါဝင် ရောနှောထားသည်ကို စားသုံးသူများသိရှိစေရန်ဖော်ပြလျက် ဈေးကွက်သို့ ဖြန့်ဖြူးသင့်ကြောင်း စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။

# စားသုံးသူပြည်သူတွေ ပြုံးပျော်ရမယ့် အချိန်တွေ ရောက်လာတော့မည်

မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေဟာ အစားအသောက်တွေရဲ့ဘေးထွက်ဆိုးကျိုးတွေကို ခံစားနေကြရတာအားလုံးအသိပဲဖြစ်ပါတယ်။ နေ့စဉ်စားသောက်နေတဲ့အစားအစာတွေထဲမှာ ခွင့်မပြု ဆိုးဆေးတွေ၊ တာရှည်ခံအောင်ထည့်သွင်းရတဲ့ဆေးတွေ၊ ဓာတုဗေဒနည်းနဲ့ ပြုပြင်ဖန်တီးထားတဲ့ စားသောက်ကုန် တွေကြောင့် မြန်မာပြည်သူတွေဟာ ရောဂါအမျိုးမျိုးကိုခံစားနေကြပြီဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အစိုးရက စားသုံးသူအကာအကွယ်ပေးရေးဥပဒေကိုပြဋ္ဌာန်းပြီး စားသုံးသူ ပြည်သူတွေကောင်းကျိုးတွေရရှိစေဖို့ လုပ်ဆောင်ပေးနေပြီဖြစ်ပါတယ်။

၂၀၁၅ခုနှစ်၊ ဩဂုတ်လ၃၀ ရက်နေနဲ့ ၃၁ရက်နေ့က ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မှာ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှဦးစီးပြီး မြန်မာနိုင်ငံ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးအန္တရာယ် ကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နှီးနွှယ်ပတ်သက်နေတဲ့ ပုဂ္ဂိုလ်များအားလုံး စုပေါင်း နည်းလမ်းများရှာဖွေဖော်ထုတ်နိုင်ရန် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်းနဲ့ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုန်သည်အသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက် ဆွေးနွေးခဲ့ကြတယ်လို့ သိရှိခဲ့ရပါတယ်။

အဲ့ဒီဆွေးနွေးပွဲမှာ အုပ်စု(၃)စုခွဲပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ပြည်သူတွေ ကျယ်ပြန့်ရှင်းလင်းစွာသိရှိနိုင်ရန် နည်းလမ်းများရှာဖွေ ဖော်ထုတ်ခြင်း၊နှီးနွှယ်ဆက်စပ်တဲ့ မိတ်ဖက်ဌာန/ အဖွဲ့အစည်းတွေနဲ့ ဟန်ချက်ညီပေါင်းစပ်ညှိနှိုင်းနိုင်မယ့် နည်းလမ်းတွေ ရှာဖွေဖော်ထုတ်ခြင်းနဲ့ အများပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်မီတဲ့ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များကို ရရှိသုံးစွဲနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲမှုနည်းလမ်းများကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်နိုင်မယ့် နည်းလမ်းကောင်းတွေ ရှာဖွေဖော်ထုတ်ခြင်းတို့ကို ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးတဲ့အထဲမှာဈေးကွက်အတွင်းစံမမီ၊အရည်အသွေးမမီ၊ အတုအပ ပစ္စည်းတွေသာမက တရားမဝင် တင်သွင်းလာတဲ့ အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းတွေ ဈေးကွက်ထဲမှာ တွေ့ရှိနေရတဲ့ ကိစ္စတွေ၊ ဆေးဝါးအတု တိုက်ဖျက်ရေးကိစ္စ၊ ရေသန့်ကိစ္စ၊ ပြန်ကြော်ဆီ ကိစ္စ၊ FDA Website ထူထောင်ရေးကိစ္စ၊ အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်များ၏ အန္တရာယ်ကင်းရှင်းရေးအတွက် ကွန်ရက်တည်ထောင်သွားရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြတယ်လို့ ကြားသိရပါတယ်။

ဒီဆွေးနွေးပွဲရဲ့ ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်တဲ့အနေနဲ့ စက်တင်ဘာလ ၂၅ ရက်နေ့မှာ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဦးစီးကျင်းပပြုလုပ်တဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ မိတ်ဖက်ဌာန၊ အဖွဲ့အစည်းများနဲ့ ကွန်ရက်ဆိုင်ရာ လုပ်ငန်းများအားရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့၊ မင်းကျောင်းလမ်းမှာရှိတဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲ ရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ) မှာ ကျင်းပပြုလုပ်ခဲ့ပြီး မိတ်ဖက်ဌာနတွေ၊ ကုန်သည်အသင်းအဖွဲ့တွေ၊ ပရဟိတအဖွဲ့အစည်းတွေက တာဝန်ရှိသူတွေပါဝင်တဲ့ ကွန်ရက်တစ်ခုကို ဖွဲ့စည်းခဲ့ပါတယ်။ အဲ့ဒီကွန်ရက်အောက်မှာ အစားအသောက်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဆေးဝါးလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းအဖွဲ့နဲ့ ဆေးပစ္စည်း၊အလှကုန်၊လူသုံးကုန်ပစ္စည်းများ လုံခြုံစိတ်ချ ရမှုဆိုင်ရာလုပ်ငန်း အဖွဲ့ စတဲ့လုပ်ငန်းအဖွဲ့ သုံးဖွဲ့ ထပ်မံဖွဲ့စည်းပြီး ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိခဲ့ရပါတယ်။

ဒီကွန်ရက်အဖွဲ့နဲ့ လုပ်ငန်းအဖွဲ့ သုံးဖွဲ့အနေနဲ့ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိတဲ့ ရေသန့်တွေ၊ စားသုံးဆီ၊ ပြန်ကြော်ဆီတို့ကို ဦးစားပေးလုပ်ဆောင်သွားမယ့်အပြင် ဆေးဝါးများကိစ္စကိုလည်း ဈေးကွက်အတွင်း ကွင်းဆင်းလုပ်ဆောင်သွားဖို့၊ ရေသန့်ကို တစ်လသုံးကြိမ် စစ်ဆေးမှုများဆောင်ရွက် သွားမှာဖြစ်ပြီး ရန်ကုန်မြို့မှာ အရင်လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ ဆီကိုတော့ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးတို့မှာ စစ်ဆေးသွားမှာ ဖြစ်ကြောင်း၊ ဆေးဝါးလုံခြုံစိတ်ချရမှုနဲ့ပတ်သက်လို့ ကွင်းဆင်းဆောင်ရွက်မှုတွေကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ ရှမ်းပြည်နယ်တို့မှာ ယခုဘဏ္ဍာနှစ်အတွင်း နှစ်ကြိမ်စီပြုလုပ်သွားမှာဖြစ်ပြီး ရန်ကုန်မြို့မှာ အောက်တိုဘာလမှ စတင်လုပ်ဆောင် သွားမှာဖြစ်ကြောင်းနဲ့ နောက်ပိုင်းမှာအဲ့ဒီလုပ်ငန်းတွေအားလုံးကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်ဆောင်သွားမှာဖြစ်တယ်လို့ သိရှိရပါတယ်။ ဒ့ါအပြင်မြို့နယ်များအတွင်းမှာရှိတဲ့ ကွမ်းယာဆိုင်တွေမှာ စပ်ဆေးများရောင်းချနေမှုကို တရားဥပဒေအရ အရေးယူသွားမှာဖြစ်တဲ့အကြောင်း၊ ကြေညာချက်ထုတ်ပြန်ပြီးနောက် အရေးယူဆောင်ရွက်မှုတွေကို ပြုလုပ်သွားမှာဖြစ်ကြောင်း၊ FDA Website ကိုလည်း ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် နေ့က စတင်တည်ထောင်ခဲ့ပြီး အဲ့ဒီ Websiteမှာ တရားဝင် မှတ်ပုံတင်ပြုလုပ်ပြီး ဖြစ်တဲ့ စားသောက်ကုန်၊ ရေသန့်၊ ဆေးဝါးစတဲ့အမယ်တွေကို တင်ထားပေးသွားမယ်လို့ သိရှိခဲ့ရပါတယ်။

အဲ့ဒီတော့ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေနဲ့ ကွန်ရက်အဖွဲ့တွေ၊ လုပ်ငန်းအဖွဲ့တွေ ဖွဲ့ပြီးရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေကြောင့် ပြည်သူတွေအနေနဲ့ လုံခြုံစိတ်ချရမှုရှိတဲ့၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းတဲ့ အစားအစာတွေ၊ ဆေးဝါးတွေ၊ အလှကုန်တွေကို ဝယ်ယူစားသုံး သုံးစွဲနိုင်တော့မှာဖြစ်ပါတယ်။ ဒ့ါအပြင် FDA Website ကနေ တရားဝင်မှတ်ပုံတင်ပြုလုပ်ပြီးဖြစ်တဲ့ စားသောက်ကုန်၊ ရေသန့်၊ ဆေးဝါးစတဲ့အမယ်တွေကို ထုတ်လွှင့်ကြေညာပေးမှာဖြစ်တာကြောင့် စားသုံးသူပြည်သူတွေအနေနဲ့လည်း ဈေးကွက်ထဲမှာ ရောင်းချနေတဲ့ ကုန်ပစ္စည်းတွေထဲမှာ ဘယ်ဟာတွေက တရားဝင်မှတ်ပုံတင်ထားတာ ဖြစ်တဲ့အတွက် ယုံကြည်စိတ်ချစွာ ဝယ်ယူအသုံးပြုနိုင်မယ်၊ ဘယ်ဟာတွေက တရားဝင်မှတ်ပုံတင်ထား တာမဟုတ်လို့ မိမိတို့အတွက် ဘေးဥပဒ်အန္တရာယ်ရှိလာနိုင်မယ်ဆိုတာကို သိရှိရှောင်ရှားပြီး ရွေးချယ် ဝယ်ယူနိုင်တဲ့ အခွင့်အရေးတွေ ရရှိလာမှာဖြစ်ပါတယ်။

လက်ရှိဈေးကွက်အတွင်းမှာဆိုရင်လည်း တရားဝင် ဝင်ရောက်လာတဲ့ ကုန်စည်တွေ၊ တရားမဝင် ဝင်ရောက်လာတဲ့ ကုန်စည်တွေများပြားနေတဲ့အပြင် တရားဝင်မှတ်ပုံတင်ထားတဲ့ ကုန်စည်တွေ၊ မှတ်ပုံမတင်ထား တဲ့ကုန်စည်တွေ အများအပြားကိုလည်း တွေ့မြင်နေရပါတယ်။ ဒီလိုများပြားလှတဲ့ အမယ်တွေကို ဘက်စုံထောင့်စုံကနေ အရှိန်အဟုန်မြှင့်ပြီး ဌာနဆိုင်ရာတွေရော၊ အသင်းအဖွဲ့တွေရော ပူးပေါင်းပြီး လုပ်ဆောင်လာတဲ့အတွက် ဟိုးအရင်ကထက်စာရင် ပိုမိုအောင်မြင်မှုတွေရရှိလာတော့မှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီလိုများပြားလှတဲ့အမယ်တွေထဲက စားသုံးသူပြည်သူတွေအတွက် မဖြစ်မနေ ဝယ်ယူစားသုံးရမယ့် ဆီတွေ၊ ရေသန့်တွေ၊ ကျန်းမာရေးအတွက် လိုအပ်လာရင် ဝယ်ယူအသုံးပြုရမဲ့ ဆေးဝါးတွေကို စတင်အရေးယူလုပ်ဆောင်တော့မယ့်အပြင် ယနေ့ခေတ် လူငယ်လူရွယ်တွေသာမက အလှအပကို ခုံမင်မြတ်နိုးတဲ့ အသက်အရွယ်မရွေး ယောကျ်ား၊ မိန်းမမရွေး လူတန်းစားတစ်စုက ဝယ်ယူအသုံးပြုနေတဲ့ အလှကုန်ပစ္စည်းတွေကိုပါ အရေးယူဆောင်ရွက်တော့မှာ ဖြစ်တဲ့အတွက် စားသုံးသူပြည်တွေဟာမကြာမီကာလတစ်ခုမှာ စားသောက်ကုန်၊ဆေးဝါး၊ အလှကုန်ပစ္စည်းတွေကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ ဝယ်ယူစားသုံးမှု၊ အသုံးပြုမှုတွေ ပြုလုပ်လာနိုင်တော့မှာဖြစ်ပါတယ်။

ဒ့ါအပြင် ကျန်တဲ့ကုန်စည်တွေဖြစ်တဲ့ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ တီဗီ၊ ဟန်းဖုန်း အစရှိတဲ့ ကုန်စည်တွေအပြင် ကျန်းမာရေးဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှု ကိစ္စတွေကို နိုင်ငံတော်မှပြဋ္ဌာန်းထုတ်ပြန်ပေးခဲ့တဲ့ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနဲ့လည်း စားသုံးသူပြည်သူတွေအတွက် အပြည့်အဝအကာအကွယ်ပေးနိုင်အောင် ဆောင်ရွက်ပေးမယ်ဆိုရင် မြန်မာနိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ စားသုံးသူပြည်သူတွေအားလုံး သက်ရှည်ကျန်းမာပျော်ရွှင်စွာနဲ့ နေထိုင်သွားရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာ အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်သွားနိုင်ကြမယ်လို့ ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါတယ်။

**မောင်မျိုးချစ်**

## ပေါင်းတည်မြို့မြတ်စွယ်တော်ပွဲဈေးတန်းရှိ မုန့်ဈေးဆိုင်များအား စားသုံးသူအကာအကွယ်ပေးရေးအတွက်သွားရောက်စစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံး သူရေးရာဦးစီးဌာန၊ ပြည်ခရိုင် ဦးစီးမှူးရုံးက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း များအား အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အောက်တိုဘာလ ၁ရက်နေ့တွင်ပြည် ခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးထွန်းမင်းထွန်း၊ ပေါင်းတည်မြို့နယ်တာဝန်ခံ ဒုတိယဦးစီး မှူး ဦးအောင်မြင့်ငွေ နှင့်ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တာဝန် ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း ပါဝင်၍ ပေါင်းတည်မြို့ရှိ မြတ်စွယ်တော် ပွဲဈေးတန်းအတွင်း ရောင်းချနေသော စားသောက်ဆိုင်များသို့ သွားရောက်၍ ရက် လွန်အစားအသောက်များရောင်းချခြင်း မရှိစေရန်နှင့် အစားအသောက်များရောင်းချရာတွင် သန့်ရှင်းမှုနှင့် လတ် ဆတ် မှုရှိစေရေးအတွက် မြေပြင် ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြပြီး၊ ဈေးဆိုင်ပိုင်ရှင်များအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး လက်ကမ်း စာစောင်များဝေငှခြင်းနှင့် ပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စားသုံးသူရေးရာ (ပြည်)**



# ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့ အ ∙ ထ ∙ က ကျောင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်စားသုံးသူရေးရာ ပညာပေးသင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်း ဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့ အထက ကျောင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စားသုံးသူရေးရာပညာပေးသင်တန်းကို စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဖွင့်လှစ်ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးနှင့် တာဝန်ရှိဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်း ဦးစီးမှူး ဒေါက်တာမျိုးထွန်းကျော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်လှဲ့လှဲ့ဝင်း၊ ရေကြည်မြို့နယ် ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်၊ စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သန်း၊ ငါးသိုင်းချောင်းမြို့မှ မြို့မိမြို့ဖများ၊ ကျောင်းအုပ် ဆရာကြီးဦးကျော်နိုင်နှင့် ဆရာ၊ ဆရာမများ၊ စုစုပေါင်း ၄၈၅ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးက ဌာန၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသမှလူငယ်လူရွယ်များ၊ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအကြောင်းကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ စားသုံးသူများ နစ်နာမှုရှိပါကတိုင်ကြားနိုင်ပါကြောင်း၊ အစားအ သောက်နှင့် ပတ်သက်၍ ၈၅ ရာခိုင်နှုန်းမှာ ကင်ဆာရောဂါ ဖြစ်ပွားလျက်ရှိပါကြောင်းအကျယ်တဝင့် ပြောကြားခဲ့ပါသည်။




အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါက်တာမျိုးထွန်းကျော်က ဌာန၏ ဆောင်ရွက်ချက်များနှင့် အမျိုးသားဆေးဝါးဥပဒေ(၁၉၉၂)၊ အမျိုးသားအစားအသောက်ဥပဒေ(၁၉၉၇)ဆိုင်ရာဗဟုသုတများ၊ ဈေးများအတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်များတွင် ဓာတုဆိုးဆေးများ၊ ပိုးသတ်ဆေးများ၊ ဆေးဝါးအတုများ၊ အန္တရာယ်ဖြစ်စေသော ဆိုးကျိုးများကို လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHOမှ သတ်မှတ်ထားသော အစားအသောက်များရောဂါအန္တရာယ်ကာကွယ်နည်း ငါးရပ်ကို လည်းကောင်း၊ မည်သည့်အစားအစာကိုမဆို တာရှည်ခံအောင်ပြုပြင်စားသုံးခြင်းထက် သန့်ရှင်းလတ်ဆက်သော အစားအစာများကို စားသုံးခြင်းက ကျန်းမာရေးနှင့် ညီညွတ်မှုရှိကြောင်း ဆွေးနွေးခဲ့ပါသည်။

ကျောင်းအုပ်ဆရာကြီး ဦးကျော်နိုင်က အခုလိုကျေး လက်ဒေသဖွံ့ဖြိုးရေးနှင့် စားသုံးသူရေးရာ ပညာပေးသင်တန်းဖွင့်လှစ်ဟောပြောခြင်းကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင် ထုတ်ပြန်ကြေညာထားသော စားသုံးရန်မသင့်သည့် အစား အစာများ ရောင်းချမှုရှိ/မရှိ စစ်ဆေးခဲ့ပြီး စားသုံးရန်မသင့် အစားအစာပါ စာရွက်စာတမ်းများ၊ စားသုံးသူအကာအကွယ်ပေးရေးစာအုပ်များနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသတင်းရရှိပါသည်။

မြင့်အောင် - ပုသိမ်

# ဆင်မလိုက်ဈေးတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်နှင့်ဆေးဝါးများ ဝယ်ယူစားသုံးနိုင်ရေးကိုရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှအရာထမ်း၊အမှုထမ်း များသည်အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ မြောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ ဈေးများဌာန၊ ခရိုင်မှူး၊ ဆင်မလိုက်ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးသာယာရေးအဖွဲ့ဝင်များ၊ ဈေးမိ၊ ဈေးဖများနှင့်ပူးပေါင်း၍ စက်တင်ဘာလ ၂၉ရက်နေ့ နံနက်က ကမာရွတ်မြို့နယ် (ဆင်မလိုက်ဈေး)ကော်မတီရုံးတွင် ဈေးရောင်းချသူများအားတွေ့ဆုံ၍ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ ဈေးဆိုင်များ၌ ရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။



ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ ဈေးများဌာန၊ ခရိုင်မှူး ဦးဇော်ဝင်းမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင်ပါရှိသည့် စားသုံးသူအကာအကွယ်ပေးရေး အဓိပ္ပာယ်နှင့် စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ ထုတ်လုပ်ရောင်းချသူစီးပွားရေးလုပ်ငန်းရှင်၏ အဓိပ္ပါယ်၊ စီးပွားရေး လုပ်ငန်းရှင်များအခွင့်အရေးနှင့်တာဝန်၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဒု-ကြီးကြပ်ရေးမှူး ဒေါ်အိရတနာခိုင်က မိမိဌာန၏ လုပ်ဆောင်ချက်များကို ပြောကြားပြီး သဘာဝဆိုးဆေး၊ ဓါတုဆိုးဆေး နှစ်မျိုးရှိကြောင်း၊ ဓါတုဆိုးဆေးကို အချို့သော ငရုတ်သီးမှုန့်၊ လက်ဖက်၊ ငါးပိများတွင် ထည့်သွင်းထုတ်လုပ်ထား၍ စားသုံးသူများအတွက် ကင်ဆာရောဂါ၊ အစာအိမ်ရောဂါများဖြစ်စေ၍ မရောင်းချစေလိုကြောင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်း မပြည့်မီသည့်ဆီများကို ရောင်းချခြင်းမပြုရန်နှင့် ဈေးသူ/ဈေးသားများမှလည်း မိမိရောင်းချသည့် ပစ္စည်းများ အရောင်ပျက်နေသည့်ပစ္စည်း၊ ရက်လွန်ပစ္စည်းများမရောင်းချကြရန် ပြောကြားသွားပါသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းနိုင်မှ ဆိုးဆေးများကို မသုံးသင့်ကြောင်း၊ ရက်လွန်ပါဝင်ပစ္စည်းနှင့် FDA ခွင့်ပြုချက်မရသော အစားအစာများ၊ ဆေးဝါးများ၊ အလှကုန်များကို မသုံးသင့်ကြောင်း၊ ဓာတ်မြေဩဇာပါ အသီးအရွက်များကို စားသုံးရန်မသင့်ကြောင်း ပြောကြားသွားပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းသိန်းက တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်ဖြစ်သည့် စားအုန်းဆီများကို ပြည်ပမှ တင်သွင်းခွင့်မပြုသင့်ကြောင်းနှင့် စားသုံးသူများကိုဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် ကုန်စည်များကို တစ်ဆင့်ပြန်လည်ရောင်းချသူများထက် ထုတ်လုပ်သည့် ပင်ရင်းနေရာများ၊ ဒိုင်များကို ဖမ်းဆီးသင့်ကြောင်း တင်ပြဆွေးနွေးမှုအပေါ် အမှတ်တံဆိပ်တွင် မြေပဲဆီအမည်ခံပြီးအခြားဆီများနှင့် ရောနှောရောင်းချနေမှုကို ဌာနအနေဖြင့် စားသုံးသူပြည်သူများ သိရှိအောင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စားသုံးဆီကို နိုင်ငံတော်မှ စံချိန်စံညွှန်းနှင့်အညီ တင်သွင်းခြင်းဖြစ်ကြောင်းနှင့် ကျန်းမာရေးအရ ဆင်ခြင်စားသုံးသင့်ပါကြောင်း၊ အဓိကပင်ရင်းကိုတားဆီးနိုင်ဖို့ဆိုလျှင် ဝယ်ယူရောင်းချသည့်သူက သတင်းပေးရန်လိုကြောင်း စားသုံးသူ/ ထုတ်လုပ်သူများမှ မိမိတို့၏ အခွင့်အရေးနှင့်တာဝန်၊ တားမြစ်ချက်များကို လိုက်နာကြစေလိုကြောင်း၊ မိမိတို့ဥပဒေအရ စားသုံးသူပြည်သူများကို ကုန်စည်၊ ဝန်ဆောင်မှုကိစ္စရပ် များကိုပါ အကာအကွယ်ပေးရမည်ဖြစ်ပါကြောင်း စားသုံးသူ ဘက်မှမှန်နေလျှင် လိုအပ်သည့်အထောက်အထားအပြည့်အစုံဖြင့် တိုင်ကြားနိုင်ကြောင်းအကျယ်တဝင့် ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါသည်။

ကွင်းဆင်းဆောင်ရွက်ခဲ့သည့် ကမာရွတ်မြို့နယ် (ဆင်မလိုက်ဈေး) သည် ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ရှိပြီး စားသောက်ကုန်၊ လူသုံးကုန်၊ ငပိ၊ ငါးခြောက်၊ ငံပြာရည်၊ အလှကုန်၊ ဆေးဝါး၊ စားသုံးဆီနှင့် ကုန်ပစ္စည်းမျိုးစုံ ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

**နုနုအောင် (စားသုံးသူ)ရန်ကုန်**

## နတ္တလင်းမြို့နယ် အခြေခံပညာမူလွန်(ဗဟို) ကျောင်းတွင် စားသုံးသူအကာအကွယ် ပေးရေးဆွေးနွေးပွဲနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ သာယာဝတီခရိုင်ဦးစီးမှူး၏ လမ်းညွှန်ချက်အရ စက်တင်ဘာလ ၂၄ ရက်နေ့ နံနက် ၀၉း၃၀နာရီတွင် နတ္တလင်းမြို့၊ ဗိုလ်ရုံလမ်း၊ အခြေခံပညာမူလွန် (ဗဟို) ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်ခဲ့ပါသည်။ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံဦးသန်းဦးမှ ကျောင်းမုန့် ဈေးတန်းများတွင် ဈေးပေါပေါဖြင့် ခေါက်ဆွဲခြောက်ထုတ်များ၊ အချိုလွန်ကဲသော အစားအသောက်ပစ္စည်းများ၊ သက်တမ်းလွန်နေသောမုန့်များ၊ ဆိုးဆေးပါဝင်မှုများသောဝေဖာနှင့် ရောင်စုံဂျယ်လီချောင်းများ၊ စားသောက်ခြင်းမပြုရန်၊ အစားအသောက်များတွင် မသုံးသင့်သောဆိုးဆေးများနှင့် တာရှည်ခံဆေးများ အသုံးပြုခြင်းကြောင့် ကင်ဆာကဲ့သို့ ရောဂါရရှိနိုင်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အရည်အသွေးကောင်းမွန်၍ အာမခံချက်ရှိသော အစားအသောက်များကို ရွေးချယ်ဝယ်ယူ စားသောက်တတ်စေရန် အသိပညာပေးဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေနှင့် ဆရာ၊ ဆရာမများက ကျောင်းမုန့်ဈေးတန်းရှိ ဈေးသည်များအား နိုင်ငံပိုင် သတင်းစာများတွင် ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသော အန္တရာယ်ဖြစ်စေသော မုန့်များရောင်းချခြင်း မပြုရန် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

**ခိုင်ခိုင်ရီ ၊ စားသုံးသူ**

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၅-၁၀-၂၀၁၅ မှ ၁၁-၁၀-၂၀၁၅ ရက်နေ့ထိ
ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အိုးအိမ်နှင့် ပတ်သက်၍ ထူးခြားမှုများကြုံမည်။ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများမှ အမြတ်များရရှိခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်း၊ ငွေကြေးအဆင်ပြေခြင်း၊ ဂုဏ်သိက္ခာ တိုးတက်ခြင်းများရရှိမည်။ ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ အဆင်မပြေတတ်ပါ။ မိသားစုနှင့်ပတ်သက်ပြီးအဆင်ပြေပျော်ရွှင်မှုများရရှိမည်။ သားသမီးများ ရရှိတတ်မည်။ အချစ်ရေး ရှုပ်ထွေးသောကာလဖြစ်သည်။ အိမ်ထောင်ရေး အဆင်မ ပြေ တတ်ပါ။ ကျန်းမာရေး အနာပေါက်ခြင်း၊ အပူလောင်ခြင်း၊ ထိခိုက်တတ်ခြင်း ဖြစ်တတ် ပါသည်။

**ယတြာ။ ကြေးဖလားတွင် ရေထည့်ပြီး လိုရာဆုတောင်းပြီးလှူဒါန်းပါ။**



**တနင်္လာသားသမီးများအတွက်** ခရီးယာယီသွားရတတ်သည်။ ကျန်းမာရေးလေနှင့်ပတ်သက်သော ရောဂါ၊ ဗိုက်နှင့်ပတ်သက်သော ရောဂါများဖြစ်ပွားတတ်မည်။ အသင်းအဖွဲ့များတွင် ပါဝင်သော သူများ စိတ်အနှောင့်အယှက်ဖြစ်စရာများ စကားများရခြင်းများ ကြုံ မည်။ မိသားစုနှင့် အခန့်မသင့်ဖြစ်ပြီး စိတ်ညစ်ညူးနေတတ်မည်။ အချစ်ရေးကောင်းမည်။ အိမ်ထောင်ကျကိန်းရှိမည်။ မိမိအိမ်တွင်း အိမ်ပြင် သန့်ရှင်းရေးပြုလုပ်ပေးခြင်းကို ကိုယ်တိုင်ပြုလုပ်ပါ။ အကျိုးဆောင်လုပ်ငန်း၊ ယာဉ်စက်ပစ္စည်းလုပ်ငန်းလုပ်သူများ အဆင် ပြေမည်။ **ယတြာ။ ဘုရားတွင် ယပ်တောင် ၃ လက် လှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** ဓာတ်သတ္တုတူးဖော်ခြင်း၊ ရောင်းဝယ်ခြင်း၊ သယံဇာတပစ္စည်းများရောင်းဝယ်သူများ အဆင်ပြေမည်။ ဆီဆိုင်လုပ်ငန်း စက်ပစ္စည်းရောင်းဝယ်ခြင်းလုပ်ငန်း လုပ်ကိုင်သူများ အခက်အခဲအနှောင့်အယှက်ရှိမည်။ ရန် ပေါ်များနေမည်။ မိမိအပေါ် အမြင်မကြည်လင်ခြင်း၊ စိတ်တိုင်းမကျသူများနှင့် အတူနေထိုင်လုပ်ကိုင်နေရတတ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးမျှော်မှန်းထားသော အခြေအနေများမှ မမျှော်လင့်ထားသော အခြေအနေများရှိတတ်မည်။ မထင်မှတ်ဘဲ ငွေကြေးအစုလိုက် အပုံလိုက် ရရှိတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး ခေါင်းနှင့်ပတ်သက်သောရောဂါ၊ ထိခိုက်မိသောရောဂါ၊ သွေးထွက်သံယိုရောဂါများ အာရုံကြောရောဂါများ ဖြစ်တတ်မည်။ **ယတြာ။ ဘုရားတွင် ရေသပ္ပာယ်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ခရီးသွားလုပ်ငန်း၊ လေယာဉ်လက်မှတ်ရောင်းလုပ်ငန်း၊ ဘုရားဖူး ခရီးသွားလုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ၊ အပန်းဖြေပန်းခြံ ကန်ထရိုက်လုပ်ငန်းများမှ အကျိုးဖြစ်ထွန်းမည်။ အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင် သူများ အဆင်မပြေတတ်သေးပါ။ အတိုက်အခံရန်ပေါ်များနေတတ်မည်။ အတူနေမိသားစုမှ မိမိအား အထင်သေးစွာ ဆက်ဆံခံရတတ်မည်။ မိသားစုအတွင်း လုပ်ငန်းအတွင်း ရန်ပေါ်များ မည်။ ပညာရေးကောင်းမည်။ အချစ်ရေး၊ အိမ်ထောင်ရေး မထင်မှတ်ဘဲ အိမ်ထောင်ပြုရတတ်မည်။ ကျန်းမာရေးခြေဆစ်လက် ဆစ်ကိုက်ရောဂါ၊ အာရုံကြောရောဂါ၊ ကြွက် တက်ခြင်းရောဂါများ ဖြစ်တတ်မည်။

**ယတြာ။ လမ်းမပေါ်တွင် တွေ့ရသော အမှိုက်များကို ကောက်ပြီးရှင်းလင်းပေးပါ။**



**ကြာသပတေးသားသမီးများအတွက်** ငွေကြေးအခက်အခဲများ ရှိတတ်မည်။ ဒါပေမယ့် အောင်မြင်မည်။ ခဏတာအတွင်း အဆင်ပြေမည်။ စာပေအနုပညာလုပ်ငန်းများမှ အကျိုးဖြစ်ထွန်းမည်။ ပျော်ရွှင် ဖွယ်ကောင်းသော ခရီးထွက်ရတတ်မည်။ ဂုဏ်သိက္ခာတိုးတက်သော အလုပ်များရရှိတတ်မည်။ ပညာရေး အသင့်အတင့်ရှိမည်။ မိသားစုအဆင်ပြေမည်။ စိတ်အေးချမ်းသာမည်။ အိမ်တွင်ပရိဘောဂပစ္စည်းများ အသစ်ဝင်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးမကောင်းပါ။ အထင်လွဲခြင်း၊ စိတ်အခန့်မသင့်ခြင်း၊ ကွဲကွာခြင်းရှိမည်။ ကျန်းမာရေးခါးနာရောဂါ၊ လေနှင့်ပတ်သက်သောရောဂါ၊ အကြောရောဂါများဖြစ်တတ် မည်။ **ယတြာ။ ရေသန့်ဘူးများ နိုင်သလောက်လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** ပြဿနာများအခက်အခဲများ၊ သူတစ်ပါး၏ အနှိမ်ချခံခြင်းများခံနေရတတ်မည်။ ခရီးသွားလုပ်ငန်း၊ စာပေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများမှ အကျိုး ဖြစ်ထွန်း မည်။ မထင်မှတ်ဘဲ လုပ်ငန်းအသစ်ဝင်မည်။ ခက်ခဲသော ကိစ္စရပ်များကိုခဏလေးအတွင်း ဖြေရှင်းနိုင်မည်။ အစုလိုက် အပုံလိုက်ငွေဝင်မည်။ ကြံစည်ထားသမျှ အဆင်ပြေမည်။ မိသားစု အဆင်ပြေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးကောင်းမည်။ ပညာရေးအလွန်ကောင်းမွန်မည်။ မိတ်ဆွေ ကောင်းများ၏ ကူညီစောင့်ရှောက်ခြင်းခံရမည်။ ကျန်းမာရေး ရင်ဘတ်နှင့် ပတ်သက်သောရောဂါ၊ မျက်စိရောဂါ၊ ဦးခေါင်း နှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားတတ်မည်။

**ယတြာ။ ဘုရားတွင် ရွှေသင်္ကန်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** ပင်ပန်းဆင်းရဲသောအခြေအနေမှ လွတ်ကင်းလာပြီဖြစ်သည်။ အမှောင်ဘယ်လောက်ကျကျ အလင်းရောင် မြင်ရသောအခြေအနေကိုရရှိမည်။ အလုပ်အကိုင်ကောင်း၊ နေရာ ထိုင်ခင်းကောင်းရရှိမည်။ မိသားစု အဆင်မပြေဖြစ်တတ်မည်။ အကျိုးဆောင်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ဝင်ငွေများရရှိတတ်မည်။ ပတ်ဝန်းကျင်မှ စောင့်ရှောက်ခြင်း၊ ဂရုစိုက်ခြင်းများရရှိမည်။ အချစ်ရေးကိစ္စများရှုပ်ထွေးမည်။ အိမ်ထောင်ရေး အဆင်မပြေတတ်ပါ။ ကျန်းမာရေး ဝမ်းဗိုက်နှင့်ပတ်သက်သောရောဂါများ၊ ခါးအောက်ပိုင်းနှင့်ပတ်သက်သော ရောဂါများ ဖြစ်ပွားတတ်ပါသည်။ **တြာ။ ပန်းမျိုးစုံဘုရားတွင် ကပ်လှူပါ။**

# ဝါဂွမ်းပတ်တီးစက်ရုံကြောင့် ယင်းမာပင်ခရိုင် ဝါစိုက်တောင်သူများအတွက် အလုပ်အကိုင်ဆက်လက်ရရှိနိုင်

ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာအနီးရှိ ဂျပန်နိုင်ငံမှ (Japan Cotton Product Co.Ltd (JCP) မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်၊ စက်ရုံမှူး ဦးမျိုးနိုင်ဦးနဲ့ ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးတို့ ကြီးကြပ်ပြီး ဝါဂွမ်းပတ်တီးစက်ရုံကို ဆောင်လုပ်လျက်ရှိပါတယ်။

စက်ရုံအတွက် ဝါဂွမ်းကုန်ကြမ်းများကို မုံရွာ၊ ပခုက္ကူ၊ အောင်လံ၊ တောင်တွင်းကြီးဒေသများရှိစက်မှုဇုန်မှဝယ်ယူမှာဖြစ်ပြီး ၁/၂၀ ချည်၊ ၁/၄၀ ဝါဂွမ်းချည်မျှင်တိုများကို အသုံးပြုမှာဖြစ်သလို ချည်မျှင်ရှည်များဖြစ်သော ငွေချည်-၆၊ ငွေချည်-၉၊ ရွှေတောင်-၈၊ RAKA ဝါဂွမ်းများမှထွက်သော ဂွယ် (ဝါဂွမ်းအထိမပွင့်သောဝါ) များကိုလည်း (အစေ့လွတ်) ဝယ်ယူအသုံးပြုမှာဖြစ်ပါတယ်။ တစ်နှစ်ပျမ်းမျှ ဝါဂွမ်းတန်ချိန် ၅၀၀ အသုံးပြုမှာဖြစ်ပြီး ဒဏ်ရာပေါ်မူတည်ပြီး လိုအပ်သလို အသုံးပြုနိုင်အောင် ပတ်တီးများကို Ready Made အဖြစ် ပြုလုပ်ထားမှာဖြစ်ပါတယ်။

စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ကန်ဒေါ်လာ ၆ ဒသမ ၇ သန်းဖြစ်ပြီး၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်ပြီးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စတင်လည်ပတ်မှာဖြစ်ပါတယ်။ ကျွမ်းကျင်လုပ်သားများဖြစ်ရန်အတွက် မြန်မာအမျိုးသမီး ငါးဦးကို ဂျပန်နိုင်ငံမှာ သင်တန်း ပို့လွှတ်သင်ကြားစေခဲ့ပါတယ်။ နှစ်စဉ်လုပ်သားဦးရေ ၆၀ လိုအပ်မှာဖြစ်ပြီး၊ တနင်္ဂနွေ တစ်ရက်သာ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ထားပါတယ်။ လုပ်ခအနေနဲ့ နိုင်ငံတော်မှ သတ်မှတ်ထားတဲ့ လုပ်သားတစ်ဦးတစ်နေ့ ၃၆၀၀ ကျပ်ပေးသွားမှာဖြစ်ပြီး လုပ်ငန်းကျွမ်းကျင်မှုနဲ့ ကုမ္ပဏီရဲ့ အကျိုးအမြတ်ပေါ်မူတည်ပြီး လုပ်ခတိုးမြှင့်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

ယင်းမာပင်ခရိုင်အတွင်း ဝါစိုက်တောင်သူများအနေနဲ့ မိမိတို့စိုက်ပျိုးထားသော ဝါခင်းများမှ အရည်အသွေး မမီသောဝါများကို စနစ်တကျကောက်ယူကာ ဝါစေ့ထုတ်ပြီး ဝါဂွမ်းအဖြစ် သွားရောက်ရောင်းချပါက ဒေသနေ ပြည်သူများလည်း အပိုဝင်ငွေရရှိမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**သန်းပို-ယင်းမာပင်**

# ပြည်တွင်းဈေးကွက်တွင် ဩဇာသီးလှိုင်ချိန် ဈေးကောင်းရနေ

ယခုတစ်ပတ် ပြည်ဈေးကွက်၌ ဩဇာသီးပေါ်ချိန်တွင် ဈေးကောင်းရလျက်ရှိနေပါတယ်။ မိုးရွာပြီး နေပူလိုက်လာ သဖြင့် ဩဇာသီးများ ပေါပေမယ့်လည်း ဈေးမပေါတာတွေ့ရပါတယ်။ ဩဇာသီးကို ပြည်မြို့နယ်အတွင်းရှိ မှော်ဇာကျေးရွာနှင့် ပြည်မြို့တစ်ဖက်ကမ်းရှိ ရွှေဘုံသာ၊ ဆင်တဲ၊ ပန်းတောင်းဘက်မှ ပြည်ဈေးကွက်အတွင်း လာရောက်ရောင်းချတာ တွေ့ရပါတယ်။ ဩဇာသီးဈေးမှာ အလုံးအရွယ်အစားအလိုက် ကွဲပြားခြားနားတာ တွေ့ရပါတယ်။ ဩဇာသီးအကြီးတစ်လုံးကို ၄၀၀ ကျပ်အထိရှိပြီး၊ အလုံးအသေးဆိုရင် တစ်လုံးကို ၁၀၀ ကျပ်မှ ၂၀၀ ကျပ်အထိ ဈေးကောင်းရနေတာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

➡ စာမျက်နှာ ၂၁ နိုင်ငံတကာစိတ်ဝင်စားလာကြတဲ့ ••• မှအဆက်

အသိုက်အဝန်းကို ပြည်တွင်းရော ပြည်ပမှာရှိနေတဲ့ အသေးစား၊ အလတ်စားတွေကိုလည်း မထိခိုက်အောင် တစ်ဖက်ကတိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုအတွက်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဝင်လာနိုင်အောင် တစ်ဆင့်ပြီးတစ်ဆင့် သွားနေတာပါ၊ အခုဒီထက်ပိုပြီး ဥပဒေနှစ်ရပ်ကို ပေါင်းလိုက်တာပါ၊ လုပ်သင့်လုပ်ထိုက်တာကို တဖြည်းဖြည်း သွားနေတာပါ၊ လိုင်စင်ထုတ်ပေးရာမှာ Transparency မရှိ ဘူးပြောတယ်၊ မရှိတာက အဓိက Accountability မရှိတာပါ၊ လိုင်စင်တစ်ခုလျှောက်ရင် ဘယ်နှစ်ရက်ကြာမယ်၊ ဘယ်လောက်ကုန်ကျမယ်၊ ဘယ်လို Process တွေ ဖြတ်ရမယ်၊ Website မှာ Procedure တင်ထားပေးပါပြီ၊ ဥပမာ ကုမ္ပဏီမှတ်ပုံတင် ၃ ရက်ရမယ် တရားဝင်ကြေငြာပေးထားပါတယ်။

Procedure ကို ရုတ်တရက်ဖတ်လိုက်ရင် ပိုပြီးရှင်းလင်းလွယ်ကူအောင် ပုံစံကားချပ်နဲ့ အဆင့် (၁)ကဘာ၊ (၂)ကဘာ၊ (၃) ကဘာ Investor ဆိုလို့ရှိရင် Application လာတင်တာနဲ့ သူ့ဟာတွေ ဘယ်အဆင့်ရောက်နေပြီဆိုတာ စာနဲ့ဝန်ကြီးဌာနတွေကို ပို့ထားတယ်။ Investor ကို မိတ္တူပေးလိုက်တယ်၊ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ဒီနှစ် Project လုပ်ထားတာ ၆ ဘီလီယံ၊ အမေရိကန်ဒေါ်လာသန်း ၆၀၀၀ မှန်းထားတယ်။ လက်ရှိသန်း ၃၀၀၀ လောက်ရတယ်၊ တချို့ Investement တွေ စက်ရုံတည်တယ်၊ စက်ရုံအတွက် ငါးသန်းကုန်တယ်၊ ဒီစက်ရုံကခြောက်လနဲ့ အပြီးတည်မယ့်စက်ရုံမျိုး၊ အထည်ချုပ်စက်ရုံ တစ်သန်းကုန်တယ် သူက ခြောက်လနှင့်ပြီးသွားတာ၊ Project ကြီးတွေကျ အချိန်ယူရတယ်၊ တစ်နှစ်နဲ့မပြီး နှစ်နှစ်အချိန်ယူတယ် သုံးနှစ်ကြာမယ် သူတို့ Investement ဆိုရင် နှစ်ကြာမှဝင်လာတာ ငါးနှစ်တာကာလအတွင်းမှာ စင်ကာပူက Top Investor ဖြစ်လာတယ်၊ ၁၉၈၈ ကနေ ခုချိန်ထိဆိုရင်တော့ အားလုံးတရုတ်က ၂၄ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းလောက် ရှိတယ်၊ ဒီအနေအထား တရုတ်က Top ဖြစ်ပါတယ်။

မနှစ်က အများဆုံးဝင်လာတာ ရေနံနဲ့သဘာဝဓာတ်ငွေ့ကပါ။ စာရင်းအရ UK ပါအာရှနဲ့ကယှဉ်ရင်တော့ ဥရောပကနည်းပါတယ်၊ လယ်ယာကဏ္ဍရဲ့ အနာဂတ်ကတော့ သေချာပေါက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်မယ့် ကဏ္ဍပါ ပြင်ဆင်ဆောင်ရွက်မှုတွေ ပြီးဆုံးသွားချိန်မှာ လယ်ယာကဏ္ဍတွေ အဓိက ရင်းနှီးမြှုပ်နှံတဲ့ အနေအထားဖြစ်လာမှာပါ၊ သူက ရေရှည်သွားရတာဟာဖြစ်လို့ ထားဝယ်စီးပွားရေးဇုန်ကို ဂျပန်၊ အိန္ဒိယ၊ တရုတ်တို့က ပိုပြီး စိတ်ဝင်စားတယ်ပြောပါတယ်။ ထားဝယ်က မဟာဗျူဟာအရ အရေးကြီးတော့ နိုင်ငံတော်တော်များများက စိတ်ဝင်စားကြောင်း ပြောပါတယ်။

Director / EU Myanmar Centre မှ Mr. Billy Harkin ကတော့ အခြေခံအဆောက်အအုံ တိုးတက်ရေးမှာ ရေသန့်စင်ရေးတွေ၊ ရေစီးရေလာကောင်းမွန်မှုတွေ ဆောင်ရွက်ရပါမယ်၊ မြန်မာနိုင်ငံမှာ ကောင်းမွန်တဲ့ ကြယ်ငါးပွင့်အဆင့်ဟိုတယ်ကြီးတွေရှိပါတယ်။ ကျွန်တော်တို့ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အရောက်လာမယ်လို့ လုံးဝယုံကြည်ကြောင်း၊ အလွန်ကောင်းကြောင်း ပြောသွားတာကို လေ့လာရပါတယ်။

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအရ ရင်းနှီးမြှုပ်နှံရန်သင့်လျော်သည့် နိုင်ငံတစ်ခုဖြစ်နေတယ်ဆိုတာ တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ် အစည်းအဝေးက အတည်ပြုပေးခဲ့သလို စိတ်ဝင်စားမှုရှိနေတဲ့ နိုင်ငံတော်တော်များများရှိနေတယ်ဆိုတာ သိနေရပါပြီ။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ကြီးပွားချမ်းသာအောင်မြင်မှုရရှိတယ်ဆိုတာ မိခင်နိုင်ငံရဲ့ သယံဇာတပေါကြွယ်ဝမှု၊ နိုင်ငံခြားတိုင်းပြည်များမှ စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ အစုအဖွဲ့များ လာရောက်ရင်းနှီးမြှုပ်နှံမှုရှိဖို့ဆိုတာ စီးပွားရေးရဲ့ မလွဲမသွေတဲ့ သဘောတရားနိယာမတစ်ခုပါ၊ လာရောက်ရင်းနှီးမြှုပ်နှံမှုနောက်ကွယ်မှာ သတိထားရမယ်။ ဂရုစိုက်ရမယ့် လေ့လာသင်ယူ အတုယူရမယ့်ပရိယာယ်ဝေဝုစ်ဆိုတာတွေဟာ သတိထားရမယ့် အရာတွေပါ။ ဘာပဲပြောပြော မိခင်မြန်မာနိုင်ငံရဲ့အနေအထားဟာ မကြာသောကာလတစ်ခုမှာ အာရှရဲ့ “ကျား” တစ်ကောင်ဖြစ်ပေါ်လာမယ့် အနေအထားတွေ ပြည့်စုံနေတာကို မငြင်းနိုင်ကြတော့ပါဘူး။ ဒီအပေါ်မှာ ကျွန်တော်တို့တစ်တွေ အကြောင်းအကျိုးကြားထဲမှာ အကောင်းအဆိုးဆိုတာရှာဖွေလို့ မကောင်းတာကိုပယ် ကောင်းတာကို ဝယ်ဖို့ကြိုးစားကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း--------



## မြို့ကြီးများ၏ ၅-၁၀-၂၀၁၅ မှ ၉-၁၀-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၅-၁၀-၂၀၁၅) | အင်္ဂါ(၆-၁၀-၂၀၁၅) | ဗုဒ္ဓဟူး(၇-၁၀-၂၀၁၅) | ကြာသပတေး(၈-၁၀-၂၀၁၅) | သောကြာ(၉-၁၀-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| မန္တလေးမြို့ | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၆၀% ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F |
| မြစ်ကြီးနား | ၅၀% ၃၄°C/၉၃°F | ၄၀% ၃၃°C/၉၂°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| လားရှိုး | ၅၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၈°C/၈၃°F | ၅၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F |
| ကျိုင်းတုံ | ၄၀% ၃၁°C/၈၈°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F |
| လွိုင်ကော် | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F |
| တောင်ကြီး | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F |
| မော်လမြိုင် | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| ဘားအံ | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F |
| ထားဝယ် | ၈၀% ၃၂°C/၈၉°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F |
| မုံရွာ | ၅၀% ၃၃°C/၉၂°F | ၆၀% ၃၁°C/၈၈°F | ၅၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| ပုသိမ် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| မြိတ် | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၃၀°C/၈၆°F | ၅၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| စစ်တွေ | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မကွေး | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၅၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F |
| ဖလမ်း | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၁°F |



## ဂွါတီမာလာနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၂၉ ဦးသေဆုံးပြီး ၆၀၀ ကျော် ပျောက်ဆုံးလျက်ရှိ

ဂွါတီမာလာနိုင်ငံ၏မြို့တော် ဂွါတီမာလာစီးတီးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၂၉ ဦးသေဆုံးပြီး လူပေါင်း ၆၀၀ ကျော်ပျောက်ဆုံးနေကြောင်းဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါမြေပြိုမှုသည် ဂွါတီမာလာစီးတီး၏ မြို့စွန်ဆင်ခြေဖုံးအရပ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ နေအိမ်ပေါင်း ၁၂၅လုံးခန့် ပြိုကျပျက်စီးခဲ့ရကြောင်း၊ အောက်တိုဘာလ ၁ ရက်နေ့က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် မြေပြိုမှုများဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ဂွါတီမာလာ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့်ထိန်းချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေပြိုသည့်နေရာသည် ဂွါတီမာလာစီးတီးနှင့် ၁၅ကီလိုမီတာခန့်ကွာဝေးသည့် နေရာဖြစ်သော်လည်း အဆိုပါနေရာသည် တောင်စောင်းပေါ်တွင်တည် ရှိနေသဖြင့် မိုးသည်းထန်စွာရွာသွန်းပြီး ၁၈ နာရီအကြာတွင် မြေပြိုကျမှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟု အဆိုပါအဖွဲ့မှ ပြောကြားခဲ့သည်။

မြေပြိုမှုဖြစ်ပွားရာသို့ ကယ်ဆယ်ရေးလုပ်သားပေါင်း တစ်ထောင်ခန့်ကို စေလွှတ်ထားပြီးကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ အဆိုပါနေရာတွင် နေထိုင်ကြသည့် မိသားစု ၂၀မှ မိသားစုဝင်ပေါင်း ၁၀၀ မှာ လုံးဝပျောက်ဆုံးလျက်ရှိနေသဖြင့် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်းဖြင့် သတင်းများတွင် ဖော်ပြထားသည်။

ကယ်ဆယ်ရေးလုပ်သားများသည် မြေပြိုကျသဖြင့် အသက်ရှင်ကျန်ရစ်ခဲ့သူများ၊ ကျောက်တုံးများအောက်တွင် ပိမိနေသူများအားကယ်တင်လျက်ရှိနေပြီး မြေကြီးများအောက်တွင် အသက်ရှင်လျက်ရှိနေသူများအားလည်း ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

**မယ်သီတာ**

## အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း မူဂျီဂေး တရုတ်နိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်မည်ဟု ထုတ်ပြန်ကြေညာ

တောင်တရုတ်ပင်လယ် အနောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် တိုင်ဖွန်းမုန်တိုင်းမူဂျီဂေးသည် အင်အားပြင်းတိုင် ဖွန်းမုန်တိုင်းအဆင့်သို့ ပြောင်းလဲရောက်ရှိကာ တရုတ်နိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားမိုးလေဝသစင်တာမှ ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါမုန်တိုင်းသည် တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းများအနက် ၂၂လုံးမြောက် မုန်တိုင်းဖြစ်ကြောင်း၊ ယခုလက်ရှိတွင် အဆိုပါမုန်တိုင်း၏အဆင့်ကို အဝါရောင်အဖြစ်သတ်မှတ်ထားကြောင်း အမျိုးသားမိုးလေဝသစင်တာမှ သတင်းထုတ်ပြန်ခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း မူဂျီဂေးသည် အနောက်မြောက်ဘက်သို့ တစ်နာရီလျှင် ကီလိုမီတာ ၂၀ မှ ၂၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလျက်ရှိနေပြီး မုန်တိုင်းအလယ်ဗဟိုချက်၏ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၅၁ ဒသမ ၂ကီလိုမီတာ အထိရှိနေကြောင်း၊ မုန်တိုင်းအဆင့်ကို ယခုလောလောဆယ်တွင် အဝါရောင်အဆင့်အဖြစ်သတ်မှတ်ထားကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါမုန်တိုင်းသည် တရုတ်နိုင်ငံ တောင်ပိုင်း၏ အဓိကဒေသဖြစ်သည့် ဟိုင်နန်ပြည်နယ်ကို ဝင်ရောက်တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း မူဂျီဂေးသည် ဟိုင်နန်ပြည်နယ်၊ ဂွမ်ဒေါင်၊ ဟိုင်နန်၊ ဂွမ်ရှီပြည်နယ်များသို့ လာမည့်နှစ်ရက် အတွင်းရောက်ရှိလာမည်ဟုခန့်မှန်းထားကြောင်း တရုတ်နိုင်ငံ အမျိုးသားမိုးလေဝသဌာနက ထုတ်ပြန်ကြေညာထားသည်။

သို့သော် အဆိုပါပြည်နယ်များသည် မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို အများဆုံး ခံစားရသည့်ဒေသများဖြစ်နေသဖြင့် အတွေ့အကြုံများ များစွာရှိနေသည့် ဒေသတစ်ခုဖြစ်ကြောင်းအဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းမုန်တိုင်းသည် တရုတ်နိုင်ငံ၏ အမျိုးသားနေ့ အားလပ်ရက် ခုနစ်ရက်မြောက်နေ့တွင် ဖြစ်ပေါ်လာခဲ့သည့် မုန်တိုင်းဖြစ်ရာ ဟိုင်နန်ပြည်နယ်တွင် လာရောက်လည်ပတ်သူပေါင်း ရှစ်သောင်းကျော်အား မုန်တိုင်းအန္တရာယ်မှ လွတ်ကင်းသည့်ဒေသများသို့ သွားရောက်နေထိုင်ကြရန် သတိပေးနှိုးဆော်မှုများလည်း ပြုလုပ်ထားကြောင်း သိရသည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.38 Monday October 5 2015

# အာရှယူ-၁၉ ခြေစစ်ပွဲ အုပ်စု(ဆ)ပွဲစဉ်များ ကျင်းပ မြန်မာယူ-၁၉အသင်း နှစ်ပွဲကစား ခြောက်မှတ်ရရှိနေ



မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အာရှယူ-၁၉ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာယူ-၁၉ အသင်းသည် အုပ်စု(ဆ)တွင် နှစ်ပွဲကစားထားပြီး နှစ်ပွဲနိုင်ခြောက်မှတ်ဖြင့် အုပ်စု ဒုတိယနေရာတွင် ဗီယက်နမ်နှင့် အပြိုင်ဖြစ်လျက်ရှိသည်။

မြန်မာယူ-၁၉ အသင်းသည် ပွဲဦးထွက်ပွဲစဉ်အဖြစ် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ မြန်မာယူ-၁၉အသင်းနှင့် ဘရူနိုင်း ယူ-၁၉အသင်းတို့၏ပွဲစဉ်အား ပရိသတ်မပါဘဲ ကွင်းပိတ်ကစားခဲ့ရသည်။ ပြီးခဲ့သည့် အာရှယူ-၁၉ ပြိုင်ပွဲ၏ ဆီမီးနယ်အဆင့်တွင် ယူအေအီးအသင်း ကို အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ဖလားယူ-၂၀ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ သည့်အတွက် ပရိသတ်များ၏ အလွန်အကျူး အောင်ပွဲခံမှုကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပရိသတ်မပါဘဲ ကွင်းပိတ်ကစားရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အဆိုပွဲတွင် မြန်မာ ယူ-၁၉ အသင်းအတွက် အနိုင်ဂိုးများကို ဇင်ဖြိုးအောင် (၇မိနစ်-ပင်)၊ ရဲရင့်အောင် (၂၇မိနစ်)၊ ထူးခန့်လွင်(၂၉မိနစ်)၊ အောင်ဇင်ဖြိုး (၄၆မိနစ်)တို့က သွင်းယူပေးခဲ့ကြခြင်း ဖြစ်သည်။

ယင်းပွဲအပြီးတွင် မြန်မာယူ-၁၉ အသင်းနည်းပြချုပ် ဂတ်ဆီဇီက မြန်မာယူ-၁၉အသင်းအနေဖြင့် တိုက်စစ်ပိုင်းတွင် အားနည်းနေသေးသည်ဟု ဝေဖန်ပြောကြားခဲ့သည်။

နည်းပြချုပ် ဂတ်ဆီဇီက "ဘရူနိုင်းနဲ့ပွဲရဲ့ ခြေစွမ်းနဲ့ပတ်သက်ပြီး အားမရပါဘူး။ တကယ်ဆို ဒီထက် ဂိုးပိုရသင့်ပါတယ်။ ဒီပွဲမှာ ထောင့်ကန်ဘော ၂၂ကြိမ်ကို ဂိုးအဖြစ်တစ်လုံးမှ မပြောင်းနိုင်ခဲ့ပါဘူး။ နောက်ပွဲမှာ ဒီအားနည်းချက်ကို ပြင်ဆင်သွားမှာပါ။ အသင်းက တိုက်စစ်ပိုင်း အားနည်းနေပါသေးတယ်။ ပိုကောင်းလာအောင် လေ့ကျင့်ရပါဦးမယ်"ဟု ပြောကြားခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် ဒုတိယ ပွဲစဉ်အဖြစ် တီမောအသင်းနှင့် ယှဉ်ပြိုင် ကစားခဲ့ရာ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ဘဲ ဂိုးမရှိသရေဖြင့် သာပြီး ဆုံးခဲ့သည်။

မြန်မာ ယူ-၁၉အသင်းသည် တီမောအသင်းနှင့် သရေကျခဲ့သဖြင့် လက်ကျန်နှစ်ပွဲဖြစ်သည့် ဟောင်ကောင်နှင့် ဗီယက်နမ်ပွဲတို့တွင် အနိုင်ရရှိရန် ရုန်းကန်ရဦး မည်ဖြစ်သည်။

အာရှယူ-၁၉ချန်ပီယံရှစ် အုပ်စု (ဆ) ပွဲစဉ်များ

| | | |
|---|---|---|
| ဟောင်ကောင် | ၁ - ၃ | ဗီယက်နမ် |
| တီမော | ၄ - ၀ | ဘရူနိုင်း |
| တီမော | ၀ - ၀ | ဟောင်ကောင် |
| ဘရူနိုင်း | ၀ - ၄ | မြန်မာ |
| ဗီယက်နမ် | ၅ - ၀ | ဘရူနိုင်း |
| မြန်မာ | ၀ - ၀ | တီမော |

အုပ်စု(ဆ)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဗီယက်နမ် | ၂ | ၂ | ၀ | ၀ | ၈ | ၁ | ၆ |
| တီမော | ၃ | ၁ | ၂ | ၀ | ၄ | ၀ | ၅ |
| မြန်မာ | ၂ | ၁ | ၁ | ၀ | ၄ | ၀ | ၄ |
| ဟောင်ကောင် | ၂ | ၀ | ၁ | ၁ | ၁ | ၃ | ၁ |
| ဘရူနိုင်း | ၃ | ၀ | ၀ | ၃ | ၀ | ၁၃ | ၀ |

## မြန်မာ့လက်ရွေးစင်အသင်း၏ လူစာရင်းထုတ်ပြန်

၂၀၁၈ကမ္ဘာ့ဖလားခြေစစ်ပြိုင်ပွဲများသို့ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း၏ လူစာရင်းကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။ အဆိုပါလူစာရင်းတွင် (ဂိုး)ကျော်ဇင်ဖြိုး၊ ရန်အောင်လင်း၊ (နောက်တန်း) ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း၊ ခင်မောင်လွင်၊ နန္ဒကျော်၊ ကျော်ဇင်လွင်၊ ဇော်ရဲထွန်း၊ စည်သူအောင်၊ ဇော်လင်း၊ ဖြိုးကိုကိုသိန်း၊(လယ်)အောင်သူ၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ ရှိုင်းသူရ၊ ရန်အောင်ကျော်၊ ကြည်လင်း၊ ကျော်မင်းဦး၊ သီဟဇော်၊ (ရှေ့)မောင်မောင်လွင်၊ သန်းပိုင်၊ ကျော်ကိုကို၊ ဆမ်လမ်မန်တို့ဖြစ်ကြောင်းသိရသည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အောက်တိုဘာ ၈ ရက်တွင် လက်ဘနွန်အသင်း၊ အောက်တိုဘာ ၁၃ရက်နေ့တွင် လာအိုအသင်းတို့နှင့် ဘန်ကောက်မြို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။




## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကွန်ဂရက် ၂၀၁၅ ကျင်းပ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသစ် ရွေးချယ်တင်မြှောက်ခြင်းနှင့် အထွေထွေညီလာခံကို စက်တင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ရှိ Novotel Hotel Max ၌ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ၂၀၀၅ ခုနှစ်မှစတင် တာဝန်ယူခဲ့ပြီး ယနေ့အထိ မြန်မာလက်ရွေးစင်ဘောလုံးအသင်း၏သက်တမ်းအလိုက်များတွင် အောင်မြင်မှုအချို့ကိုရရှိထားသည့်ဦးဇော်ဇော်အား လာမည့်အဖွဲ့ချုပ်ဥက္ကဋ္ဌသက်တမ်းအတွက် ထပ်မံရွေးချယ်ခြင်းခံခဲ့ရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနေရာအတွက် ယှဉ်ပြိုင်ရွေးချယ်ခံရန် ကြေညာခဲ့သော်လည်း ရွေးချယ်ခံမည့်သူမရှိသဖြင့် ဦးဇော်ဇော်ကိုပင် ဥက္ကဋ္ဌအဖြစ် ဆက်လက်ရွေးချယ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် အဖွဲ့ချုပ်၏ဥက္ကဋ္ဌသစ်အဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးဇော်ဇော်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အောင်မြင်မှုများ ထိုက်သင့်သလောက် မရရှိခဲ့ခြင်းအတွက် အားမလိုအားမရဖြစ်မိပါကြောင်း၊ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် ပြိုင်ပွဲအရပ်ရပ်တွင် အောင်မြင်မှုများနှင့် အလှမ်းကွာဝေးနေသဖြင့် မြန်မာ့လက်ရွေးစင်အသင်းအား ယခုအခြေအနေမှ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းအား ပိုမိုအင်အားတောင့်တင်းလာစေရန်အတွက် မြန်မာအမျိုးသမီးလိဂ်ကို ယခုနှစ်အတွင်း စတင်ကျင်းပရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ၂၀၁၅-၂၀၁၉ ခုနှစ်အတွက် အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းရာတွင် နာယကအဖြစ် ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌအဖြစ် ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဒေါက်တာစိုင်းဆမ်ထွန်း (ရတနာပုံ)နှင့် ဦးပြည့်ဖြိုးတေဇ (ရန်ကုန်ယူနိုက်တက်)၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးတင်အောင်တို့ကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

အမှုဆောင်များအား ရွေးချယ်ခဲ့ရာတွင် အထက်မြန်မာပြည်ကိုယ်စားလှယ်များအဖြစ် ဦးစိန်ဝင်းကြီး (မန္တလေးတိုင်းဒေသကြီး)၊ ဦးခင်မောင်သန်း(ရှမ်းပြည်နယ်)၊အောက်မြန်မာပြည်ကိုယ်စားလှယ်များအဖြစ် ဦးကျော်မင်းအောင် (မွန်ပြည်နယ်)နှင့် ဦးဇော်ဝင်းကြီး(ပဲခူးတိုင်းဒေသကြီး)၊ ကော်မတီအလိုက် ကိုယ်စားလှယ်များအဖြစ် ဦးဝင်းချို (ဒိုင်လူကြီးကော်မတီ)၊ ဦးရဲညွန့် (ဘောလုံးသမားများကော်မတီ)၊ ဦးကြည်မင်းသိန်း (ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီ)၊ ဒေါ်မြတ်မြတ်ဦး (အမျိုးသမီးဘောလုံးကော်မတီ)၊ ဦးညဏ်ဝင်း (နည်းပြဆရာများကော်မတီ)၊ ကလပ်အသင်းများ ကိုယ်စားလှယ်များအဖြစ် ဦးလှဌေး(ဇွဲကပင်)၊ ဦးမိုးဆန်းအောင် (ကမ္ဘောဇ)၊ ဦးမင်းလှိုင် (ဧရာဝတီ)၊ ဝန်ကြီးဌာနကိုယ်စားလှယ်များအဖြစ် ဦးကျော် ဆန်း(အားကစားဝန်ကြီးဌာန)၊ ဦးမျိုးသိန်း(ပညာရေး)၊ ဦးအေးကိုကို (ကျန်းမာရေး)တို့ပါဝင်ကြကြောင်း သိရသည်။

# ကစားသမားများ၏ စွမ်းဆောင်ရည်ကောင်းလွန်းသဖြင့် အနိုင်ရခဲ့ဟု ရန်ကုန်နည်းပြချုပ် သုံးသပ်

ရန်ကုန်ယူနိုက်တက်အသင်း နည်းပြချုပ် ဦးတင်မောင်ထွန်းက အသင်းရှိကစားသမားများ၏ စွမ်းဆောင်ရည်ကောင်းလွန်းသဖြင့် ကမ္ဘောဇအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် တိုက်စစ်မှူးနှစ်ဦးဖြစ်သော ကျော်ကိုကိုနှင့်ဆီဇာတို့၏ သွင်းဂိုးများဖြင့် ကမ္ဘောဇအသင်းကို အနိုင်ရရှိခဲ့သည်။

ရန်ကုန်အသင်းသည် ယခုပွဲမတိုင်မီကစားခဲ့ရသည့် ရတနာပုံနှင့်ပွဲစဉ်သာမက မကွေးအသင်းနှင့်ပွဲစဉ်တို့တွင် သုံးဂိုး-နှစ်ဂိုးစီဖြင့် ရှုံးနိမ့်ခဲ့ရသဖြင့် ဖိအားများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

သို့သော် ယခုပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုကမ္ဘောဇအသင်းနှင့်ပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် ချန်ပီယံဖြစ်ရန် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ရန်ကုန်အသင်းသည် ယခုနှင့်ပွဲတွင် ဂိုးသမား အောင်ဝေဖြိုးကို ပထမဦးဆုံးအကြိမ်အဖြစ် ပထမ ၁၁ ယောက်စာရင်းတွင် ထည့်သွင်းအသုံးပြုခဲ့ရာ ဂိုးသမားအောင်ဝေဖြိုး၏ လက်စွမ်းပြမှုကြောင့် သွင်းဂိုးများ မပေးခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲတွင် ကျော်ကိုကိုက ပထမပိုင်း ၁၄မိနစ်တွင် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ဆီဇာက ၆၉မိနစ်တွင် အနိုင်ဂိုးတစ်ဂိုး ထပ်မံသွင်းယူပေးခဲ့သည်။ ဆီဇာသည် ရန်ကုန်ယူနိုက်တက်အသင်းသို့ ၂၀၁၂ ဘောလုံးရာသီဝက်တွင် စတင်ရောက်ရှိခဲ့ပြီး ယနေ့အချိန်အထိ သွင်းဂိုးပေါင်း ၁၀၀ ရှိသွားပြီဖြစ်သည်။



နည်းပြချုပ် ဦးတင်မောင်ထွန်းက "ကစားသမားတွေ အရမ်းကောင်းလို့ပါ။ သူတို့ကြိုးစားလို့ အခုလိုနိုင်ပွဲရတာပါ။ ကမ္ဘောဇအသင်းဆိုတာလည်း အသင်းကြီးတစ်သင်းပါပဲ။ နိုင်ငံခြားသားလေးယောက်အပြည့် ကစားတာပါ။ ဒါပေမယ့် အရန်ကစားသမားတွေက ချန်ပီယံဖြစ်လိုဇောနဲ့ တင်ကစားခဲ့လို့ အခုလိုအနိုင်ရခဲ့တာပါ။ ကစားသမားတွေကို ချီးကျူးပါတယ်"ဟု ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရန်ကုန်အသင်းသည် ၁၉ ပွဲကစားထားပြီး ၄၉ မှတ် ရရှိထားသည်။ ဒုတိယနေရာတွင်ရှိနေသည့် ရတနာပုံအက်ဖ်စီအသင်းသည် ၁ ၈ပွဲကစားထားပြီး ၃၉မှတ်သာရရှိထားရာ ရန်ကုန်အသင်းနှင့် ၁၀ မှတ်ကွာဟနေကြောင်း သိရသည်။

ရန်ကုန်အသင်းသည် လာမည့် အောက်တိုဘာလ ၁၇ ရက်တွင် ဇေယျာရွှေမြေအသင်းနှင့် မုံရွာကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။




## ပက်ကွီအိုရဲ့ပခုံးဒဏ်ရာအခြေအနေကောင်းလာ အသေးစိတ်ညှိနှိုင်းပြီးပါက အေမာခန်းနှင့်ထိုးသတ်မည်

ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီအိုသည် ၎င်း၏ပခုံးဒဏ်ရာမှာသက်သာလာပြီဖြစ်ပြီး ပြီးခဲ့သည့်စက်တင်ဘာ ၃၀ရက်က စစ်ဆေးချက်များအရ အကောင်းပကတိအခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်ဟု ၎င်း၏ဆရာဝန်များက အတည်ပြု ပြောကြားခဲ့သည်။

ပက်ကွီအို၏ ပခုံးဒဏ်ရာသည် မေဝဲသားနှင့် စိန်ခေါ်ပွဲမထိုးသတ်မီကပင် ရရှိထားသည့်ဒဏ်ရာဖြစ်ပြီး အဆိုပါဒဏ်ရာကြောင့်ပင် မေဝဲသားနှင့်ထိုးသတ်ခဲ့စဉ်က အရှုံးနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

မေဝဲသားနှင့် ထိုးသတ်ပြီးနောက် ပက်ကွီအိုသည် ၎င်း၏ပခုံးဒဏ်ရာကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ၎င်း၏ဒဏ်ရာအား MRI ဓာတ်မှန်ရိုက်စက်ဖြင့် ပြန်လည်စစ်ဆေးခဲ့ရာ လုံးဝကောင်းမွန်နေပြီဖြစ်သည်ဟုဆိုသည်။

မေဝဲသားနှင့် ထိုးသတ်ပြီးနောက် ၎င်း၏ဒဏ်ရာကိုကုသမှုခံယူနေစဉ် ဗြိတိန်နိုင်ငံသား အေမာခန်းနှင့်ထိုးသတ်ရန် လက်ဝှေ့ပွဲစီစဉ်သူ ဘော့ပ်အာရမ်က စီစဉ်ခဲ့သည်။ အေမာခန်းသည် မေဝဲသားနှင့် ထိုးသတ်ရန်ဆန္ဒရှိနေသော်လည်း မေဝဲသားအနားယူသွားသဖြင့် ပက်ကွီအိုနှင့်သာ ထိုးသတ်ရခြင်းဖြစ်သည်ဟု ဘော့ပ်အာရမ်က ပြောကြားခဲ့သည်။

အေမာခန်းကလည်း ပက်ကွီအိုနှင့် ထိုးသတ်ရန် ဆန္ဒရှိနေပြီး လာမည့် ဒီဇင်ဘာလ သို့မဟုတ် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ထိုးသတ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အေမာခန်းနှင့် ပက်ကွီအိုတို့၏ ထိုးသတ်ပွဲကျင်းပရန် အသေးစိတ်ညှိနှိုင်းပြီးပါက ထိုးသတ်မည့်နေ့ကို တရားဝင်ထုတ်ပြန်ကြေညာမည်ဟု ဘော့ပ်အာရမ်က ပြောကြားခဲ့သည်။

## ဘိုရုရှားဒေါ့မန်နှင့် ပီအေအိုကေတို့၏ ပွဲစဉ်တွင် ဧည့်သည်ပရိသတ်များနှင့် အိမ်ရှင်ပရိသတ်များ ခိုက်ရန်ဖြစ်ပွား



ပြီးခဲ့သည့် အောက်တိုဘာလ ၁ ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ဘိုရုရှားဒေါ့မန်နှင့် ပီအေအိုကေဆာလိုနီကာတို့၏ပွဲ စဉ်တွင် အိမ်ရှင်ပရိသတ်များနှင့် ဧည့်သည်ပရိသတ်များ ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင် ပီအေအိုကေအသင်းက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပွဲကို ဦးဆောင်နေစဉ် ဒေါ့မန်အသင်းက ချေပဂိုးတစ်ဂိုး ပြန်လည်ရရှိသွားခဲ့သည်။ထိုအချိန်တွင် ဂရိအသင်း ပီအေအိုကေအသင်းမှ ပရိသတ်များနှင့် ဂျာမန်အသင်း ဒေါ့မန်အသင်းမှ ပရိသတ်များ ခိုက်ရန်ဖြစ်ပွားခဲ့သည်။

ဒေါ့မန်အသင်းပရိသတ်များသည် ပြိုင်ပွဲကျင်းပရာကွင်းအတွင်း မီးရှူးမီးပန်းများဖြင့် ပစ်ပေါက်ခြင်းကြောင့် ကွင်းအတွင်း ပရိသတ်များအချင်းချင်း ခိုက်ရန်ဖြစ်ပွားရာမှ အစပြုခဲ့သည်။

ဒေါ့မန်ပရိသတ်များသည် အဝေးဂိုးဖြစ်သည့် ချေပဂိုးတစ်ဂိုးရရှိခဲ့သဖြင့် အလွန်အကျွံအောင်ပွဲခံခဲ့ရာမှ အစပြု၍ ခိုက်ရန်ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ဂရိနိုင်ငံ အဓိကရုဏ်းတပ်ဖွဲ့ဝင်များသည် ကွင်းအတွင်း အလွန်အကျွံအောင်ပွဲခံနေကြသည့် ဒေါ့မန်ပရိသတ်များအား လိုက်လံဖမ်းဆီးစဉ် ပရိသတ်များနှင့်ပါ ခိုက်ရန်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ဂရိရဲတပ်ဖွဲ့ဝင်များသည် ဒေါ့မန်ပရိသတ် ရှစ်ဦးကို ဖမ်းဆီးထားခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

နှစ်ဖက်အသင်း ပရိသတ်များ၏ ဆူပူသောင်းကျန်းမှု များကြောင့် ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

ယူရိုပါလိဂ်ပြိုင်ပွဲ၏အုပ်စု(ဂ)တွင် ဘိုရုရှား ဒေါ့မန်အသင်းသည် နှစ်ပွဲကစား တစ်ပွဲနိုင် တစ်ပွဲသရေဖြင့် အဝေးဂိုး နှစ်ဂိုးရရှိထားပြီး ရမှတ်လေးမှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်ထားသည်။

ပီအေအိုကေအသင်းမှာမူ နှစ်ပွဲကစား နှစ်ပွဲသရေဖြင့် အဝေးဂိုးမရရှိသေးဘဲ ရမှတ် နှစ်မှတ်ရရှိကာ အုပ်စုတွင်း တတိယနေရာတွင်ရပ်တည်လျက်ရှိသည်။

အဆိုပါအသင်း နှစ်သင်းသည် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဒေါ့မန်အသင်းက ပီအေအိုကေအသင်းကို ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဧည့်ခံကစားရမည်ဖြစ်သည်။

## ဒဏ်ရာမှပြန်လည်သက်သာလာသော်လည်း နှစ်ကုန်သည်အထိ ဆီရီနာဝီလျံ အနားယူရဦးမည်



ဝင်ဘယ်ဒန်ချန်ပီယံ ဆီရီနာဝီလျံသည် ဒဏ်ရာများမှ ပြန်လည်သက်သာလာသော်လည်း ယခုနှစ်ကုန်ပိုင်းအထိ အနားယူရဦးမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဂရင်းဆလင်းချန်ပီယံ ၂၁ ဆုရရှိထားသည့် ဆီရီနာသည် ဒူးဒဏ်ရာနှင့် တံတောင်ဆစ်ဒဏ်ရာများကြောင့် တရုတ်အိုးပင်းချန်ပီယံပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်ခဲ့ပေ။

ယခုအခါတွင် ၎င်းရရှိထားသည့် ဒဏ်ရာများမှ သက်သာနေပြီဖြစ်သော်လည်း ဆက်လက်ကျင်းပမည့်ပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းပြုမည်မဟုတ်ကြောင်း ထုတ်ဖော်ကြေညာခဲ့ခြင်းဖြစ်သည်။

ကျင်းပလျက်ရှိသည့် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိသွားပြီဖြစ်သည်။ ဆီရီနာသည် Flushing Meadoes တွင်ကျင်းပခဲ့သည့် ယူအက်စ်အိုးပင်းပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် တံတောင်ဆစ်နှင့် ဒူးဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်သည်။

"ကျွန်မ ဒဏ်ရာတွေရရှိခဲ့လို့ တရုတ်အိုးပင်းပြိုင်ပွဲနဲ့လွဲခဲ့ရပါတယ်။ နောက်လထဲမှာကျင်းပမယ့် စင်ကာပူအိုးပင်းပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်မှာ မဟုတ်ပါဘူး။ ဒီနှစ်ကုန်တဲ့အထိ ဘယ်ပြိုင်ပွဲမှာမှ ဝင်ရောက်ယှဉ်ပြိုင်မှာ မဟုတ်ပါဘူး။ ဒါဟာ ကျွန်မလျှို့ဝှက်ထားရမယ့်အရာလည်း မဟုတ်ပါဘူး။ ဒီနှစ်ကုန်တဲ့အထိ အနားယူမှာပါ"ဟု ဆီရီနာက ဖွင့်ဟပြောကြားခဲ့သည်။ ၎င်း၏ ပြောကြားချက်ကို အမျိုးသမီးတင်းနစ်အသင်း (WTA) မှလည်း အတည်ပြုခဲ့သည်။

## ယူနီဆက်၏လူမှုရေးရန်ပုံငွေပွဲတွင် ဒေးဗစ်ဘက်ခမ်းနှင့် ဇီဒန်းတို့ ပါဝင်ကစားမည် မန်ယူအသင်း၏နည်းပြဟောင်း ဖာဂူဆန်နှင့် အန်ဆလော့တီတို့ နည်းပြအဖြစ်ဆောင်ရွက်မည်

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ စီစဉ်ကျင်းပသည့် လူမှုရေးရန်ပုံငွေပွဲတွင် အင်္ဂလန်အသင်း၏လက်ရွေးစင်ဘောလုံးသမားဟောင်း ဒေးဗစ်ဘက်ခမ်းနှင့် ပြင်သစ်လက်ရွေးစင်အသင်း၏ ဘောလုံးသမားဟောင်း ဇီနက်ဒိန်းဇီဒန်းတို့ ပါဝင်ကစားကြမည်ဖြစ်သည်။

အဆိုပါ လူမှုရေးရန်ပုံငွေပွဲကို အင်္ဂလန်နိုင်ငံ၊ မန်ယူအသင်း၏ အိမ်ကွင်း အိုးလ်ထရက်ဖို့တွင် ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နာမည်ကျော်လက်ရွေးစင်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အသင်းနှစ်သင်းကို ဂရိတ်ဗြိတိန်နှင့်အိုင်ယာလန်-၁၁နှင့် Rest of World XI ဟုအမည်ပေးထားပြီး ဂရိတ်ဗြိတိန်နှင့်အိုင်ယာလန်-၁၁အသင်း၏နည်းပြအဖြစ် မန်ယူအသင်း၏ နည်းပြဟောင်း ဖာဂူဆန်က တာဝန်ယူသွားမည်ဖြစ်ပြီး Rest of World XI အသင်းအား ချဲလ်ဆီးအသင်း၏ နည်းပြဟောင်း ကားလို့စ်အန်ဆလော့တီက တာဝန်ယူသွားမည်ဖြစ်သည်။

အင်္ဂလန်အသင်း၏ သူရဲကောင်း ဒေးဗစ်ဘက်ခမ်းက ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်-၁၁ အသင်း၏ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူမည်ဖြစ်သည်။ ပြင်သစ်လက်ရွေးစင်အသင်း၏ သူရဲကောင်း ဇီဒန်းက Rest of World XI ၏ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူသွားကြမည်ဖြစ်သည်။

ယူနီဆက်ဖ်သည် အဆိုပါကစားသမားများနှင့် နည်းပြများအား ဆက်သွယ်ကာ လူမှုရေးရန်ပုံငွေပွဲအတွက် တာဝန်ယူဆောင်ရွက်ပေးရန် ကမ်းလှမ်းထားခဲ့မှုအား လက်ခံကြောင်း ပြန်ကြားခဲ့သဖြင့် ထုတ်ဖော်ကြေညာရခြင်းဖြစ်သည်ဟုဆိုသည်။

ကျန်ရှိနေသည့် ကစားသမားများစာရင်းကို ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ယူနီဆက်ဖ်၏သံတမန်အဖြစ် ၁၀ ကြာဆောင်ရွက်လျက်ရှိသူ ဒေးဗစ်ဘက်ခမ်းက "တစ်ကမ္ဘာလုံးမှာရှိတဲ့ ကလေးငယ်တွေဟာ ဆင်းရဲမှုတွေ၊ ရောဂါဖြစ်ပွားနေတာတွေ၊ စစ်ဘေးဒဏ်တွေကို ခံစားနေကြရပါတယ်။ အဲဒါတွေ လွတ်ကင်းတဲ့ ကမ္ဘာကြီးမှာ ကြီးထွားရှင်သန်ဖို့ အရေးကြီးပါတယ်" ဟု ပြောကြားခဲ့သည်။



Vol: 15, No.38 Monday October 5 2015

# ထိုင်းနိုင်ငံတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှု

|မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)|




စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) ၏ အခန်းကဏ္ဍကို လူအများက ပြန်လည်ဂရုပြုမိလာအောင် ဆောင်ရွက်ရာတွင် ဂလိုဘယ်လိုက်ဇေးရှင်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၁၉၉၇-၉၈ အာရှအကျပ်အတည်းသည် SMEလုပ်ငန်းများတိုးတက်မှုအတွက် အားပေးလိုက်သကဲ့သို့ ဖြစ်လာသည်။ ထိုင်းနိုင်ငံတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများမြှင့်တင်ရေးမှတစ်ဆင့် စက်မှုလုပ်ငန်းပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးကို ဆောင်ရွက်ခဲ့သည်။ အစိုးရသာမက နိုင်ငံတကာအဖွဲ့အစည်းများကပါ ထိုင်းနိုင်ငံတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ တိုးတက်ရေးကို အာရုံစိုက်ခဲ့ကြ သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများစွာတွင် လုပ်သားများ လျင်မြန်စွာတိုးတက်လိုအပ်လာမည်ဖြစ်ရာ ယင်းအတွက် အကြီးစားလုပ်ငန်းများက ဖန်တီးပေးရသည်။ အကြီးစားလုပ်ငန်းများရဲ့ ဖန်တီးနိုင်စွမ်း ပျက်ကွက်လျော့နည်းလာလျှင် အသေးစားနှင့်အလတ်စား လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဟူသော ယူဆချက်များကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုပေါ်တွင် အာရုံစိုက်ရန် စဉ်းစားလာကြသည်။ SME လုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေလည်ပတ်မှု ရှိလာမည်ဖြစ်သည်။ မြို့ငယ်များနှင့်ကျေးလက်ဒေသနယ်မြေများတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှု ပျံ့နှံ့လာမည်ဖြစ်သည်။ ဖြန့်ကြက်လာနိုင်မည်ဖြစ်သည်။ စွန့်ဦးတီထွင်လုပ် ငန်းဆိုင်ရာ စွမ်းရည်ထက်မြက်မှုများ လှုပ်ရှားလာနိုင်မည်ဖြစ်သည်။ SMEs ၏ အကျိုးဖြစ်ထွန်းမှုများသည် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှု နယ်ပယ်တွင် အရေးပါလာသည်ကို တွေ့ရသည်။

အခြေခံလူတန်းစားများ စားသုံးသည့် ကုန်ပစ္စည်းများကို အသေးစားနှင့်အလတ်စား လုပ်ငန်းများက ကောင်းမွန်စွာ ပံ့ပိုးနိုင်သည်။ ဤသို့ဖြစ်ခြင်းမှာ SME လုပ်ငန်းများသည် ကုန်ထုတ်လုပ်မှုတွင် လုပ်သားဆွဲဆောင်မှု ရှိသော နည်းလမ်းများဟု ယူဆထား၍ဖြစ်သည်။ အပြန်အလှန်အားဖြင့် ယင်းတို့သည် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်လာအောင် ပံ့ပိုးပေးသည်။ အထူးသဖြင့် ကျွမ်းကျင်မှုမရှိသော လုပ်သားတို့ကို သူတို့၏ဝင်ငွေမြှင့်တင်မှုနှင့် လူမှုဖူလုံရေးကို အသေးစားနှင့်အလတ်စားလုပ်ငန်းများက ပံ့ပိုးကူညီနိုင်သည်။ SME လုပ်ငန်းများသည် အထူးသဖြင့် ဆင်းရဲသားများ အတွက် ဝင်ငွေရရှိမှုနှင့်အလုပ်အကိုင်ရရှိမှုအတွက် ပါဝင် ကူညီခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုများကို ကူညီပေးကြသည်။ ဤသို့ဖြင့် ဝင်ငွေကွာဟမှုကို နည်းပါးစေပြီးဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်စေမည်ဖြစ်သည်။

၁၉၈၀ နှောင်းပိုင်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အသေးစားလုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို ဆန်းစစ်ရန် ကြိုးပမ်းလေ့လာခဲ့ကြသည်။ SME လုပ်ငန်းများ၏ တိုးတက်မှုအလားအလာမြှင့်တင်ရန် အစိုးရ၏ ကူညီမှု အခန်းကဏ္ဍကို စဉ်းစားခဲ့ကြသည်။ အရှေ့အာရှနိုင်ငံများတွင် လေ့လာတွေ့ရှိချက်အရ ထုတ်လုပ်မှုစွမ်းအားတိုးတက်အောင် ဆောင်ရွက်ရာတွင် SMEs လုပ်ငန်းများ၌ အမြင့်မားဆုံး တွေ့ရှိခဲ့ရသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် နိုင်ငံတကာဈေးကွက်တွင် ယင်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းကို ရေရှည်ထိန်းထားရန်နှင့်နည်းပညာသစ်များ ရယူခြင်းနှင့်မြှင့်တင်ခြင်း တို့နှင့်ဆက်စပ်နေသည်ကို တွေ့ရသည်။

ကမ္ဘာပေါ်တွင် ၁၉၉၀ နှောင်းပိုင်း၌ အသေးစားနှင့်အလတ်စား လုပ်ငန်းများပေါ်တွင် ပိုမိုအာရုံစိုက်လာခဲ့သည်။ ထိုင်းနိုင်ငံတွင်လည်း SMEs လုပ်ငန်းများပေါ်၌ အာရုံစိုက်မှုရှိလာခဲ့သည်။ ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းဖွဲ့စည်းမှုကို အရွယ်အစားအားဖြင့် ကြည့်လျှင် အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် စုစုပေါင်း စက်မှုလုပ်ငန်းထူထောင်မှု၏ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်။ သို့ရာတွင် စက်မှုလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်အရကြည့်လျှင် SME လုပ်ငန်းများ၏ အရွယ်အစားသည် အလွန်သေးငယ်သည်။ ယင်းတို့၏ ထုတ်ကုန်နှင့်တန်ဖိုးအချိုးအစားသည် အကြီးစားလုပ်ငန်းများနှင့်နှိုင်းစာလျှင် သေးငယ်သည်။ ဤသည်ကြောင့် SME လုပ်ငန်းများကို ပြည်သူလူထုက အာရုံစိုက်မှုရှိရန် လိုအပ်သည်။ ထို့ကြောင့် ထိုင်းအစိုးရသည် ၁၉၈၈ ခုနှစ်တွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများကို ပိုမိုအာရုံစိုက်ခဲ့သည်။ ထိုင်းအစိုးရသည် ၁၉၉၇ ခုနှစ်စီးပွားရေးအကျပ်အတည်းကြောင့် SME လုပ်ငန်းများကို အထောက်အကူပြုရန် ဦးတည်ခဲ့သည်။ ယင်းအကျပ်အတည်းသည် အဓိကအားဖြင့် စီးပွားရေး လုပ်ငန်းကြီးများ၏ လွဲမှားသော စီမံခန့်ခွဲမှုဖြင့် အစပျိုးခဲ့သော်လည်း အသေးစားနှင့် အလတ်စားလုပ်ငန်းများသည်လည်း ယင်းအကျပ်အတည်းကို ခံစားခဲ့ရသည်။

ထိုင်းနိုင်ငံအနေဖြင့် စီးပွားရေးပြန်လည်အားကောင်းလာ ရန် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ရှင်သန်အားကောင်းရေးကို အာရုံစိုက်ရန် လိုအပ်သည်ဟု သုတေသီများက ဆိုကြသည်။ အတိတ်ကာလက ထိုင်းအစိုးရသည် စီးပွားရေးလုပ်ငန်းကြီးများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုသာ အာရုံစိုက်လွန်းပြီး အသေးစားနှင့်အလတ်စား လုပ်ငန်းများ၏ အခန်းကဏ္ဍကို အာရုံစိုက်မှုနည်းပါးခဲ့သည်။ ထိုင်းအစိုးရအနေဖြင့် အတိတ်ကာလလေ့လာမှုများအရ အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အကြီးစားလုပ်ငန်းများထက်လုပ်သားဆွဲဆောင်မှု ပိုမိုသည်။ SME လုပ်ငန်းများသည် အလုပ်အကိုင်ပိုမိုရရှိစေသည်။ လုပ်သားများကို ဆွဲဆောင်သော ထုတ်လုပ်မှုနည်းလမ်းများကို အသုံးပြုသည်။ ရင်းနှီးမြှုပ်နှံမှုနည်းပါးသည်။ အတိတ်ကာလ ထုတ်လုပ်မှုစွမ်းအားကို လေ့လာကြည့်ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် SME ဖွံ့ဖြိုးတိုးတက်မှု၏ အပြုသဘောဆောင် သော အကျိုးသက်ရောက်မှုရှိကြောင်း ပြသခဲ့ကြသည်။ SME လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို ကြည့်လျှင် လုပ်သား ထုတ်လုပ်နိုင်စွမ်းအားနှင့်အရင်းအနှီးထုတ်လုပ်နိုင်စွမ်းအားကို စစ်ဆေးကြည့်ရှုရမည်ဖြစ်သည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် ကျေးလက်ဒေသများရှိ မကျွမ်းကျင်သော လုပ်သားအတွက် အလုပ်အကိုင်အရင်းအမြစ်တစ်ခုဖြစ်သောကြောင့် SMEs လုပ်ငန်းများမြှင့်တင်ခြင်းသည် အထူးသဖြင့် ဆင်းရဲသောလူများအတွက် အလုပ်အကိုင်နှင့်ဝင်ငွေရရှိစေရန် ပါဝင်ဆက်စပ်နေသည်ဟု မျှော်လင့်ရသည်။ ဆင်းရဲနွမ်းပါးမှုနှင့်ဝင်ငွေကွာဟမှုပြဿနာများကို ဖြေရှင်းရန် SMEs များက ပါဝင်ကူညီနိုင်သည်ဟု မျှော်လင့်ရသည်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အကြီးစားလုပ်ငန်းများနှင့်နှိုင်းယှဉ်လျှင် ကျေးလက်ဒေသဖွံ့ဖြိုးမှုတွင် ပိုမိုကြီးမားသော အခန်းကဏ္ဍတွင်ပါဝင်သည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် အထူးသဖြင့် ကျေးလက်ဒေသများတွင် မကျွမ်းကျင်သောလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့်ဝင်ငွေရရှိမှုကို ပံ့ပိုးပေးသည်။ ထို့ကြောင့် ယင်းတို့သည် ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက် အားပေးလုပ်ဆောင်နေသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ ဝင်ငွေနည်းသော နယ်မြေများကို လေ့လာကြည့်ရာ SME လုပ်ငန်းများသည် ကျေးလက်ဖွံ့ဖြိုးရေးတွင် အဓိကကျသောနေရာမှ ပါဝင်လျက်ရှိသည်။

ထိုင်းနိုင်ငံရှိအသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အကြီးစားလုပ်ငန်းများထက်ပို၍ လုပ်သားဆွဲဆောင်မှု ရှိသည်ကို တွေ့ရသည်။ ထုတ်လုပ်မှုအတွက် ကြွယ်ဝသော အရင်း အမြစ်များကို ပိုမိုစွမ်းရည်ရှိရှိ အသုံးပြုကြသည်။ ထို့ပြင် အဆိုပါလုပ်ငန်းများသည် အကြီးစားလုပ်ငန်းများထက် ပိုမိုထုတ်လုပ်နိုင်စွမ်းရှိသည်ကို ထိုင်းနိုင်ငံတွင် တွေ့မြင်ရသည်။ လုပ်ငန်းများစွာတွင် လုပ်သားထုတ်လုပ်နိုင်စွမ်းသည် အတန်အသင့် နိမ့်ကျသော်လည်း အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် ယင်းတို့၏အရင်းအနှီးအသုံးချမှုတွင် ပိုမိုကောင်းမွန်စွာ စွမ်းဆောင်နိုင်သည်ကို တွေ့ရသည်။ ဤတွင် SME လုပ်ငန်းများသည် ထိုင်းနိုင်ငံတွင် အကြီးစားလုပ်ငန်းများထက် အရင်းအနှီးထုတ်လုပ်နိုင်စွမ်းတွင် သိသိသာသာပိုများသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် အကြီးစားလုပ်ငန်းများနှင့်ယှဉ်လျှင် ဝင်ငွေခွဲဝေမှုတွင် ပိုမိုညီမျှနိုင်သော အလားအလာရှိသည့် လုပ်ငန်းများဖြစ်သည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဆောင်ရွက်ရာနေရာများတွင် လုပ်အားခကွာခြားမှုသည် ပိုမိုနည်းပါးသည်ကို တွေ့ရသည်။ ထိုင်းနိုင်ငံ၏ ဖွံ့ဖြိုးမှုအစပိုင်းအဆင့်တွင် အကြီးစားလုပ်ငန်းများထက် အသေးစားနှင့်အလတ်စားလုပ်ငန်းများက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် ပိုမိုကြီးမားသော အခန်းကဏ္ဍတွင် ပါဝင်သည်။

စင်စစ် ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်ကို တွေ့ရသည်။ ဤသို့ဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများတွင် တွေ့ရသော ထုတ်လုပ်မှုစွမ်းအားသည် ထိုင်းစီးပွားရေးအနာဂတ်တိုးတက်မှု၏ အရင်းအမြစ်အနေဖြင့် SMEs လုပ်ငန်းများ၏ အရေးပါမှုကို ဖော်ပြနေသည်။ ထို့ပြင် အသေးစားနှင့်အလတ်စားလုပ်ငန်းများတွင် နှစ်သက်ဖွယ်ရာ အသွင်လက္ခဏာများကို တွေ့မြင်ရသည်။ ယင်းတို့တွင် ပေါများသော လုပ်သားများပြားစွာပါဝင်မှု၊ အရင်းအနှီးကို စီးပွားရေးဆန်ဆန် အသုံးပြုမှု၊ ဝင်ငွေခွဲဝေညီမျှမှု တို့ပါဝင်သည်။ မူဝါဒရေးဆွဲသူများသည် ထိုင်းနိုင်ငံတွင် စွမ်းဆောင်ရည်ကိုဦးစားမပေးသော အသေးစားနှင့်အလတ်စားလုပ်ငန်းများ မြှင့်တင်ခြင်းကို အာရုံစိုက်လွန်းလျှင် ကုန်ထုတ်လုပ်မှု အခန်းကဏ္ဍ၏အလုံးစုံသော စွမ်းရည်နည်းပါးခြင်းအန္တရာယ်ကို တွေ့ကြုံရနိုင်သည်။ ထိုင်းနိုင်ငံ၏ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းနိုင်ရန် စက်မှုလုပ်ငန်းအရွယ်အစားများအကြား မူဝါဒများ ချိန်ညှိထားသင့်သည်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများကို ထောက်ကူခြင်းအတွက် သင့်တော်သော မူဝါဒများ အကောင်အထည်ဖော်ခြင်းကို ဆောင်ရွက်သင့်သည်။ ဤသို့ဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေးတစ်ခုလုံးကို ပိုမိုအကျိုးဖြစ်ထွန်းအောင် ပံ့ပိုးလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ကျေးလက်ဒေသအသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် အထောက်အကူပြုမှုများသည် အရေးကြီးသော်လည်း SMEs လုပ်ငန်းများ၏ အစဉ်အလာသမားရိုးကျပုံစံများကို ဖယ်ရှားပြီး ခေတ်မီသော လုပ်ငန်းများဖြင့် အစားထိုးနိုင်တော့မည်ဖြစ်သည်။ သို့ဖြစ်ရာ အနာဂတ်ကာလတွင် ထိုင်းနိုင်ငံသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှုကြောင့် စီးပွားရေးအင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာတော့မည် ဖြစ်သည်။

# လက်ရက်ကန်း၊ စက်ရက်ကန်း အဆင့်မြင့် နည်းပညာပေးသင်တန်းဖွင့်လှစ်

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး၊ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ထောက်ပံ့မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနနှင့် မုံရွာမြို့ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းတို့ ပူးပေါင်းပြီး လက်ရက်ကန်း၊ စက်ရက်ကန်း အဆင့်မြင့်နည်းပညာပေးသင်တန်းကို မြှင့်တင်စားသုံး စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး၌ စက်တင်ဘာလ ၂၅ ရက်မှ ၂၉ ရက်အထိ ၅ ရက်ကြာ ဖွင့်လှစ်မည်ဟုသတင်းရရှိပါတယ်။

ဖွင့်လှစ်ခြင်းရဲ့ရည်ရွယ်ချက်မှာ စစ်ကိုင်းခရိုင်အတွင်း အသေးစားကုန်ထုတ်လုပ်ငန်းဖြစ်သော လက်ရက် ကန်း၊ စက်ရက်ကန်းလုပ်ငန်းများအား အဆင့်မြင့်နည်းပညာဖြင့် စနစ်တကျဖွံ့ဖြိုးတိုးတက်စေပြီး ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝမြင့်မားစေရန်နှင့်ဆင်းရဲမှုလျှော့ချနိုင်စေရန်ဖြစ် ကြောင်း သိရပါတယ်။

စစ်ကိုင်းမြို့၌ မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သော ရက်ကန်းအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ အများအပြားရှိရာ စစ်ကိုင်းမြို့နယ်တွင် လက်ရက်ကန်း၊ စက်ရက်ကန်းအသင်းရှိပြီး အသင်းသား ၂၂၀၀ ကျော်ရှိကြောင်း သိရပါတယ်။ သင်တန်းတွင် နှပ်ကော်၊ယောက်သွားဖောက်နည်းပညာ၊ ယောက်သွားပျက် ပြင်နည်းပညာ၊ ခြားဆွဲနည်းပညာ၊ ချည်ဆက်နည်းပညာ၊ အပွင့်ကောက်အရောင်စပ်နည်းပညာ၊ ဂရပ်စာရွက် ပေါ်တွင်ပါသော ဒီဇိုင်းအားဖဲလွှာကောက်နည်းပညာ၊ အလွှာဒီဇိုင်း နှပ်ကောပုံ၊ခြေနင်းနှပ်ကျထုတ်ယူပုံ၊ သဘာဝဆိုးဆေးနည်းပညာ၊ အရောင်တွဲစပ်ပေါင်းစပ်ပညာ၊ အမရပူရနှပ်ထိုး နည်းပညာ၊ အမရပူရပိုးထည် လုပ်နည်းအဆင့်မြင့်ပညာ စသည့် နည်းပညာများကို စာတွေ့၊ လက်တွေ့ပေါင်းစပ်သင်ကြားမည်ဖြစ်ကြောင်းနှင့် စစ်ကိုင်း၊ အရာတော်၊ မြင်းမူ၊ မြောင်၊ မုံရွာ၊ ချောင်းဦး၊ ဘုတလင်မြို့နယ်များမှ သင်တန်းသား ၆၀ ဦး တက်ရောက်ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်-မုံရွာ**

# ပီလောပီနံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချခြင်း ပညာပေးသင်တန်း ကျုံပျော်မြို့နယ်တွင် ဖွင့်လှစ်



ဧရာဝတီတိုင်းဒေသကြီး၊ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပီလောပီနံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချခြင်း ပညာပေး သင်တန်းကို ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ သရက်ချောင်းကျေးရွာတွင် စက်တင်ဘာလ ၃၀ ရက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါသင်တန်းအား တိုင်းအဆင့်နဲ့ ဒေသတာဝန်ခံ ဝန်ထမ်းများ ပီလောပီနံစိုက်ပျိုးထုတ်လုပ်သူ ဒေသခံတောင်သူများနှင့် အခြားစိတ်ဝင်စားသူများ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ပါတယ်။

သင်တန်းတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမြစိန်က မိမိတို့ဌာနအနေဖြင့် ဈေးကွက်ဝင်အလားအလာရှိသော ဒေသထွက်ကုန်များ ဖော်ထုတ်ကာ အသိပညာပေးခြင်း၊ သတင်းအချက်အလက်များပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်းနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းမျိုးစုံအား ကူညီပံ့ပိုးပေးနေခြင်းဖြစ်ရာ ယခုအခါ ပီလောပီနံသီးနှံသည် နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားကောင်းတဲ့ စက်မှုသီးနှံအဖြစ် ရပ်တည်လျက်ရှိပြီး ဧရာဝတီတိုင်းအတွင်း လွန်ခဲ့သောနှစ်ပေါင်းများစွာကစ၍ ယနေ့အထိ စိုက်ပျိုးဖြစ်ထွန်းခဲ့သော သီးနှံဖြစ်တာကြောင့် တောင်သူများအနေနဲ့ အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချသင့်ကြောင်း တိုက်တွန်းပြောကြားခဲ့ပါတယ်။

ဧရာဝတီတိုင်း ပီလောပီနံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးကျော်သူရက ပီလောပီနံသီးနှံက ယခုအခါ စားသုံးရုံမျှမက စက်မှုကုန်ကြမ်းများအဖြစ် နိုင်ငံတကာ ဈေးကွက်တွင် ထင်ပေါ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ လာအို၊ ဗီယက်နမ်၊ ထိုင်းနှင့် အာဖရိကနိုင်ငံများတွင် ဆန်စပါးပြီးရင် ဒုတိယသီးနှံအဖြစ် အလေးထားစိုက်ပျိုးသော ဝင်ငွေကောင်းသီးနှံဖြစ်ကြောင်း၊ ၎င်းနိုင်ငံများမှ အထွက်နှုန်းကောင်းသော ပီလောပီနံမျိုးများကိုလည်း နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ ခွင့်ပြုချက်နဲ့ အကူအညီများရယူ၍ စမ်းသပ်စိုက်ပျိုးအောင်မြင်နေပြီဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့ ရန်ကုန်မြို့ အင်းလျားလိပ်ဟိုတယ်မှာ ကျင်းပခဲ့တဲ့ World Starch Conference 2015 တွင်လည်း မြန်မာနိုင်ငံ ပီလောပီနံသီးနှံဖွံ့ဖြိုးရေးအတွက် ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။

ကျုံပျော်မြို့နယ် အတွင်းရှိ ပီလောပီနံစိုက်ခင်းများနဲ့ စက်ရုံများ၊ မျိုးများနဲ့ စိုက်ပျိုးနည်းစနစ်များအား နိုင်ငံခြားသားပညာရှင် ၂၂ ဦးတို့ လာရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံသား နိုင်ငံတကာ ပီလောပီနံပညာရှင် ဒေါက်တာတင်မောင်အေးကလည်း ဧရာဝတီတိုင်းဒေသကြီး ပီလောပီနံစိုက်ပျိုးထုတ် လုပ်ရောင်းဝယ်မှုလုပ်ငန်းစဉ်တစ်ခုလုံးအား နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်အထိ အကူအညီများ ပေးသွားမည်ဖြစ်ကြောင်းနဲ့ ထွက်ရှိသမျှ သော ပီလောပီနံကုန်ကြမ်း၊ ကုန်ချောများအားလုံးကိုလည်း ဝယ်ယူမယ့် အိမ်နီးချင်းနိုင်ငံကုမ္ပဏီများနဲ့လည်း ချိတ်ဆက်ထားပြီးဖြစ်ကြောင်းကို ပရိုဂျက်တာများဖြင့် ရှင်းလင်းပြောကြားခဲ့ပြီးနောက် တောင်သူများမှ သိလိုသည်များအား ဆွေးနွေးဖြေကြားခဲ့ပါသည်။

**ဝင်းမြင့်**
**(မြှင့်တင်/စားသုံး)-ဧရာဝတီ**

# မြန်မာကိုင်ဒို ကုမ္ပဏီလီမိတက်မှ လုပ်ငန်းသုံးစက်ယန္တရားကြီးများ အသုံးပြုမှုနဲ့ ဈေးကွက်အခြေအနေများ ဆွေးနွေးပွဲပြုလုပ်

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်တဲ့ အကြီးစား၊ အလတ်စား၊ အသေးစား စက်ယန္တရားကြီးများကို ဝယ်ယူအသုံးပြုလျက်ရှိတဲ့ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ဂျပန်နိုင်ငံမှ မှာယူတင်သွင်း၍ မြန်မာကိုင်ဒိုင်ကုမ္ပဏီလီမိတက်မှ ဖြန့်ဖြူးရောင်းချလျက်ရှိတဲ့ စက်ယန္တရားကြီးများကို မြန်မာနိုင်ငံတစ်ဝန်း ဝယ်ယူအသုံးပြုမှုနှင့် မိမိတို့ကုမ္ပဏီမှ ဝန်ဆောင်မှုပေးရာ ဆောင်ရွက်နေမှုများကို လုပ်ငန်းရှင်များသိရှိစေရန် အသိပညာပေးဆွေးနွေးပွဲကို ပုသိမ်မြို့၊ ကမ်းနားလမ်း မြို့တော်ခန်းမတွင် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ စက်မှုလယ်ယာ တိုင်းဒေသကြီးဦးစီးမှူးနှင့် သက်ဆိုင်ရာ တိုင်းအဆင့် ဌာနဆိုင်ရာများ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ကန်ထရိုက်များ၊ လမ်းတံတားလုပ်ငန်း ဆောင်ရွက်နေသူများနှင့် မြန်မာကိုင်ဒိုင်ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

မြန်မာကိုင်ဒိုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကလည်း တိုင်းဒေသကြီးရဲ့ လယ်ယာစီးပွားရေးလုပ်ငန်းများ၊ မြို့ပြ၊ ကျေးလက်ဒေသဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် အကြီးစား၊ အလတ်စား၊ အသေးစား ဟိုက်ဒရောလစ် စနစ်သုံး စက်ယန္တရားအသုံးပြုလျက်ရှိကြောင်း၊ တိုင်းအတွင်းစနစ်တကျလယ်ယာဖော်ထုတ်ရန်နဲ့ ဆည်မြောင်းများ တူးဖော်ရာတွင်လည်းကောင်း၊ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းတံတားလုပ်ငန်းများနဲ့ လူနေရပ်ကွက်မြောင်းတူးဖော်ရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံ နေရာအနှံ့အသုံးပြုလျက်ရှိသောနေရာများမှာ ဖားကန့်ကျောက်စိမ်းတွင်းများတူးရန်နဲ့ ရွှေမိုင်းများတွင်လည်းကောင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းများ၊ တူးမြောင်းများ၊ မြစ်များ၊ ကန်များ တူးဖော်ရန်နဲ့ လမ်းတံတားစီမံကိန်းများတွင် ဝယ်ယူအသုံးပြုလျက်ရှိကြောင်း စက်ယန္တရား အမျိုးအစားအလိုက် ဝယ်ယူကြည့်ရှုလေ့လာလိုပါက လှိုင်သာယာ၊ ရွှေလင်ပန်း စက်မှုဇုန်ကုမ္ပဏီရုံးတွင် ဝယ်ယူကြည့်ရှုလေ့လာနိုင်ကြောင်းနဲ့ ဝယ်ယူသုံးစွဲသူများအတွက် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် ကုမ္ပဏီမှ ဝန်ဆောင်မှုပေးသည့်အစိတ်အပိုင်းများကိုလည်း လက်ကမ်းကြော်ငြာများ ဖြန့်ဝေပေး၍ ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# အေအီးစီဖွဲ့စည်းပြီးစီးချိန်တွင် အာဆီယံဒေသမှာ ဦးနှောက်ယိုစီးမှု ထိန်းချုပ်ဖို့ လိုအပ်

၁၀ နှစ်ခန့် စေ့စပ်ညှိနှိုင်းခဲ့ရတဲ့ အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) က ယခုနှစ်အကုန်မှာ ပေါ်ထွက်လာတော့မှာ ဖြစ်ပါတယ်။ အေအီးစီဖွဲ့စည်းရေး သဘောတူညီချက်အရ အထူးသဖြင့် လုပ်ငန်းကဏ္ဍတွေမှာ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တွေ မြင့်တက်လာပြီး ကုန်သွယ်မှုအတားအဆီးတွေကိုလည်း ဖယ်ရှားပေးနိုင်တော့မှာ ဖြစ်ပါတယ်။ အေအီးစီ အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ၂၀၂၅ ခုနှစ်မှာ စုစုပေါင်းထုတ်ကုန် ၇ ရာခိုင်နှုန်း တိုးတက်လာပြီး အလုပ်အကိုင်သစ် ၁၄ သန်း ဖန်တီးပေးနိုင်တော့မှာဖြစ်ကြောင်း စထရိတ်တိုင်းမ် သတင်းမှာ ဖော်ပြထားပါတယ်။

ဒါပေမယ့် ကျွမ်းကျင်လုပ်သားများရွှေ့ပြောင်းမှု သဘောတူညီချက်တွေကို အပြည့်အဝအကောင်အထည် မဖော်နိုင်ဘူးဆိုရင် အကျိုးဖြစ်ထွန်း မလာနိုင်ပါဘူး။ အလုပ်သမားရွှေ့ပြောင်းမှုကို လက်ရှိကန့်သတ်ချက်တွေက အေအီးစီရဲ့ ပြဋ္ဌာန်းချက်တွေနဲ့ ဆန့်ကျင်နေရုံသာမက စီးပွားရေးပေါင်းစည်းရေးတိုးမြှင့်ဆောင်ရွက်မယ့် ရည်မှန်းချက်ကိုလည် အခက်အခဲဖြစ်စေနိုင်ပါတယ်။

ယခုလက်ရှိ ကျင့်သုံးနေတဲ့မူဝါဒ အခင်းအကျင်းအရဆိုရင် ဦးနှောက်ယိုစီးမှုကို မကာကွယ်နိုင်ရုံသာမက အာဆီယံဒေသတွင်းရှိ အကောင်းဆုံး လုပ်သားတွေက အာဆီယံဒေသကို စွန့်ခွာသွားနိုင်မယ့် အလားအလာရှိနေကြောင်း မကြာမီကပြုလုပ်ခဲ့တဲ့လေ့လာမှုစစ်တမ်းတွေက ပြသနေပါတယ်။

ထိုင်းနဲ့ ဖိလစ်ပိုင်ကရွှေ့ပြောင်းလုပ်သားတွေရဲ့ ၈၀ ရာခိုင်နှုန်းကျော်က အာဆီယံပြင်ပမှာ အလုပ်အကိုင်တွေ ရှာဖွေလာမယ့် အခြေအနေ ရှိနေပါတယ်။ ဗီယက်နမ်နဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာလည်း ဒီလိုကိစ္စရပ်တွေဖြစ်နိုင်ပါတယ်။ ရရှိမယ့် အကျိုးဆက်ကတော့ အာဆီယံနိုင်ငံအများစုမှာ လုပ်သားရှားပါးမှု ပြဿနာ အကြီးအကျယ်ဖြစ်နိုင်ပါတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ အလားအလာတွေအရဆိုရင် ၂၀၂၅ ခုနှစ်မှာ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေမှာ ကျွမ်းကျင်မှုအဆင့်မြင့် လုပ်သားလိုအပ်တဲ့လုပ်ငန်းတွေရဲ့ တစ်ဝက်မှာ အရည်အသွေး မပြည့်ဝတဲ့ လုပ်သားတွေနဲ့သာ အစားထိုး ခန့်ထားရမယ့် အလားအလာ ရှိနေပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အာဆီယံပေါင်းစည်းမှုကြောင့် ထောက်ပံ့ပို့ဆောင်ရေးနဲ့ ရုံးခန်းနေရာဈေးကွက်ကို အကျိုးပြုနိုင်

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကို ယခုနှစ်အကုန်မှာ တစ်ခုတည်းသောဈေးကွက်အဖြစ် ဖွဲ့စည်းတည်ထောင်ချိန်မှာ အဖွဲ့ဝင်နိုင်ငံများရဲ့ ကုန်ထုတ်လုပ်မှုကို လတ်တလောအကျိုးရှိစေမှာဖြစ်ပြီး ဖိတ်လျှံအကျိုးသက်ရောက်မှုအဖြစ် ရုံးခန်းနေရာအငှားချထားမှုနဲ့ လက်လီဈေးကွက်တွေကို အကျိုးပြုမှာဖြစ်ကြောင်း ဆောက်သ်ချိုင်းနားမောနင်းပို့စ် သတင်းမှာဖော်ပြပါတယ်။

အာဆီယံပေါင်းစည်းမှု အကောင်အထည်ဖော်ပြီးနောက်ပိုင်း အာဆီယံဒေသအတွင်းမှာ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေနဲ့ နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးတွေက လုပ်ငန်းတွေ ပိုမိုထူထောင်လာတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကာလတိုနဲ့ ကာလလတ်အတွင်းမှာ စက်မှုလုပ်ငန်းနေရာတွေနဲ့ ရုံးခန်းနေရာတွေရဲ့တန်ဖိုးတွေမြင့်တက်လာလိမ့်မယ်လို့ မကြာသေးမီကပြုလုပ်တဲ့ အစီရင်ခံစာတစ်စောင်မှာ တွေ့ရပါတယ်။

အေအီးစီဖွဲ့စည်းပုံမူကြမ်းအရ အခြေခံအဆောက်အအုံ တည်ဆောက်မှုနဲ့ အဖွဲ့ဝင်နိုင်ငံများအချင်းချင်းကုန်သွယ်ရာမှာ အကောက်ခွန် အတားအဆီးများကို ပယ်ဖျက်ပေးမှာဖြစ်တဲ့အတွက် အထူးသဖြင့် ထောက်ပံ့ပို့ဆောင်ရေးဈေးကွက်က အာဆီယံဒေသတွင်းမှာ ဖွံ့ဖြိုးလာမယ်လို့ ခန့်မှန်းထားပါတယ်။

ဈေးကွက်ထဲကို နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေ ပိုမိုဝင်ရောက်လာချိန်မှာ ဒေသတွင်းအက်စ်အမ်အီးတွေကလည်း ပိုမိုတိုးချဲ့လာမှာဖြစ်တဲ့အတွက် စက်မှုလုပ်ငန်းတွေ တိုးတက်လာရာမှတစ်ဆင့် ရုံးခန်းနေရာတွေရဲ့လိုအပ်ချက်လည်း ပိုမိုမြင့်မား လာမှာဖြစ်ပါတယ်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးနဲ့ ဒေသတွင်းငွေကြေးဈေးကွက်အတွက် အဆိုပြုထားတဲ့ဖြေလျှော့မှုတွေကြောင့် ဘဏ္ဍာရေးနဲ့ ဥပဒေရေးရာဝန်ဆောင်မှုကဏ္ဍလည်း တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။

နိုင်ငံခြားလက်လီလုပ်ငန်းတွေကလည်း ယခင်နှစ်အနည်းငယ်ကတည်းက သူတို့ရရှိထားပြီးဖြစ်တဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး အာဆီယံဒေသမှာ လုပ်ငန်းတွေစီစဉ်ဆောင်ရွက်လာကြမှာ ဖြစ်ပါတယ်။

အေအီးစီတည်ထောင်ရေးမူကြမ်းအရ ဒေသတွင်းသို့ ခရီးသွားများ ပိုမိုဝင်ရောက်လာအောင်ဆွဲဆောင်မှုအဖြစ် လေကြောင်းနဲ့ ကုန်းကြောင်းသယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံကို တိုးတက်အောင်ဆောင်ရွက်ထားပြီးဖြစ် တဲ့အတွက် ခရီးသွားလုပ်ငန်းက အာဆီယံဒေသမှာ အလားအလာကောင်းတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

# ရာသီဥတုပြောင်းလဲမှုကိုခုခံနိုင်ရေးအတွက် အေဒီဘီက နှစ်စဉ်ထောက်ပံ့ငွေကို နှစ်ဆတိုးမြှင့်မည်



ရာသီဥတု ပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေရှိအောင် ပြုပြင်ပြောင်းလဲမှုတွေဆောင်ရွက်သွားနိုင်ဖို့အတွက် ဘဏ်ရဲ့နှစ်စဉ်ချေးငွေကို နှစ်ဆတိုးပြီး ၂၀၂၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာခြောက်ဘီလီယံအထိ အာရှဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးသွားမှာ ဖြစ်ကြောင်း အေဒီဘီဘဏ်ရဲ့ ထုတ်ဖော်ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာ့ခေါင်းဆောင်ကြီးများက ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေကို တိုက်ဖျက်ရေးအပါအဝင် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက် ၁၇ ရပ်ကို စက်တင်ဘာ ၂၅ ရက်နေ့က ထုတ်ပြန်လိုက်တဲ့အတွက် အေဒီဘီအနေနဲ့လည်း ယခုအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း အေဒီဘီဥက္ကဋ္ဌ တာကဲဟီကို နာကာအိုက အေအက်ဖ်ပီကိုပေးပို့တဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

"အာရှနဲ့ ပစိဖိတ်ဒေသမှာ ပင်လယ်မျက်နှာပြင်မြင့်တက်ခြင်း၊ ရေခဲမြစ်အရည်ပျော်ခြင်းနဲ့ ရေလွှမ်းမိုးမှုနဲ့ မိုးခေါင်ခြောက်သွေ့မှုဆိုတဲ့ ရာသီဥတုပြင်းထန်ဆိုးရွားမှုတွေက လူနေမှုဘဝကိုဖျက်ဆီးပြီး လူတို့ရဲ့ အသက်ပေါင်းများစွာကို ဆုံးရှုံးစေခဲ့ပါတယ်။ ဒါကြောင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခုခံဖြေရှင်းရေးကဘယ်နေရာနဲ့မှမတူအောင် အရေးကြီးနေပါတယ်"လို့ သူက ပြောပါတယ်။

၂၀၂၀ ပြည့်နှစ်ချေးငွေအစီအစဉ်အရ ပြန်ပြည့်မြဲစွမ်းအင်၊ စွမ်းအင်ချွေတာရေး၊ ရေရှည်တည်တံ့နိုင်တဲ့ သယ်ယူပို့ဆောင်ရေးနဲ့ ခေတ်မီမြို့တော်ကြီးများ တည်ဆောက်ရေးအတွက် ထောက်ပံ့မှုများကိုမြှင့်တင်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ် လျှော့ချရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၄ ဘီလီယံ ထုတ်ချေးသွားဖို့ အေဒီဘီက ရည်မှန်းထားပါတယ်။

အခြေခံအဆောက်အအုံ ပြင်ဆင်ရေး၊ ရာသီဥတုဒဏ်ခံလယ်ယာစိုက်ပျိုးရေးနဲ့ ရာသီဥတုကြောင့်ဖြစ်ရတဲ့ သဘာဝဘေးဒဏ်ကာကွယ်ရေးတို့အတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကို ထပ်မံအသုံးပြုသွားမှာဖြစ်ကြောင်း အေဒီဘီဘဏ်က ပြော ပါတယ်။

၂၀၂၀ ပြည့်နှစ်မှာ ရာသီဥတုပြောင်းလဲမှုတွေ ဖြေရှင်းဖို့အတွက် အေဒီဘီရဲ့ သုံးစွဲမှုက စုစုပေါင်း သုံးစွဲမှုရဲ့ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်လာလိမ့်မယ်လို့ ပြောပါတယ်။

ယခင်နှစ်က အေဒီဘီရဲ့ ထုတ်ချေး ငွေနဲ့ အကူအညီက စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉ ဘီလီယံအထိ ရှိပါတယ်။

# ဒဗလျူတီအိုရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ကို နယူးဇီလန်အတည်ပြု

ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ် (Trade Facilitation Agreement-TFA) ကို နယူးဇီလန်နိုင်ငံက တရားဝင်လက်ခံအတည်ပြုကြောင်း ကုန်သွယ်ရေးဝန်ကြီး တင်မ်ဂရိုဆာရဲ့ စက်တင်ဘာ ၃၀ ရက်နေ့က ထုတ်ပြန်တဲ့ ကြေညာချက်ကို ကိုးကားပြီး နယူးဇီလန်နိုင်ငံရဲ့ Scoop ဝက်ဘ်ဆိုက် သတင်းမှာ ဖော်ပြပါတယ်။

" TFA က အကောက်ခွန်နဲ့ နယ်စပ်ဒေသ ကုန်သွယ်မှုဆောင်ရွက်ချက်တွေကို ရိုးရှင်းလွယ်ကူအောင် ဆောင်ရွက်ပြီး ကုန်သွယ်မှုကိုလွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်"လို့ မစ္စတာဂရိုဆာက ပြောပါတယ်။

TFA ကိုအကောင်အထည်ဖော်ခြင်းအားဖြင့် နယ်စပ်ကိုဖြတ်ကျော်ပြီး ထုတ်ကုန်များကိုဈေးကွက်သို့ တင်ပို့ရတဲ့စရိတ်ကိုလျှော့ချပေးနိုင်မှာ ဖြစ်တဲ့အတွက် နယူးဇီလန်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် နောင်တစ်ချိန်မှာ အကျိုးအမြတ်တွေ ရရှိလာမှာဖြစ်ပါတယ်။ ပျက်စီးလွယ်တဲ့ ကုန်ပစ္စည်းတွေကိုတင်ပို့နိုင်ရေးအတွက် သတ်မှတ်ပေးထားတဲ့ ပြဋ္ဌာန်းချက်တွေကြောင့် အထူးသဖြင့် နယူးဇီလန် လယ်ယာစိုက်ပျိုးရေးထုတ်ကုန် ပြည်ပတင်ပို့သူတွေကို အကျိုးဖြစ်ထွန်းစေနိုင်ပါတယ်။

"နယူးဇီလန်နိုင်ငံက TFA ကို လက်ခံလိုက်တာကိုကြည့်ခြင်းအားဖြင့် ဒဗလျူတီအိုနဲ့ နိုင်ငံစုံကုန်သွယ်မှုစနစ်ကို နယူးဇီလန်နိုင်ငံက လက်ခံလိုက်တယ်ဆိုတဲ့သဘောကိုပြသနေပါတယ်။ ယခုနှစ် ဒီဇင်ဘာမှာ ကင်ညာနိုင်ငံမှာ ကျင်းပမယ့် (၁၀) ကြိမ်မြောက် ဒဗလျူတီအိုဝန်ကြီးအဆင့်ကွန်ဖရင့်အတွက် ဦးတည်ပြီး နယူးဇီလန်နိုင်ငံဟာတခြား ဒဗလျူတီအို အဖွဲ့ဝင်နိုင်ငံတွေနဲ့ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်နေပါတယ်"လို့ မစ္စတာဂရိုဆာက ပြောပါတယ်။

ဒဗလျူတီအိုရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ကိုလက်ခံတဲ့ အထောက်အထား စာရွက်စာတမ်းတွေကို နယူးဇီလန်နိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ် ဗန်ဂယ်လစ်ဗီတာလစ်က ဒဗလျူတီအို ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုကို စက်တင်ဘာ ၂၉ ရက် နေ့က ပေးအပ်ခဲ့ပါတယ်။ TFA ကို အတည်ပြုနိုင်ဖို့အတွက် လက်ရှိအဖွဲ့ဝင် ၁၆၁ နိုင်ငံရဲ့ သုံးပုံနှစ်ပုံဖြစ်တဲ့ ၁၀၇ နိုင်ငံက လက်ခံအတည်ပြုမှာ ဖြစ်ပါတယ်။

# နိုင်ငံခြားမြို့ကြီး ၅၀ မှာ ထိုင်းပို့ကုန်မြှင့်တင်ဖို့ စီစဉ်

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုအလားအလာ မရေမရာဖြစ်နေချိန်မှာ ထိုင်းပို့ကုန်တွေကို ဈေးကွက်သစ်တွေမှာ ဆက်လက်မြှင့်တင်ပေးနိုင်ဖို့အတွက် ပြည်ပရှိ မြို့ကြီး ၅၀ မှာ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

ရည်မှန်းချက်ထားတဲ့မြို့ကြီး ၅၀ ကို သတ်မှတ်ရာမှာ အဲဒီမြို့တွေရဲ့ စီးပွားရေးစွမ်းအား၊ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေကို ဝယ်ယူနိုင်တဲ့စွမ်းအားမြင့်တက်မှုစတဲ့အချက်အလက်တွေအပေါ် မှာမူတည်ပြီး ဆောင်ရွက်တာဖြစ်ကြောင်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး ဆူဗစ်မာအဲစီက ပြောပါတယ်။

ရွေးချယ်ထားတဲ့ဈေးကွက်အများစုက တရုတ်နိုင်ငံထဲက မြို့ကြီးတွေဖြစ်ပြီး ရှန်ဟဲ၊ ပေကျင်း၊ တီယန်ကျင်း၊ ချုံကင်း၊ ရှန်ဇင်း၊ ကွေ့ချောင်း၊ နန်ဂျင်း၊ ဟန်ချောင်း၊ ချန်ဒူး၊ ဝူဟန်၊ ရှန်လန်းနဲ့ ဇီလန်းမြို့တွေ ပါဝင်ပါတယ်။ အိန္ဒိယနိုင်ငံထဲမှာတော့ မွမ်ဘိုင်း၊ ဒေလီနဲ့ ကိုလ်ကတ္တားမြို့တို့ ဖြစ်ပါတယ်။

ပါကစ္စတန်မှာ ကရာချိနဲ့ လာဟိုးတို့ကိုအဓိက ဦးတည်ချက်ထားပါတယ်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ရုရှား၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ကာတာ၊ အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတွေမှာ နိုင်ငံမြို့တော်တွေကို အဓိက ဦးတည်ချက်ထားပါတယ်။ အခြားမြို့တွေထဲမှာ ဆီရီးယားနိုင်ငံမှ ရပ်စ်-အယ်လ်-အိန်း၊ တူရကီမှ အစ္စတန်ဘူ၊ အီဂျစ်မှ ကိုင်ရို၊ ကွန်ဂိုမှ ကင်ရှာဆာ၊ အင်ဂိုလာမှ လူအန်ဒါစတဲ့မြို့တွေ ပါဝင်ပါတယ်။

ယခုစီမံကိန်းအရ ဈေးကွက်တစ်ခုချင်းမှာရှိတဲ့ စားသုံးသူ အလေ့အထ၊ ဝင်ငွေ၊ နိုင်ငံခြားခရီးသွားအရေအတွက်နဲ့ နိုင်ငံခြားခရီးသည် ဆွဲဆောင်မှုရှိရာ ဒေသများနဲ့ပတ်သက်ပြီး လေ့လာမှုစစ်တမ်းကောက်ဖို့ ဝန်ကြီးဌာနက အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင်ရေးဌာနကို တာဝန်ပေးထားပါတယ်။ ဒီလို ဆောင်ရွက်ထားတဲ့အတွက် ပို့ကုန်လုပ်ငန်းရှင်တွေနဲ့ ဝန်ကြီးဌာနရဲ့ ပို့ကုန်မြှင့်တင်ရေးအဖွဲ့တွေက ပို့ကုန်မြှင့်တင်ရေးမဟာဗျူဟာကို ရေးဆွဲချမှတ်တဲ့အခါမှာ အထောက်အကူရစေမှာ ဖြစ်ပါတယ်။ ဒီဈေးကွက်သစ် ထိုးဖောက်ရေးမဟာဗျူဟာကို လာမယ့်နှစ်ကစပြီး အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။

# ကမ္ဘာ့အကြီးမားဆုံး ကုန်သွယ်မှုအချက်အချာဒေသအဖြစ် စင်ကာပူက ဆက်လက်ထိန်းသိမ်း

ကမ္ဘာ့အကြီးမားဆုံး ကုန်စည်ကုန်သွယ်မှု အချက်အချာဒေသအဖြစ် စင်ကာပူနိုင်ငံ ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်ကြောင်း အစိုးရရဲ့ ကုန်သွယ်မှုအေဂျင်စီတစ်ခုဖြစ်တဲ့ International Enterprise (IE) Singapore ရဲ့ မကြာမီကလေ့လာချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြထားပါတယ်။

ရေနံဈေးနှုန်းများက ယခင်နှစ်ကဈေးနှုန်းနဲ့ နှိုင်းယှဉ်ပါက ခေါက်ချိုးကျဆင်းခြင်း၊ သံရိုင်းဈေးနှုန်းက အမြင့်ဆုံးရောက်ရှိခဲ့တဲ့ဈေးနဲ့ နှိုင်းယှဉ်ရင် သုံးပုံတစ်ပုံထိကျဆင်းခြင်းစတဲ့ အချက်တွေကြောင့် ကုန်စည်ရောင်းဝယ်မှု ကသောင်းကနင်းဖြစ်နေချိန်မှာ ယခုလို သတင်းထွက်ပေါ် လာတာ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံက အာရှကုန်သွယ်မှုလမ်းကြောင်းရဲ့ ဗဟိုအချက်အချာမှာ တည်ရှိတဲ့အတွက် ကမ္ဘာ့ကုန်စည်ထုတ်လုပ်သူများသုံးစွဲသူများနဲ့ ကုန်သည်များရဲ့ ကွန်ရက်ကို ကျယ်ပြန့်စွာ ဖြန့်ကြက်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း IE Singapore က ပြောပါတယ်။ ကမ္ဘာ့ထိပ်တန်းကုန်စည်



ရောင်းဝယ်မှုလုပ်ငန်းအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းနီးပါးက စင်ကာပူနိုင်ငံမှာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိတယ်လို့ ဆိုပါတယ်။

စင်ကာပူနိုင်ငံရဲ့ ဘဏ္ဍာရေးနဲ့ ကြီးကြပ် ထိန်းသိမ်းမှုစနစ်များက ကုန်စည်ရောင်းဝယ်မှုအတွက် ဂေဟစနစ်ကို ဖန်တီးရာမှာ အဓိကကျတဲ့ အစိတ်အပိုင်းများဖြစ်ကြောင်း လေ့လာချက်မှာ ဖော်ပြထားပါတယ်။

“စင်ကာပူနိုင်ငံက ကုန်စည်ရောင်းဝယ်မှုလုပ်ငန်းမှာ ပါဝင်နေသူတွေကို ကွန်ရက်တစ်ခုသဖွယ် ဖွဲ့စည်းပေးပြီး ကုန်သည်များရဲ့ လုပ်ငန်းဆောင်ရွက်မှုတိုးတက်ကောင်းမွန်လာအောင် တွန်းအားပေးတဲ့ အခြေခံအဆောက်အအုံတစ်ခုသဖွယ်ဖန်တီးပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံမှာ ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေး၊ အာမခံ၊ သင်္ဘောတင်ပို့မှုလုပ်ငန်းဆိုင်ရာ ပညာရှင်များနဲ့ ကြီးကြပ်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းတွေရှိနေတာကို တွေ့နိုင်ပါတယ်။ ဒီအရာတွေအားလုံးက လုပ်ငန်းဆောင်ရွက်နေသူတွေအတွက် လွယ်ကူချောမွေ့မှုရှိစေပါတယ်”လို့ IE Singapore ရဲ့ ကုန်သွယ်ရေးဝန်ဆောင်မှုနဲ့ မူဝါဒရေးရာဌာနညွှန်ကြားရေးမှူး မစ္စဂီနာလင်က ပြောပါတယ်။

ယခင်နှစ်က စင်ကာပူနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍမှာ လုပ်ငန်းဆောင်ရွက်နေသူ ၁၄၆၀၀ ရှိကြောင်း IE Singapore က ပြောပါတယ်။

# ဗီယက်နမ်နိုင်ငံတွင် စီးပွားရေးအလားအလာကောင်းမွန်နေမှုကြောင့် လုပ်ငန်းသစ်များပိုမိုမှတ်ပုံတင်

ဗီယက်နမ်နိုင်ငံမှာ ယခုနှစ် ပထမကိုးလအတွင်း လုပ်ငန်းသစ် စုစုပေါင်း ၆၈၀၀၀ ကျော် မှတ်ပုံတင်ခဲ့ရာ ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ်ပါက ၂၈ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း စက်တင်ဘာ ၂၈ ရက်က စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက (MPI) ထုတ်ပြန်ချက်ကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

ပထမကိုးလအတွင်း မှတ်ပုံတင်တဲ့ လုပ်ငန်းများရဲ့ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုက ဗီယက်နမ်ဒေါင် ၄၂၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၆ ဘီလီယံ) ရှိခဲ့ရာ ၂၀၁၄ ခုနှစ် ကာလတူကထက် ၃၁ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း MPI က ပြောပါတယ်။ မတည်ရင်းနှီးငွေတွေ ထပ်မံတိုးချဲ့မှုအဖြစ် ရင်းနှီးမြှုပ်နှံမှုက ဗီယက်နမ် ဒေါင် ၆၀၈ ထရီလီယံ (အမေရိကန် ဒေါ်လာ ၂၇ ဒသမ ၂ ဘီလီယံ) ရှိတဲ့အတွက် ပြည်တွင်းစီးပွားရေးမှာ ရင်းနှီးမြှုပ်နှံမှု ဗီယက်နမ် ဒေါင် ၁၀၀၀ ထရီလီယံ (အမေရိကန် ဒေါ်လာ ၄၄ ဒသမ ၄ ဘီလီယံ) အထိ ထပ်မံတိုးတက်လာတာကို တွေ့ရပါတယ်။

ပထမကိုးလအတွင်းမှာ လုပ်ငန်းတစ်ခုချင်းအလိုက်ပျမ်းမျှရင်းနှီးမြှုပ်နှံမှုက ၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး ဗီယက်နမ် ဒေါင် ၆ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇၅၄၉၄) ရှိခဲ့ပါတယ်။ အလုပ်အကိုင်သစ် တစ်သန်းခန့်ကို ဖန်တီးနိုင်ခဲ့ပါတယ်။

ယခုနှစ်အတွင်းမှာ ဖျက်သိမ်းခဲ့တဲ့ ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရပ်ဆိုင်းခဲ့တဲ့ ကုမ္ပဏီ ၆၉၆၂ ခု ရှိခဲ့ရာ ယခင်နှစ်ကထက် သုည ဒသမ ၉ ရာခိုင်နှုန်း ပိုမိုတိုးတက်လာတယ်လို့ ဆိုပါတယ်။ လုပ်ငန်းဖျက်သိမ်းခဲ့တဲ့ စီးပွားရေးလုပ်ငန်းအများစုက အသေးစားစက်မှုလက်မှုလုပ်ငန်းတွေဖြစ်ပြီး မတည်ရင်းနှီးငွေ ဗီယက်နမ်ဒေါင် ၁၀ ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၄၄၃၄၅) အောက်ရှိတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ လုပ်ငန်း အခက်အခဲတွေကြောင့် လုပ်ငန်းတွေ ရပ်ဆိုင်းထားတဲ့ စီးပွားရေးလုပ်ငန်း ၄၇၀၀၀ ခုရှိပြီး လုပ်ငန်းတွေပြန်လည်စတင်တဲ့ ကုမ္ပဏီအရေအတွက်က ၁၂၈၄၈ ခုရှိပါတယ်။

တန်ဖိုးမြင့်မားတဲ့ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ဖို့အတွက် စီးပွားရေးလုပ်ငန်းတွေက ကုန်ထုတ်လုပ်မှုစွမ်းအားနဲ့ နည်းပညာကို တိုးတက်ကောင်းမွန်အောင်ကြိုးပမ်းကြဖို့ ဝန်ကြီးဌာနက တိုက်တွန်းထားပါတယ်။ ဒါ့အပြင် ဒေဝါလီခံရတဲ့ စီးပွားရေးလုပ်ငန်းအရေအတွက်လျှော့ချနိုင်ဖို့ ရည်ရွယ်ပြီး ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကိုမြှင့်တင်ဖို့အတွက် တိုက်တွန်းထားပါတယ်။

ဗီယက်နမ် စာရင်းရုံး (General Statistics Office) က နောက်ဆုံး ကောက်ယူထားတဲ့ စစ်တမ်းအရ နောက်ဆုံးသုံးလပတ်မှာ စီးပွားရေးလုပ်ငန်းတွေ အလားအလာကောင်းလာမယ်လို့ ယုံကြည်တဲ့စီးပွားရေးလုပ်ငန်းက ၈၅ ဒသမ ၆ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# အငြိမ်းစားယူချိန် ဆင်းရဲမှာကို ဖိလစ်ပိုင်လုပ်သားများရဲ့ ၉၀ ရာခိုင်နှုန်းက စိုးရိမ်

အငြိမ်းစားယူချိန်မှာ ဆင်းရဲချို့တဲ့မှုနဲ့ ငွေကြေးလိုအပ်ချက်တွေရှိမှာကို အလုပ်လုပ်ကိုင်နေတဲ့ ဖိလစ်ပိုင်အလုပ်သမားများရဲ့ ၉၀ ရာခိုင်နှုန်းက စိုးရိမ်မှုရှိနေကြောင်း ဘိဇနက်မီဒီယာသတင်းမှာ ဖော်ပြထားပါတယ်။

ယခုတွေ့ရှိချက်က The Global Aging Institute-GAI က Pru Life UK ဒေသဆိုင်ရာရုံးခွဲနဲ့ ပူးပေါင်းပြီး အရှေ့အာရှမှာရှိတဲ့ အငြိမ်းစားယူသူတို့ရဲ့ သဘောထားနဲ့ မျှော်မှန်းချက်များဆိုင်ရာ စစ်တမ်းကောက်ယူချက်အရ တွေ့ရတဲ့ တွေ့ရှိချက် ဖြစ်ပါတယ်။ အငြိမ်းစားယူပြီး နောက်ပိုင်းအလားအလာနဲ့ပတ်သက်လို့ စိုးရိမ်လျက်ရှိရာမှာ ဖိလစ်ပိုင်နိုင်ငံက ဗီယက်နမ်နိုင်ငံ (၉၅ ရာခိုင်နှုန်း) ပြီးရင် ဒုတိယနေရာမှာရှိပါတယ်။ တခြားနိုင်ငံတွေရဲ့ အခြေအနေကြည့်ရင် အင်ဒိုနီးရှား (၈၃ ရာခိုင်နှုန်း)၊ တောင်ကိုရီးယား (၈၁ ရာခိုင်နှုန်း)၊ ထိုင်းနိုင်ငံ (၇၉ ရာခိုင်နှုန်း)၊ မလေးရှား (၆၈ ရာခိုင်နှုန်း)၊ စင်ကာပူ (၆၆ ရာခိုင်နှုန်း)၊ ဟောင်ကောင် (၆၄ ရာခိုင်နှုန်း)၊ တရုတ် (တိုင်ပေ) (၆၀ ရာခိုင်နှုန်း)နဲ့ တရုတ်နိုင်ငံ (၅၀ ရာခိုင်နှုန်း) တို့က အစဉ်အလိုက် တည်ရှိနေပါတယ်။

ယနေ့ခေတ် အလုပ်လုပ်ကိုင်ဝင်ရောက်နေကြသူလူကြီးပိုင်းတွေက ပိုမိုကြွယ်ဝ၊ ပညာတတ်ပြီး၊ သူတို့ အထက်ကမျိုးဆက်တွေနဲ့ နှိုင်းယှဉ်ရင် စီးပွားရေး အမြင်ပိုရှိလာတဲ့အတွက် အငြိမ်းစားယူချိန်ရောက်ရင် အကောင်းဆုံးဖြစ်အောင်ပြင်ဆင်ထားကြတာများပါတယ်။ ဒါပေမယ့် အနာဂတ်ကာလ အနားယူချိန်မှာ အာမခံချက်ရှိဖို့နဲ့ ပတ်သက်ပြီး စိုးရိမ်စရာတွေ ရှိနေပါတယ်။

စစ်တမ်းကောက်ယူခဲ့တဲ့ ဖိလစ်ပိုင်အလုပ်သမားအများစုထဲမှာ သူတို့ အငြိမ်းစားယူပြီးနောက်ပိုင်း စုဆောင်းငွေတွေကုန်ခမ်းသွားမှာကို စိုးရိမ်သူက ၈၉ ရာခိုင်နှုန်း၊ ကျန်းမာရေးချို့တဲ့ပြီး ပြုစုမယ့်သူမရှိမှာကို စိုးရိမ်သူက ၈၈ ရာခိုင်နှုန်းနဲ့ သူတို့ကလေးတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှာကို စိုးရိမ်သူက ၈၀ ရာခိုင်နှုန်း ရှိပါတယ်။ အငြိမ်းစားယူပြီး နောက်ပိုင်း ဝင်ငွေထပ်ရဖို့အတွက် အချိန်ပိုင်းအလုပ်ကို အနည်းဆုံး ဆက်လက်လုပ်ကိုင်သူက အငြိမ်းစားယူသူ ဦးရေရဲ့ ငါးပုံသုံးပုံနီးပါးထိရှိကြောင်း စစ်တမ်းအရသိရပါတယ်။ ဒါပေမယ့် မိသားစုအပေါ် မှာ မှီခိုမှုက မြင့်မားပါတယ်။ သူတို့ရဲ့ သားသမီးတွေကိုမှီခိုနေရတဲ့ အငြိမ်းစားဦးရေက ၇၈ ရာခိုင်နှုန်းရှိရာ စစ်တမ်းကောက်ယူတဲ့ နိုင်ငံများတွင် ဗီယက်နမ်နိုင်ငံပြီးလျှင် ဖိလစ်ပိုင်နိုင်ငံက ဒုတိယအများဆုံး ဖြစ်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

## ဂျကာတာ

အင်ဒိုနီးရှားအစိုးရက စည်းမျဉ်း စည်းကမ်းများ လျှော့ချရေးဒုတိယ အစီအစဉ်ကို မကြာသေးမီက ကြေညာခဲ့ပြီးဖြစ်ရာ အဆိုပါအစီအစဉ်ရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်များကို သုံးနာရီအတွင်း ထုတ်ပေးရေး စည်းမျဉ်းဥပဒေတစ်ရပ်ကို အင်ဒိုနီးရှားရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ညှိနှိုင်းရေး ဘုတ်အဖွဲ့က အောက်တိုဘာ ၂ ရက်နေ့က ကြေညာခဲ့ကြောင်း အင်တာရာ သတင်းမှာ ဖော်ပြပါတယ်။

## စင်ကာပူ

စင်ကာပူနိုင်ငံရှိ လူနေအိမ်များရဲ့ ဈေးနှုန်းတွေက ယခင်သုံးလပတ်မှာ သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ယခုသုံးလပတ်မှာ ၁ ဒသမ ၃ ရာခိုင်နှုန်းထိ ကျဆင်းရာယခုကျဆင်းမှုကယခင်သုံးလပတ်ထက် ပိုမိုကျဆင်းပြီး သုံးလပတ်ရှစ်ပတ်မြောက် ဆက်တိုက် ကျဆင်းခြင်းဖြစ်ကြောင်း အောက်တိုဘာ ၁ ရက်က ထုတ်ပြန်တဲ့ မြို့ပြပြန်လည် ဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့ရဲ့ ကိန်းဂဏန်းတွေကိုကိုးကားပြီး rttnews သတင်းမှာ ဖော်ပြပါတယ်။

## ဟနွိုင်း

ယာဉ်သွားလာမှု စည်းကမ်းဥပဒေချိုးဖောက်မှုများကို နှိမ်နင်းဖို့အတွက် တင်းကျပ်တဲ့ အစီအမံများကိုရေးဆွဲဆောင်ရွက်ရန် ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ငုယင်ဇွမ်ဖတ်က ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနကို အောက်တိုဘာ ၃ ရက်နေ့က တာဝန်ပေးအပ်ခဲ့ကြောင်း ဗီယက်နမ်နယူးစ် သတင်းမှာ ဖော်ပြပါတယ်။

## အတ္တလန္တာ

မော်တော်ကား၊ နို့ထွက်ပစ္စည်းနဲ့ တန်ဖိုးကြီး ဇီဝဗေဒဆိုင်ရာ ဆေးဝါး (Biologic Drugs) များအတွက် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်ခွင့်ကိစ္စနဲ့ ပတ်သက်တဲ့ အခက်အခဲများကို အောက်တိုဘာ ၃ ရက်နေ့က တိုးတက်မှုရရှိအောင် ဆောင်ရွက်ပြီးခဲ့တဲ့အတွက် ပစိဖိတ်ဒေသ ကုန်သွယ်ရေးသဘောတူညီမှုကိုရရှိရန် နီးစပ်လာပြီဟု ပစိဖိတ်ကုန်သွယ်ရေး ဝန်ကြီးများက အပြုသဘော အမြင်ရှိကြကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

USA

# အမေရိကန်ပြည်ထောင်စုအလုပ်အကိုင်ဖွံ့ဖြိုးမှု အရှိန်မြင့်

စက်တင်ဘာလအတွင်း အမေရိကန်ပြည်ထောင်စုမှာ အလုပ်ရှင်များကအလုပ်အကိုင်များကို အရှိန်အဟုန်မြှင့်ခန့်ထားလာတဲ့အတွက် အလုပ်သမားဈေးကွက် အခြေအနေ တိုးတက်မြင့်မားလာကြောင်းနဲ့ ဒီအခြေအနေတွေက ယခုနှစ်အတွင်း ပြုလုပ်မယ့် အမေရိကန်ဗဟိုဘဏ်ရဲ့ ကျန်အစည်းအဝေးနှစ်ခုမှာ ဗဟိုဘဏ်ရဲ့ အတိုးနှုန်းကိုမြှင့်တင်ပေးဖို့ တွန်းအားဖြစ်နိုင်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

လယ်ယာလုပ်ငန်းမှအပ တခြားလုပ်ငန်းကဏ္ဍတွေမှာ အလုပ်အကိုင်ခန့်ထားမှုက စက်တင်ဘာလမှာ နှစ်သိန်းကျော်ရှိခဲ့ကြောင်း ဒီအခြေအနေကိုကြည့်ပါက တရုတ်စီးပွားရေးနဲ့အတူဖြစ်ပေါ်နေတဲ့ ကမ္ဘာ့စီးပွားရေး တိုးတက်နှုန်း နှေးကွေးကျဆင်းမှုကြောင့် အမေရိကန်ရဲ့ စီးပွားရေး တိုးတက်မှုကို နှောင့်နှေးသွားစေနိုင်ပေမယ့် အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်မှုနှုန်းက ဩဂုတ်လထက် ပိုမိုတိုးတက်လာတာတွေ့ရကြောင်း ရိုက်တာသတင်းဌာနက စစ်တမ်းကောက်ယူခဲ့တဲ့ စီးပွားရေးပညာရှင်တွေရဲ့ ပြောကြားချက်ကို သတင်းမှာ ဖော်ပြပါတယ်။

အလုပ်အကိုင်တွေကို အသည်းအသန်ရှာဖွေနေရတဲ့ အလုပ်လက်မဲ့တွေက လုပ်သားအင်အားစုအတွင်း ပြန်လည်ဝင်ရောက်လာနိုင်ပြီဖြစ်တဲ့အတွက် စက်တင်ဘာလမှာ အလုပ်လက်မဲ့နှုန်းက ၅ ဒသမ ၁ ရာခိုင်နှုန်းမှာပဲ ရှိနေလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမယ့် လူဦးရေဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ဆိုရင် အလုပ်အကိုင် တစ်သိန်းသာ နောက်ထပ်ဖန်တီးပေးဖို့လိုမယ်လို့ စီးပွားရေးပညာရှင်တွေက ခန့်မှန်းပါတယ်။ ဒီအဆင့်ထက်ကျော်ပြီး အလုပ်အကိုင်တွေဖန်တီးနိုင်မယ်ဆိုရင် အလုပ်လက်မဲ့နှုန်းက ရေရှည်မှာ ကျဆင်းသွားမှာဖြစ်ပြီး ငွေကြေးဖောင်းပွမှုနှုန်းကို မြင့်တက်စေမှာ ဖြစ်ပါတယ်။

EU

# ယူကရိန်းသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးအတွက် ရုရှားနဲ့ ဥရောပကော်မရှင်တို့ လက်မှတ်ရေးထိုး



ယူကရိန်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးအတွက် အခြေပြစာချုပ်ကို ရုရှားနဲ့ ဥရောပကော်မရှင် (အီးစီ) တို့ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ရာ ယူကရိန်းနိုင်ငံရဲ့ အလှည့်သာ ကျန်တော့ကြောင်း စက်တင်ဘာ ၃၀ ရက်က ရုရှားစွမ်းအင်ဝန်ကြီး အလက်ဇန္ဒားနိုဗက်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရုရှားနိုင်ငံ သတင်းဌာနက တပ်(စ်)ရဲ့သတင်းမှာ ဖော်ပြပါတယ်။

“အခြေပြစာချုပ်ကို ကျွန်တော်တို့ဘက်ကလက်မှတ်ထိုးပြီးသလို ဥရောပကော်မရှင်ဘက်က လည်းထိုးပြီးပါပြီ။ ကျွန်တော်တို့ သဘောတူညီချက်အတိုင်း ယူကရိန်း ဘက်ကမပေးနိုင်စရာမရှိပါဘူး။ အခြေပြစာချုပ်က ကျွန်တော်တို့ရဲ့ ဆက်ဆံရေးကို စည်းကမ်းသတ်မှတ်ထားတဲ့ သဘောတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့လုပ်ငန်းကို အခုလုပ်ချင်ရင် အခုလုပ်လို့ရအောင် လုပ်ငန်းတွေကိုကြိုးကြပ်ထိန်းသိမ်းမယ့် သဘောတူညီချက်တွေ ကျွန်တော်တို့မှာ ရှိထားပြီးသားပါ။ ဒီနှစ်ဒုတိယသုံးလပတ်တုန်းကဆိုရင် အခြေပြစာချုပ်မရှိဘဲနဲ့တောင် ကျွန်တော်တို့က ဈေးနှုန်းကို လျှော့ချပေးခဲ့တာပါ”လို့ သူက ပြောပါတယ်။

ဒါပေမယ့် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရေးအတွက် ကြိုတင်ပေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကို ယူကရိန်းကုမ္ပဏီဖြစ်တဲ့ Naftogaz ထံမှ ရုရှားကုမ္ပဏီဂက်ဇ်ပရွန်က ယခုချိန်ထိမရသေးကြောင်း နိုဗက်ကပြောပါတယ်။

ယူကရိန်းနိုင်ငံက သဘာဝဓာတ်ငွေ့ကုဗမီတာ နှစ်ဘီလီယံကို ဂက်ဇ်ပရွန်ကုမ္ပဏီထံမှ ဝယ်ယူဖို့အတွက် ဘရပ်ဆဲမြို့မှာ ကျင်းပတဲ့ ရုရှား၊ ဥရောပသမဂ္ဂနဲ့ ယူကရိန်းတို့ရဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲမှာ သဘောတူညီခဲ့ကြကြောင်း တပ်(စ်) သတင်းမှာ စက်တင်ဘာ ၂၅ ရက်နေ့က ဖော်ပြခဲ့ပါတယ်။ ယူကရိန်းရဲ့ Naftogaz ကုမ္ပဏီမှာ သဘာဝဓာတ်ငွေ့ဝယ်ယူဖို့ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရှိထားပြီး ဘရပ်ဆဲလ်မြို့မှာ ရေးဆွဲခဲ့တဲ့ စာချုပ်စာတမ်းအားလုံး လက်မှတ်ရေးထိုးပြီးရင် ဂက်ဇ်ပရွန်ရဲ့ ငွေစာရင်းထဲကို လွှဲပြောင်းပေးမှာ ဖြစ်ပါတယ်။

East Asia

# စက်တင်ဘာလမှာ တောင်ကိုရီးယားရဲ့ ပို့ကုန်ရှစ်ရာခိုင်နှုန်းကျော် ကျဆင်း

ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တောင်ကိုရီးယားနိုင်ငံရဲ့ ယခုနှစ်စက်တင်ဘာပြည်ပပို့ကုန်က ၈ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့တဲ့အတွက် ပို့ကုန်လုပ်ငန်းတွေ ကိုးလဆက်တိုက် ကျဆင်းတာကို တွေ့ရကြောင်း အောက်တိုဘာ ၁ ရက်ကထုတ်ပြန်ခဲ့တဲ့ အစိုးရရဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

ပို့ကုန်လုပ်ငန်းက တောင်ကိုရီးယားရဲ့စီးပွားရေးမှာတစ်ဝက်ခန့်ပါဝင်နေပြီး စက်တင်ဘာ ပို့ကုန်လုပ်ငန်းအခြေအနေက ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၈ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅၁ ဘီလီယံထိ ရောက်ရှိခဲ့ပါတယ်။ ဩဂုတ်လနဲ့ နှိုင်းယှဉ်ရင် ၁၄ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေးစက်မှုနဲ့ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ပါရှိပါတယ်။

သွင်းကုန်လုပ်ငန်းကလည်း ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် စက်တင်ဘာလမှာ ၂၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၅၆ ဘီလီယံထိရှိခဲ့ပါတယ်။ ပို့ကုန်နဲ့သွင်းကုန်နှစ်ခုစလုံးက ကိုးလဆက်တိုက်အကျဘက်ကိုဦးတည်လျက်ရှိနေပါတယ်။

ဒါပေမယ့် သွင်းကုန်လုပ်ငန်းရဲ့ ကျဆင်းမှုက ပို့ကုန်လုပ်ငန်းထက် ပိုမိုတဲ့အတွက် ကုန်သွယ်မှုပိုငွေက စက်တင်ဘာမှာ အမေရိကန် ဒေါ်လာ ၈ ဒသမ ၉၄ ဘီလီယံထိ ရောက်ရှိကာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီမှ ယနေ့ထိ ၄၄ လဆက်တိုက် မြင့်တက်ခဲ့ပါတယ်။

South Asia

# ငွေစက္ကူသုံးစွဲမှုမရှိတဲ့ စီးပွားရေးအဖြစ် အိန္ဒိယနိုင်ငံကို ထူထောင်ဖို့ အိန္ဒိယဗဟိုဘဏ်က ကြိုးပမ်း

ငွေသားကိုင်တွယ်သုံးစွဲမှုနည်းတဲ့ လူ့အဖွဲ့အစည်းအဖြစ်ရောက်ရှိအောင်ကြိုးပမ်းဆောင်ရွက်ရာမှာ နည်းပညာကို တိုးတက်အသုံးပြုနိုင်ရေးအတွက် အိန္ဒိယဗဟိုဘဏ်က အထူးသဖြင့် မြို့ငယ်များအားလုံးမှာ နိုဝင်ဘာလကစပြီး အီလက်ထရွန်းနစ်စနစ်ကိုအသုံးပြုတဲ့ ငွေပေးငွေယူလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အိန္ဒိယဗဟိုဘဏ်ရဲ့ စက်တင်ဘာ ၂၉ ရက်နေ့က ကြေညာချက်ကို ကိုးကားပြီး ဘိဇနက်အင်ဆိုက်ဒါ သတင်းမှာ ဖော်ပြပါတယ်။

“ငွေပေးငွေယူ ဆောင်ရွက်တဲ့အခါ အီလက်ထရွန်းနစ်စနစ်သုံးငွေပေးချေမှုစနစ်နဲ့ ကတ်စနစ်သုံးစွဲမှုတွေကို အသုံးပြုပြီး အိန္ဒိယနိုင်ငံအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် လက်ခံသုံးစွဲမှုများလာအောင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်မှစပြီး အထူးသဖြင့် Tier III နဲ့ Tier VI စင်တာများတွင် အိန္ဒိယဗဟိုဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”လို့ ဗဟိုဘဏ်ရဲ့ စတုတ္ထအကြိမ်မြောက် နှစ်လတစ်ကြိမ်ထုတ်ဝေတဲ့ ငွေကြေးမူဝါဒ ထုတ်ပြန်ချက်စာစောင်မှာ ဖော်ပြထားပါတယ်။

ထို့ပြင် ရူပီး ၁၀၀ တန်၊ ရူပီး ၅၀၀ တန်နဲ့ ရူပီး ၁၀၀၀ တန်ငွေစက္ကူတွေကို နံပတ်ပေးပုံစနစ်သစ်ကို အသုံးပြုထုတ်ဝေထားပြီး ဖြစ်ကြောင်းလည်း ဗဟိုဘဏ်က ထုတ်ပြန်ကြေညာခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ ငွေစက္ကူအားလုံးမှာ ဒီစနစ်ကိုအသုံးပြုသွားမှာဖြစ်ကြောင်း ဗဟိုဘဏ်က ပြောပါတယ်။

အိန္ဒိယဗဟိုဘဏ်က အမြင်အာရုံချို့တဲ့သူများအတွက်လည်း ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်နေကြောင်း အဲဒီစာစောင်မှာ ဖော်ပြထားပါတယ်။ အမြင်အာရုံ ချို့တဲ့သူတွေအနေနဲ့ ငွေကြေးတန်ဖိုးကို အလွယ်တကူသိရှိနိုင်ဖို့ရူပီး ၁၀၀ တန်၊ ရူပီး ၅၀၀ တန်နဲ့ ရူပီး ၁၀၀၀ တန်မှာ အပိုအမှတ်အသားတွေ ထည့်ပေးနိုင်ဖို့အတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ရင်းနှီးမြှုပ်နှံသူတွေက အမေရိကန်ပြည်ထောင်စုရဲ့ အလုပ်အကိုင်ခန့်ထားမှု အခြေအနေကို စောင့်ကြည့်လေ့လာလျက်ရှိပါတယ်။ ယခုနှစ်အကုန်မှာ ဗဟိုဘဏ် အတိုးနှုန်းကို လျှော့ချပေး၊ မပေး အမေရိကန်ဗဟိုဘဏ်က သုံးသပ်ရာမှာ အလုပ်အကိုင်အခြေအနေက အရေးပါတဲ့ အခန်းကဏ္ဍကပါဝင်နေတယ်။ လက်ရှိအခြေအနေအရ အမေရိကန်ပြည်ထောင်စုက လာမယ့် ဒီဇင်ဘာမှာ အတိုးနှုန်းတွေ လျှော့ချပေးမပေးကို ရင်းနှီးမြှုပ်နှံသူတို့က ခန့်မှန်းလို့ မရနိုင်သေးတဲ့ အခြေအနေမှာရှိတဲ့အတွက် အောက်တိုဘာ ၂ ရက်နေ့က အာရှငွေကြေးအများစုရဲ့ တန်ဖိုးတွေ ကျဆင်းလာတာကို တွေ့ရပါတယ်။

စင်ကာပူနိုင်ငံမှာ ဗဟိုဘဏ်ရဲ့ ငွေကြေးမူဝါဒအရ ယခုလအကုန်မှာ ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးလိမ့်မယ်လို့ ယူဆကြတဲ့အတွက် စင်ကာပူဒေါ်လာတန်ဖိုးက ခြောက်နှစ်အတွင်း အနိမ့်ဆုံးထိ ကျဆင်းပြီး အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို စင်ကာပူဒေါ်လာ ၁ ဒသမ ၄၃၆၆ နှုန်းရှိခဲ့ပါတယ်။

တရုတ်နိုင်ငံအတွင်းရှိ ငွေကြေးဈေးကွက်တွေက ယခုရက်သတ္တပတ်မှာ အားလပ်ရက်အဖြစ် ပိတ်ထားတဲ့အတွက် အာရှဈေးကွက်ရဲ့ အရောင်းအဝယ်အခြေအနေက သာမန်အခြေအနေအောက်ကို ကျဆင်းနေပါတယ်။ တောင်ကိုရီးယားဝမ်နဲ့ မလေးရှားရင်းဂစ်တို့ အပါအဝင် အာရှငွေကြေးတွေရဲ့ တန်ဖိုးတွေ ကျဆင်းလိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက ခန့်မှန်းရာမှာ ဒီအချက်ကလည်း အချက်တစ်ချက်အဖြစ် ပါဝင်နိုင်ပါတယ်။

### တရုတ်ယွမ်

ဩဂုတ်လ ၁၁ ရက်နေ့က တရုတ်ဗဟိုဘဏ်က ယွမ်ငွေကြေးတန်ဖိုးကို လျှော့ချဖို့ ဆုံးဖြတ်ချက်ချခဲ့ပြီးတဲ့နောက်ပိုင်း တရုတ်စီးပွားရေး နှေးကွေးကျဆင်းမှုနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေ လွှမ်းကဲလာခဲ့ပါတယ်။ ဒီဆောင်ရွက်မှုရဲ့ ဂယက်က နှစ်လခန့်ကြာတဲ့ ယခုအချိန်ထိ ဈေးကွက်ကို ရိုက်ခတ်ဆဲဖြစ်ပါတယ်။

ရှန်ဟဲဈေးကွက်မှာ စက်တင်ဘာ ၃၀ ရက်နေ့ ညနေဈေးပိတ်ချိန်က အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၃၅၇၁ ယွမ်နှုန်းရှိခဲ့ရာမှ တစ်ဒေါ်လာကို ၆ ဒသမ ၈ ယွမ်ဝန်းကျင်အထိ ယွမ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

### အိန္ဒိယရူပီး

နိုင်ငံခြားငွေစီးဝင်မှုတွေ မြင့်တက်လျက်ရှိနေချိန်မှာ ပို့ကုန်လုပ်ငန်းရှင်များနဲ့ ဘဏ်များက အမေရိကန်ဒေါ်လာကို ရောင်းချလျက်ရှိတဲ့အတွက် အောက်တိုဘာ ၂ ရက် နံနက်ပိုင်း ဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရူပီးတန်ဖိုးက သုည ဒသမ ၀၉ ရူပီးနှုန်း မြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆၅ ဒသမ ၄၉ ရူပီးနှုန်း ရှိခဲ့ပါတယ်။

### ဂျပန်ယန်း

တိုကျိုဈေးကွက်မှာ အောက်တိုဘာ ၂ ရက်နေ့က အမေရိကန်ဒေါ်လာနဲ့ ယန်းငွေကြေးဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၁၉ ဒသမ ၅ယန်းနှုန်းအထက်မှာ ရှိနေပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ယန်းငွေကြေးဖလှယ်နှုန်းက အောက်တိုဘာ ၁ ရက်နေ့ ညနေငါးနာရီက တစ်ဒေါ်လာကို နယူးယောက်ဈေးကွက်မှာ ၁၁၉ ဒသမ ၈၆ ယန်းနဲ့ တိုကျိုမှာ ၁၂၀ ဒသမ ၂၀ ယန်းရှိရာမှာ နောက်တစ်နေ့ နံနက်ကိုးနာရီမှာ အမေရိကန်တစ်ဒေါ်လာကို ၁၁၉ ဒသမ ၈၂ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရိုတန်ဖိုးက အောက်တိုဘာ ၁ ရက်နေ့ညနေပိုင်းမှာ တစ်ယူရိုကို နယူးယောက်မှာ ၁ ဒသမ ၁၁၉၁ ဒေါ်လာနဲ့ ၁၃၄ ဒသမ ၀၈ ယန်း၊ တိုကျိုဈေးကွက်မှာ ၁ ဒသမ ၁၄၄ ဒေါ်လာနဲ့ ၁၃၃ ဒသမ ၉၅ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၁၉၂ ဒေါ်လာနဲ့ ၁၃၄ ဒသမ ၁၁ ယန်းနှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

ရက်သတ္တပတ် ကုန်ဆုံးချိန် အောက်တိုဘာ ၂ ရက်နေ့မှာ ရင်းဂစ်ဝယ်လိုအား ကျဆင်းတဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။ ဒေါ်လာနဲ့ ရင်းဂစ် ဖလှယ်နှုန်းက တစ်ဒေါ်လာကို အောက်တိုဘာ ၁ ရက်က ၄ ဒသမ ၃၉၉၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ကိုးနာရီမှာ အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၃၇၅ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးကျ ဆင်းပါတယ်။

### တောင်ကိုရီးယားဝမ်

တောင်ကိုရီးယား ပို့ကုန်လုပ်ငန်းရှင်များက ဒေါ်လာကိုထုတ်ရောင်းလာကြတဲ့အတွက် ရက်သတ္တပတ်အလိုက်ကြည့်ရင် ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဝမ်ငွေတန်ဖိုးက မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် အောက်တိုဘာ ၂ ရက်နေ့ ဈေးကွက်မှာ ကိုရီးယားဝမ်တန်ဖိုးက ၇ ဒသမ ၁၆ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၈၄ ဒသမ ၁၀ ဝမ်နှုန်းရှိခဲ့ပါတယ်။

### ထိုင်းဘတ်

ထိုင်းဘတ်ငွေတန်ဖိုးက ကိုးနှစ်အတွင်း အနိမ့်ဆုံးနှုန်းကို ကျဆင်းခဲ့ပါတယ်။ ထိုင်းဘတ်ငွေတန်ဖိုးက အမေရိကန်တစ်ဒေါ်လာကို ၃၆ ဒသမ ၆၈ ဘတ်နှုန်းရှိခဲ့ရာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာနောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ရက်သတ္တပတ်အတွင်း အတက်အကျနှုန်းကို ကြည့်ပါက တစ်ရာခိုင်နှုန်းကျော် ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

**ဘဏ်တင်-စုစည်းတင်ပြသည်**



## ယူရိုဇုန်ဘဏ်အချို့ရဲ့ စီမံခန့်ခွဲမှုက စံနှုန်းနဲ့ မကိုက်ညီ

အီးစီဘီက လေ့လာစောင့်ကြည့်လျက်ရှိတဲ့ ဘဏ်အများအပြားက အပြည်ပြည်ဆိုင်ရာ စီမံခန့်ခွဲမှုအရ အကောင်းဆုံး အလေ့အကျင့်များအဖြစ် သတ်မှတ်ထားတဲ့ စံနှုန်းတွေနဲ့ ကိုက်ညီမှုမရှိတာကို ဥရောပဗဟိုဘဏ် (အီးစီဘီ) ကတွေ့ရှိခဲ့ရကြောင်း စက်တင်ဘာ ၂၈ ရက်က အီးစီဘီဘဏ်အမှုဆောင်ဘုတ်အဖွဲ့ဝင်တစ်ဦးရဲ့ပြောကြားချက်ကို ကိုးကားပြီးရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

“စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရာမှာ ဘဏ်အမြောက်အများက အမျိုးသားစံနှုန်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီပေမယ့် အပြည်ပြည်ဆိုင်ရာ အကောင်းဆုံးစံနှုန်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုမရှိကြောင်း ကနဦးလေ့လာဆန်းစစ်ချက်တွေအရ သိရပါတယ်”လို့ အီးစီဘီဘဏ်ဘုတ်အဖွဲ့ရဲ့ ကြီးကြပ်ရေးဌာနခွဲကို ကိုယ်စားပြုဆောင်ရွက်ခဲ့တဲ့ ဆာဘင်းလောတင်းရှလေးဂါက မီလန်မြို့မှာ ပြောကြားခဲ့တဲ့မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

အီးစီဘီက လေ့လာဆန်းစစ်မှုတွေကိုပြုလုပ်ရာမှာ ဘုတ်အဖွဲ့ဝင်တစ်ဦးချင်းအားလုပ်ပိုင်ခွင့်ခွဲဝေမှု အခြေအနေ၊ ဘဏ်ရဲ့ဆုံးရှုံးနိုင်ခြေရှိမှုအန္တရာယ်နဲ့ ဘဏ်စာရင်းစစ်များရဲ့ လုပ်ငန်းတာဝန်ကို တစ်သီတစ်ခြားခွဲဝေတာဝန်ပေးအပ်မှု၊ ဘုတ်အဖွဲ့ဝင်များအချင်းချင်းသတင်းအချက်အလက် စုစည်းမှုနဲ့ပြဿနာတစ်ခုချင်းအလိုက်အချိန်ပေးဆွေးနွေးဝေဖန်မှုစတဲ့ အချက်တွေပါဝင်တယ်လို့ သူမကပြောပါတယ်။

ဒီလေ့လာတွေ့ရှိချက်တွေကို ဘဏ်တွေကလိုက်နာပြီးပြုပြင်လာအောင် ဗဟိုဘဏ်က ဆောင်ရွက်သွားမှာဖြစ်ကြောင်း သူမကပြောပါတယ်။

## အတိုးနှုန်းများနိမ့်ကျနေတဲ့အတွက် ဈေးကွက်ပြိုကွဲနိုင်ကြောင်း အိုင်အမ်အက်ဖ်သတိပေး

ဗဟိုဘဏ်အတိုးနှုန်းကို ကြာရှည်စွာ နှိမ့်ချထားတဲ့အကျိုးဆက်အဖြစ် ဘဏ္ဍာရေးဈေးကွက်တွေမှာ ငွေဖြစ်လွယ်မှုခက်ခဲတဲ့ပြဿနာကြီးမားမယ့် အန္တရာယ်နဲ့ရင်ဆိုင်ရမှာဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက်နေ့က အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က ပြောကြားခဲ့တဲ့ သတိပေးစကားကို ကိုးကားပြီးအေအက်ဖ်ပီ သတင်းမှာ ဖော်ပြပါတယ်။

အီကွိတီရှယ်ယာတွေ၊ ဘွန်းစာချုပ်တွေ၊ ငွေကြေးတွေနဲ့ တခြားစာချုပ်စာတမ်းတွေရောင်းဝယ်နေတဲ့ ဈေးကွက်တွေမှာ လောလောဆယ်မှာတော့ ငွေပြန်ဖော်ဖို့လွယ်ကူမှုရှိနေသေးကြောင်း အိုင်အမ်အက်ဖ်ရဲ့ ကမ္ဘာ့ဘဏ္ဍာရေးတည်ငြိမ်မှုအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ငွေကြေးစာချုပ်စာတမ်းအမြောက်အမြားကို ကုန်သည်တွေက အလွယ်တကူရောင်းလို့ဝယ်လို့ရစေတဲ့ ငွေဖြစ်လွယ်မှုအခြေအနေက လက်ရှိအနေအထားအရ အလွယ်တကူပျက်ပြယ်ပြီး ငွေကြေးတန်ဖိုးအတက်အကျဖြစ်ကာ ဘဏ္ဍာရေး မတည်မငြိမ်ဖြစ်စေနိုင်တဲ့ အခြေအနေမှာ ရှိနေပါတယ်။

အမေရိကန်ပြည်ထောင်စု၊ ဥရောပနဲ့ ဂျပန်စတဲ့နိုင်ငံတွေမှာရှိတဲ့ ဗဟိုဘဏ်တွေမှာ ဖြစ်ပေါ်နေတဲ့ အတိုးနှုန်းနိမ့်ကျမှုက အန္တရာယ်ပိုများတယ်လို့ အစီရင်ခံစာမှာ ဆိုထားပါတယ်။ ဗဟိုဘဏ်တွေကဆောင်ရွက်နေတဲ့ ငွေကြေးလည်ပတ်မှုမြင့်မားအောင်ဆောင်ရွက်ပြီး စီးပွားရေးကိုတွန်းအားပေးတဲ့ အစီအစဉ်တွေကြောင့် အထူးသဖြင့် ဘွန်းစာချုပ်ဈေးကွက်မှာ ငွေဖြစ်လွယ်မှုမြင့်မားစေခဲ့ပါတယ်။ ဒါပေမယ့် တခြားဈေးကွက်ဖွဲ့စည်းပုံ အပြောင်းအလဲတွေက စွန့်စားမှုအန္တရာယ်ကို မြင့်မားစေတယ်လို့ဆိုပါတယ်။



# ဂီတလောကထဲကို ပြန်လည်ဝင်ရောက်လာတော့မယ့် ဝီလ်စမစ်

ဟောလိဒ်ဝုဒ်ရဲ့ကမ္ဘာကျော်မင်းသားတစ်လက်ဖြစ်တဲ့ ဝီလ်စမစ်ဟာ သူ ခုံမင်နှစ်သက်တဲ့ဂီတလောကထဲကို ပြန်လည်ဝင်ရောက်လာတော့မယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ Independence Day ဇာတ်ကားရဲ့ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ဝီလ်စမစ်ဟာ အနုပညာလောကကို ရက်ပါ အဖြစ်နဲ့ စတင်ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ ဂီတလောကမှာလည်း အောင်မြင်တဲ့သူတစ်ဦးအဖြစ်နဲ့ရပ်တည် နိုင်ခဲ့ပါတယ်။ ၂၀၀၅ခုနှစ်မှာ ဝီလ်စမစ်ဟာ Lost and Found သီချင်းကို ထုတ်လွှင့်ပြီးခဲ့တဲ့နောက် ဂီတလောကကို ကျောခိုင်းခဲ့ပြီး ဟောလိဝုဒ်ရဲ့ရုပ်ရှင် လောကကို ခြေချခဲ့တာ ဖြစ်ပါတယ်။ ရုပ်ရှင်လောကမှာလည်း အောင်မြင်မှုသရဖူဆောင်းခဲ့တဲ့ဝီလ်စမစ်ဟာ ဂီတလောကဘက်ကို ပြန်လည်ခြေချတော့မယ်လို့ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဂီတလောကကို ပြန်လည်ရောက် ရှိလာခဲ့တဲ့ဝီလ်စမစ်ဟာ သူ့ရဲ့သီချင်းတွေကို အင်္ဂလိပ်ဘာသာနဲ့ရော စပိန်ဘာသာနဲ့ပါ ရေးသား သီဆိုသွားမှာဖြစ် တယ်လို့ ဆိုပါတယ်။ ဝီလ်စမစ်ရဲ့ တစ်ချိန်က အောင်မြင်ခဲ့တဲ့သီချင်းတွေကို Bomba စတူဒီယို အုပ်စုနဲ့ရောသမမွှေပြီး ပြန်လည် ထုတ်လွှင့်မှာဖြစ်ပါတယ်။

"ကျွန်တော်တို့ ဝီလ်ရဲ့သီချင်းတွေ ကို ရောသမ မွှေချင်တယ်လို့သူနဲ့တိုင် ပင်ကြတဲ့အခါ သဘော တူတဲ့အတွက် ခုလို လုပ်ဖြစ်ကြတာပါ။ ခုလိုပူးပေါင်း ခွင့်ရတာဟာတကယ်ကို မယုံနိုင်လောက် အောင်ပါပဲ"လို့ Bomba ရဲ့ အဖွဲ့ဝင်တစ် ဦးဖြစ်တဲ့ ဆိုင်မွန်မီယာက ပြော ကြားခဲ့ပါတယ်။

# ချစ်သူကို မိခင်ဖြစ်သူနဲ့ မိတ်ဆက်ပေးလိုက်တဲ့ ရီဟားနား



ဘာဘေးဒီးယန်းအဆိုတော် ရီဟားနားဟာ သူ့ရဲ့ချစ်သူကို မိခင်ဖြစ်သူနဲ့မိတ်ဆက်ပေးဖို့ အိမ်ကိုခေါ်လာခဲ့တယ်လို့ ဆိုပါတယ်။

အဆိုတော်ရီဟားနားဟာ ရက်ပါ အဆိုတော် ခရစ္စဘရောင်းနဲ့ ချစ်ကျွမ်းဝင်ခဲ့ကြပြီး သမီးလေးတစ်ယောက်မွေး ဖွားခဲ့ပေမယ့် သူနဲ့ခရစ္စဘရောင်းဟာ လက်မထပ်ခင်မှာဘဲ လမ်းခွဲခဲ့ကြတာ ဖြစ်ပါတယ်။

သူတို့နှစ်ဦး လမ်းခွဲခဲ့ပေမယ့် ခရစ္စဘရောင်းကတော့ ရီဟားနားရဲ့အနားမှာပဲ တစ်ဝဲလည်လည်နဲ့ရှိနေဆဲပဲ ဖြစ်ပါတယ်။ အဲဒီလိုအချိန်မှာ ရီဟားနားကတော့ ချစ်သူတွေ တစ်ယောက်ပြီးတစ် ယောက်ထားနေခဲ့ပါတယ်။ ရီဟားနားဟာ ဖော်မြူလာဝမ်း ကားမောင်းချန်ပီယံ လူးဝစ္စဟာမီလ်တန်နဲ့ ချစ်ကျွမ်းဝင်ခဲ့သေးသလို အမေရိကန်ဘတ်စ်ကက်ဘောသမားတစ်ဦးနဲ့လည်း ချိန်းတွေ့ခဲ့ပါသေးတယ်။

ဒါပေမယ့်လည်း အခုအခါမှာ တော့ ရီဟားနားဟာသူ့ရဲ့ချစ်သူအသစ်လေးဖြစ်တဲ့ "Where Have You Been" သီချင်းပိုင်ရှင် တာရာဗစ် စကော့တ်နဲ့ ချစ်ကျွမ်းဝင်နေပြီလို့ ဆိုပါတယ်။ အဲဒီလို ချစ်ကျွမ်းဝင်နေတာကို သူ့ရဲ့ပရိသတ်တွေရော ပါပါရာဇီတွေပါ မသိရှိဘဲ သူ့ရဲ့မိခင်နဲ့တွေ့ဆုံဖို့ ဘာကာရစ်ဘီယံဒေသကို ပြန်လာခဲ့ပါတယ်။

ရီဟားနားဟာ သူ့ရဲ့မိခင်ဖြစ်တဲ့ မော်နီကာဘရစ်ဝိတ်သ်နဲ့ ချစ်သူတာ ရာဗစ်စကော့တ်ကို တွေ့ဆုံပေးခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီအတောအတွင်းမှာပဲ ရီဟားနားနဲ့ ချစ်သူတာရာဗစ်တို့ နှစ်ဦးဟာ Bitch Better Have My Money ဆိုတဲ့သီချင်းကို အတူတကွ ရေးသားခဲ့ကြတယ်လို့ ဆိုပါတယ်။



# နိုဝင်ဘာလမှာ ကိုရီးယားကေပေါ့လောကထဲကို ပြန်လည်ဝင်ရောက်လာမယ်လို့ဆိုတဲ့ B.A.P

၂၀၁၂ခုနှစ်ကတည်းက တောင်ကို ရီးယားနိုင်ငံရဲ့ ကေပေါ့လောကထဲကို ဝင်ရောက်လာခဲ့ပြီး Worrior သီချင်းနဲ့ အောင်မြင်မှုတွေ ရလာခဲ့တဲ့ B.A.P အဖွဲ့ဟာ ၂၀၁၄ခုနှစ် နှစ်ကုန်ပိုင်းမှာ ဂီတလောကမှ ခေတ္တပျောက်ခဲ့ရပါတယ်။

အဲဒီ B.A.P အဖွဲ့ကို လူငယ် အဆိုတော် ခြောက်ဦးနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ယောင်ဂျေး၊ ဒါဟွန်း၊ ယန် ကွတ်၊ ဟင်ချန်း၊ ဆီလိုနဲ့ ယွန်အပ်လို့ခေါ်တဲ့လူငယ်လေး ခြောက်ဦးဟာ ၂၀၁၁ ခုနှစ်မှာ B.A.P ဆိုတဲ့အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။

၂၀၁၄ခုနှစ် နိုဝင်ဘာလမှာ သူတို့ အဖွဲ့ကို TS Entertainment အဖွဲ့က စာချုပ်ဖောက်ဖျက်မှုနဲ့တရားစွဲဆိုခဲ့တာ ကြောင့် သူတို့အဖွဲ့ရဲ့သီဆိုဖျော်ဖြေမှု တွေကို ရပ်ဆိုင်းခဲ့ရတာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပြီးခဲ့တဲ့ ဩဂုတ် လ ၁ ရက်နေ့က တရားစီရင်မှုကိစ္စတွေ ပြီးဆုံးသွားပြီဖြစ်တာကြောင့် B.A.P အဖွဲ့ဟာ ဂီတလောကကို ပြန်လည်ခြေချဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်တယ်လို့ ဆို ပါတယ်။

အဲဒီ B.A.P အဖွဲ့ဟာ သူတို့အဖွဲ့ ဂီတလောကကို ပြန်လည်ဝင်ရောက်လာတဲ့အထိမ်းအမှတ်အဖြစ် သူတို့ရဲ့ ပရိသတ်တွေနဲ့ မိတ်ဆက်တဲ့အခမ်းအနားကို ခမ်းခမ်းနားနား ကျင်းပသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

# မီးခိုးငွေ့တွေကြောင့် ပွဲပျက်ခဲ့ရတဲ့ Spring Wave Music Festival

စင်ကာပူနိုင်ငံမှာ မီးခိုးငွေ့တွေ ဖုံး လွှမ်းလာတာကြောင့် အောက်တိုဘာ လ ၁၀ ရက်နေ့မှာကျင်းပမယ့် Spring Wave Music Festival ပွဲတော် ပျက်ခဲ့ရတယ်လို့ ဆိုပါတယ်။ အဲဒီ ဂီတပွဲတော်ကိုအောက်တိုဘာ လ ၁၀ ရက်နေ့မှာ ကျင်းပမှာ ဖြစ်ပေမယ့်လည်း မီးခိုးမြူတွေဖုံးလွှမ်းမှုက တစ်နေ့တစ်ခြား ပိုမိုဆိုးရွားလာတာကြောင့် ခုလိုဖျက်သိမ်းခဲ့ရတာဖြစ်တယ်လို့ ပွဲစီ စဉ်သူတွေက ထုတ်ပြန်ကြေညာခဲ့တာ ဖြစ်ပါတယ်။ အဲဒီ ပွဲကို စီစဉ်ခဲ့သူကတော့ Friendly Dog Entertainment Co., Ltd. ဖြစ်ပြီး ဂီတပွဲတော်ကို စင်ကာပူ မြို့ရဲ့ပန်းခြံတစ်ခုဖြစ်တဲ့ Forth Canning Park မှာ ကျင်းပမယ်လို့ ကြေ ညာခဲ့ပါတယ်။ ဒါပေမယ့်လည်း မီးခိုးငွေ့တွေကြောင့် အဲဒီနေရာမှ ကျင်းပဖို့ ဘယ်လိုမှ မဖြစ်နိုင်တာကြောင့် ပွဲကိုဖျက်သိမ်းခဲ့ရတာ ဖြစ်တယ်လို့ သတင်း ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

"မီးခိုးငွေ့တွေကြောင့် ကျန်းမာရေး ကို ထိခိုက်လာနိုင်ပါတယ်။ ဒါကြောင့် ဂီတပွဲတော်ကို ပန်းခြံထဲမှာကျင်းပမယ့်အစား ကပွဲရုံတစ်ခုခုမှာ ကျင်းပဖို့ စီစဉ် နေပါတယ်။ ဝယ်ယူထားတဲ့လက်မှတ် ဖိုးကျသင့်ငွေတွေကိုလည်း လက်မှတ်ဝယ်ယူထားတဲ့သူတွေကို ပြန်လည်အမ်း ပေးသွားမှာပါ"လို့ Friendly Dog Entertainment မှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ရှီကောင်းယွမ်က ပြောကြား ခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ စူမားတြားကျွန်းပေါ်မှာ လောင်ကျွမ်းနေတဲ့ တောမီးများကြောင့် မီးခိုးငွေ့များဟာ စင်ကာပူနဲ့ မလေးရှားနိုင်ငံတွေရဲ့အပေါ်မှာ ဖြန့်ကျက်ရောက်ရှိနေတာကြောင့် အဲဒီနိုင်ငံတွေမှာနေထိုင်ကြတဲ့ပြည်သူတွေရဲ့ကျန်းမာရေးကို ထိခိုက်လာနိုင်တယ်လို့ သတင်းများမှာ ဖော်ပြထားပါတယ်။




An Ideal Showcase for 3 industries/ အဓိကစီးပွားရေးလုပ်ငန်းစဉ် ၃ခုအတွက်အကောင်းဆုံးသောပြပွဲကြီး
AGRI MYANMAR 2015
LIVESTOCK MYANMAR 2015
AQUA FISHERIES MYANMAR 2015
The Biggest International Show For Agriculture,Livestock, Aquaculture and Fisheries in Myanmar
မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ၊မွေးမြူရေး ၊ရေလုပ်ငန်း နှင့် ငါးလုပ်ငန်းတို့အတွက် အကြီးမားဆုံးအပြည်ပြည်ဆိုင်ရာ နိုင်ငံတကာပြပွဲ
၂၀၁၅ခုနှစ် အောက်တိုဘာလ ၁၄ရက်နေ့မှ၁၆ရက်နေ့အထိ
မြန်မာကွန်ဗင်းရှင်းစင်တာ ၊ ရန်ကုန် ၊ မြန်မာ
လာရောက်သောလုပ်ငန်းရှင်များ သည်
ဤဖိတ်စာကိုယူဆောင်လာပြီးVietnam
ခေါက်ဆွဲ "Pho" ကို
မေတ္တာလက်ဆောင်သုံးဆောင်နိုင်ပါသည်။
Highlight exhibitors:
Group exhibitors from Vietnam veterinary pharmaceutical manufacturers: FIVEVET, MEBIPHA, ASIFAC, UV, etc
Group exhibitors from Netherland Economic Mission: De Hues, Van Aarsen, Pas Reform, Marel Stork, MSD, etc
HOT TOPIC: "Myanmar-Netherlands Poultry Partnership Launch" on Thursday 15th October
စိတ်ဝင်စားဖွယ်ကောင်းသော ပြပွဲပြသသူများ
- ဗီယက်နမ်နိုင်ငံ တိရိစ္ဆာန် ကျန်းမာရေး၊ ဆေးပညာ နှင့် ဆက်နွယ်နေသော ကုန်ပစ္စည်းများ ထုတ်လုပ် သော ကုမ္ပဏီများဖြစ်သည့် - FIVEVET, MEBIPHA, ASIFAC, UV နှင့် အခြား စိတ်ဝင်စားဖွယ်ရာ ပြပွဲပြသသူများ
- နယ်သာလန်နိုင်ငံမှ စီးပွားရေးနှင့်ပတ်သက်ပြီး အမြော်အမြင်ရှိသော ကုမ္ပဏီများဖြစ်သည့် - De Hues, Van Aarsen, Pas Reform, Marel Stork, MSD စသော ပြပွဲပြသသူများ
စိတ်ဝင်စားဖွယ်ကောင်းသော သတင်းအချက်အလက်
- အောက်တိုဘာလ ၁၅ ရက် (ကြာသပတေးနေ့) တွင် မြန်မာ-နယ်သာလန် မွေးမြူရေးဆိုင်ရာ အကျိုးတူပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်။
14 - 16
October, 2015
MCC
Yangon, Myanmar
Free Entrance
09:00am - 05:00pm
Daily
Contact Myanmar:
(+95) 1 552 931
Email:
info@minhvi.com
Organized by/ စီစဉ်သူ
VEAS
Supported by/ ထောက်ပံ့ထားသူများ
MFVP
Media Sponsors:/ မီဒီယာ ကမကထပြုသူများ
THE Farmer
www.21food.com
Aquaculture Directory
AQUA FEED


MYANMAR'S LEADING MEDICAL, HOSPITAL AND PHARMACEUTICAL EVENT!
3RD MEDICAL MYANMAR 2015
Co-located with:
3rd PHARMA MYANMAR 2015
3rd HOSPITAL CONSTRUCTION MYANMAR 2015
MEDICAL AUTOMATION
8 - 10 OCTOBER 2015
TATMADAW HALL
YANGON, MYANMAR
FREE ADMISSION TO EXHIBITION
ဝင်ကြေး အခမဲ့
lucky draw / ကံစမ်းမဲအစီအစဉ်
Free Conference for Visitors!
Theme: "Driving Myanmar Medical Industry Ahead!"
OPENING CEREMONY
Endorsed and Supported by :
Myanmar Medical Association
Myanmar Pharmaceutical & Medical Equipment Entrepreneurs Association
Association of Medical Device Industry (Singapore)
AIMED
Association of Indian Medical Device Industry
SiAA
Singapore Industrial Automation Association
Brought To You By :
FIREWORKS
Fireworks Myanmar

COMMERCE
INTERNATIONAL

# ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု ကျဆင်းလာကြောင်း အိုင်အမ်အက်ဖ်အကြီးအကဲ သတိပေး

ထွန်းသစ်စနိုင်ငံများတွင် စီးပွားရေး ဖွံ့ဖြိုးမှု သိသာထင်ရှားစွာ နှေးကွေးကျဆင်းမှုများကြောင့် ကမ္ဘာ့စီး ပွားရေးတိုးတက်နှုန်းက ကမ္ဘာ့စီးပွားရေး ဆုတ်ကပ်ဖြစ်ပြီးနောက်ပိုင်း အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်) အကြီး အကဲ ခရစ္စတင်းလားဂတ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဂါးဒီးယန်းသတင်းမှာ ဖော်ပြပါတယ်။

လာမယ့်ရက်သတ္တပတ်မှာ အိုင်အမ်အက်ဖ်အဖွဲ့က စီးပွားရေးအစီရင်ခံစာကို ထုတ်ပြန်တော့မှာဖြစ်ကြောင်း၊ အစီရင်ခံစာအရ ကမ္ဘာ့စီးပွားရေးတိုး တက်မှုနှုန်းက ၂၀၁၄ ခုနှစ်မှာ စံချိန်တင်ခဲ့တဲ့ ၃ ဒသမ ၄ ရာခိုင်နှုန်းအောက်ကို ရောက်ရှိနေတာကို တွေ့ရမှာဖြစ်ကြောင်းနဲ့ ယခုတိုးတက်မှုနှုန်းက ခြောက်နှစ်ကြာ တည်ငြိမ်နေရာမှ အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း အိုင်အမ်အက်ဖ်မှ အကြီးအကဲက ပြောပါတယ်။

" ယခုနှစ် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းက ယခင်နှစ်ကထက် ကျဆင်းမှာဖြစ်ပြီး ၂၀၁၆ ခုနှစ်ရောက်မှသာ အနည်းငယ်ပြန်ပြီး



အရှိန်ရလာမှာ ဖြစ်ပါတယ်" လို့ ဝါရှင်တန်မှာ သူမက ပြောပါတယ်။

ကမ္ဘာ့အခြေအနေတွေကိုကြည့်ရင် ယခုနှစ်မှာဖြစ်နေတဲ့ ဥရောပရွှေ့ပြောင်းဒုက္ခသည်ပြဿနာ၊ ၂၀၁၅ ခုနှစ်အတွင်း ရာသီဥတု အပူပြင်းဆုံးဖြစ်မယ့် အလားအလာနဲ့ ကမ္ဘာ့စီးပွားရေးအခြေအနေကျဆင်းမှု စတဲ့ကိစ္စတွေအတွက် စိုးရိမ်မကင်းဖြစ်မိကြောင်း သူမကပြောပါတယ်။

" အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ပေးမယ့် အလားအလာနဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးနှေးကွေးကျဆင်းမှုတွေက စီးပွားရေးမှာ မရေရာမှုတွေကို ဖြစ်ပွားစေပြီး ဈေးကွက်တွေရဲ့ မတည်ငြိမ်မှုကို မြင့်တက်စေပါတယ်။ ပြီးတော့ကမ္ဘာ့ကုန်သွယ်မှုကလည်း အဆမတန်ကျဆင်းမယ့် အခြေအနေရှိနေပါတယ်။ ပြီးတော့ ကုန်စည်ဈေးနှုန်းတွေ ကျဆင်းနေတာကလည်း သယံဇာတကို အခြေပြုမှီခိုနေရတဲ့ နိုင်ငံတွေအတွက် ပြဿနာများကို ပေါ်ပေါက်စေခဲ့ပါတယ်" လို့ သူမက ပြောပါတယ်။

ကောင်းသတင်းက ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ စီးပွားရေးဖွံ့ဖြိုးမှု အထိုက်အလျောက်တိုးတက်နေပြီဆိုတဲ့သတင်းဖြစ်ပေမယ့် ဒီတိုးတက်မှုနှုန်းက ထွန်းသစ်စကမ္ဘာမှာ ငါးနှစ်ကြာ ကျဆင်းခဲ့တာကို ထေမိအောင် မြင့်တက်ခြင်းမရှိသေးဘူးလို့ ပြောပါတယ်။

ဉာဏ်တင် / ဉာဏ်တင်-စုစည်းတင်ပြသည်

စိုက်ပျိုးရေးသမားများအားထားရာ ..........

မာလာမြိုင်

စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၃၃၊ ၀၁-၅၁၀၄၆၁၂၊ ၀၉-၇၃၁၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၃၃၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၇၉၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

DATE: 5th October 2015

<< August And September Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHII | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.7.2015 | 27.7.2015 | 25.7.2015 | | 22.7.2015 | | 4.8.2015 | 8.8.2015 | |
| | S/O CUT | | | | | | | | 22.7.2015 | 23.7.2015 | 21.7.2015 | | | | | | |
| MV.CITY OF MUMBAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.8.2015 | 9.8.2015 | 10.8.2015 | | | | | 18.8.2015 | 22.8.2015 | 30.8.2015 |
| | S/O CUT | | | | | | | 4.8.2015 | 5.8.2015 | 6.8.2015 | | | | | | | |
| MV.HOEGH CHENNAI V.16 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.8.2015 | 27.8.2015 | 25.8.2015 | | 22.8.2015 | | | 8.9.2015 | |
| | S/O CUT | | | | | | | | 22.8.2015 | 23.8.2015 | 21.8.2015 | | | | | | |
| MV.CITY OF MUMBAI V.23 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.9.2015 | 9.9.2015 | 10.9.2015 | | | | | | 21.9.2015 | 29.9.2015 |
| | S/O CUT | | | | | | | 4.9.2015 | 5.9.2015 | 6.9.2015 | | | | | | | |
| MV.HOEGH CHENNAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.9.2015 | 26.9.2015 | 24.9.2015 | | 21.9.2015 | | 5.10.2015 | 9.10.2015 | |
| | S/O CUT | | | | | | | | 21.9.2015 | 22.9.2015 | 20.9.2015 | | | | | | |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.10.2015 | 9.10.2015 | 10.10.2015 | | | | | 18.10.2015 | 22.10.2015 | 30.10.2015 |
| | S/O CUT | | | | | | | 4.10.2015 | 5.10.2015 | 6.10.2015 | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်သုနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။